ဓါတ်မြေ့

The Mirror Daily

၁၉၅၇ ဖြို့ ၁၆ တွင် စတင်တည်ထောင်သည်။

Established in 1957

e – paper ဖတ်ရှုရန်

ကောင်းမှုကို ပြုလုပ်ဆည်းပူး

အနည်းငယ်သောကောင်းမှုသည် ငါ့အား အကျိုးရောက်လိမ့်မည်မဟုတ်ဟု မထီမဲ့မြင် မအောက်မေ့ရာ။ မိုးရေပေါက်သည် ကျဖန်များလတ်သော် ရေအိုးသည် ပြည့်ဘိသကဲ့သို့ ပညာရှိသည် အနည်းငယ်၊ အနည်းငယ်မျှသော ကောင်းမှုကို ပြုလုပ်ဆည်းပူးဖန်များလတ်သော် ကောင်းမှုဖြင့် ပြည့်၏။

ပါဝဝဂ်(ဓမ္မပဒ-၁၂၂)

၁၃၈၈ ခုနှစ်၊ သီတင်းကျွတ်လကွယ် တနင်္လာနေ့။ Monday, 9 November 2026 ၂၀၂၆

ယနေ့ ဖတ်စရာ

(၂၅)ကြိမ်မြောက် ကမ္ဘာ့သာမညကျောဂ်စာမေးပွဲ စာအောင်ဘွဲ့နှင်းသဘင်အခမ်းအနား ကျင်းပ
စာမျက်နှာ » ၅

ငယ်စဉ်အလေ့အကျင့် တစ်ဘဝစာ အမွေအနှစ်
ဆောင်းပါး စာမျက်နှာ » ၆

ပြည်ထောင်စုနယ်မြေ၊ မန္တလေးတိုင်းဒေသကြီးနှင့် ပဲခူးတိုင်းဒေသကြီး မြို့နယ်များရှိ အခြေခံပညာကျောင်းနှင့် ကိုယ်ပိုင်အထက်တန်းကျောင်းများမှ ကျောင်းသား ကျောင်းသူများ နေပြည်တော်အတွင်းရှိ အထင်ကရ နေရာများ လေ့လာ
စာမျက်နှာ » ၉

နိုင်ငံတော်သမ္မတ ဦးမင်းအောင်လှိုင်နှင့် ဇနီး ဒေါ်ကြူကြူလှ မြန်မာ့ရိုးရာပွဲဈေးနှင့် မြန်မာ့ပရိဘောဂပြပွဲ(၂၀၂၆)တို့သို့ သွားရောက် ကြည့်ရှုအားပေး



နိုင်ငံတော်သမ္မတ ဦးမင်းအောင်လှိုင်နှင့် ဇနီး ဒေါ်ကြူကြူလှ ပွဲဈေးအတွင်း ခင်းကျင်းထားသည့် မြန်မာ့ရိုးရာ အစားအစာပြခန်းများအား ကြည့်ရှုအားပေးစဉ်။

နေပြည်တော် နိုဝင်ဘာ ၈

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတ ဦးမင်းအောင်လှိုင်သည် ဇနီး ဒေါ်ကြူကြူလှ၊ ခရီးစဉ်တွင်လိုက်ပါလာသည့် ပြည်ထောင်စုဝန်ကြီးများနှင့် အဖွဲ့ဝင်များ၊ ရန်ကုန်တိုင်းဒေသကြီး ဝန်ကြီးချုပ်၊ ရန်ကုန်တိုင်းစစ်ဌာနချုပ်တိုင်းမှူးနှင့် တာဝန်ရှိသူများ လိုက်ပါ၍ ရန်ကုန်တိုင်းဒေသကြီး မရမ်းကုန်းမြို့နယ်ရှိ ရန်ကုန် ကွန်ဗင်းရှင်းစင်တာ(YCC)တွင် မြန်မာ့ရိုးရာများကို မျိုးဆက်သစ်လူငယ်များထံသို့ လက်ဆင့်ကမ်းပေးလိုသည့်ရည်ရွယ်ချက်ဖြင့် ကျင်းပပြုလုပ်လျက်ရှိသည့် "မြန်မာ့ရိုးရာပွဲဈေး"သို့ ယနေ့နံနက်ပိုင်းတွင် သွားရောက် ကြည့်ရှုအားပေး ချီးမြှင့်သည်။

ဦးစွာ နိုင်ငံတော်သမ္မတနှင့် ဇနီးအဖွဲ့ဝင်များသည် အခမ်းအနားသို့ ရောက်ရှိကြရာ မြန်မာ့ယဉ်ကျေးမှုအမွေအနှစ်များ ထိန်းသိမ်းစောင့်ရှောက်ရေးအဖွဲ့ (Myanmar Cultural Heritage Trust-MCHT) မှ တာဝန်ရှိသူများ၊ ပြည်ထောင်စုဝန်ကြီးများနှင့် တာဝန်ရှိသူများက ကြိုဆိုနှုတ်ဆက်ကြသည်။ ထို့နောက် နိုင်ငံတော်သမ္မတနှင့် ဇနီး၊ အဖွဲ့ဝင်များသည် ဖျော်ဖြေပွဲခန်းမသို့ ရောက်ရှိကြပြီး မြန်မာ့ယဉ်ကျေးမှုအမွေအနှစ်များကို

စာမျက်နှာ ၃ ကော်လံ ၁ သို့ ☆

(၁၂) ကြိမ်မြောက် ထိုင်းပညာရေးပြပွဲ ကျင်းပ

ရန်ကုန် နိုဝင်ဘာ ၈

မြန်မာနိုင်ငံရှိ ကျောင်းသားလူငယ်များအတွက် ထိုင်းနိုင်ငံရှိ တက္ကသိုလ်များနှင့် ပညာရေးအခွင့်အလမ်းများကို တိုက်ရိုက်လေ့လာစုံစမ်းနိုင်မည့် (၁၂) ကြိမ်မြောက် ထိုင်းပညာရေးပြပွဲ (12th Thailand Education Fair (Myanmar)) ကို ယနေ့နံနက်ပိုင်းက ရန်ကုန်မြို့ Melia Hotel ၌ ကျင်းပသည်။

အဆိုပါပညာရေးပွဲတော်ကို ထိုင်းနိုင်ငံတက္ကသိုလ်များမှ မြန်မာနိုင်ငံသားဘွဲ့ရ ကျောင်းသားဟောင်းများအသင်း (Association of Myanmar Alumni from Universities in Thailand – AMAUT) က ဦးစီးကျင်းပခြင်းဖြစ်ပြီး

စာမျက်နှာ ၄ ကော်လံ ၁ သို့ ○



(၁၂) ကြိမ်မြောက် ထိုင်းပညာရေးပြပွဲ ကျင်းပစဉ်။

တနင်္သာရီတိုင်းဒေသကြီး ရေထွက်ကုန်မွေးမြူရေးကဏ္ဍ ငါးမျိုးတင်ပို့မှုမှ အမေရိကန်ဒေါ်လာ ၅၂ ဒသမ ၁၉၃ သန်း ရရှိခဲ့

ရန်ကုန် နိုဝင်ဘာ ၈

နိုင်ငံတော်၏အဓိကသားအကျိုးစီးပွားတိုးတက်ရေး၊ ကျေးလက်ဒေသဖွံ့ဖြိုးရေးနှင့် ဆင်းရဲနွမ်းပါးမှုလျော့ချရေး လုပ်ငန်းစဉ်များကို အထောက်အကူပြုနေသည့် ရေထွက်ကုန် မွေးမြူထုတ်လုပ်ရေးလုပ်ငန်းများတည်ရှိရာ တနင်္သာရီတိုင်းဒေသကြီး၌ ၂၀၂၅ - ၂၀၂၆ ဘဏ္ဍာရေးနှစ်တွင် ရေထွက်ကုန်မွေးမြူရေးကဏ္ဍ ငါးမျိုးတင်ပို့မှုမှ အမေရိကန်ဒေါ်လာ ၅၂ ဒသမ ၁၉၃ သန်း ရရှိခဲ့ကြောင်း တနင်္သာရီတိုင်းဒေသကြီး ငါးလုပ်ငန်းအဖွဲ့ချုပ်မှ သိရသည်။

မွေးမြူရေးကဏ္ဍတွင် ငါးမွေးမြူရေးလုပ်ငန်းမှ ၂ ဒသမ ၀၃ သန်း၊ ပုစွန်မွေးမြူရေး

စာမျက်နှာ ၄ ကော်လံ ၁ သို့ ✻



နိုင်ငံ့စီးပွားရေး၏ အဓိကမောင်းနှင်အားဖြစ်သည့် MSME များ အရှိန်အဟုန်ဖြင့် ဆောင်ရွက်

ဆောင်းပါး စာမျက်နှာ » ၁၇

ယနေ့ မိုးလေဝသ (၉-၁၁-၂၀၂၆)

နေပြည်တော်နှင့်အနီးတစ်ဝိုက်	မိုးတစ်ကြိမ်၊ နှစ်ကြိမ် ထစ်ချုန်းရွာမည်။ ရွာရန် ရာနှုန်းပြည့်ဖြစ်သည်။
ရန်ကုန်မြို့နှင့်အနီးတစ်ဝိုက်	နေရာကွက်ကျား မိုးထစ်ချုန်းရွာမည်။ ရွာရန် ရာနှုန်းပြည့်ဖြစ်သည်။
မန္တလေးမြို့နှင့်အနီးတစ်ဝိုက်	မိုးတစ်ကြိမ်၊ နှစ်ကြိမ် ထစ်ချုန်းရွာမည်။ ရွာရန် ရာနှုန်းပြည့်ဖြစ်သည်။

မိုး/၈လ

သက်ရှိများရေရှည်ရှင်သန်ရပ်တည်ရေး သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းပေး

လူ၊ တိရစ္ဆာန် စသည့်သက်ရှိများအားလုံးသည် ကောင်းမွန်သော သဘာဝပတ်ဝန်းကျင်ကိုအဓိပ္ပါ၍ ရပ်တည်ရှင်သန်နေထိုင်ကြရသည်။ စားရေး၊ နေရေး၊ အသက်ရှင်သန်ရေးမှအစ သဘာဝပတ်ဝန်းကျင်ကြီးသည် သက်ရှိများအားလုံး၏ ကျေးဇူးရှင်သဖွယ်ဖြစ်သည်။ သို့သော် သဘာဝပတ်ဝန်းကျင်မှ အကျိုးကျေးဇူးများကို ခံစားနေကြရသည့် လူသားများသည် မိမိတို့အကျိုးစီးပွားများကိုရှေးရှု၍ သဘာဝပတ်ဝန်းကျင်ကိုပျက်စီးစေသည့် အမှုကိစ္စအမျိုးမျိုးတို့ကို နေ့စဉ်ပြုလုပ်ခဲ့ကြရာ သဘာဝပတ်ဝန်းကျင်ကြီးတစ်ခုလုံး ပျက်စီးယိုယွင်းပြီး လူသားများအပါအဝင် သက်ရှိအားလုံးရှင်သန်ရေးကို ခြိမ်းခြောက်လာသည့် အခြေအနေအမျိုးမျိုး ကြုံတွေ့လာရသည်။

အဆိုပါအခြေအနေအမျိုးမျိုးတွင် သက်ရှိလူသားများ၏ ကျန်းမာရေးနှင့် သဘာဝပတ်ဝန်းကျင်ကို ကာကွယ်စောင့်ရှောက်နိုင်ရေးအတွက် ပလတ်စတစ်ထုတ်ကုန်များ၊ အထူးသဖြင့် ကြွပ်ကြွပ်အိတ်နှင့်ဖော့ဘူးများ ထုတ်လုပ်၊ တင်သွင်း၊ ရောင်းချ၊ အသုံးပြုမှုများမှ ပတ်ဝန်းကျင်ညစ်ညမ်းမှုနှင့်သက်ရှိများ ရှင်သန်ရပ်တည်ရေး ခြိမ်းခြောက်လာသည့်အန္တရာယ်များ ကြုံတွေ့လာရသည်။ အဆိုပါကိစ္စနှင့်စပ်လျဉ်း၍ သက်ဆိုင်ရာအစိုးရအဖွဲ့အစည်းများက အသိပေးလိုက်နာရမည့်အချက်များကို ဆောင်ရွက်ခဲ့သော်လည်း လူမှုစီးပွားဘဝများ၌ လိုအပ်ချက်များဖြင့်မားလာမှုနှင့် အကျိုးစီးပွားဖြစ်ထွန်းမှုများကို ဦးစားပေး၍ ပလတ်စတစ်နှင့် ကြွပ်ကြွပ်အိတ်၊ ဖော့ဘူးအသုံးပြုမှု ဆက်လက်မြင့်မားနေဆဲဖြစ်ရာ အဆင့်လိုက်လျော့ချကန့်သတ်နိုင်ရေး ဆောင်ရွက်ပေးပါရန် တတိယအကြိမ်အမျိုးသားလွှတ်တော်တွင် လွှတ်တော်ကိုယ်စားလှယ်များက ပြည်ထောင်စုအစိုးရအား တိုက်တွန်းကြောင်းအဆိုကို တင်သွင်းဆွေးနွေးခဲ့ကြသည်။

အဆိုပါကုန်ထုတ်ပစ္စည်းများကိုအသုံးပြုသည့်အခါ လတ်တလောတွင် အဆင်ပြေကြသော်လည်း ၎င်းတို့ကို စွန့်ပစ်လိုက်သည့်အခါ သဘာဝပတ်ဝန်းကျင်တွင် နှစ်ပေါင်းများစွာ ဖြေရှင်းရမည့် ပြဿနာကြီးတစ်ခုအဖြစ် ဖြစ်ပေါ်လာခဲ့သည်။ မြန်မာနိုင်ငံတွင် ၂၀၁၈-၂၀၃၀ အမျိုးသားအဆင့် အမှိုက်စီမံခန့်ခွဲမှုလုပ်ငန်းစီမံချက်ကို ရေးဆွဲထုတ်ပြန်ထားပြီးဖြစ်သည်။ တာဝန်ရှိအစိုးရကဏ္ဍ၊ ပညာရှင်များနှင့် စိတ်ဝင်စားသူများမှလွဲ၍ ပြည်သူအများစု နေ့စဉ်လူမှုစီးပွားဘဝတွင် အဆိုပါထုတ်ကုန်ပစ္စည်းများကို အလေးအနက်မထားဘဲ တွင်ကျယ်စွာ အသုံးပြုနေသည့် အလေ့အထကို တိုက်တွန်းနေရုံဖြင့် လျော့ချမှုကိုမပြုလုပ်နိုင်သဖြင့် ပြည်သူများအား အသိပညာပေးမှုမြှင့်တင်ပြီး အဆင့်လိုက်လျော့ချကန့်သတ်နိုင်အောင် ပိုင်းဝန်းကြိုးပမ်းဆောင်ရွက်ကြရမည်ဖြစ်သည်။

ပြည်သူများ၏ နေ့စဉ်လူမှုဘဝတွင် အမြဲတွယ်၊ အလွယ်တကူဖြစ်နေသော ပလတ်စတစ်ဘူးအမျိုးမျိုး၊ ပလတ်စတစ်အိတ်၊ ကြွပ်ကြွပ်အိတ်နှင့် ဖော့ဘူးများ အသုံးပြုတွင်ကျယ်နေမှုကို လျော့ချရေးသည် ပြည်သူများကိုယ်တိုင် လိုလိုလားလား ပါဝင်ဆောင်ရွက်နိုင်မှသာ အောင်မြင်နိုင်မည်ဖြစ်ပြီး ထုတ်လုပ်၊ ဖြန့်ဖြူး၊ ရောင်းချ၊ သုံးစွဲခြင်းတို့ကို အဆင့်လိုက်လျော့ချကန့်သတ် ဆောင်ရွက်ကြရမည်ဖြစ်သည်။ ပြည်သူလူထု၏ ကျန်းမာရေးနှင့် သဘာဝပတ်ဝန်းကျင်ကို ထိန်းသိမ်းကာကွယ်ရေးအတွက် ပလတ်စတစ်အသုံးပြုမှုကို စနစ်တကျစီမံခန့်ခွဲမှုစနစ်ဖြင့် စွန့်ပစ်ခြင်း၊ ပြန်လည်အသုံးပြုခြင်းတို့ကို မဖြစ်မနေဆောင်ရွက်ကြရမည်ဖြစ်သည်။ ပလတ်စတစ်၊ ကြွပ်ကြွပ်အိတ်အစားထိုး အန္တရာယ်ကင်းသည့် ထုပ်ပိုးပစ္စည်းများကို ရွေးချယ်အသုံးပြုကြရမည်ဖြစ်သည်။

ကြွပ်ကြွပ်အိတ်၊ ဖော့ဘူး အသုံးပြုမှုများပြားလာခြင်း၏ အန္တရာယ်သည် မြေထုညစ်ညမ်းမှုနှင့် မြေဆီလွှာအရည်အသွေးကျဆင်းခြင်း၊ ရေထုညစ်ညမ်းမှုနှင့် ရေနေသတ္တဝါများအပေါ် ဆိုးကျိုးသက်ရောက်မှုများရှိခြင်း၊ ရေစီးရေလာပိတ်ဆို့ခြင်းနှင့် ရေကြီးရေလျှံဖြစ်စေခြင်း၊ လေထုညစ်ညမ်းမှုဖြစ်စေခြင်း၊ ရာသီဥတုပြောင်းလဲမှုများ ဖြစ်ပေါ်စေခြင်းနှင့် မိုက်ခရိုပလတ်စတစ်များဖြစ်ပေါ်လာခြင်းနှင့် အထူးသဖြင့် ကြွပ်ကြွပ်အိတ်များသည် ရေထု၊ မြေထုထဲတွင် နှစ်ပေါင်းမြောက်မြားစွာ မပြိုကွဲမပျက်စီးဘဲရှိနေခြင်း၊ ပလတ်စတစ်အိတ်များသည် မြေဆီလွှာအတွင်းရောက်ရှိနိုင်ခြင်း၊ မြစ်ချောင်းနှင့် ပင်လယ်ရေထဲသို့ရောက်ရှိနိုင်ခြင်း၊ ငါးနှင့် ရေနေသတ္တဝါများ၏ ခန္ဓာကိုယ်အတွင်း ဝင်ရောက်နိုင်ခြင်း၊ အစာကွင်းဆက်မှတစ်ဆင့် သက်ရှိများထံသို့ ရောက်ရှိနိုင်ခြင်း စသည့်သဘာဝပတ်ဝန်းကျင် ပြဿနာများသာမက လူသားများ၏ ရေရှည်ကျန်းမာရေးနှင့် ကုန်း၊ ရေနေသတ္တဝါအားလုံးအတွက် စိုးရိမ်ဖွယ်ရာ အခြေအနေတွင်ရှိနေသည်။

သို့ဖြစ်ရာ လူသုံးကုန်ပစ္စည်းအမျိုးမျိုးနှင့် စားသောက်ကုန် ထုပ်ပိုးကုန်ပစ္စည်းအမျိုးမျိုးဖြစ်သည့် ပလတ်စတစ်၊ ကြွပ်ကြွပ်အိတ်၊ ဖော့ဘူးအမျိုးမျိုးတို့သည် ပြည်သူများအတွက် အသုံးတွင်ကျယ် အကျိုးရှိသည်မှာမှန်သော်လည်း အဆိုပါပစ္စည်းများ တစ်နေ့တခြားများပြားလာသည်နှင့်အမျှ သဘာဝပတ်ဝန်းကျင်ပျက်စီးမှုနှင့် ညစ်ညမ်းမှုကိုဖြစ်စေပြီး လူသားများနှင့် သက်ရှိသတ္တဝါများကို အန္တရာယ်ပေးခြိမ်းခြောက်မှုများရှိလာသည်။ အဆိုပါပစ္စည်းများကို စနစ်တကျစွန့်ပစ်ခြင်း၊ အကျိုးရှိစွာပြန်လည်အသုံးပြုခြင်းနှင့် အဆိုပါထုတ်ကုန်ပစ္စည်းများကို အဆင့်လိုက်လျော့ချထုတ်လုပ်ကြကာ သဘာဝပတ်ဝန်းကျင်နှင့် သက်ရှိလူသားများအား အန္တရာယ်ပေးမှုများကို ဝိုင်းဝန်းထိန်းသိမ်းဆောင်ရွက်ကြပါရန် အလေးအနက်တိုက်တွန်းအပ်ပါကြောင်း။ ။

အာဖရိကဝက်အပြင်းဖျားရောဂါ ကြိုတင်ကာကွယ်ရေး အသိပေးနှိုးဆော်ချက်

အာဖရိကဝက်အပြင်းဖျားရောဂါသည် ဝက်များတွင် မိုင်းရပ်စ်ဗိုင်းကြောင့်ဖြစ်ပွားတတ်သော ကူးစက်မြန်ရောဂါတစ်ခုဖြစ်ပါသည်။ အာဖရိကဝက်အပြင်းဖျားရောဂါသည် လူသို့ လုံး၀(လုံး၀) ကူးစက်ခြင်းမရှိပါ။ မိမိတို့မွေးမြူထားသော ဝက်များကို အဆိုပါရောဂါဖြစ်ပွားကျရောက်ခြင်းမှ ကြိုတင်ကာကွယ်နိုင်ရေးအတွက် အောက်ပါအတိုင်း လိုက်နာဆောင်ရွက်နိုင်ပါရန် အသိပေးနှိုးဆော်အပ်ပါသည် -

(၁) ဝက်မွေးမြူရေးခြံများ၏ ဇီ၀လုံခြုံမှုကို အထူးဂရုပြု မြှင့်တင်ရန်၊
(၂) ဝက်ခြံများတွင် စနစ်တကျ ပိုးသတ်ဆေးဖျန်းခြင်း ပုံမှန်ပြုလုပ်ဆောင်ရွက်ရန်၊
(၃) ဝက်များကို စားသောက်ဆိုင်နှင့် အိမ်များမှ စားကြွင်းစားကျန်များကျွေးမွေးခြင်းမပြုရန်၊
(၄) အခြားခြံမှ အသုံးအဆောင်ပစ္စည်းများ ငှားရမ်းသုံးစွဲခြင်း မပြုရန်နှင့် လူအဝင်အထွက် ထိန်းချုပ်ကန့်သတ်ရန်၊
(၅) အသက်အရွယ်တူ ဝက်များကိုသာ အတူတူမွေးမြူရန်၊
(၆) ဝက်ခြံများ အပူချိန်၊ စိုထိုင်းဆ၊ လေဝင်လေထွက် ကောင်းမွန်စေရေး ဆောင်ရွက်ရန်၊
(၇) ရောဂါကင်းရှင်းကြောင်း စိတ်ချရသောခြံမှ ဝက်များကို ဝယ်ယူမွေးမြူရန်၊
(၈) ဝယ်ယူသည့် ဝက်များကို မိမိခြံရှိဝက်များနှင့်အတူ ထည့်သွင်းမွေးမြူခြင်းမပြုမီ သီးသန့်ခွဲခြားထား၍ ရောဂါကင်းရှင်းမှ မွေးမြူရန်၊
(၉) ပြည်ပမှတရားဝင် တင်သွင်းလာသော ဝက်အရှင်နှင့် ဝက်ထွက်ပစ္စည်းများဖြစ်သည့် ဝက်သား၊ အေးခဲဝက်သား၊ ဝက်ပေါင်ခြောက်၊ ဝက်အူချောင်းနှင့် အခြားဝက်ထွက်ပစ္စည်းများ တင်သွင်းခြင်း၊ ရောင်းချခြင်း၊ စားသုံးခြင်း မပြုရန်၊
(၁၀) တာဝက်နှင့် အိမ်မွေးဝက်များ ရောနှောထိတွေ့ခြင်း မရှိစေရန် အိမ်မွေးဝက်များအား ခြံလှောင်စနစ်ဖြင့် မွေးမြူရန်၊
(၁၁) တာဝက်နှင့် အိမ်မွေးဝက်များ ပုံမှန်မဟုတ်ဘဲ ရုတ်တရက်သေဆုံးပါက နီးစပ်ရာအုပ်ချုပ်ရေးအဖွဲ့၊ မွေးမြူရေးနှင့်ကုသရေးဦးစီးဌာန၊ မြန်မာနိုင်ငံ မွေးမြူရေးလုပ်ငန်းအဖွဲ့ချုပ်ထံသို့ ချက်ချင်းသတင်းပို့ရန်၊
(၁၂) ရောဂါကြိုတင်ကာကွယ်ရေးနှင့် ရောဂါစူးစမ်းရှာဖွေခြင်းလုပ်ငန်းများတွင် သက်ဆိုင်ရာဌာန၊ အဖွဲ့အစည်းများနှင့် ပူးပေါင်းပါဝင်ဆောင်ရွက်ရန်နှင့် ညွှန်ကြားချက်များအား လိုက်နာဆောင်ရွက်ရန်။

မွေးမြူရေးနှင့်ကုသရေးဦးစီးဌာန
စိုက်ပျိုးရေး၊ မွေးမြူရေးနှင့်ဆည်မြောင်းဝန်ကြီးဌာန

အင်အားအနည်းငယ်ရှိသော မြေငလျင်တစ်ခုလှုပ်ရှား

နေပြည်တော် နိုဝင်ဘာ ၈

ယနေ့ မွန်းလွဲ ၁ နာရီ ၂၄ မိနစ်၊ ၄၇ စက္ကန့်အချိန်တွင် တောင်ငူမြေငလျင်စခန်းမှ အနောက်တောင်ဘက် ၁၅ မိုင်ခန့် ကွာဝေးသော မြန်မာနိုင်ငံပြည်တွင်း (အုတ်တွင်းမြို့၏ အနောက်-အနောက်တောင်ဘက် ၁၁ မိုင်ခန့်အကွာ)၊ မြောက်လတ္တီတွဒ် ၁၈ ဒသမ ၈၁ ဒီဂရီ၊ အရှေ့လောင်ဂျီတွဒ် ၉၆ ဒသမ ၂၄ ဒီဂရီ၊ အနက် ၁၁ ကီလိုမီတာကို ဗဟိုပြု၍ ပမာဏ ၃ ဒသမ ၈(M) အဆင့်ရှိ အင်အား အနည်းငယ်ရှိသော မြေငလျင်တစ်ခုလှုပ်ရှားသွားကြောင်း တိုင်းထွာရရှိသည်။

မိုး/၈လ

၈ - ၁၁ - ၂၀၂၆ ရက်နေ့ ဓာတ်သတ္တု(ရွှေ)ရည်ညွှန်းဈေး

သိပ်သည်းဆ ၁၉.၂၅ ဂရမ်/ ကုဗစင်တီမီတာနှင့်အထက်ရှိ စံချိန်မီရွှေတစ်ကျပ်သား (၁၆.၃၂၉၃၅ ဂရမ်)၏ **ဈေးနှုန်းမှာ ငွေကျပ် ဂ၁၀၀၀၀၀ ဖြစ်သည်။**

ဓာတ်သတ္တု(ရွှေ)ရည်ညွှန်းဈေးသတ်မှတ်ရေးကော်မတီ

ရေချွေတာရေးနည်းလမ်းများ

- ❖ သွားတိုက်နေစဉ် ဘုံပိုင်ခေါင်း ဖွင့်မထားပါနှင့်။
- ❖ သွားတိုက်လျှင် ရေဖန်ခွက် အမြဲသုံးပါ။
- ❖ ယာဉ်များဆေးကြောလျှင် ရေပိုက်မသုံးပါနှင့်။
- ❖ ရေဖြည့်ထားသောပုံးဖြင့် ယာဉ်များကို ဆေးကြောပါ။

အဖိုးတန်ရေချို တန်ဖိုးထား ထိန်းသိမ်းကြစေလို

ကြေးမုံ

စာတည်းမှူးချုပ်	- ဝင်းနိုင်	အကြီးတန်း	- ခင်မိမိအောင်၊
စာတည်းမှူး	- အေဝမ်းစိုး	သတင်းထောက်များ	ခင်မျိုးနိုင်၊ မာမာစိုး၊
စာတည်းများ	- စန်းအောင်၊ ခင်ခင်သက်၊ ယုဝါဝါ၊ သီသီမင်း၊ ဟိန်းထက်လင်း၊ သက်ထွေး၊ စန်းယဉ်ဦ၊ နိုင်လင်းကြည်		ခိုင်သန္တာရွှေ၊ ခင်ယုဆွေ၊
		အယ်တန်း သတင်းထောက်များ	- အောင်ကျော်ဦး၊ သန်းတင်အောင် ခင်သက်မွန်၊ မြသီတာ
ဘာသာပြန်	- အောင်ကျော်ကျော်၊ စိုးသူရ	သုတေသန	- ဇင်မာဝင့်
		စာပြင်	- ခင်နှင်းယုနှင့်အဖွဲ့
		စာမျက်နှာဖွဲ့စည်းမှုနှင့် ဒီဇိုင်း	- နီလာစိုးနှင့်အဖွဲ့
		အီးမေးလ်နှင့် အွန်လိုင်း	- စိုးချစ်ဦးနှင့်အဖွဲ့

ပုံနှိပ်ခြင်းလုပ်ငန်းအမှတ် (၀၀၆၄၀)၊
ပုံနှိပ်ထုတ်ဝေခွင့်အမှတ်(၀၀၇၇၁)ဖြင့်
ကြေးမုံသတင်းစာတိုက်က ထုတ်ဝေသည်။

themirror.npt@gmail.com
https://www.moi.gov.mm/km

နေပြည်တော် - စာတည်းမှူး ၀၆၇-၃၆၁၂၆၊ စာတည်းအဖွဲ့ ၀၆၇-၃၆၁၂၈၊ ၀၆၇-၃၆၁၃၀၊ ဖက်စ် ၀၆၇-၃၆၁၂၅
ရန်ကုန်ရုံးခွဲ - အမှတ် ၇၇၊ ၅၂ လမ်းနှင့် မဟာဗန္ဓုလလမ်းထောင့်၊ ပုဇွန်တောင်မြို့နယ်၊ ရန်ကုန်မြို့၊ စာတည်းဌာန ၀၁-၂၉၂၈၃၂
မန္တလေးဂျာ - ၀၁-၈၆၁၀၆၈၅၊ စီမံ/ဒွေစာရင်း ၀၁-၂၉၁၄၅၅၊ ဖြန့်ချိရေး ၀၁-၂၉၂၈၃၀၊ ကြော်ငြာ ၀၁-၃၉၇၃၃၀၊ ဖက်စ် ၀၁-၂၀၃၃၅၁





နိုင်ငံတော်သမ္မတ ဦးမင်းအောင်လှိုင်နှင့်ဇနီး ဒေါ်ကြူကြူလှ ပြည်ထောင်စုဖွားတိုင်းရင်းသားများ၏ ရိုးရာအကအလှများကို ကြည့်ရှုအားပေးစဉ်။

☆ ရှေ့ဖုံးမှ

လက်ဆင့်ကမ်း ထိန်းသိမ်းစောင့်ရှောက်ခြင်းကို ဖော်ညွှန်း၍ သီဆိုကပြ ဖျော်ဖြေလျက်ရှိသည့် ပြည်ထောင်စုဖွား တိုင်းရင်းသားများ၏ ရိုးရာအကအလှများ၊ တေးသရုပ်ဖော်အကများ၊ မြန်မာ့ရိုးရာ ရုပ်သေးကြိုးဆွဲအက၊ တိုင်းရင်းသား စည်းလုံးညီညွတ်မှုကို ဖော်ညွှန်းသည့်အကအလှများကို ကြည့်ရှုအားပေးကြသည်။

ယင်းနောက် နိုင်ငံတော်သမ္မတနှင့်ဇနီး၊ အဖွဲ့ဝင်များသည် ပွဲစျေးအတွင်း ခင်းကျင်းထားသည့် မြန်မာ့ရိုးရာ အစားအစာပြခန်းများ၊ ရိုးရာအဝတ်အထည်ပြခန်းများ၊ နိုင်ငံတစ်ဝန်းလုံးရှိ ဒေသအသီးသီးမှ ထွက်ကုန်များနှင့် လူသုံးကုန်ပစ္စည်းပြခန်းများအား ပြခန်းတစ်ခုချင်းစီအလိုက် စိတ်ပါဝင်စားစွာဖြင့် ကြည့်ရှုအားပေးခဲ့ပြီး ပြခန်းအလိုက် တာဝန်ခံများ၏ ရှင်းလင်းမှုများအပေါ် သိရှိလိုသည်များ ပြန်လည်မေးမြန်းဆွေးနွေးသည်။

အဆိုပါ "မြန်မာ့ရိုးရာပွဲစျေး" ကို ရိုးရာအမွေအနှစ်တစ်ခုအဖြစ် မျိုးဆက်သစ် လူငယ်များထံသို့ လက်ဆင့်ကမ်းပေးလိုသည့် ရည်ရွယ်ချက်ဖြင့် မြန်မာ့ယဉ်ကျေးမှုအမွေအနှစ်များ ထိန်းသိမ်းစောင့်ရှောက်ရေးအဖွဲ့က ကြီးမှူး၍ ရန်ကုန်တိုင်းဒေသကြီး မရမ်းကုန်းမြို့နယ်ရှိ ရန်ကုန်ကွန်ဗင်းရှင်းစင်တာ (YCC) တွင် ယခုလ ၅ ရက်နေ့မှ ယနေ့အထိ ကျင်းပပြုလုပ်ခြင်းဖြစ်ကြောင်း၊ ပန်းခြင်း ပေးအပ်ချီးမြှင့်ပြီး ရင်းရင်းနှီးနှီး နှုတ်ဆက်သည်။

ထို့နောက် နိုင်ငံတော်သမ္မတနှင့် ဇနီး၊ အဖွဲ့ဝင်များသည် ပွဲစျေးအတွင်း ခင်းကျင်းထားသည့် မြန်မာ့ရိုးရာ အစားအစာပြခန်းများ၊ ရိုးရာအဝတ်အထည်ပြခန်းများ၊ နိုင်ငံတစ်ဝန်းလုံးရှိ ဒေသအသီးသီးမှ ထွက်ကုန်များနှင့် လူသုံးကုန်ပစ္စည်းပြခန်းများအား ပြခန်းတစ်ခုချင်းစီအလိုက် စိတ်ပါဝင်စားစွာဖြင့် ကြည့်ရှုအားပေးခဲ့ပြီး ပြခန်းအလိုက် တာဝန်ခံများ၏ ရှင်းလင်းမှုများအပေါ် သိရှိလိုသည်များ ပြန်လည်မေးမြန်းဆွေးနွေးသည်။

အဆိုပါ "မြန်မာ့ရိုးရာပွဲစျေး" ကို ရိုးရာအမွေအနှစ်တစ်ခုအဖြစ် မျိုးဆက်သစ် လူငယ်များထံသို့ လက်ဆင့်ကမ်းပေးလိုသည့် ရည်ရွယ်ချက်ဖြင့် မြန်မာ့ယဉ်ကျေးမှုအမွေအနှစ်များ ထိန်းသိမ်းစောင့်ရှောက်ရေးအဖွဲ့က ကြီးမှူး၍ ရန်ကုန်တိုင်းဒေသကြီး မရမ်းကုန်းမြို့နယ်ရှိ ရန်ကုန်ကွန်ဗင်းရှင်းစင်တာ (YCC) တွင် ယခုလ ၅ ရက်နေ့မှ ယနေ့အထိ ကျင်းပပြုလုပ်ခြင်းဖြစ်ကြောင်း၊

ပွဲတော်ရက်အတွင်း မြန်မာ့ရိုးရာ အစားအစာများ၊ မြန်မာ့ရိုးရာ အဝတ်အထည်များ၊ မြန်မာ့စားဖွယ်ပြုလုပ်နည်း သရုပ်ပြပွဲများ၊ စကားဝိုင်းများ၊ မြန်မာ့ရိုးရာ ဇာတ်သဘင်နှင့် ခေတ်ပေါ်တေးဂီတဖျော်ဖြေပွဲများ၊ တိုင်းရင်းသားအကပဒေသာများ စသည်တို့ဖြင့် မြိုင်မြိုင်ဆိုင်ဆိုင် ကျင်းပပြုလုပ်လျက်ရှိသည့် မြန်မာ့ပရိဘောဂပြပွဲ(၂၀၂၆)သို့ သွားရောက်ကြည့်ရှုအားပေးရာ မြန်မာနိုင်ငံသစ် အခြေခံပရိဘောဂလုပ်ငန်းရှင်များ အသင်းဥက္ကဋ္ဌနှင့် တာဝန်ရှိသူများက ကြိုဆိုနှုတ်ဆက်ကြသည်။

ယင်းနောက် နိုင်ငံတော်သမ္မတသည် ပြပွဲအတွင်း ခင်းကျင်းပြသထားရှိသည့် ပရိဘောဂများအား ပြကွက်တစ်ခုချင်းစီအလိုက် လိုက်လံကြည့်ရှု အားပေးပြီး တာဝန်ရှိသူများ၏ ရှင်းလင်းတင်ပြမှုများအပေါ် သိရှိလိုသည်များ ပြန်လည်မေးမြန်းဆွေးနွေးသည်။

အဆိုပါ မြန်မာနိုင်ငံသစ် အခြေခံပရိဘောဂ လုပ်ငန်းရှင်များ အသင်းမှ ကြီးမှူးကျင်းပလျက်ရှိသည့် မြန်မာ့ပရိဘောဂပြပွဲ(၂၀၂၆) ကို မြန်မာ့ပရိဘောဂလက်ရာများအား ထိန်းသိမ်းရန်၊ စဉ်ဆက်မပြတ် အဆင့်မြှင့်တင်နိုင်ရန်နှင့် ဈေးကွက်ပိုမိုရရှိနိုင်ရန် ရည်ရွယ်၍ ယခုလ ၄ ရက်နေ့မှ ယနေ့အထိ ကျင်းပပြုလုပ်ခြင်း ဖြစ်ကြောင်းနှင့် ပြည်တွင်းကုမ္ပဏီ ကိုးခု၊ ပြည်ပကုမ္ပဏီတစ်ခု စုစုပေါင်း ၁၀ ခုတို့မှ ပြကွက်ပေါင်း ၂၆ ခုဖြင့် ခင်းကျင်းပြသရောင်းချပေးလျက်ရှိကြောင်း သိရသည်။ **သတင်းစဉ်**



နိုင်ငံတော်သမ္မတ ဦးမင်းအောင်လှိုင်နှင့်ဇနီး ဒေါ်ကြူကြူလှ တိုင်းရင်းသားရိုးရာအကအဖွဲ့များအား ဂုဏ်ပြုပန်းခြင်းပေးအပ်ချီးမြှင့်စဉ်။

- **ပွဲတော်ရက်အတွင်း မြန်မာ့ရိုးရာအစားအစာများ၊ မြန်မာ့ရိုးရာအဝတ်အထည်များ၊ မြန်မာ့စားဖွယ်ပြုလုပ်နည်း သရုပ်ပြပွဲများ၊ စကားဝိုင်းများ၊ မြန်မာ့ရိုးရာဇာတ်သဘင်နှင့် ခေတ်ပေါ်တေးဂီတဖျော်ဖြေပွဲများ၊ တိုင်းရင်းသားအကပဒေသာများ စသည်တို့ဖြင့် မြိုင်မြိုင်ဆိုင်ဆိုင် ကျင်းပပြုလုပ်လျက်ရှိ**
- **ပွဲစျေးအတွင်း မြန်မာ့ရိုးရာအစားအစာပြခန်းများ၊ ရိုးရာအဝတ်အထည်ပြခန်းများ၊ နိုင်ငံတစ်ဝန်းလုံးရှိ ဒေသအသီးသီးမှ ထွက်ကုန်များနှင့် လူသုံးကုန်ပစ္စည်းပြခန်းများစသည်ဖြင့် စုစုပေါင်းပြခန်း ၁၅၅ ခန်း ခင်းကျင်းပြသထား**



နိုင်ငံတော်သမ္မတ ဦးမင်းအောင်လှိုင် မြန်မာ့ပရိဘောဂပြပွဲ(၂၀၂၆)အတွင်း ခင်းကျင်းပြသထားရှိသည့် ပရိဘောဂများအား ကြည့်ရှုအားပေးစဉ်။

❁ ကျောဖုံးမှ

မြို့နယ်ရှိ တိုင်းရင်းသားယဉ်ကျေးမှုစင်တာသို့ ရောက်ရှိကြပြီး တိုင်းရင်းသားရိုးရာယဉ်ကျေးမှု ပြတိုက်၌ တာဝန်ရှိသူတစ်ဦးက စင်တာ၏ နောက်ခံသမိုင်းကြောင်း၊ တည်ဆောက်ရခြင်း၏ ရည်ရွယ်ချက်၊ ဘဏ္ဍာနှစ်များအလိုက် အကောင်အထည်ဖော်ဆောင်ရွက်ခဲ့သည့် တည်ဆောက်ရေးလုပ်ငန်းများ၊ ဆောင်ရွက်လျက်ရှိသည့် တည်ဆောက်ရေးလုပ်ငန်းစဉ်များနှင့် ဆက်လက်ဆောင်ရွက်သွားမည့် လျာထားလုပ်ငန်းအစီအမံများကို ရှင်းလင်းတင်ပြရာ ဒုတိယသမ္မတက သိရှိလိုသည်များကို မေးမြန်းဆွေးနွေးပြီး လိုအပ်သည်များကို တာဝန်ရှိသူများနှင့် ပေါင်းစပ်ညှိနှိုင်းပေးသည်။

ထို့နောက် ပြတိုက်အတွင်း၌ ခင်းကျင်းပြသထားသည့် တိုင်းရင်းသားများ၏ တူရိယာများ၊ ရိုးရာဝတ်စားဆင်ယင်မှုများနှင့် အသုံးအဆောင်ပစ္စည်းများကို လည်းကောင်း၊ စင်တာဝင်းအတွင်းရှိ မွန်၊ ကရင်၊ ဗမာ၊ ပအိုဝ်း ရိုးရာအိမ်များနှင့် အထင်ကရနေရာများကို လည်းကောင်း လှည့်လည်ကြည့်ရှုစစ်ဆေးပြီး ဒုတိယသမ္မတက တိုင်းရင်းသားတို့၏ ရိုးရာယဉ်ကျေးမှု အမွေအနှစ်များ မပျောက်ပျက်စေရေး၊ မျိုးဆက်သစ်လူငယ်များ ရိုးရာယဉ်ကျေးမှုအမွေအနှစ်များကို လေ့လာသိရှိပြီး တန်ဖိုးထားထိန်းသိမ်းနိုင်ရေး၊ ဒေသ၏ ယဉ်ကျေးမှုအမွေအနှစ်များကိုပိုမိုထင်ရှားစွာဖော်ထုတ်ပြသနိုင်ရေး၊ ပြသထားရှိသည့် ရိုးရာပစ္စည်းများကို စနစ်တကျထိန်းသိမ်းစောင့်ရှောက်ရေးနှင့် ပတ်ဝန်းကျင်သန့်ရှင်းသာယာလှပရေးတို့ကို အလေးထားဆောင်ရွက်ကြရန် မှာကြားသည်။

အဆိုပါစင်တာကို တိုင်းရင်းသားလူမျိုးတို့၏ စကား၊ စာပေ၊ အနုပညာ၊ ယဉ်ကျေးမှု၊ ရိုးရာဓလေ့ထုံးတမ်း၊ အမျိုးသားရေးလက္ခဏာနှင့် သမိုင်းအမွေအနှစ်တို့ကို မပျောက်ပျက်အောင် ထိန်းသိမ်းစောင့်ရှောက်ပြီး တိုင်းရင်းသားအချင်းချင်း စည်းလုံးညီညွတ်ရေး၊ ချစ်ကြည်လေးစားရေးနှင့် ရိုင်းပင်းကူညီရေးတို့ တိုးတက်ဖြစ်ထွန်းစေရန် ရည်ရွယ်၍ တည်ဆောက်ခြင်းဖြစ်ကြောင်း သိရသည်။

ယင်းနောက် ကျောက်တန်းစက်မှုဇုန်အတွင်းရှိ ကိုလုထွန်းရတက်သီးမှုန့်နှင့် အမှုန့်မျိုးစုံ လုပ်ငန်းသို့ ရောက်ရှိကြပြီး အစည်းအဝေးခန်းမ၌ တာဝန်ရှိသူ တစ်ဦးက ထုတ်လုပ်လျက်ရှိသည့် ထုတ်ကုန်ပစ္စည်းများ၊ ကုန်ကြမ်းအမျိုးအစားများနှင့် သိုလှောင်ထားရှိမှု၊ စွေးကွက်သို့ ဖြန့်ဖြူးရောင်းချနေမှု၊ လက်ရှိထုတ်လုပ်မှုလုပ်ငန်းစဉ်များနှင့် ဆက်လက် အကောင်အထည်ဖော်ဆောင်ရွက်သွားမည့် လုပ်ငန်းအစီအမံများကို ရှင်းလင်းတင်ပြရာ ဒုတိယသမ္မတက လိုအပ်သည်များကို တာဝန်ရှိသူများနှင့် ပေါင်းစပ်ညှိနှိုင်းပေးသည်။

ဆက်လက်၍ စက်ရုံအတွင်း ငရုတ်သီးကုန်ကြမ်းများ သိုလှောင်ထားရှိမှု၊ သန့်စင်ခြင်း၊ အခြောက်ခံခြင်း၊ ကြိတ်ခွဲခြင်းနှင့် ထုပ်ပိုးဖြန့်ဖြူးခြင်းလုပ်ငန်းများ အဆင့်ဆင့် ဆောင်ရွက်နေမှုတို့ကို လုပ်ညှိလည်ကြည့်ရှုစစ်ဆေးပြီး ဒုတိယသမ္မတက စားသုံးသူများဘေးအန္တရာယ်ကင်းရှင်းစေရေးအတွက် သန့်ရှင်းသပ်ရပ်သော ထုတ်လုပ်မှုစနစ်ကို အလေးထားဆောင်ရွက်ရန်၊ သတ်မှတ်စံချိန်စံညွှန်းများနှင့်အညီ ထုတ်လုပ်ဖြန့်ဖြူးရန်၊ တန်ဖိုးမြှင့်စားသောက်ကုန်များ ထုတ်လုပ်နိုင်ရန်နှင့် ဒေသတွင်း အလုပ်အကိုင် အခွင့်အလမ်းများ ပိုမိုဖန်တီးပေးနိုင်ရေး ဆောင်ရွက်ရန် မှာကြားသည်။

ထို့မှ တစ်ဆင့် M RUBBER ကုမ္ပဏီလီမိတက်၏ ခရမ့်ရော်ဘာအဆင့်မြှင့်စက်ရုံသို့ ရောက်ရှိကြပြီး ကုမ္ပဏီမှ တာဝန်ရှိသူတစ်ဦးက ရော်ဘာကုန်ကြမ်းများ သန့်စင်နေမှု၊ စက်ကိရိယာများဖြင့် ပြုပြင်ထုတ်လုပ်နေမှု၊ အရည်အသွေးစစ်ဆေးနေမှုနှင့် ထုပ်ပိုးသိုလှောင်သည့်လုပ်ငန်းစဉ်များ ဆောင်ရွက်နေမှုကို လိုက်လံရှင်းလင်းပြသရာ ဒုတိယသမ္မတက သိရှိလိုသည်များကို မေးမြန်းဆွေးနွေးသည်။

ထို့နောက် စက်ရုံအစည်းအဝေးခန်းမ၌ တာဝန်ရှိသူတစ်ဦးက စက်ရုံ၏ ကုန်ကြမ်းရရှိမှုနှင့် သိုလှောင်ထားရှိမှု၊ ထုတ်လုပ်မှုစွမ်းအား၊ MSR ထုတ်လုပ်သည့် လုပ်ငန်းစဉ်၊ လုပ်ငန်းခွင် ဘေးအန္တရာယ်ကင်းရှင်းရေး ဆောင်ရွက်ထားရှိမှု၊ ထုတ်ကုန်အရည်အသွေးနှင့် စွေးကွက်သို့ ဖြန့်ဖြူးရောင်းချနေမှု အခြေအနေများကို ရှင်းလင်းတင်ပြရာ ဒုတိယသမ္မတက ထုတ်လုပ်မှုလုပ်ငန်းစဉ်များတွင် လုပ်သားများ ဘေးအန္တရာယ်ကင်းရှင်းစေရေးနှင့် စက်ပစ္စည်းများ စနစ်တကျထိန်းသိမ်းအသုံးပြုနိုင်ရေးအတွက် သတ်မှတ်စံချိန်စံညွှန်းများနှင့်အညီ ဆောင်ရွက်ရန်၊ ပတ်ဝန်းကျင်ညစ်ညမ်းမှု မရှိစေရေး စက်ရုံမှထွက်ရှိလာသည့် စွန့်ပစ်ရေဆိုးများနှင့် စွန့်ပစ်ပစ္စည်းများကို စနစ်တကျစွန့်ပစ်ရန်၊ သဘာဝပတ်ဝန်းကျင် ထိခိုက်မှုမရှိစေရေး အလေးထားဆောင်ရွက်ရန်၊ ရော်ဘာကုန်ကြမ်းများကို အခြေခံ၍ တန်ဖိုးမြှင့်ထုတ်ကုန်များ ထုတ်လုပ်နိုင်ရေး၊ ရော်ဘာစိုက်ပျိုးသည့်ဒေသခံတောင်သူနှင့် လုပ်ငန်းရှင်များ အကျိုးဖြစ်ထွန်းစေမည့် လုပ်ငန်းစဉ်များ ဖော်ဆောင်ပေးနိုင်ရေး ဆောင်ရွက်ရန် မှာကြားပြီး လိုအပ်သည်များကို တာဝန်ရှိသူများနှင့် ပေါင်းစပ်ညှိနှိုင်းပေးသည်။

ကျောက် တန်းစက် မှုဇုန်ကို စက်မှုနယ်မြေအဖြစ် ၂၀၁၆ ခုနှစ်မတ် ၂၇ ရက်တွင် စတင်တည်ထောင်ခဲ့ပြီး အကျယ်အဝန်းမှာ ၂၅၄ ဒသမ ၃ ဧက ရှိ၍ ပုဂ္ဂလိက စက်မှုလုပ်ငန်း(အကြီးစား၊ အလတ်စား၊ အငယ်စား) အရေအတွက် စုစုပေါင်း ၂၅ ခု ရှိကြောင်း သိရသည်။

သတင်းစဉ်



ဒုတိယသမ္မတ ဒေါ်နန်းနီနီအေး M RUBBER ကုမ္ပဏီလီမိတက်၏ ခရမ့်ရော်ဘာအဆင့်မြှင့်စက်ရုံ အတွင်း ကြည့်ရှုစစ်ဆေးစဉ်။

❁ တနင်္သာရီမှ

လုပ်ငန်းမှ ၄၈ ဒသမ ၀၀၃ သန်း၊ ကဏန်းပျော့မွေးမြူရေးလုပ်ငန်းမှ ၁ ဒသမ ၆၈၉ သန်း၊ ချင်းခရမွေးမြူရေးလုပ်ငန်းမှ သုည ဒသမ ၄၂၄ သန်းနှင့် ရေမှော်မွေးမြူရေးလုပ်ငန်းမှ သုည ဒသမ ၀၄၅ သန်းဖြင့် စုစုပေါင်း ကုန်တန်ချိန် ၁၂၆၇ ဒသမ ၃၆၈ တန် တင်ပို့မှုမှ အမေရိကန်ဒေါ်လာ ၅၂ ဒသမ ၁၉၃ သန်း ရရှိခဲ့ခြင်းဖြစ်သည်။

"တနင်္သာရီတိုင်းဒေသကြီးမှာ ၈၉ ရာခိုင်နှုန်းကျော်ဟာ ရေလုပ်ငန်း လုပ်ကိုင်တာကြောင့် ကုန်ကြမ်းတင်ပို့မှုကနေ ကုန်ချောထုတ်လုပ်နိုင်ရင် နိုင်ငံခြားငွေပိုပြီး ရရှိစေမှာပါ။ ပြီးတော့ ငါး၊ ပုစွန်အရင်းကို လေကြောင်းနဲ့ တင်ပို့နိုင်ရင်လည်း နိုင်ငံခြားငွေတိုးမြှင့်ရရှိစေမှာပါ။ ဝမ်းသာစရာက နိုင်ငံတော်သမ္မတကြီးက မြိတ်လေဆိပ်ကို တိုးချဲ့တည်ဆောက်ဖို့ လမ်းညွှန်ခဲ့တဲ့အတွက် တည်ဆောက်နေတာကြောင့် ပြည်ပကို ငါး၊ပုစွန် အရှင် တင်ပို့နိုင်ပြီဆိုရင် သိသိသာသာ နိုင်ငံခြားငွေ တိုးမြှင့်ရရှိလာမှာပါ။ ရေလုပ်သားနဲ့လုပ်ငန်းရှင်တွေလည်း ဝင်ငွေကောင်းလာမှာဖြစ်တဲ့အတွက် နိုင်ငံတော်သမ္မတကြီးကို အထူးပဲကျေးဇူးတင်နေကြပါတယ်"ဟု တနင်္သာရီတိုင်းဒေသကြီး ငါးလုပ်ငန်းအဖွဲ့ချုပ်မှ အတွင်းရေးမှူး ဦးသက်စိုးက ပြောသည်။

ကျွန်းပေါင်း ၈၀၀ ကျော်ရှိသည့် မြိတ်ကျွန်းစုနှင့် တနင်္သာရီတိုင်းဒေသကြီး၏ ကမ်းဝေး၊ ကမ်းနီးတို့တွင် ရေထွက်ကုန်များကို ဖမ်းဆီးကြသည့်အပြင် ငါး/ပုစွန်နှင့် စွေးကွက်ရ ပြည်ပပို့ကုန် ရေထွက်ပစ္စည်းများကိုလည်း နှစ်စဉ် မွေးမြူထုတ်လုပ်လျက်ရှိကာ ပြည်ပပို့ကုန် ပုစွန်ကို ယခုနှစ်တွင် တိုးမြှင့်မွေးမြူလျက်ရှိသည်။

နှစ်စဉ် ရေထွက်ကုန်တင်ပို့မှုမှ နိုင်ငံခြားဝင်ငွေရရှိနေသည့် မြိတ်ကျွန်းစုသည် ရေချို ရေငန် သဘာဝသယံဇာတများစွာ ပေါများသည့် ဒေသဖြစ်ပြီး စားနပ်ရိက္ခာဖူလုံရေးနှင့် နိုင်ငံခြားငွေရရှိမှုကို အထောက်အကူပြုလျက်ရှိသည်။ ၂၀၂၀ ပြည့်နှစ်၌ ဗီယက်နမ်နိုင်ငံသည် ရေထွက်ကုန်တင်ပို့မှုမှ အမေရိကန်ဒေါ်လာ သန်း ၁၀၀၀၀ ကျော်ရရှိခဲ့ပြီး ဖြစ်ချောင်းအင်းအိုင်နှင့် ငါးဖမ်းကွက်များစွာရှိသည့် မြန်မာနိုင်ငံအနေဖြင့် မွေးမြူရေးနှင့် ဖမ်းဆီးရေးကဏ္ဍတို့တွင် နိုင်ငံခြားဝင်ငွေ တိုးမြှင့်ရရှိရန် မဟာဗျူဟာမြောက်စီမံကိန်း ရေးဆွဲဆောင်ရွက်မှုနှင့်အတူ တိုက်ရိုက် တင်ပို့နိုင်မည့် ပို့ဆောင်ရေးကဏ္ဍ တိုးမြှင့်ဆောင်ရွက်လာခြင်းသည် ရေထွက်ကုန်တင်ပို့မှု စွေးကွက်သစ်ပွင့်လန်းမှုကို အထောက်အပံ့ဖြစ်စေလျက်ရှိ၍ နိုင်ငံခြားဝင်ငွေတိုးမြှင့်ရရှိလာမည့် လင်းရောင်ခြည်များ သန်းလျက်ရှိကြောင်း သိရသည်။

ညိမ်းသူ-သတင်းစဉ်
ဓာတ်ပုံ – ကနူး

❍ (၁၂) ကြိမ်မြောက်မှ

မြန်မာနိုင်ငံဆိုင်ရာ ထိုင်းဘုရင့်သံရုံး (Royal Thai Embassy) က ပံ့ပိုးကူညီထားခြင်း ဖြစ်သည်။

ကျောင်းသားအများစုသည် ပြည်ပတွင် ပညာသင်ကြားရန် ရွေးချယ်ကြသော်လည်း ပညာရေးစံချိန်စံညွှန်းများ၊ ယဉ်ကျေးမှုနှင့် ဘာသာစကားဆိုင်ရာ ကိုက်ညီမှုများ၊ ကိုယ်ပိုင်ဆန္ဒများကို ထည့်သွင်းစဉ်းစားရန် အရေးကြီးပြီး ထိုင်းတက္ကသိုလ်များသည် ကမ္ဘာ့အဆင့်မီ ပညာရေးအစီအစဉ်များ၊ စီးပွားရေး၊ စီမံခန့်ခွဲမှုမှသည် အင်ဂျင်နီယာနှင့် အနုပညာရပ်များအထိ ကျယ်ပြန့်သော အဓိကဘာသာရပ်များနှင့် နိုင်ငံတကာ အတွေ့အကြုံကောင်းများကို ပံ့ပိုးပေးနိုင်သည့်အတွက် ရရှိလာသည့် ပညာရပ်များကို အမိနိုင်ငံသို့ ပြန်လည်သယ်ဆောင်လာပြီး နိုင်ငံဖွံ့ဖြိုးတိုးတက်ရေးအတွက် ပြန်လည်အသုံးချကြရန် ထိုင်းနိုင်ငံတက္ကသိုလ် များမှ မြန်မာနိုင်ငံသားဘွဲ့ရကျောင်းသားဟောင်း များအသင်းဒုတိယဥက္ကဋ္ဌ ဦးကောင်းစံက ပြောသည်။

ယခုကျင်းပမည့် ပညာရေးပြပွဲတွင် ထိုင်းနိုင်ငံရှိထင်ရှားသော တက္ကသိုလ်အသီးသီး၏ ဘွဲ့ကြိုနှင့် ဘွဲ့လွန်ဒီပရိုမာများအကြောင်း၊ ကျောင်းဝင်ခွင့် လျှောက်ထားခြင်းဆိုင်ရာ အချက်အလက်များကို သက်ဆိုင်ရာ တက္ကသိုလ် ကိုယ်စားလှယ်များနှင့် တိုက်ရိုက်မေးမြန်း စုံစမ်းနိုင်မည်ဖြစ်သည့်အပြင် ကျောင်းသား လူငယ်များ အထူးစိတ်ဝင်စားကြသည့် ၁၀၀ ရာခိုင်နှုန်းအထိ အပြည့်အဝထောက်ပံ့ပေးသော ပညာသင်ဆုများ (Fully Funded Scholarships) နှင့် တစ်စိတ်တစ်ပိုင်း ပညာသင်ဆုများ (Partial Scholarships) အကြောင်းကိုလည်း အသေးစိတ်စုံစမ်း လျှောက်ထားနိုင်မည်ဖြစ်ကြောင်း သိရသည်။

မျိုးမင်းသူရ



သုံးရေ ခွေတာသုံးစွဲရေး

အပင်ရေလောင်းချိန်ကို အချိန်ကိုက်လုပ်ဆောင်ပါ။
ရေငွေ့ပြန်မှုကိုလျှော့နည်းစေရန်နှင့် ရေကိုအကျိုးရှိရှိ အသုံးချနိုင်ရန် နံနက်စောစော သို့မဟုတ် ညနေနှောင်းပိုင်းကဲ့သို့ အေးမြသော အချိန်များတွင်သာ မြက်ခင်းနှင့် အပင်များကို ရေလောင်းပါ။



သုံးရေ ခွေတာသုံးစွဲရေး

မိုးရေကို စုဆောင်းအသုံးချပါ။ အပင်ရေလောင်းခြင်းနှင့် ဥယျာဉ်ခြံလုပ်ငန်းများအတွက် မိုးရေကို သိုလှောင်ရန် ရေစည်များသို့မဟုတ် အခြားသော မိုးရေစုဆောင်းသည့်စနစ်များကို ကြံဆောင်ရွက်ပါ။



သရက်မြို့၌ သောက်သုံးရေလျှပ်ဒါန်း

သရက် နိုဝင်ဘာ ၈

မကွေးတိုင်းဒေသကြီး သရက်မြို့နယ်တွင် သာသနာရေးဆိုင်ရာ လုပ်ငန်းများ ဆောင်ရွက်လျက်ရှိရာ နိုဝင်ဘာ ၇ ရက်က သရက်မြို့နယ် မီးသတ်ဦးစီးဌာနမှ တပ်ဖွဲ့ဝင်များက သရက်မြို့ အမှတ်(၁)ရပ်ကွက်ရှိ သမိုင်းဝင် ရွှေသက်လွတ်စေတီတော်ကြီးသို့ သောက်သုံးရေ သွားရောက် လှူဒါန်းသည်။

ထိုသို့လှူဒါန်းရာတွင် သရက်မြို့နယ်မီးသတ်ဦးစီးဌာနမှ လက်ထောက် မီးသတ်ဦးစီးမှူး ဦးဆောင်၍ တပ်ဖွဲ့ဝင်များက မီးသတ်ရေသယ်ယာဉ်ဖြင့် သောက်သုံးရေ စုစုပေါင်း ဂါလန် ၁၆၀၀ အား အဆိုပါ စေတီတော်ကြီးသို့ ပို့ဆောင်လှူဒါန်းခဲ့ကြောင်း သိရသည်။ **ကောင်းစစ်နိုင်**



မုဒုံမြို့နယ်၌ သောက်သုံးရေ ပြတ်လပ်မှုမရှိစေရေး ကွင်းဆင်းစစ်ဆေး

မုဒုံ နိုဝင်ဘာ ၈

မွန်ပြည်နယ် မုဒုံမြို့နယ်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာနက ညောင်ပိုင်းကျေးရွာ၌ အယ်လ်နီညိကြောင့် သောက်သုံးရေ ပြတ်လပ်မှုမဖြစ်ပေါ်စေရေး ပြည်နယ်ဦးစီးမှူးနှင့် တာဝန်ရှိသူများက ယမန်နေ့ နံနက်ပိုင်းက ကွင်းဆင်းစစ်ဆေးသည်။

ထိုသို့ကွင်းဆင်းစစ်ဆေးရာတွင် မွန်ပြည်နယ် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ပြည်နယ်ဦးစီးမှူး၊ မော်လမြိုင်ခရိုင် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ခရိုင်ဦးစီးမှူး၊ မုဒုံမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူးနှင့်တာဝန် ရှိသူများက ညောင်ပိုင်းကျေးရွာ၌ စင်မြင့်ရေစင်များ၊ မြေသားမိုးရေ လှောင်ကန်များမှ သောက်သုံးရေသိုလှောင်ထားရှိမှု အခြေအနေများကို ကြည့်ရှုစစ်ဆေးပြီး သောက်သုံးရေများကို စနစ်တကျ ဖြန့်ဝေခြင်းတာ သုံးစွဲရန်နှင့် ရေပြတ်လပ်မှုဖြစ်ပေါ်လာပါက ဌာနသို့ဆက်သွယ်၍ အကူအညီရယူနိုင်ကြောင်း ကျေးရွာတာဝန်ရှိသူများအား မှာကြားသည်။

ဆက်လက်၍ ပြည်နယ်ဦးစီးမှူးက ကျေးရွာသူ ကျေးရွာသားများ အား တွေ့ဆုံကာ ကျေးလက်နေပြည်သူများအနေဖြင့် ရေကို အလေ အလွင့်မရှိ စနစ်တကျအသုံးပြုရန် မှာကြားကာ လိုအပ်သည်များကို ပေါင်းစပ်ဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။ **သုတ**

(၂၅)ကြိမ်မြောက် ကမ္ဘာ့ဇာသာမဏ္ဍောကျော်စာမေးပွဲ စာအောင်ဘွဲ့နှင်းသဘင် အခမ်းအနားကျင်းပ

တောင်ကြီး နိုဝင်ဘာ ၈

ရှမ်းပြည်နယ် တောင်ကြီးမြို့ မြို့လယ်မင္ဂလာရုံ ဂေါပကအဖွဲ့က ကြီးမှူး၍ (၂၅)ကြိမ်မြောက် ကမ္ဘာ့ဇာသာမဏ္ဍောကျော်စာမေးပွဲ စာအောင်ဘွဲ့နှင်းသဘင်ကို ယနေ့ မွန်းလွဲ ၁ နာရီတွင် တောင်ကြီးမြို့ ရှိအတုလမာရဇိန် ဆုတောင်းပြည့် ဘုရား မြို့လယ်မင္ဂလာရုံ၌ ကျင်းပ သည်။

အခမ်းအနားတွင် ဆရာတော် များထံ ဂေါပကအဖွဲ့ဥက္ကဋ္ဌဦးဝင်းနိုင် က (၂၅)ကြိမ်မြောက် ကမ္ဘာ့ဇာ သာမဏ္ဍောကျော်စာမေးပွဲ ကျင်းပ အောင်မြင်မှု အခြေအနေကို ဖတ်ကြား လျှောက်ထားပြီး ဘွဲ့ရသာမဏ္ဍောကျော် များအား ဘွဲ့ပုံတော်နှင့် ဘွဲ့တံဆိပ်တော်၊ ဘွဲ့အလံတော်များကို ရှမ်းပြည်နယ် ဝန်ကြီးချုပ် ဦးစိုင်းထိန်စိုး၊ ပြည်နယ်လွှတ်တော်ဥက္ကဋ္ဌ အရှေ့ပိုင်းတိုင်း စစ်ဌာနချုပ် တိုင်းမှူး၊ ပြည်နယ်ဝန်ကြီးများ၊ ပြည်နယ်



ဥပဒေချုပ်နှင့် တာဝန်ရှိသူများက ဆက်ကပ်ကြသည်။

ဆက်လက်၍ ဆရာတော်ကြီး များထံ ပြည်နယ်ဝန်ကြီးနှင့် ဇနီး တို့က လှူဖွယ်ပစ္စည်းများ ဆက်ကပ်လှူဒါန်းကြသည်။

အဆိုပါ စာအောင်သာမဏ္ဍော ကျော်များအား မြို့လယ်မင္ဂလာရုံမှ စတင်၍ သံဃဒါနများ လောင်းလှူ ကြပြီး ဗိုလ်ချုပ်အောင်ဆန်းလမ်းမှ မြို့မဈေးမီးပွိုင့်မှတစ်ဆင့် ဈေးပိုင်း ကုန်သည်လမ်း၊ မြတ်လေးလမ်း၊ စပ်စပ်ထွန်းလမ်းအတိုင်း ကြွချီ အပူဇော်ခံကြသည်။

ယမန်နေ့ ညနေပိုင်းကလည်း ပြည်နယ် ဝန်ကြီးချုပ်သည် တောင်ကြီးမြို့ရှိ ဆရိဆပ်သရာ နာရာရမ်းဘုရားကျောင်း၌ ကျင်းပ သည့် ဒီပါဝလီ မီးထွန်းပွဲတော်သို့ တက်ရောက်ခဲ့ကြောင်း သိရသည်။ **မောင်မောင်သန်း(တောင်ကြီး)**

ပေါက်ခေါင်းမြို့နယ်၌ သမဝါယမအသင်းစု အမှုဆောင်အဖွဲ့သစ်ရွေးချယ်တင်မြှောက်

ပေါက်ခေါင်း နိုဝင်ဘာ ၈

ပဲခူးတိုင်းဒေသကြီး ပေါက်ခေါင်း မြို့နယ် သမဝါယမအသင်းစု၏ (၂၀၂၃-၂၀၂၄)၊ (၂၀၂၄-၂၀၂၅)၊ (၂၀၂၅-၂၀၂၆) ဘဏ္ဍာနှစ်တို့ အတွက် အရပ်ရပ်ဆိုင်ရာ အစည်း အဝေးနှင့် အမှုဆောင်အဖွဲ့သစ် ရွေးချယ်တင်မြှောက်ပွဲ အခမ်း အနားကို နိုဝင်ဘာ ၆ ရက်က ပေါက်ခေါင်းမြို့နယ် သမဝါယမ ဦးစီးဌာနခန်းမ၌ ကျင်းပသည်။

အစည်းအဝေးသို့ ပဲခူးတိုင်း ဒေသကြီး သမဝါယမဦးစီးဌာနမှ လက်ထောက်ညွှန်ကြားရေးမှူး၊



တိုင်းဒေသကြီး လွှတ်တော် ကိုယ်စားလှယ်၊ မြို့နယ်စီမံခန့်ခွဲ ရေးနှင့် အုပ်ချုပ်ရေးကော်မတီ ဥက္ကဋ္ဌနှင့် တာဝန်ရှိသူများ တက်ရောက်ပြီး တိုင်းဖွဲ့စည်းရေး ကော်မတီဥက္ကဋ္ဌက (၁/၂၀၂၆) သမဝါယမအသင်း ဥပဒေသစ်ပါ ပြဋ္ဌာန်းချက်များနှင့် အညီ တက်ရောက်လာကြသော သမ ဝါယမအသင်းသား၊ အသင်းဝင် များအား သမဝါယမအသင်း စည်းကမ်းချက်များကို ရှင်းလင်း ဆွေးနွေးကာ အသင်း၏အမှုဆောင် ဒါရိုက်တာ ခုနစ်ဦးနှင့် အသင်း စာရင်းစစ် နှစ်ဦးတို့အား ရွေးချယ် အတည်ပြုခဲ့သည်။

ဆက်လက်၍ ပေါက်ခေါင်း မြို့နယ်သမဝါယမဦးစီးအရာရှိက ရှေ့လုပ်ငန်းစဉ်များ ဆောင်ရွက် မည့် အစီအစဉ်များကို ရှင်းလင်း ပြောကြားခဲ့ကြောင်း သိရသည်။ **ဖုန်းကျော်ဇင်(ပြန်/ဆက်)**

အုတ်တွင်းမြို့နယ်၌ လူငယ်စကားဝိုင်းကျင်းပ

အုတ်တွင်း နိုဝင်ဘာ ၈

ပဲခူးတိုင်းဒေသကြီး အုတ်တွင်းမြို့နယ်တွင် လူငယ်များ ဗလငါးတန်ဖွံ့ဖြိုးတိုးတက်လာစေရန် ရည်ရွယ်၍ လူငယ်စကားဝိုင်းကို နိုဝင်ဘာ ၆ ရက်က အခြေခံပညာနှင့် စက်မှု၊ စိုက်ပျိုး၊ မွေးမြူရေး အထက်တန်းကျောင်းခန်းမ၌ ကျင်းပသည်။

ဦးစွာ လူငယ်စကားဝိုင်းတွင် Grade-8 မှ မောင်ရဲရင့်အောင်က "လူငယ်နှင့် စာရိတ္တ"၊ မအိမြတ်နိုးက "လူငယ်နှင့် ကျန်းမာရေး"၊ Grade-11 မှ ကျောင်းသူ မမြတ်နှင်းဝေက "လူငယ်နှင့် ဆိုရှယ်မီဒီယာ အသုံးပြုမှု" မမေမြတ်မွန်က "လူငယ်နှင့် မူးယစ်ဆေး"စသည့် ခေါင်းစဉ် များဖြင့် ဆွေးနွေးကြသည်။

ဆက်လက်၍ လူငယ်စကားဝိုင်းတွင် ပါဝင်ဆွေးနွေးကြသည့် ကျောင်းသား ကျောင်းသူများအား တာဝန်ရှိသူများက ဂုဏ်ပြုမှတ်တမ်း



လွှာများ ပေးအပ်ခဲ့ကြောင်းနှင့် လူငယ်စကားဝိုင်းသို့ တက်ရောက်လာသူ များက မြို့နယ်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနမှ ခင်းကျင်းပြသထားသည့် ကလေးအလုပ်သမားပပျောက်ရေးဆိုင်ရာ အသိပညာပေးနံရံကပ်စာစောင်နှင့် စာအုပ်စာစောင်များကို ကြည့်ရှု လေ့လာခဲ့ကြကြောင်း သိရသည်။ **ခင်ခင်မာ(ပြန်/ဆက်)**



ဝမ်းတွင်းမြို့နယ်၌ ကျေးရွာချင်းဆက် ကျောက်ချောလမ်းခင်းခြင်းလုပ်ငန်းဆောင်ရွက်နေမှု ကွင်းဆင်းစစ်ဆေး

ဝမ်းတွင်း နိုဝင်ဘာ ၈

သမဝါယမနှင့်ကျေးလက်ဖွံ့ဖြိုးရေးဝန်ကြီး ဌာန ကျေးလက်လမ်းဖွံ့ဖြိုးရေးဦးစီးဌာန မိတ္ထီလာခရိုင် ဝမ်းတွင်းမြို့နယ်၌ ၂၀၂၆-၂၀၂၇ ဘဏ္ဍာနှစ် တိုင်းဒေသကြီး ငွေလုံးငွေရင်း ရန်ပုံငွေဖြင့် ဆောင်ရွက်လျက်ရှိသည့် (ရန်ကုန်-မန္တလေး)လမ်းမှ ဒီးဒုတ်ကွေ့ - ဆင်ချီတိုင် - ဆားတောင်လမ်း ကျောက်ချောလမ်းခင်းခြင်း ကို ယမန်နေ့မွန်းလွဲပိုင်းက ကွင်းဆင်းစစ်ဆေး သည်။

မိတ္ထီလာခရိုင် ကျေးလက်လမ်းဖွံ့ဖြိုးရေး ဦးစီးဌာန လက်ထောက်ညွှန်ကြားရေးမှူး (မြို့ပြ)နှင့် ဝမ်းတွင်းမြို့နယ် ဦးစီးအရာရှိ(မြို့ပြ) တို့က ၂၀၂၆-၂၀၂၇ ဘဏ္ဍာနှစ် တိုင်းဒေသကြီး ငွေလုံးငွေရင်းရန်ပုံငွေကျပ် ၁၅၄ သန်း ၁၆၉ သန်းဖြင့်(ရန်ကုန်-မန္တလေး)လမ်းမှ ဒီးဒုတ်ကွေ့-ဆင်ချီတိုင်-ဆားတောင်လမ်း (သုည ဒသမ ၄)မိုင် ကျောက်ချောလမ်းခင်းခြင်း ဆောင်ရွက်နေမှုကို ကွင်းဆင်းစစ်ဆေးပြီး သတ်မှတ်ကာလအတွင်း အချိန်မီပြီးစီးရေး ဆောင်ရွက်သွားရန် လမ်းညွှန်မှာကြားသည်။

အဆိုပါ လမ်းလုပ်ငန်း ဆောင်ရွက်ပြီးစီးပါက အကျိုးပြုရွာ သုံးရွာ၊ အိမ်ခြေ ၄၀၄ အိမ်၊ လူဦးရေ၁၈၇ဦးတို့၏ ပညာရေး၊ကျန်းမာရေး နှင့် ကျေးလက်ထုတ်ကုန်များ ဈေးကွက်သို့ တင်ပို့ရောင်းချရာတွင် များစွာအကျိုးပြုမည် ဖြစ်ကြောင်း သိရသည်။ **မြို့နယ်(ပြန်/ဆက်)**

ငယ်စဉ်အလေ့အကျင့် တစ်ဘဝစာ အမွေအနှစ်

ဒေါက်တာဇော်ထွန်းအောင်(ပညာရေး)

ယဉ်ကျေးသိမ်မွေ့မှု၊ အပြန်အလှန်နားလည်မှုနှင့် ငြိမ်းချမ်းသော လူမှုဘဝအတွက် မိသားစုမှ စတင်၍ ပျိုးထောင်ခြင်း

လူတစ်ဦး၏ အနာဂတ်ဘဝကို ပုံဖော်ရာတွင် ငယ်စဉ်ကရရှိခဲ့သော အတွေ့အကြုံများ၊ သင်ယူခဲ့သော အလေ့အကျင့်များနှင့် ပတ်ဝန်းကျင်၏ လွှမ်းမိုးမှုများသည် အရေးပါသောအခန်းကဏ္ဍမှ ပါဝင်နေသည်။

ကလေးတစ်ဦးသည် မိသားစုအတွင်း ပြောဆို ဆက်ဆံပုံ၊ လူကြီးသူမများအပေါ် ပြုမူပုံနှင့် အခြားသူများ၏ခံစားချက်ကို နားလည်ပုံတို့မှတစ်ဆင့် လူမှုဘဝအတွက်လိုအပ်သော အခြေခံတန်ဖိုးများကို တဖြည်းဖြည်းသင်ယူလာသည်။ ထို့ကြောင့် ကလေးဘဝကို ပညာသင်ယူသည့်အရွယ်တစ်ခုအဖြစ်သာ မမြင်ဘဲ အနာဂတ်လူကြီးတစ်ဦး၏ စိတ်နေစိတ်ထား နှင့် အကျင့်စာရိတ္တကို ပျိုးထောင်ပေးသည့် အရေးကြီးသောကာလတစ်ခုအဖြစ် ရှုမြင်ရပါမည်။

အင်္ဂလိပ်ကဗျာဆရာ ဝီလျံဝေါ့ဒ်စဝေါ့သ် (William Wordsworth) ၏ “The Child is Father of the Man” ဟူသော ကဗျာစာသားသည် ကလေးဘဝနှင့် လူကြီးဘဝတို့အကြား ဆက်နွှယ်မှုကို ထင်ရှားစွာ ဖော်ပြထားသည်။ ယင်း၏အဓိပ္ပာယ်မှာ ကလေးဘဝတွင် ဖြစ်ပေါ်လာသော၊ ဖြစ်ပေါ်ခဲ့သော အလေ့အကျင့်နှင့် စိတ်နေစိတ်ထားများက အရွယ်ရောက်လာသည့်အခါ လူတစ်ဦး၏အပြုအမူနှင့် ဘဝတည်ဆောက်ပုံအပေါ် သက်ရောက်မှုရှိနိုင်ခြင်း ဖြစ်သည်။

သစ်ပင်ငယ်တစ်ပင်ကို ကြီးထွားသန်မာစေရန် အချိန်မီ ရေလောင်းပေးရသကဲ့သို့ ကလေးတစ်ဦးကို လည်း မေတ္တာ၊ စည်းကမ်း၊ နားလည်မှုနှင့် လေးစားမှုတို့ဖြင့် လမ်းညွှန်ပေးရန် လိုအပ်သည်။ ထိုသို့ ပျိုးထောင်ပေးခြင်းသည် မိသားစုတစ်စု၏ အနာဂတ် အတွက်သာမက အချင်းချင်းယုံကြည်လေးစားပြီး ငြိမ်းချမ်းစွာအတူနေထိုင်နိုင်သော လူ့အဖွဲ့အစည်း တစ်ရပ် ဖြစ်ပေါ်လာရေးအတွက်ပါ အခြေခံအုတ်မြစ် ဖြစ်သည်။

မိသားစုသည် အကျင့်စာရိတ္တ၏ ပထမဆုံးကျောင်းဖြစ်သည်

ကလေးတစ်ဦးသည် လူမှုဆက်ဆံရေးအတွက် လိုအပ်သော အခြေခံအမူအကျင့်များကို မိသားစု အတွင်းမှ စတင်သင်ယူသည်။ မိဘများက တစ်ဦးနှင့် တစ်ဦး ယဉ်ကျေးစွာ ပြောဆိုခြင်း၊ အမှားပြုမိသည့်အခါ ဝန်ခံတောင်းပန်ခြင်း၊ အခြားသူ၏အခြင်းကို နားထောင်ပေးခြင်းတို့ကို လက်တွေ့ပြသနေပါက ကလေးများသည်လည်း ထိုအပြုအမူများကို အတုယူသင်ယူနိုင်သည်။ အလားတူ မိသားစုအတွင်း အော်ဟစ်ပြောဆိုခြင်း၊ အနိုင်ယူလိုခြင်းနှင့် အခြားသူကို အထင်သေးခြင်းတို့ မကြာခဏတွေ့မြင်ရပါက ထိုအပြုအမူများကို သာမန်အရာများအဖြစ် မှတ်ယူလာနိုင်သည်။

ဥပမာအားဖြင့် မိဘတစ်ဦးက ကလေး၏ မေးခွန်းကို စိတ်ရှည်စွာ ဖြေကြားပေးခြင်း၊ ကလေး၏ အမှားကို သရော်ခြင်း၊ အထင်သေးခြင်းမပြုဘဲ အကြောင်းရင်းနှင့် အကျိုးဆက်ကို ရှင်းပြပေးခြင်း တို့သည် ကလေး၏စိတ်ပိုင်းဆိုင်ရာ ဖွံ့ဖြိုးမှုကို အထောက်အကူပြုသည်။ ကလေးက လူကြီးတစ်ဦးကို အမိန့်ပေးသကဲ့သို့ ပြောဆိုမိလျှင်လည်း အပြစ်တင်ရုံမျှမက မည်သို့ပြောဆိုသင့်ကြောင်း နမူနာဖြင့် သင်ကြားပေးနိုင်သည်။ အရေးကြီးသည်မှာ ကလေး၏ အပြုအမူကို ပြုပြင်ပေးရာတွင် ကလေးကိုယ်တိုင်၏ ဂုဏ်သိက္ခာကို ထိန်းသိမ်းပေးရန်နှင့် မိဘကိုယ်တိုင်ကလည်း လိုက်နာကျင့်သုံးပြသရန် ဖြစ်သည်။

ကလေးများသည် စကားဖြင့် သင်ကြားပေးသည့်အရာထက် လက်တွေ့မြင်တွေ့ရသည့် အပြုအမူများကို ပိုမိုလွယ်ကူစွာ အတုယူတတ်ကြသည်။ ထို့ကြောင့် မိသားစုသည် အပြစ်ပေးခြင်းဖြင့်သာ အကျင့်ကောင်းကို သင်ကြားပေးသည့်နေရာမဟုတ်ဘဲ မေတ္တာနှင့် စံနမူနာကောင်းများမှတစ်ဆင့် လူကောင်းတစ်ဦး ဖြစ်လာရန် လေ့ကျင့်ပေးသည့် ပထမဆုံးကျောင်းလည်းဖြစ်သည်။

ယဉ်ကျေးသော စကားနှင့် အပြုအမူသည် အပြန်အလှန်လေးစားမှုကို တည်ဆောက်ပေးသည်

စကားတစ်ခွန်းသည် သေးငယ်သော အရာတစ်ခုဟု ထင်ရသော်လည်း လူတစ်ဦး၏စိတ်ကို ကြည်နူးစေနိုင်သကဲ့သို့ စိတ်ထိခိုက်စေနိုင်သည့် အင်အားလည်းရှိသည်။ **“ဟုတ်ကဲ့”၊ “ကျေးဇူးတင်ပါတယ်”၊ “တောင်းပန်ပါတယ်”၊ “ခွင့်ပြုပါ”** စသည့် စကားလုံးများသည် ယဉ်ကျေးမှုကိုဖော်ပြရုံသာမက အခြားသူ၏တန်ဖိုးနှင့် ခံစားချက်ကို အသိအမှတ်ပြုကြောင်းပြသသည့် နည်းလမ်းများလည်းဖြစ်သည်။ အသက်အရွယ်နှင့် အဆင့်အတန်းမတူညီသူများအကြား ပြောဆိုဆက်ဆံရာတွင်လည်း အသံနေ၊ အသံထားနှင့် စကားအသုံးအနှုန်းကို သင့်လျော်စွာ ရွေးချယ်တတ်ခြင်းသည် လူမှုဆက်ဆံရေးကို ပိုမိုချောမွေ့စေသည်။

ဥပမာအားဖြင့် ဈေးတစ်ခုတွင် ပစ္စည်းဝယ်ယူသူက ဈေးသည်ကို ယဉ်ကျေးစွာပြောဆိုခြင်း၊ ဈေးသည်ကလည်း ဝယ်ယူသူကို စိတ်ရှည်စွာဆက်ဆံခြင်းတို့သည် နှစ်ဖက်စလုံးအတွက် အဆင်ပြေသော ပတ်ဝန်းကျင်ကိုဖန်တီးပေးသည်။ အိမ်တွင် သားသမီးများက မိဘများနှင့်ပြောဆိုရာ၌ လေးစားမှုကို ဖော်ပြသကဲ့သို့ မိဘများကလည်း သားသမီးများ၏ အမြင်ကို နားထောင်ပေးသင့်သည်။ ယဉ်ကျေးမှုသည် တစ်ဖက်သတ်လိုက်နာရမည့် အမိန့်တစ်ခုမဟုတ်ဘဲ လူတိုင်းက အပြန်အလှန်ကျင့်သုံးရမည့် လူမှုတန်ဖိုးတစ်ခုဖြစ်သည်။

ထို့အပြင် ယဉ်ကျေးမှုဆိုသည်မှာ စကားပြောပုံတစ်ခုတည်းနှင့် မပြီးဆုံးပေ။ အခြားသူစကား ပြောနေစဉ် ကြားဖြတ်ဝင်မပြောခြင်း၊ အများသုံးပစ္စည်းများကို ဂရုတစိုက် အသုံးပြုခြင်း၊ မိမိအသုံးပြုပြီးသော ပစ္စည်းကို သင့်လျော်သောနေရာတွင် ပြန်ထားခြင်း၊ အမှိုက်ကို စနစ်တကျ စွန့်ပစ်ခြင်းတို့သည်လည်း အခြားသူများအပေါ် လေးစားမှုရှိကြောင်း ဖော်ပြသည့် အပြုအမူများဖြစ်သည်။ ထိုအလေ့အကျင့်များကို ငယ်စဉ်ကတည်းက လေ့ကျင့်ပေးနိုင်ပါက ကလေးများသည် မိမိအတွက်သာမက အများအကျိုးကိုပါ ထည့်သွင်းစဉ်းစားတတ်သော လူငယ်များအဖြစ် ကြီးပြင်းလာမည်ဖြစ်သည်။

စိတ်ရှည်မှုနှင့် ကိုယ့်ကိုယ်ကိုယ် ထိန်းချုပ်နိုင်မှုသည် အကျင့်ကောင်း၏ အခြေခံဖြစ်သည်

ကလေးများသည် မိမိလိုချင်သောအရာကို ချက်ချင်းရရှိလိုခြင်း၊ မိမိအမြင်ကိုသာမှန်သည်ဟု ယူဆခြင်းနှင့် မကျေနပ်သည့်အခါ စိတ်တိုဒေါသ ထွက်ခြင်းတို့ကို အချို့အခြေအနေများတွင် ပြသတတ်ကြသည်။ ထိုအပြုအမူများသည် ကလေးဘဝ၏ ဖွံ့ဖြိုးမှုအဆင့်နှင့်လည်း ဆက်စပ်သဖြင့် လူကြီးများက နားလည်ပေးရန်လိုအပ်သည်။ သို့သော် နားလည်ပေးခြင်းသည် အပြုအမူတိုင်းကို ခွင့်ပြုပေးခြင်းနှင့်မတူညီပေ။ ကလေးများအား မိမိ၏ခံစား ချက်ကို သင့်လျော်စွာ ဖော်ပြတတ်ရန်၊ မကျေနပ်မှုကို စကားဖြင့် ရှင်းပြတတ်ရန်နှင့် လိုအပ်သည့်အခါ စောင့်ဆိုင်းတတ်ရန် လေ့ကျင့်ပေးသင့်သည်။

ဥပမာအားဖြင့် ကစားပွဲတစ်ခုတွင် ရှုံးနိမ့်သွားများအဖြစ် ကြီးပြင်းလာမည်ဖြစ်သည်။

> **“ယဉ်ကျေးမှုဆိုသည်မှာ စကားပြောပုံတစ်ခုတည်းနှင့်မပြီးဆုံးပေ။ အခြားသူ စကားပြောနေစဉ် ကြားဖြတ်ဝင်မပြောခြင်း၊ အများသုံးပစ္စည်းများကို ဂရုတစိုက် အသုံးပြုခြင်း၊ မိမိအသုံးပြုပြီးသောပစ္စည်းကို သင့်လျော်သောနေရာတွင် ပြန်ထားခြင်း၊ အမှိုက်ကို စနစ်တကျစွန့်ပစ်ခြင်းတို့သည်လည်း အခြားသူများ အပေါ် လေးစားမှုရှိကြောင်းဖော်ပြသည့် အပြုအမူများဖြစ်သည်။ ထိုအလေ့ အကျင့်များကို ငယ်စဉ်ကတည်းက လေ့ကျင့်ပေးနိုင်ပါက ကလေးများသည် မိမိအတွက်သာမက အများအကျိုးကိုပါ ထည့်သွင်းစဉ်းစားတတ်သော လူငယ်များအဖြစ် ကြီးပြင်းလာမည်ဖြစ်သည်။”**

စိတ်ရှည်မှုနှင့် ကိုယ့်ကိုယ်ကိုယ် ထိန်းချုပ်နိုင်မှုသည် အကျင့်ကောင်း၏ အခြေခံဖြစ်သည်

ကလေးများသည် မိမိလိုချင်သောအရာကို ချက်ချင်းရရှိလိုခြင်း၊ မိမိအမြင်ကိုသာမှန်သည်ဟု ယူဆခြင်းနှင့် မကျေနပ်သည့်အခါ စိတ်တိုဒေါသ ထွက်ခြင်းတို့ကို အချို့အခြေအနေများတွင် ပြသတတ်ကြသည်။ ထိုအပြုအမူများသည် ကလေးဘဝ၏ ဖွံ့ဖြိုးမှုအဆင့်နှင့်လည်း ဆက်စပ်သဖြင့် လူကြီးများက နားလည်ပေးရန်လိုအပ်သည်။ သို့သော် နားလည်ပေးခြင်းသည် အပြုအမူတိုင်းကို ခွင့်ပြုပေး ခြင်းနှင့်မတူညီပေ။ ကလေးများအား မိမိ၏ခံစား ချက်ကို သင့်လျော်စွာ ဖော်ပြတတ်ရန်၊ မကျေနပ်မှု ကို စကားဖြင့် ရှင်းပြတတ်ရန်နှင့် လိုအပ်သည့်အခါ စောင့်ဆိုင်းတတ်ရန် လေ့ကျင့်ပေးသင့်သည်။

ဥပမာအားဖြင့် ကစားပွဲတစ်ခုတွင် ရှုံးနိမ့်သွား သောကလေးကို အနိုင်ရခြင်းထက် စည်းမျဉ်းကို လိုက်နာခြင်း၊ အခြားသူ၏ကြိုးစားမှုကို အသိအမှတ် ပြုခြင်းနှင့် နောက်တစ်ကြိမ် ပိုမိုကြိုးစားနိုင်ခြင်းတို့၏ တန်ဖိုးကို ရှင်းပြပေးနိုင်သည်။ မိမိလိုချင်သော ပစ္စည်းကို ချက်ချင်းမရသည့်အခါ ငိုယိုတောင်းဆို ခြင်းအစား အကြောင်းပြချက်ကို နားထောင်တတ်ရန် လည်း သင်ကြားပေးနိုင်သည်။ ထိုသို့ သင်ကြားပေး ရာတွင် ကလေး၏ခံစားချက်ကို လျစ်လျူမရှုဘဲ ခံစားချက်ကို လက်ခံနားလည်ပေးရင်း အပြုအမူ အတွက် သင့်လျော်သော စည်းကမ်းကို ထိန်းသိမ်း ပေးရန် အရေးကြီးသည်။

ကိုယ့်ကိုယ်ကိုယ် ထိန်းချုပ်နိုင်မှုရှိသော ကလေးသည် အရွယ်ရောက်လာသောအခါ သဘော ထားကွဲလွဲမှုများကိုလည်း ပိုမိုတည်ငြိမ်စွာကိုင်တွယ် နိုင်မည်ဖြစ်သည်။ မိမိစိတ်ကိုနေချိန်တွင် ခဏရပ်၍ စဉ်းစားခြင်း၊ တစ်ဖက်သား၏စကားကို အဆုံးအထိ နားထောင်ခြင်းနှင့် အမှားတစ်ခုအတွက် တာဝန်ယူ ခြင်းတို့သည် ကျောင်း၊ လုပ်ငန်းခွင်နှင့် မိသားစုဘဝ တို့တွင် မရှိမဖြစ်လိုအပ်သော အရည်အချင်းများ ဖြစ်သည်။ ထို့ကြောင့် ကလေးကို နာခံတတ်သူ တစ်ဦးဖြစ်သာမဟုတ်ဘဲ မိမိ၏ဆုံးဖြတ်ချက်နှင့် အပြုအမူအတွက် တာဝန်ယူတတ်သူတစ်ဦးအဖြစ် ပျိုးထောင်ပေးရန် လိုအပ်သည်။

မတူညီသော အမြင်များကို နားလည်ပေးခြင်းက ပဋိပက္ခကို လျော့နည်းစေသည်

လူ့အဖွဲ့အစည်းအတွင်း လူတိုင်း၏ အတွေး အခေါ်၊ အတွေ့အကြုံနှင့် လိုအပ်ချက်များက တူညီ မည်မဟုတ်ပေ။ မိသားစုအတွင်းမှာပင် မိဘနှင့် သားသမီးတို့၏အမြင်များ ကွဲပြားနိုင်သကဲ့သို့ ကျောင်းတွင်လည်း ကျောင်းသားတစ်ဦးနှင့် တစ်ဦး၏ စိတ်ဝင်စားမှု၊ သင်ယူနိုင်စွမ်းနှင့် အယူအဆများ ကွဲပြားနိုင်သည်။ ထိုကွဲပြားမှုများကို ပြဿနာတစ်ခု အဖြစ်သာမမြင်ဘဲ အချင်းချင်းသင်ယူနားလည် နိုင်မည့် အခွင့်အလမ်းအဖြစ် ရှုမြင်တတ်ရန် လိုအပ် သည်။

ဥပမာအားဖြင့် ကျောင်းသားနှစ်ဦးသည် အဖွဲ့ လိုက်လုပ်ငန်းတစ်ခုအပေါ် အမြင်မတူညီပါက တစ်ဦးက အခြားတစ်ဦးကိုအနိုင်ယူရန် ကြိုးစား ခြင်းထက် နှစ်ဖက်စလုံး၏ အကြောင်းပြချက်ကို နားထောင်ပြီး သင့်လျော်သော ဖြေရှင်းနည်းကို အတူတကွ ရှာဖွေသင့်သည်။ အိမ်မနီးချင်းများအကြား ဆူညံသံ၊ အများသုံးနေရာ အသုံးပြုမှုနှင့် ပတ်ဝန်းကျင် သန့်ရှင်းရေးဆိုင်ရာ အဆင်မပြေမှုများ ဖြစ်ပေါ်လာ ပါကလည်း အပြစ်တင်ပြောဆိုခြင်းထက် အကြောင်း ရင်းကို နားလည်အောင် ဆွေးနွေးခြင်းက ပိုမို ကောင်းမွန်သောရလဒ်ကို ရရှိစေနိုင်သည်။

အထူးသဖြင့် မတူညီသော လူများ၊ ဘာသာ စကား၊ ယဉ်ကျေးမှုနှင့် လူမှုနောက်ခံများရှိသူများ အတူတကွ နေထိုင်ကြသော လူ့အဖွဲ့အစည်းတွင် အပြန်အလှန် နားလည်မှုသည် ပိုမိုအရေးပါသည်။ မိမိ၏ယဉ်ကျေးမှုကို တန်ဖိုးထားသကဲ့သို့ အခြားသူ ၏ ယဉ်ကျေးမှုကိုလည်း လေးစားတတ်ခြင်း၊ မိမိ၏ အမြင်တစ်ခုတည်းကို အမှန်တရားဟု မယူဆခြင်း နှင့် မတူညီမှုများကြားမှ တူညီသောလူသားတန်ဖိုး များကို ရှာဖွေတတ်ခြင်းတို့သည် ငြိမ်းချမ်းရေး အတွက် အခြေခံအချက်များဖြစ်သည်။

ကလေးများအား ငယ်စဉ်ကတည်းက အခြား သူ၏နေရာတွင် မိမိကိုယ်ကိုထား၍ စဉ်းစားတတ် ရန်၊ မိမိပြောလိုက်သောစကားက တစ်ဖက်သား အပေါ် မည်သို့သက်ရောက်နိုင်ကြောင်း သုံးသပ်တတ် ရန်သင်ကြားပေးခြင်းသည် အနိုင်ယူလိုစိတ်ထက် နားလည်ပေးလိုစိတ်ကို ပိုမိုခိုင်မာလာစေမည်ဖြစ် သည်။

ကလေးဘဝတွင် ပျိုးထောင်သော တန်ဖိုးများက ငြိမ်းချမ်းသော အနာဂတ်ကို တည်ဆောက်ပေးသည်

ငြိမ်းချမ်းရေးဆိုသည်မှာ ပဋိပက္ခမရှိခြင်းတစ်ခု တည်းကိုသာ ဆိုလိုခြင်းမဟုတ်ပေ။ မတူညီသော အမြင်များကို အကြမ်းဖက်မှုမရှိဘဲ ဖြေရှင်းနိုင်ခြင်း၊ အချင်းချင်းယုံကြည်လေးစားခြင်း၊ တာဝန်ယူမှု ရှိခြင်းနှင့် လူတိုင်း၏ဂုဏ်သိက္ခာကို အသိအမှတ် ပြုခြင်းတို့လည်း ပါဝင်သည်။ ထိုတန်ဖိုးများသည် ကြီးမားသော လူမှုအဖွဲ့အစည်းများတွင်သာ လိုအပ် သည်မဟုတ်ဘဲ မိသားစုတစ်စု၏ နေ့စဉ်ဘဝမှစ၍ လက်တွေ့ကျင့်သုံးရမည့်အရာများဖြစ်သည်။

မိသားစုအတွင်း အမှားပြုမိသူကို အရှက်ခွဲခြင်း မပြုဘဲ ပြုပြင်ခွင့်ပေးခြင်း၊ ညီအစ်ကိုမောင်နမများ အကြား ပစ္စည်းများကို မျှတသေးစွဲတတ်ရန် သင်ကြား ပေးခြင်း၊ ကျောင်းတွင် အနိုင်ကျင့်မှုကို လက်မခံဘဲ အကူအညီလိုအပ်သူကို ကူညီပေးခြင်းတို့သည် ငြိမ်းချမ်းရေးကို နေ့စဉ်ဘဝအတွင်း အကောင် အထည်ဖော်သည့် နမူနာများဖြစ်သည်။ ထိုသို့သော အလေ့အကျင့်များကို ကလေးများက မိမိတို့၏ အတွေ့အကြုံအဖြစ် လက်ခံသင်ယူလာပါက အခြား သူကို အနိုင်ယူခြင်းထက် အတူတကွ ဖြေရှင်းခြင်း ကို ပိုမိုတန်ဖိုးထားလာနိုင်မည်ဖြစ်သည်။

မိဘများ၊ ဆရာ ဆရာမများနှင့် လူမှုအသိုင်း အဝိုင်းတို့သည် ကလေးများကို လမ်းညွှန်ပေးရာတွင် အပြန်အလှန် ပူးပေါင်းဆောင်ရွက်ရန် လိုအပ်သည်။ အိမ်တွင် သင်ကြားပေးသော ယဉ်ကျေးမှုနှင့် ကျောင်းတွင် အားပေးသော စည်းကမ်းတို့သည် အပြန်အလှုန်

စာမျက်နှာ ၇ သို့ ❑

ဆီထွက်သီးနှံ ပဲပုပ်စိုက်ပျိုးမည့်တောင်သူများထံ ရေဆင်း-၁၅ ပဲပုပ်မျိုးစေ့များ ပေးအပ်

ပုသိမ် နိုဝင်ဘာ ၈

ဧရာဝတီတိုင်းဒေသကြီး ပုသိမ်မြို့နယ် စိုက်ပျိုးထုတ်လုပ်မှုတိုးတက်မြင့်မားရေး ကြီးကြပ်မှုကော်မတီနှင့် ဧရာပုသိမ် ဆန်စပါးရောင်းဝယ်ရေး ကုမ္ပဏီလီမိတက်တို့ ပူးပေါင်းဆောင်ရွက်သည့် ၂၀၂၆-၂၀၂၇ ခုနှစ် မိုးစပါး စံကွက်ရိတ်သိမ်းပွဲ၊ ဆီထွက်သီးနှံ ပဲပုပ်စိုက်ပျိုးပွဲနှင့် မျိုးစေ့ပေးအပ်ပွဲကို ယနေ့နံနက်ပိုင်းတွင် တွန်ပလွန်ကျေးရွာ၌ ပြုလုပ်ရာ တိုင်းဒေသကြီးဝန်ကြီးချုပ် ဦးအေးကျော်သည် တာဝန်ရှိသူများနှင့်အတူ အောင်နိုင်တိုးစပါးမျိုး ရိတ်သိမ်းနေမှုများကို ကြည့်ရှုအားပေးပြီး ဆီထွက်သီးနှံ ပဲပုပ်စိုက်ပျိုးမည့် တောင်သူများထံသို့ ရေဆင်း-၁၅ ပဲပုပ်မျိုးစေ့များ ပေးအပ်သည်။



ဆက်လက်၍ ဌာနဆိုင်ရာများ၊ ဒေသခံတောင်သူများနှင့် တွေ့ဆုံ၍ မိုးစပါးရိတ်သိမ်းချိန်တွင် တောင်သူများအနေဖြင့် ရိတ်သိမ်းခြေလှေ့စက်များ၊ လယ်ယာသုံးစက်ကိရိယာများကို အချိန်မီ အသုံးပြုနိုင်ရေးနှင့် စပါးများ အချိန်မီရိတ်သိမ်းနိုင်ရေးအတွက် စက်သုံးဆီ လိုအပ်ချက်များကို ကြိုတင်တွက်ချက် စီမံထားရှိရန် လိုအပ်ကြောင်း၊ မိုးစပါးရိတ်သိမ်းချိန် ရာသီအတွင်း စက်သုံးဆီ ပြတ်လပ်မှုမရှိစေရေးနှင့် တောင်သူများ အခက်အခဲမဖြစ်ပေါ်စေရေးအတွက် သက်ဆိုင်ရာဌာနများ၊ တာဝန်ရှိသူများအနေဖြင့် ပေါင်းစပ်ညှိနှိုင်း ဆောင်ရွက်ပေးကြရန် လိုကြောင်း၊ တိုင်းဒေသကြီးတွင် ဆီဖုလုံမှုရှိစေရေးအတွက် မြေပဲ၊ နှမ်း၊ နေကြာ၊ ပဲပုပ်အစရှိသည့် ဆီထွက်သီးနှံများကို အောင်မြင်စွာ ဖြစ်ထွန်းနိုင်သည့် နေရာများတွင် တိုးချဲ့၊ စိုက်ပျိုးလျက်ရှိကြောင်း၊ ဆီထွက်သီးနှံ ပဲပုပ်သည်လည်း တောင်သူများအတွက် များစွာအကျိုးဖြစ်ထွန်းသည့် သီးနှံတစ်ခု ဖြစ်ကြောင်း၊ ထို့ကြောင့် ပဲပုပ်သီးနှံ စိုက်ပျိုးထုတ်လုပ်မှု တိုးတက်စေရုံသာမက မွေးမြူရေးလုပ်ငန်းများအတွက် လိုအပ်သော အစာကုန်ကြမ်းများကိုလည်း ပြည်တွင်း၌ ဖြည့်ဆည်းပေးနိုင်ရေးနှင့် မွေးမြူရေးကဏ္ဍနှစ်ရပ်စလုံး ဖွံ့ဖြိုးတိုးတက်ရေးအတွက် အရေးပါကြောင်း၊ တိုင်းဒေသကြီးအတွင်း ဆီဖုလုံမှုရှိစေရေးနှင့် စိုက်ပျိုးသီးနှံများ ပန်းတိုင်အထွက်နှုန်းရောက်ရှိရေးအတွက် အားလုံးပိုင်းဝန်းပူးပေါင်း ဆောင်ရွက်ကြရန် လိုကြောင်း ပြောကြားသည်။

ထို့နောက် စိုက်ပျိုးရေးဦးစီးဌာနနှင့် မြေစာရင်းဦးစီးဌာနမှ တာဝန်ရှိသူများက စိုက်ပျိုးနည်းစနစ်များနှင့်ပတ်သက်၍ အသိပညာပေးဆွေးနွေးကြရာ တိုင်းဒေသကြီးဝန်ကြီးချုပ်က ဖြည့်စွက်ဆွေးနွေးပြီး လိုအပ်သည်များကို ပေါင်းစပ်ညှိနှိုင်း ဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။

တိုင်းဒေသကြီး(ပြန်/ဆက်)

သုံးခွမြို့နယ်၌ စိုက်ပျိုးရေးဆိုင်ရာအလေ့အကျင့်ကောင်းများ (GAP) သင်တန်းဖွင့်

ရန်ကုန် နိုဝင်ဘာ ၈

ရန်ကုန်တိုင်းဒေသကြီး သုံးခွမြို့နယ် အမှတ်(၇)ရပ်ကွက် လေးကျွန်းမာရဲ့အောင် စေတီတော်ဝင်း ဇမ္ဗူဒီပဓမ္မဗိမာန်၌ ဓာတုဓာတ်ကြွင်း ကင်းစင်သော ပဲတိစိမ်းသီးနှံများ စိုက်ပျိုးထုတ်လုပ်နိုင်ရေးအတွက် စီစဉ်ကျင်းပသည့် စိုက်ပျိုးရေးဆိုင်ရာ အလေ့အကျင့်ကောင်းများ (GAP) သင်တန်းကို ယနေ့နံနက်ပိုင်းက ဖွင့်လှစ်သည်။ အဆိုပါသင်တန်းတွင် စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန ဒုတိယဝန်ကြီး ဒေါက်တာရဲတင့်ထွန်း၊ တိုင်းဒေသကြီး စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီး ဒေါက်တာထူးမောင်တို့က အမှာစကား ပြောကြားသည်။



ရှင်းလင်းပြောကြား

ထို့နောက် ရန်ကုန်တိုင်းဒေသကြီး စိုက်ပျိုးရေးဦးစီးဌာန တိုင်းဒေသကြီး ဦးစီးမှူး ဦးတင့်နိုင်က GAP သင်တန်း ဖွင့်လှစ်ရခြင်းနှင့်ပတ်သက်၍ ရှင်းလင်း ပြောကြားသည်။ ယင်းနောက် စိုက်ပျိုးရေးဆိုင်ရာ အလေ့အကျင့်ကောင်းများ (GAP) သင်တန်းကို VFRTC မှ လက်ထောက်ညွှန်ကြားရေးမှူး ဒေါက်တာဝဏ္ဏထွန်း၊ သီးနှံကာကွယ်ရေးဌာနမှ ဒုတိယညွှန်ကြားရေးမှူး ဒေါက်တာစန်းစန်းဝင်း၊ တိုင်းဒေသကြီး (မြေအသုံးချရေး) တာဝန်ခံ လက်ထောက် ညွှန်ကြားရေးမှူး ဒေါ်မြင့်မြင့်မေ၊ တိုင်းဒေသကြီး (မျိုးစေ့)တာဝန်ခံ လက်ထောက် ညွှန်ကြားရေးမှူး ဒေါ်ဆွေဆွေဦးတို့က သင်တန်းပို့ချဆွေးနွေးခဲ့ကြပြီး တောင်သူ ၁၈၀ တက်ရောက်ခဲ့ကြကြောင်း သိရသည်။

ကိုကျော်(သုံးခွ)

တောင်ကြီးမြို့နယ်အတွင်း သမဝါယမလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေး တာဝန်ရှိသူများ ကွင်းဆင်းဆောင်ရွက်

တောင်ကြီး နိုဝင်ဘာ ၈

ရှမ်းပြည်နယ်(တောင်ပိုင်း) တောင်ကြီးမြို့နယ်အတွင်းရှိသမဝါယမလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်စေရေးအတွက် ရှမ်းပြည်နယ်သမဝါယမဦးစီးဌာန ပြည်နယ်ဦးစီးမှူး ဦးကျော်မိုးတင့်နှင့် တာဝန်ရှိသူများက မြို့နယ်သမဝါယမဦးစီးဌာနမှ ဝန်ထမ်းများ၊ မြို့နယ်သမဝါယမအသင်းစုအမှုဆောင်များနှင့် တွေ့ဆုံအမှာစကားပြောကြားသည်။

ဆက်လက်၍ တာဝန်ရှိသူများက တောင်ကြီးမြို့နယ် ရွှေညောင်မြို့ရှိ နဝရတ်လယ်ယာနှင့် အထွေထွေလုပ်ငန်းသမဝါယမအသင်း လီမိတက်ရှိ သမဝါယမအသင်းသားများက မိုးစပါးစိုက်ပျိုးထားရှိမှုအခြေအနေကို ကွင်းဆင်းကြည့်ရှု၍ အသင်းမှလိုအပ်သည့် ငွေကြေးအရင်းအနှီးများ၊ အချိန်နှင့်တစ်ပြေးညီ ရိတ်သိမ်းနိုင်ရေး၊ ပန်းတိုင်အထွက်နှုန်းပြည့်မီစေရေးနှင့် စွေးကွက်ရရှိရေးအတွက် ကြိုတင်ဆောင်ရွက်ထားကြရန် သက်ဆိုင်ရာ မြို့နယ်သမဝါယမအသင်းစုနှင့် ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။ **ဝိုးတောင်း**



ကွမ်းခြံကုန်းမြို့နယ်၌ ဆီထွက်သီးနှံနေကြာမျိုးစေ့၊ ဆီထွက်ပဲပုပ်မျိုးစေ့များ ပေးအပ်

ကွမ်းခြံကုန်း နိုဝင်ဘာ ၈

ရန်ကုန်တိုင်းဒေသကြီး ကွမ်းခြံကုန်းမြို့နယ်၌ ဆီထွက်သီးနှံနေကြာမျိုးစေ့၊ ဆီထွက်ပဲပုပ်မျိုးစေ့များ ပေးအပ်ပွဲနှင့် သီးနှံစိုက်ပျိုးထုတ်လုပ်ခြင်း ပညာပေးဟောပြောဆွေးနွေးပွဲကို နိုဝင်ဘာ ၇ ရက်က မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန အစည်းအဝေးခန်းမတွင် ကျင်းပသည်။

အခမ်းအနားတွင် မြို့နယ်စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီဥက္ကဋ္ဌဦးမင်းမွန်ဇံက အမှာစကားပြောကြားပြီး မြို့နယ်စိုက်ပျိုးရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးကြည်စိန်က သီးနှံစိုက်ပျိုးထုတ်လုပ်ခြင်းနှင့် စပ်လျဉ်း၍ ဟောပြောသည်။ ဆက်လက်၍ တာဝန်ရှိသူများက တောင်သူများအား ဆီထွက်သီးနှံနေကြာနှင့် ပဲပုပ်မျိုးစေ့များ ပေးအပ်ခဲ့ကြောင်း သိရသည်။ **ဆွေနွယ်(ပြန်/ဆက်)**



❑ စာမျက်နှာ ၆ မှ

အားဖြည့်ပေးနိုင်လျှင် ကလေးများအတွက် တည်ငြိမ်သော သင်ယူမှုပတ်ဝန်းကျင်ကို ဖန်တီးပေးနိုင်မည်ဖြစ်သည်။ ထို့အပြင် လူကြီးများသည် ကလေးများ၏ အမှားကိုသာ အာရုံစိုက်ခြင်းမပြုဘဲ အပြုအမူကောင်းများကိုလည်း အသိအမှတ်ပြုချီးကျူးပေးသင့်သည်။ ယင်းသည် ကလေးများ၏ ကိုယ့်ကိုယ်ကိုယ် ယုံကြည်မှုနှင့် ကောင်းသောအလေ့အကျင့်များကို ပိုမိုခိုင်မာစေနိုင်သည်။

အနာဂတ်လူ့အဖွဲ့အစည်း၏ ငြိမ်းချမ်းမှုကို တည်ဆောက်ရန် အရွယ်ရောက်ပြီးသူများ၏ တာဝန်ယူမှုသည် အရေးကြီးသကဲ့သို့ ကလေးများအား ယနေ့ကတည်းက မည်သို့ပျိုးထောင်ပေးနေသည်ဆိုခြင်းသည်လည်း အရေးကြီးသည်။ ကလေးများကို မေတ္တာနှင့် စည်းကမ်းမျှတစွာပျိုးထောင်ခြင်း၊ အခြားသူကို နားလည်လေးစားတတ်ရန် သင်ကြားပေးခြင်းနှင့် မတူညီမှုများကို ငြိမ်းချမ်းစွာဖြေရှင်းတတ်ရန် လမ်းညွှန်ပေးခြင်းတို့သည် ပိုမိုယုံကြည်မှုရှိသော မိသားစုနှင့် လူ့အဖွဲ့အစည်းတစ်ရပ်ဆီသို့ ဦးတည်စေမည်ဖြစ်သည်။

နားလည်မှုမှတစ်ဆင့် ငြိမ်းချမ်းသော အနာဂတ်ဆီသို့

ကလေးတစ်ဦး၏ ယနေ့အပြုအမူသည် မနက်ဖြန်၏ လူကြီးတစ်ဦးအဖြစ် ပုံဖော်လာနိုင်သကဲ့သို့ ယနေ့မိသားစုအတွင်း ပျိုးထောင်ပေးသော နားလည်မှုနှင့် လေးစားမှုတို့သည်လည်း မနက်ဖြန်၏ လူ့အဖွဲ့အစည်းကို ပုံဖော်ပေးနိုင်သည်။ အကျင့်ကောင်းတစ်ခု ဖြစ်ပေါ်လာရန် အချိန်ယူရသကဲ့သို့ စိတ်နေစိတ်ထားတစ်ခု ပြောင်းလဲလာရန်လည်း စိတ်ရှည်မှုနှင့် အားပေးလမ်းညွှန်မှုတို့ လိုအပ်သည်။ ထို့ကြောင့် ကလေးများ၏ အမှားကိုသာမြင်၍ အပြစ်တင်နေမည့်အစား အမှားမှသင်ယူနိုင်ရန် ကူညီပေးကြရမည်။ မိမိ၏အမြင်ကိုသာ မှန်သည်ဟု မယူဆဘဲ အခြားသူ၏အကြောင်းပြချက်ကို နားထောင်ကြရမည်။ မတူညီမှုများကို ခွဲခြားရန် အကြောင်းပြချက်အဖြစ်မသုံးဘဲ အပြန်အလှန် နားလည်မှု တိုးပွားစေမည့် အခွင့်အလမ်းအဖြစ် အသုံးချကြရမည်။

ငြိမ်းချမ်းသော လူ့အဖွဲ့အစည်းတစ်ရပ်ကို တည်ဆောက်ရန် လူတိုင်းက တစ်ဦးနှင့်တစ်ဦး တူညီနေရန် မလိုအပ်ပေ။ မတူညီမှုများရှိနေသော်လည်း တစ်ဦး၏ ဂုဏ်သိက္ခာကို တစ်ဦးက လေးစားခြင်း၊ သဘောထားကွဲလွဲမှုများကို မေတ္တာနှင့်ဆွေးနွေးခြင်း၊ အခက်အခဲများကို အတူတကွဖြေရှင်းခြင်းတို့ ရှိနေရန်သာ လိုအပ်သည်။ မိသားစုတစ်စုချင်းစီမှ စတင်၍ ယဉ်ကျေးမှု၊ စာနာမှုနှင့် တာဝန်ယူမှုတို့ကို ပျိုးထောင်နိုင်ပါက ထိုတန်ဖိုးများသည် ကျောင်း၊ လုပ်ငန်းခွင်နှင့် လူမှုအသိုင်းအဝိုင်းများသို့ ပျံ့နှံ့သွားမည်ဖြစ်သည်။

ထို့ကြောင့် **"ကလေးသည် လူကြီး၏ ဖခင်ဖြစ်သည်"** ဟူသော အတွေးအခေါ်ကို ကလေးဘဝ၏ အရေးပါမှုကို သတိပေးသည့်စကားအဖြစ် ခံယူကြပါစို့။ ယနေ့ကလေးများ၏ စိတ်နှလုံးထဲတွင် မေတ္တာ၊ ယဉ်ကျေးမှု၊ သည်းခံမှုနှင့် အပြန်အလှန်နားလည်မှုတို့ကို စိုက်ပျိုးပေးခြင်းဖြင့် မနက်ဖြန်တွင် ငြိမ်းချမ်းရေးကို တန်ဖိုးထားသော လူကြီးများ ပေါ်ထွန်းလာစေရန် အတူတကွကြိုးပမ်းကြပါစို့။ မတူညီမှုများကြားတွင် နားလည်မှုကိုရှာဖွေပြီး အပြန်အလှန် လေးစားမှုဖြင့် လက်တွဲနေထိုင်နိုင်သော လူ့အဖွဲ့အစည်းတစ်ရပ်သည်သာ မျိုးဆက်သစ်များအတွက် အဓိပ္ပာယ်ရှိသော အနာဂတ်နှင့် တည်တံ့ခိုင်မြဲသော ငြိမ်းချမ်းရေးကို အမွေပေးနိုင်မည်ဖြစ်ပါသည်။ ■



ရန်ကုန်အမျိုးသားပြတိုက်သို့ မော်ဘီမြို့နယ် အထက(၁)မှ ကျောင်းသား ကျောင်းသူများ သွားရောက်လေ့လာ

မော်ဘီ နိုဝင်ဘာ ၈

နိုင်ငံတော်သမ္မတ၏ လမ်းညွှန်မှုဖြင့် ကျောင်းသား ကျောင်းသူ၊ လူငယ်လူရွယ်များ နိုင်ငံတော်၏ သမိုင်းကြောင်းအစဉ်အလာနှင့် ယဉ်ကျေးမှုအမွေအနှစ်တန်ဖိုးများ သိရှိနားလည်လာစေရန်နှင့် အမျိုးဂုဏ်၊ ဓာတိဂုဏ်မြင့်မားလာစေရန်၊ ဘိုးဘွားများ၏ ယဉ်ကျေးမှုအမွေအနှစ်များကို ထိန်းသိမ်းစောင့်ရှောက်၍ အမိနိုင်ငံမြင့်တင်လိုစိတ် ရှိစေရန်နှင့် ဗဟုသုတများရရှိစေရန် ရည်ရွယ်၍ ယမန်နေ့နံနက်ပိုင်းက မော်ဘီမြို့နယ် အမှတ်(၁)အခြေခံပညာ အထက်တန်းကျောင်းမှ ဆရာမ ဒေါ်ဖြူဖြူစန်း၊ ဆရာမ ဒေါ်ချောစုလှိုင်၊ ဒေါ်ဝင်းဝင်မာတို့ဦးဆောင်သော ကျောင်းသား ကျောင်းသူများသည် ရန်ကုန်မြို့ အမျိုးသားပြတိုက်သို့ သွားရောက်လေ့လာကြသည်။

ဦးစွာ ဆရာ ဆရာမများနှင့်ကျောင်းသား ကျောင်းသူများက ရန်ကုန်မြို့ ပြည်လမ်းရှိ အမျိုးသားပြတိုက်သို့ ရောက်ရှိကြပြီး ဟိုတယ်၊ ခရီးသွားလာရေးနှင့် ယဉ်ကျေးမှုဝန်ကြီးဌာနမှ တာဝန်ရှိသူများက ကျောင်းသား ကျောင်းသူများအား လိုက်လံပြသရာ ပျူခေတ်၊ ပုဂံခေတ်၊ အင်းဝခေတ်၊ ရတနာပုံခေတ် ခေတ်အဆက်ဆက် သမိုင်းမှတ်တမ်းများ၊ ရှေးဟောင်းယဉ်ကျေးမှုအမွေအနှစ်များအကြောင်းကို ရှင်းလင်းပြသပြောကြားရာ ကျောင်းသား ကျောင်းသူများက စိတ်ပါဝင်စားစွာ ကြည့်ရှုလေ့လာမှတ်သားကြသည်။

အဆိုပါ အမျိုးသားပြတိုက်သို့ မော်ဘီမြို့နယ် အထက(၁)မှ ဆရာမ ၁၁ ဦးနှင့် ကျောင်းသား ကျောင်းသူ စုစုပေါင်း ၁၄၇ ဦးတို့က ရှေးသမိုင်း ခေတ်အဆက်ဆက်ဗဟုသုတများကို စုံလင်စွာကြည့်ရှု၊ ဖတ်/မှတ်လေ့လာ မှတ်သားခဲ့ကြကြောင်း သိရသည်။

ဆက်လက်၍ လေ့လာရေးဦးစီးဦးဆောင်သော ဆရာမများနှင့် ကျောင်းသား ကျောင်းသူများသည် အာကာသပြတိုက်ပြခန်း၊ ဝန်ကြီးများရုံးပြခန်းများနှင့် ရွှေတိဂုံဘုရား၊ ဗိုလ်တထောင်ဘုရားတို့ကို လေ့လာဖူးမြော်ခဲ့ကြောင်း သိရသည်။

မြို့နယ်(ပြန်/ဆက်)

ဆဋ္ဌသင်္ဂါယနာတင်အောင်ပွဲ နှစ်(၇၀)ပြည့် အထိမ်းအမှတ်အဖြစ် မဟာပါသာဏလိုဏ်ဂူတော်၌ ပြသထားသည့် ပုဒ္ဓသာသနာတော်ဆိုင်ရာ သမိုင်းဝင်အမွေအနှစ်များအား ကျောင်းသား ကျောင်းသူများ လေ့လာကြည့်ရှု

ရန်ကုန် နိုဝင်ဘာ ၉

ဆဋ္ဌသင်္ဂါယနာတင် အောင်ပွဲ နှစ်(၇၀)ပြည့် အထိမ်းအမှတ်အဖြစ် ရန်ကုန်မြို့ မရမ်းကုန်းမြို့နယ် သီရိမင်္ဂလာကမ္ဘာအေးကုန်းမြေရှိ မဟာပါသာဏလိုဏ်ဂူတော်၌ ပုဒ္ဓသာသနာတော်ဆိုင်ရာ သမိုင်းဝင် အမွေအနှစ်များကို ပြသထားရှိရာ ယနေ့နံနက်ပိုင်းတွင် ကမာရွတ်မြို့နယ် အမှတ်(၃)အခြေခံပညာ အထက်တန်းကျောင်း နှင့် ကမာရွတ်မြို့နယ် အမှတ်(၅) အခြေခံပညာအထက်တန်းကျောင်းမှ ကျောင်းသား ကျောင်းသူများက လာရောက်လေ့လာကြည့်ရှုကြသည်။



လေ့လာ

ထိုသို့ လေ့လာစဉ် လိုဏ်ဂူသိမ်တော်၏ သမိုင်းကြောင်း၊ ပုဒ္ဓသာသနာတော်ဆိုင်ရာ အမွေအနှစ်ပြကွက်များ၊ သင်္ဂါယနာတင်မှတ်တမ်းများ၊ ဆဋ္ဌသင်္ဂါယနာတင်ရန် မဟာပါသာဏလိုဏ်ဂူတော်တည်ဆောက်မှုမှတ်တမ်း၊ ဆဋ္ဌသင်္ဂါယနာတင် အခမ်းအနားကျင်းပနေသည့် မှတ်တမ်းများ၊ ဆဋ္ဌသင်္ဂါယနာတင်ရာတွင် တပ်ဆင် အသုံးပြုခဲ့သော အသုံးအဆောင်ပစ္စည်းများ၊ အခြားနိုင်ငံများမှ လှူဒါန်းသောပစ္စည်းများ ပြကွက်၊ သာသနာတော် အခွန့်ရှည်တည်တံ့ခြင်း အထိမ်းအမှတ်ကို ရည်ရွယ်၍ တည်ထားကိုးကွယ်ပူဇော်သောသာသနိကအဆောက်အအုံများ၏ ပြကွက်များကို စိတ်ဝင်တစား လေ့လာခဲ့ကြောင်း သိရသည်။

တိုင်းဒေသကြီး(ပြန်/ဆက်)

ရန်ကုန်မြို့ အမျိုးသားမှတ်တမ်းများ မော်ကွန်းတိုက်သို့ ကျောင်းသား ကျောင်းသူများနှင့် ဆရာ ဆရာမများ သွားရောက်လေ့လာ

ရန်ကုန် နိုဝင်ဘာ ၉

ရန်ကုန်တိုင်းဒေသကြီး ဗဟန်းမြို့နယ် အမှတ်(၂)အခြေခံပညာ



အထက်တန်းကျောင်းမှ ကျောင်းသား ကျောင်းသူ ၁၀၀ နှင့် ဆရာ ဆရာမများသည် ယနေ့ နံနက်ပိုင်းက ရန်ကုန်မြို့ အမျိုးသားမှတ်တမ်းများ မော်ကွန်းတိုက်သို့ သွားရောက်လေ့လာကြသည်။

ထိုသို့ သွားရောက်လေ့လာရာတွင် အမျိုးသားမှတ်တမ်းများ မော်ကွန်းတိုက်မှ တာဝန်ရှိသူများက ကျောင်းသား ကျောင်းသူများနှင့် ဆရာ ဆရာမများအား မော်ကွန်းတိုက်၏ စာရွက်စာတမ်းများ ထိန်းသိမ်းခြင်းလုပ်ငန်း၊ မိုက်ကရိုဖလင်ရိုက်ကူးခြင်း၊ ထိန်းသိမ်းခြင်းလုပ်ငန်း၊ သုတေသီအထောက်အကူပြုလုပ်ငန်းနှင့် မော်ကွန်းပြခန်းများအကြောင်း ရှင်းလင်းပြောကြားပြီး ကျောင်းသား ကျောင်းသူများအား ဥာဏ်စမ်းပြိုင်ပွဲများ ကျင်းပ၍ အမှတ်တရလက်ဆောင်များကို ပေးအပ်ခဲ့ကြောင်း သိရသည်။

မြို့နယ်(ပြန်/ဆက်)

*** အာရုဖလားမှ**

လေးဂိုးဆက်တိုက် ပေးလိုက်ရသည့် မြန်မာအသင်း လက်ကျန်မိနစ်များတွင် ရုန်းကန်ခဲ့ပြီး ၅၆ မိနစ်တွင် ပင်နယ်တီမှတစ်ဆင့် သက်နိုင်ဦးက ချေပဂိုးတစ်ဂိုး ပြန်သွင်းသော်လည်း လက်ကျန်မိနစ်များတွင် ဂိုးထပ်မသွင်းနိုင်သဖြင့် ဂိုးပြတ်အရေးနိမ့်ခဲ့ခြင်းဖြစ်သည်။

စတားစီးတီးကွင်း၌ ကျင်းပသည့်ပွဲတွင် ဖိလစ်ပိုင်အသင်းက ကမ္ဘောဒီးယားအသင်းကို နှစ်ဂိုး – တစ်ဂိုးဖြင့် အနိုင်ရခဲ့သည်။

အုပ်စု(A) ဒုတိယနေ့ကို နိုဝင်ဘာ ၁၁ ရက်တွင် ဆက်လက်ကျင်းပမည်ဖြစ်ပြီး သုဝဏ္ဏကွင်း၌ ဖိလစ်ပိုင်အသင်းနှင့် အင်ဒိုနီးရှားအသင်း၊ စတားစီးတီးကွင်း၌ ကမ္ဘောဒီးယားအသင်းနှင့် အာဖဂန်နစ္စတန်အသင်းတို့ ယှဉ်ပြိုင်ကစားမည် ဖြစ်သည်။

သတင်း – ညီမြတ်သော်တာ
ဓာတ်ပုံ – MFF

သဘာဝကပေး ရေချိုအေး ခန်းခြောက်မသွားအောင် ထိန်းသိမ်းပေး



အိမ်တွင်းသုံးရေ ချွေတာရေး

ရေချိုးချိန်နှင့် နေ့စဉ် ရေသုံးစွဲမှုကို လျှော့ချပါ၊ သွားတိုက်နေစဉ်၊ မျက်နှာသစ်နေစဉ်နှင့် ပန်းကန်ဆေးကြောနေစဉ်အတွင်း ရေပိုက်ခေါင်းကို အမြဲပိတ်ထားပါ။



အိမ်တွင်းသုံးရေ ချွေတာရေး

အဝတ်လျှော်ရာတွင် တစ်ထည်ချင်း/နည်းနည်းချင်း မလျှော်ဘဲ ပေါင်းလျှော်ပါ။ အဝတ်လျှော်စက်သုံးလျှင် တစ်ခါတည်း စုပြီးလျှော်ပါ။ ပန်းကန်ဆေးစက် အသုံးပြုရာတွင်လည်း စက်က ဆေးကြောနိုင်သည့် ပန်းကန်အရေအတွက်အထိ စောင့်၍ စုစည်းဆေးကြောပါ။



အိမ်တွင်းသုံးရေ ချွေတာရေး

ရေကို စနစ်တကျအသုံးပြုမှု အလေ့အထများကို အသိပညာပေး မှုဝေပါ။ မိမိတို့၏ အသိုက်အဝန်း၊ လုပ်ငန်းခွင်၊ သူငယ်ချင်းများနှင့် မိသားစုအတွင်း ရေချွေတာသုံးစွဲခြင်း၏ အရေးပါပုံကို အသိပညာပေးမှုဝေခြင်းဖြင့် ဝိုင်းဝန်းပါဝင်ဆောင်ရွက်ကြပါရန် နှိုးဆော်အပ်ပါသည်။

ပြည်ထောင်စုနယ်မြေ၊ မန္တလေးတိုင်းဒေသကြီးနှင့် ပဲခူးတိုင်းဒေသကြီး မြို့နယ်များရှိ အခြေခံပညာကျောင်းနှင့် ကိုယ်ပိုင်အထက်တန်းကျောင်းများမှ ကျောင်းသား ကျောင်းသူများ နေပြည်တော်အတွင်းရှိ အထင်ကရနေရာများလေ့လာ

နေပြည်တော် နိုဝင်ဘာ ၈

နိုင်ငံတော်အစိုးရ၏ လမ်းညွှန်မှု၊ တပ်မတော်၏ စီစဉ်ဆောင်ရွက်မှုဖြင့် ကျောင်းသား ကျောင်းသူများအား နေပြည်တော်အတွင်းရှိ အထင်ကရနေရာများသို့ လာရောက်လေ့လာနိုင်ရေး စီစဉ်ဆောင်ရွက်ပေးလျက်ရှိရာ ယနေ့တွင် ပြည်ထောင်စုနယ်မြေအတွင်းရှိ မြို့နယ်များ၊ မန္တလေးတိုင်းဒေသကြီးအတွင်းရှိ မြို့နယ်များ၊ ပဲခူးတိုင်းဒေသကြီး အတွင်းရှိ မြို့နယ်များရှိ အခြေခံပညာကျောင်းနှင့် ကိုယ်ပိုင်အထက်တန်းကျောင်းများမှ ကျောင်းသား ကျောင်းသူများ၊ အုပ်ချုပ်သူ ဆရာဆရာမများသည် နေပြည်တော်အတွင်းရှိ အထင်ကရနေရာများသို့ သွားရောက်လေ့လာကြည့်ရှုကြသည်။



အဆိုပါ လေ့လာရေးခရီးကို ကျောင်းသားလူငယ်များအနေဖြင့် မိမိတို့နိုင်ငံ၏ သမိုင်းကြောင်းနှင့် လွတ်လပ်ရေးကြိုးပမ်းမှုကာလမှစ၍ ခေတ်အဆက်ဆက် ပြောင်းလဲတိုးတက်လာသည့် မြန်မာ့တပ်မတော်၏ သမိုင်းအစဉ်အလာများကို သိရှိနားလည်စေရန်၊ ကျောင်းသင်ခန်းစာများမှရရှိသည့် အသိပညာများကို သမိုင်းဝင်အထောက်အထားများ၊ မှတ်တမ်းရုပ်ရှင်ကိုလည်း ကြည့်ရှုခဲ့ကြပြီး စာအုပ်စာပေများတွင် ဖတ်ရှုလေ့လာခဲ့ရသည့် သမိုင်းအကြောင်းအရာများကို ရုပ်ပုံမှတ်တမ်းများနှင့် တွဲဖက်သိရှိခွင့်ရခဲ့ကြသည်။

"တပ်မတော် စစ်သမိုင်းပြတိုက် တာဝန်ရှိသူတွေက ပြခန်းတစ်ခုချင်းစီရဲ့ သမိုင်းကြောင်းနဲ့ ပြသထားတဲ့ပစ္စည်းတွေရဲ့ အကြောင်းအရာတွေကို အသေးစိတ်ရှင်းပြပေးတဲ့အတွက် စာပေအကြောင်းအရာတွေမှာ သင်ယူလေ့လာသိရှိတဲ့ အကြောင်းအရာတွေအပြင် မသိရှိရသေးတဲ့ သမိုင်းအကြောင်းအရာတွေကိုပါ လက်တွေ့သိရှိ နားလည်ခွင့်ရခဲ့တယ်။ လေ့လာ ကြည့်ရှုတဲ့အထဲမှာ ခေတ်အဆက်ဆက် အသုံးပြုခဲ့တဲ့ လက်နက်တွေရဲ့ပုံစံနဲ့ ပြောင်းလဲတိုးတက်လာပုံတွေကို လေ့လာခွင့်ရတာ သဘောကျနှစ်သက်ပါတယ်။ နိုင်ငံအတွက် တပ်မတော်သားတွေရဲ့ စွန့်လွှတ်ကြိုးပမ်းမှုတွေကို သိရှိရတဲ့အတွက် ဝမ်းသာဂုဏ်ယူမိပါတယ်။ ကျွန်တော် ကိုယ်တိုင်လည်း နိုင်ငံအတွက် တတ်နိုင်သမျှ ကြိုးစားသွားချင်တဲ့ စိတ်ဖြစ်ပေါ်ပါတယ်"ဟု ပျဉ်းမနား မြို့နယ် ပညာပန်းတိုင် ကိုယ်ပိုင် အထက်တန်းကျောင်းမှ Grade-11 ကျောင်းသား မောင်မျိုးပြည့်ဟိန်းက ပြောသည်။

အဆိုပါ လေ့လာရေးခရီးစဉ်သည် ကျောင်းသားကျောင်းသူများအတွက် မြန်မာ့တပ်မတော်၏ သမိုင်းကြောင်း၊ ခေတ်အဆက်ဆက် ပြောင်းလဲတိုးတက်လာမှု များနှင့် သမိုင်းဝင်အထောက်အထားများကို ကိုယ်တိုင်မြင်တွေ့၊ လေ့လာခွင့် ရရှိစေခဲ့သည့်အပြင် စာတွေ့သင်ယူမှုနှင့် လက်တွေ့ လေ့လာမှုတို့ကို ဆက်စပ်နားလည်စေပြီး သမိုင်းဆိုင်ရာ အသိပညာ ဗဟုသုတများ တိုးပွားစေကြောင်း သိရသည်။

ထို့အတူ တပ်ကုန်းမြို့နယ်၊ ရမည်းသင်းမြို့နယ်၊ အောင်မြေသာစံမြို့နယ်၊ ချမ်းအေးသာစံမြို့နယ်၊ ချမ်းမြသာစည်မြို့နယ်၊ မဟာအောင်မြေမြို့နယ်နှင့် ပြည်ကြီးတံခွန်မြို့နယ်တို့မှ ကျောင်းသား ကျောင်းသူများသည် ပြည်ထောင်စုနယ်မြေ နေပြည်တော် ဒက္ခိဏသီရိမြို့နယ်ရှိ ဗုဒ္ဓဥယျာဉ်ဝတ္ထုကံတော်တွင် တည်ထားပူဇော်သည့် မာရဝိဇယဗုဒ္ဓရုပ်ပွားတော်မြတ်ကြီးအား သွားရောက်ဖူးမြော်ကြည်ညိုကြသည်။

ထိုသို့ သွားရောက်စဉ် ဘုရားရင်ပြင်တော် ပတ်လည်၌ စက္ကူကျောက်များ အသုံးပြုတည်ဆောက်ထားသည့် ဂန္ဓကုဋိတိုက်များ၊ အဂ္ဂါမိဝတိသာသနာ့ဓိမာန်တော်ကြီး၊ ကျောက်စာရုံစေတီတော်များ၊ သုမင်္ဂလဇရပ်များ၊ အခြားသာသနိကအဆောက်အအုံများကို စိတ်ဝင်တစား လေ့လာကြည့်ရှုကြပြီး အလှူငွေများ ပေးအပ်လှူဒါန်းကြသည်။

မင်းကျော်စွာ၊ ခင်ဖြူလွိုင်
ဓာတ်ပုံ- အေးသန်း၊ ခင်ဖြူ



ဒေါ်သီသီဆွေ



မစုမြတ်နိုး



မောင်မျိုးပြည့်ဟိန်း



မောင်ကောင်းမြတ်မင်း



မောင်ထက်ဘုန်းနိုင်

သို့ သွားရောက်လေ့လာကြပြီး ပြတိုက်အတွင်းရှိ ကဏ္ဍအလိုက် ပြခန်းပြကွက်များကိုစိတ်ဝင်တစား လေ့လာကြည့်ရှုကြသည်။

"ကျွန်မတို့ ကျောင်းက ကျောင်းသား ကျောင်းသူ ၁၀၀ ကျော်နဲ့ တပ်မတော်စစ်သမိုင်း ပြတိုက်ကို လာရောက်လေ့လာတာဖြစ်ပါတယ်။ ကျောင်းသားတွေကို စာသင်ခန်းထဲမှာ အသိပညာ၊ အတတ်ပညာအတွက် သင်ကြားပေးရုံသာမက အခုလို လက်တွေ့ လေ့လာခွင့်ရတဲ့ ခရီးစဉ်တွေကလည်း ဗဟုသုတများစွာ ရရှိစေပါတယ်။ သမိုင်းဆိုတာ စာအုပ်ထဲမှာ ဖတ်ရှုရုံနဲ့တင်မလုံလောက်ဘဲ အဲဒီခေတ်ကာလတွေရဲ့ အထောက်အထားတွေကို မြင်တွေ့လေ့လာခွင့်ရတဲ့အခါ ပိုမိုမှတ်မိနားလည်စေပါတယ်။ အခုလို လေ့လာရေးခရီးစဉ်တွေကို ကျောင်းသား ကျောင်းသူတွေအတွက် စဉ်ဆက်မပြတ် ဆောင်ရွက်ပေးစေလိုပါတယ်"ဟု အထက(၁) ရမည်းသင်းမှ အထက်တန်းပြဆရာမ ဒေါ်သီသီဆွေက ပြောသည်။

ဓာတ်ပုံများနှင့် လက်တွေ့ပြသထားသည့် ပစ္စည်းများမှတစ်ဆင့် ဆက်စပ် လေ့လာနိုင်စေရန်နှင့် ကျောင်းပြင်ပ ဗဟုသုတများ တိုးပွားစေရန် ရည်ရွယ်သည်။

"ကျွန်မက ပြတိုက်ကို ပထမဆုံး အကြိမ် လာရောက်လေ့လာခွင့် ရတာဖြစ်ပါတယ်။ ကျွန်မက ကမ္ဘာ့သမိုင်းနဲ့ မြန်မာ့သမိုင်းကို စိတ်ဝင်စားသူ ဖြစ်တဲ့အတွက် အခုလို စာအုပ်ထဲမှာဖတ်ရှုခဲ့ရတဲ့ သမိုင်း အကြောင်းအရာတွေကို ကိုယ်တိုင်မျက်မြင်တွေ့ရှိလေ့လာခွင့်ရတာ ဝမ်းသာဂုဏ်ယူမိပါတယ်။ လက်တွေ့လေ့လာကြည့်ရှုရတဲ့အခါ အရင်ကမသိရှိခဲ့တဲ့ အကြောင်းအရာတွေကိုပါ သိရှိခွင့်ရတယ်။ သူငယ်ချင်းတွေနဲ့အတူ လေ့လာခွင့်ရတာမို့ ပျော်စရာကောင်းပြီးမမေ့နိုင်တဲ့အတွေ့အကြုံတစ်ခုဖြစ်ပါတယ်"ဟု အလက(၁) တပ်ကုန်းမှ Grade-8 ကျောင်းသူ မစုမြတ်နိုးက ပြောသည်။

ထို့ပြင် မြန်မာ့တပ်မတော်၏ သမိုင်းကြောင်းကို မှတ်တမ်းတင်ရိုက်ကူးထားသည့် မှတ်တမ်းရုပ်ရှင်ကိုလည်း ကြည့်ရှုခဲ့ကြသည်။ ဗီဒီယိုအနေဖြင့် လက်တွေ့သိရှိနားလည်ခဲ့ရတယ်။ အထူးသဖြင့် အင်းဝခေတ်ပြခန်း၊ မြန်မာ့ဆိုင်ဝိုင်းပြခန်း၊ ပန်းချီပြခန်း၊ လက်ဆောင်ပစ္စည်း ပြခန်းတွေနဲ့ သမိုင်းခေတ်အဆက်ဆက် ပြခန်းတွေကို စိတ်ဝင်စားလို့ပိုပြီးကြည့်ရှုလေ့လာဖြစ်ခဲ့ပါတယ်။ အခုလို လေ့လာခွင့်ရတဲ့အတွက် စိတ်ထဲမှာ ဝမ်းသာကြည်နူးမိသလို နောင်မှာလည်း သူငယ်ချင်းတွေနဲ့ အတူဗဟုသုတရရှိစေမယ့်လေ့လာရေးခရီးစဉ်မျိုးတွေ သွားရောက် လေ့လာချင်ပါတယ်"ဟု ရေတာရှည်မြို့နယ် အခြေခံပညာ အထက်တန်းကျောင်း (မြို့လှ)မှ ကျောင်းသား မောင်ကောင်းမြတ်မင်းက ပြောသည်။

အမျိုးသား ပြတိုက်သို့ သွားရောက်လေ့လာစဉ် အမျိုးသား ပြတိုက်(နေပြည်တော်)မှ တာဝန်ရှိသူများနှင့် ပြတိုက်လမ်းညွှန် ဝန်ထမ်းများက လာရောက် လေ့လာကြသည့် ကျောင်းသား ကျောင်းသူများကို အဖွဲ့များခွဲ၍ ပြတိုက်ဆိုင်ရာ သမိုင်းကြောင်း အကျဉ်းနှင့် ပြကွက်များအလိုက် ခင်းကျင်းပြသထားမှု အခြေအနေကို လိုက်လံရှင်းလင်းပြသကြသည်။

"အမျိုးသား ပြတိုက်ကို ကျွန်တော့်အတွက် ပထမဦးဆုံး အကြိမ် လာရောက်တာဖြစ်တဲ့အတွက် ပြတိုက်ထဲက ရှေးဟောင်း အမွေအနှစ်တွေကို လက်တွေ့ လေ့လာ ကြည့်ရှုခွင့်ရတဲ့အခါ ကိုယ့်နိုင်ငံအတွက် အဖိုးမဖြတ်နိုင်တဲ့အရာတွေကို စနစ်တကျ ထိန်းသိမ်းစောင့်ရှောက်ရမယ်ဆိုတဲ့ အသိအမြင်ကို ခံစားရရှိစေပါတယ်။ ပြတိုက်မှာပြသထားတဲ့ ပြခန်း ပြကွက်တွေက ဗဟုသုတ အများကြီးရရှိစေပါတယ်။ ဒီကနေ လေ့လာရရှိတဲ့ ဗဟုသုတတွေနဲ့ အဖိုးတန် အတွေ့အကြုံသစ်တွေကို သူငယ်ချင်းတွေသိရှိနိုင်အောင် မျှဝေ ပြောပြသွားမှာပါ"ဟု တပ်ကုန်းမြို့ အမှတ်(၁) အခြေခံပညာ အလယ်တန်းကျောင်းမှ ကျောင်းသား မောင်ထက်ဘုန်းနိုင်က ပြောသည်။

လေ့လာရေးအဖွဲ့များသည် အမျိုးသားပြတိုက်အတွင်း ပြသထားသည့် ပရိုင်းဓိတ်နှင့် ကျောက်ဖြစ်ရုပ်ကြွင်း ပြခန်း၊ သမိုင်းမတင်မီခေတ် ပြခန်း၊ သမိုင်းတင်ခေတ်ပြခန်း၊ သမိုင်းတင်ခေတ်ဦးပြခန်း၊ မြန်မာ့ပန်းချီပြခန်း၊ မြန်မာ့အနုသုခုမပြခန်းနှင့် လက်ဆောင်ပစ္စည်းများ ပြခန်းတို့ကို စိတ်ဝင်တစား လေ့လာကြည့်ရှုမှတ်သားကြပြီး သိရှိလိုသည်များကို မေးမြန်းရာသက်ဆိုင်ရာ ပြခန်းတာဝန်ရှိသူများက အသေးစိတ် ပြန်လည်ရှင်းလင်းဖြေကြားကြသည်။



(၈၂)နှစ်မြောက်တပ်မတော်နေ့ ဂုဏ်ပြုစစ်ချီသီချင်း၊ စစ်သည်တေးသီချင်း၊ ကဗျာနှင့်ဝတ္ထုပြိုင်ပွဲ စာမူများဖိတ်ခေါ်ခြင်း

၁။ ၂၀၂၇ ခုနှစ်၊ (၈၂)နှစ်မြောက်တပ်မတော်နေ့ ဂုဏ်ပြုစစ်ချီသီချင်း၊ စစ်သည်တေးသီချင်း၊ ကဗျာနှင့် ဝတ္ထုပြိုင်ပွဲဝင်ရန် စာမူများဖိတ်ခေါ်အပ်ပါသည်။ ဆုရရှိသော ဂုဏ်ပြုစစ်ချီသီချင်း၊ စစ်သည်တေးသီချင်းများအား မြဝတီရုပ်မြင်သံကြားတွင် ထုတ်လွှင့်ပြသသွားမည်ဖြစ်ပြီး ကဗျာနှင့်ဝတ္ထုများအား စာအုပ်အဖြစ် စီစဉ်ထုတ်ဝေသွားမည် ဖြစ်ပါသည်။

၂။ ပြိုင်ပွဲဝင်စာမူများတွင် ပါဝင်ရမည့်အချက်များ

(က) မြန်မာနိုင်ငံဟူ၍ ဖြစ်တည်ပေါ်ပေါက်လာသည့်အချိန်မှစပြီး တပ်မတော်သည် နိုင်ငံတော်ကို ကာကွယ်စောင့်ရှောက်ခဲ့သည့် အဖွဲ့အစည်းတစ်ရပ်အဖြစ် ခိုင်ခိုင်မာမာရပ်တည်ခဲ့ကြောင်း၊ ခေတ်အဆက်ဆက် သမိုင်းအဆက်ဆက်တွင် အမျိုးသားရေးကို မည်သည့်အခါမျှ သစ္စာမဖောက်ခဲ့သည့် အပြင် စွန့်လွှတ်စွန့်စားခြင်း၊ အနစ်နာခံခြင်းများစွာဖြင့် ပြည်တွင်းပြည်ပရန်ဟူသမျှကို ချေမှုန်းသုတ်သင်နိုင်ခဲ့သည့် အစဉ်အလာကောင်းများရှိကြောင်း၊ နယ်ချဲ့ဆန့်ကျင်ရေး၊ ဖက်ဆစ်တော်လှန်ရေးကာလများတွင် တိုင်းရင်းသားပြည်သူတစ်ရပ်လုံးနှင့်အတူ လက်တွဲတိုက်ပွဲဝင်ကာ မြန်မာ့လွတ်လပ်ရေးအတွက် အသက်သွေးချွေးများစွာပေးဆပ်ခဲ့သည့်အကြောင်းများကို ထည့်သွင်းရေးသား၊ စပ်ဆိုဖွဲ့နွဲ့သီကုံးနိုင်သည်။

(ခ) ထို့ပြင် တိုင်းပြည်တွင် အရေးကြုံအခက်အခဲပေါ်ပေါက်လာတိုင်း တည်ငြိမ်ဖြောင့်မတ်စွာသုံးသပ်လျက် ဒို့တာဝန်အရေးသုံးပါးကိုဦးထိပ်ထားကာ လုပ်ဆောင်သင့်လုပ်ဆောင်ထိုက်သည်များကို ပြတ်ပြတ်သားသားလုပ်ဆောင်ခဲ့ကြောင်း၊ ပြည်ထောင်စုတိုင်းရင်းသားပေါင်းစုံဖြင့် ဖွဲ့စည်းထားသော ပြည်ထောင်စုတပ်မတော်ကြီးဖြစ်သည့် အားလျော်စွာ ပြည်ထောင်စုကြီး ထာဝရငြိမ်းချမ်းရေး ရရှိရေး၊ တစိတိုင်းပြည်လုံး ဖွံ့ဖြိုးတိုးတက်ရေးတို့အတွက် တပ်မတော်ခေါင်းဆောင်အဆက်ဆက်တို့ ကြိုးပမ်းဆောင်ရွက်ခဲ့၊ ဆောင်ရွက်လျက်ရှိကြောင်း၊ ပြည်သူလူထုအကျိုးစီးပွားအတွက် အားချိန်နားချိန်မရှိဘဲ အချိန်ပြည့် တိုင်းပြည်တာဝန်ကို ကျေပွန်စွာထမ်းဆောင်လျက်ရှိကြောင်း များကိုလည်း ထည့်သွင်းရေးသားဖော်ကျူးနိုင်သည်။

(ဂ) အထက်ပါအချက်များထဲက အချက်တစ်ခုခုကိုဖြစ်စေ၊ အများအပြားကိုဖြစ်စေ ထည့်သွင်းဖွဲ့ဆိုရေးသားနိုင်သည်။

၃။ စစ်ချီသီချင်း၊ စစ်သည်တေးသီချင်းကဏ္ဍသတ်မှတ်ချက်များ

(က) တပ်မတော်နှင့်သက်ဆိုင်ပြီး စိတ်ဓာတ်တက်ကြွဖွယ် စာသားများပါဝင်ရမည်။

(ခ) တပ်မတော်၏ဂုဏ်ရည်၊ တပ်မတော်သားတို့၏ဘဝကို ထင်ဟပ်ဖော်ပြနိုင်စွမ်းရှိရမည်။

(ဂ) တေးသီချင်းတစ်ပုဒ် ကြာမြင့်ချိန် ၃ မိနစ်ထက်မနည်း ၅ မိနစ်ထက်မများ ဖြစ်ရမည်။

(ဃ) အသံသွင်းပြီးသီချင်းခွေနှင့်အတူ သီချင်းစာသား Note မိတ္တူ ၃ စုံ ပေးပို့ရမည်။

(င) ပြိုင်ပွဲဝင်များအနေဖြင့် သံစုံတီးဝိုင်းဖြင့် တီးခတ်အသံသွင်းရန် အခက်အခဲရှိပါက နီးစပ်ရာတိုင်းစစ်ဌာနချုပ်များရှိ စစ်တီးဝိုင်းများတွင် သွားရောက်တီးခတ်၍ အသံသွင်းနိုင်သည်။

၄။ ကဗျာ(အလွတ်တန်း/ဝါသနာရှင်)စာမူကဏ္ဍ သတ်မှတ်ချက်များ

(က) မြန်မာဂန္ဓဝင်ကဗျာရေးထုံးနှင့်ကိုက်ညီသည့် ကဗျာဖြစ်ရမည်။

(ခ) ကဗျာ(အလွတ်တန်း)တွင် ပါဒ ၃၀၀ မှ ၄၀၀ အတွင်း၊ ကဗျာ(ဝါသနာရှင်)တွင် ပါဒ ၂၅၀ မှ ၃၀၀ အတွင်း ပါဝင်ရမည်။ (လေးလုံးစပ်ကဗျာတွင် စာလုံးလေးလုံးသည် တစ်ပါဒ ဖြစ်ပြီး အချိုးကဗျာတွင် စာကြောင်းတစ်ကြောင်းသည် တစ်ပါဒဖြစ်သည်။)

(ဂ) ကဗျာတွင် မိမိယှဉ်ပြိုင်လိုသည့်အဆင့်ကို (အလွတ်တန်းအဆင့်)၊ (ဝါသနာရှင်အဆင့်)ဟူ၍ သိသာစွာရေးသားဖော်ပြရမည်။

(ဃ) ယှဉ်ပြိုင်သူတစ်ဦးတည်းက ကဗျာ(အလွတ်တန်းအဆင့်) နှင့် ကဗျာ(ဝါသနာရှင်အဆင့်) နှစ်မျိုးစလုံးတွင် တစ်ပြိုင်နက် ဝင်ရောက်ယှဉ်ပြိုင်ခြင်းမပြုရ။

(င) အမျိုးသားစာပေဆု(ကဗျာ)၊ စာပေဗိမာန်စာမူဆု(ကဗျာ)၊ ပခုက္ကူဦးဆုံးဖေစာပေဆု (ကဗျာ) ရရှိပြီးသူများ၊ ယခင်တပ်မတော်နေ့အထိမ်းအမှတ် စာမူပြိုင်ပွဲများတွင် ကဗျာ (ပထမ၊ ဒုတိယ၊ တတိယ) ဆုရရှိဖူးသူများအနေဖြင့် ကဗျာ (အလွတ်တန်းအဆင့်)တွင်သာ ဝင်ရောက်ယှဉ်ပြိုင်ရမည်။

၅။ ဝတ္ထုတို/ဝတ္ထုရှည်(အလွတ်တန်း/ဝါသနာရှင်)စာမူကဏ္ဍ သတ်မှတ်ချက်များ

(က) ဝတ္ထုတို၊ ဝတ္ထုရှည်အင်္ဂါရုပ်များနှင့် ညီညွတ်ရမည်။

(ခ) ရသမြောက်စွာရေးဖွဲ့ရမည်ဖြစ်ပြီး စကားပြေရေးဟန်နှင့် စကားပြောရေးဟန် ရောနှောရေးသားခြင်းမပြုရ။

(ဂ) ဝတ္ထုတိုတွင် စာလုံးရေ ၆၀၀၀ မှ ၈၀၀၀ အကြား သတ်မှတ်သည်။ ဝတ္ထုရှည်တွင် စာလုံးရေ ၅၀၀၀၀ အောက် မနည်း စေရ၊ ၆၀၀၀၀ ထက် မများစေရ။

(ဃ) ဝတ္ထုတို/ဝတ္ထုရှည်တွင် မိမိယှဉ်ပြိုင်လိုသည့်အဆင့်ကို (အလွတ်တန်းအဆင့်)၊ (ဝါသနာရှင်အဆင့်)ဟူ၍ သိသာစွာရေးသားဖော်ပြရမည်။

(င) ယှဉ်ပြိုင်သူတစ်ဦးတည်းက ဝတ္ထုတို/ဝတ္ထုရှည် (အလွတ်တန်းအဆင့်)နှင့် (ဝါသနာရှင်အဆင့်) နှစ်မျိုးစလုံးတွင် တစ်ပြိုင်နက်ဝင်ရောက်ယှဉ်ပြိုင်ခြင်း မပြုရ။

(စ) အမျိုးသားစာပေဆု(ဝတ္ထုတို/ဝတ္ထုရှည်)၊ စာပေဗိမာန်စာမူဆု(ဝတ္ထုတို/ဝတ္ထုရှည်)၊ ပခုက္ကူဦးဆုံးဖေစာပေဆု (ဝတ္ထုတို/ဝတ္ထုရှည်) ရရှိပြီးသူများ၊ ယခင်တပ်မတော်နေ့ အထိမ်းအမှတ် စာမူပြိုင်ပွဲများတွင် ဝတ္ထုတို/ဝတ္ထုရှည် (ပထမ၊ ဒုတိယ၊ တတိယ) ဆုရရှိဖူးသူများအနေဖြင့် ဝတ္ထုတို/ဝတ္ထုရှည် (အလွတ်တန်းအဆင့်)တွင်သာ ဝင်ရောက်ယှဉ်ပြိုင်ရမည်။

၆။ စာမူများကို A4 ဆိုဒ်စာစီမျိုးတည်းတွင် စာမျက်နှာတစ်ဖက်တည်း ၌သာ ရှင်းလင်းပီသသောလက်ရေးဖြင့်ဖြစ်စေ၊ ကွန်ပျူတာစာလုံး (Pyidaungsu font စာလုံးအရွယ်အစား ၁၃)ဖြင့်ဖြစ်စေ ရေးသားရိုက်နှိပ်ပြီး ခိုင်ခံ့သေသပ်စွာချုပ်လုပ်၍ ၃ စုံစီပေးပို့ရမည်။

၇။ စာမူများတွင် ကိုယ်တိုင်ရေးသားကြောင်း၊ မည်သည့်စာနယ်ဇင်းတွင်မှ ပုံနှိပ်ဖော်ပြဖူးခြင်းမရှိကြောင်းနှင့် မည်သည့်ပြိုင်ပွဲတွင်မှ ဆုရရှိဖူးခြင်းမရှိကြောင်း ဝန်ခံချက်ပါရှိရမည်။

၈။ စာမူရှင်များ၏ နေရပ်လိပ်စာအပြည့်အစုံနှင့် ဆက်သွယ်ရန် ဖုန်းနံပါတ်တို့ကို ထည့်သွင်းဖော်ပြရမည်။

၉။ ဆုချီးမြှင့်ခြင်းခံရပါက ကိုယ်တိုင်တက်ရောက်ဆုယူနိုင်သူ ဖြစ်ကြောင်း ကတိပြုချက်ပါရှိရမည်။

၁၀။ စာမူများကို ၂၀၂၆ ခုနှစ်၊ ဒီဇင်ဘာလ ၃၀ ရက်နောက်ဆုံးထား၍ ကာကွယ်ရေးဦးစီးချုပ်ရုံး (ကြည်း)၊ ပြည်သူ့ဆက်ဆံရေးနှင့် စိတ်ဓာတ်စစ်ဆင်ရေးညွှန်ကြားရေးမှူးရုံးသို့ ပေးပို့ရမည်။

၁၁။ စစ်ချီသီချင်း ဆုချီးမြှင့်မည့်နှုန်းထားများ

(က) ပထမဆု	၁,၀၀၀,၀၀၀ ကျပ်
(ခ) ဒုတိယဆု	၈၀၀,၀၀၀ ကျပ်
(ဂ) တတိယဆု	၆၀၀,၀၀၀ ကျပ်
(ဃ) စတုတ္ထဆု	၄၀၀,၀၀၀ ကျပ်
(င) ပဉ္စမဆု	၃၀၀,၀၀၀ ကျပ်

၁၂။ ကဗျာ(ဝါသနာရှင်) ဆုချီးမြှင့်မည့်နှုန်းထားများ

(က) ပထမဆု	၅၀၀,၀၀၀ ကျပ်
(ခ) ဒုတိယဆု	၄၀၀,၀၀၀ ကျပ်
(ဂ) တတိယဆု	၃၀၀,၀၀၀ ကျပ်
(ဃ) စတုတ္ထဆု	၂၀၀,၀၀၀ ကျပ်
(င) ပဉ္စမဆု	၁၅၀,၀၀၀ ကျပ်
(စ) အထူးဆု(၁)	၁၀၀,၀၀၀ ကျပ်
(ဆ) အထူးဆု(၂)	၁၀၀,၀၀၀ ကျပ်
(ဇ) အထူးဆု(၃)	၁၀၀,၀၀၀ ကျပ်

၁၃။ ကဗျာ(အလွတ်တန်း) ဆုချီးမြှင့်မည့်နှုန်းထားများ

(က) ပထမဆု	၇၀၀,၀၀၀ ကျပ်
(ခ) ဒုတိယဆု	၅၀၀,၀၀၀ ကျပ်
(ဂ) တတိယဆု	၃၀၀,၀၀၀ ကျပ်
(ဃ) စတုတ္ထဆု	၂၀၀,၀၀၀ ကျပ်
(င) ပဉ္စမဆု	၁၀၀,၀၀၀ ကျပ်

၁၄။ ဝတ္ထုတို(ဝါသနာရှင်) ဆုချီးမြှင့်မည့်နှုန်းထားများ

(က) ပထမဆု	၅၀၀,၀၀၀ ကျပ်
(ခ) ဒုတိယဆု	၄၀၀,၀၀၀ ကျပ်
(ဂ) တတိယဆု	၃၀၀,၀၀၀ ကျပ်
(ဃ) စတုတ္ထဆု	၂၀၀,၀၀၀ ကျပ်
(င) ပဉ္စမဆု	၁၅၀,၀၀၀ ကျပ်
(စ) အထူးဆု(၁)	၁၀၀,၀၀၀ ကျပ်
(ဆ) အထူးဆု(၂)	၁၀၀,၀၀၀ ကျပ်
(ဇ) အထူးဆု(၃)	၁၀၀,၀၀၀ ကျပ်

၁၅။ ဝတ္ထုတို(အလွတ်တန်း) ဆုချီးမြှင့်မည့်နှုန်းထားများ

(က) ပထမဆု	၇၀၀,၀၀၀ ကျပ်
(ခ) ဒုတိယဆု	၅၀၀,၀၀၀ ကျပ်
(ဂ) တတိယဆု	၃၀၀,၀၀၀ ကျပ်
(ဃ) စတုတ္ထဆု	၂၀၀,၀၀၀ ကျပ်
(င) ပဉ္စမဆု	၁၅၀,၀၀၀ ကျပ်

၁၆။ ဝတ္ထုရှည်(ဝါသနာရှင်) ဆုချီးမြှင့်မည့်နှုန်းထားများ

(က) ပထမဆု	၇၀၀,၀၀၀ ကျပ်
(ခ) ဒုတိယဆု	၆၀၀,၀၀၀ ကျပ်
(ဂ) တတိယဆု	၅၀၀,၀၀၀ ကျပ်
(ဃ) စတုတ္ထဆု	၄၀၀,၀၀၀ ကျပ်
(င) ပဉ္စမဆု	၃၀၀,၀၀၀ ကျပ်
(စ) အထူးဆု(၁)	၂၀၀,၀၀၀ ကျပ်
(ဆ) အထူးဆု(၂)	၂၀၀,၀၀၀ ကျပ်
(ဇ) အထူးဆု(၃)	၂၀၀,၀၀၀ ကျပ်

၁၇။ ဝတ္ထုရှည်(ဝါသနာရှင်) ဆုချီးမြှင့်မည့်နှုန်းထားများ

(က) ပထမဆု	၇၀၀,၀၀၀ ကျပ်
(ခ) ဒုတိယဆု	၆၀၀,၀၀၀ ကျပ်
(ဂ) တတိယဆု	၅၀၀,၀၀၀ ကျပ်
(ဃ) စတုတ္ထဆု	၄၀၀,၀၀၀ ကျပ်
(င) ပဉ္စမဆု	၃၀၀,၀၀၀ ကျပ်
(စ) အထူးဆု(၁)	၂၀၀,၀၀၀ ကျပ်
(ဆ) အထူးဆု(၂)	၂၀၀,၀၀၀ ကျပ်
(ဇ) အထူးဆု(၃)	၂၀၀,၀၀၀ ကျပ်

၁၈။ ဝတ္ထုရှည်(အလွတ်တန်း) ဆုချီးမြှင့်မည့်နှုန်းထားများ

(က) ပထမဆု	၁,၀၀၀,၀၀၀ ကျပ်
(ခ) ဒုတိယဆု	၇၀၀,၀၀၀ ကျပ်
(ဂ) တတိယဆု	၆၀၀,၀၀၀ ကျပ်
(ဃ) စတုတ္ထဆု	၅၀၀,၀၀၀ ကျပ်
(င) ပဉ္စမဆု	၄၀၀,၀၀၀ ကျပ်

၁၉။ ပြိုင်ပွဲအသီးသီးတွင် ဆုရရှိသူများအား အခမ်းအနားဖြင့် ဂုဏ်ပြုချီးမြှင့်မည်ဖြစ်သည်။

ပြိုင်ပွဲကျင်းပရေးကော်မတီ

PDF Game ဆော့ကစားခြင်းကြောင့် ဥပဒေအရ အရေးယူခံရနိုင်သည်

အကြမ်းဖက်လုပ်ငန်းများဆောင်ရွက်နေသည့် PDF အဖွဲ့များအား တစ်ဖက်တစ်လမ်းမှ ထောက်ပံ့လှူဒါန်းစေရန်၊ လူငယ်လူရွယ်များ၏ မသိစိတ်များအတွင်း တပ်မတော်အပေါ် အထင်အမြင်လွဲမှားစေရန်နှင့် တော်လှန်လိုစိတ်တိုးပွားလာစေရန် စသည့်ရည်ရွယ်ချက်များဖြင့် NUG၊ CRPH လက်အောက်ခံအကြမ်းဖက် အဖွဲ့အစည်းများက PDF Game Application များ တီထွင်ဖန်တီးအသုံးပြုလျက်ရှိကြောင်း စိစစ်တွေ့ရှိရသည့်အတွက် PDF Game ဆော့ကစားခြင်းသည် အကြမ်းဖက်အဖွဲ့အား ထောက်ပံ့ခြင်းဖြစ်၍ ဥပဒေအရ အရေးယူခံရနိုင်ကြောင်း အသိပေးအပ်ပါသည်။

တစ်ပတ်အတွင်း သတင်းအနှစ်ချုပ်

စာတည်းအဖွဲ့

နိုဝင်ဘာ ၂ ရက်မှ ၈ ရက်အတွင်း ကြေးမုံသတင်းစာတွင် ဖော်ပြခဲ့သည့် သတင်းများအနက် ဘာသာရေး၊ ကြားဖြတ်ရွေးကောက်ပွဲကျင်းပရေး၊ ပို့ဆောင်ရေး၊ ငြိမ်းချမ်းရေး၊ ကျန်းမာရေး၊ စိုက်ပျိုးရေး၊ အွန်လိုင်းလိမ်လည်မှုတိုက်ဖျက်ရေး၊ ဓာတ်အားပျောက်ဆုံးမှုလျော့ချရေး၊ ရိုးရာပွဲစျေးကျင်းပ၊ အခွန်ကင်းလွတ်ခွင့်ကာလတိုးမြှင့်၊ အသိပေးကြေညာခြင်း၊ သတင်းထုတ်ပြန်ခြင်း၊ တရားခံလွှဲပြောင်းပေးအပ်၊ အကြမ်းဖက်တိုက်ခိုက်မှုနှင့် မှုခင်း စသည့်သတင်းများကို စုစည်း၍ တစ်ပတ်အတွင်း သတင်းအနှစ်ချုပ်အဖြစ် ဖော်ပြလိုက်ပါသည်။

ဘာသာရေး

ရန်ကုန်မြို့ ဒဂုံမြို့နယ် မဟာဗန္ဓုလလမ်း/မြို့မကျောင်းလမ်းရှိ အမျိုးသားဇာတ်ရုံ၌ နိုဝင်ဘာ ၆ ရက် ညနေပိုင်းက ဟိန္နုမျိုးနွယ်စုများ စုပေါင်းကျင်းပသည့် ဒီပါဝလီ အထိမ်းအမှတ်အခမ်းအနားသို့ နိုင်ငံတော်သမ္မတ ဦးမင်းအောင်လှိုင်နှင့်ဇနီး ဒေါ်ကြူကြူလှတို့ တက်ရောက်ခဲ့ကြသည်။ အခမ်းအနားတွင် ဒီပါဝလီ မင်္ဂလာမှခံဦးကို စက်ခလုတ်နှိပ် ဖွင့်လှစ်ပေးခြင်း၊ ဆီမီးထွန်းညှိပေးခြင်းနှင့် ဟိန္နုရိုးရာ အစားအသောက်ပြခန်းများ၊ ယဉ်ကျေးမှုအကများကို ကြည့်ရှုအားပေးခြင်းတို့ ဆောင်ရွက်ခဲ့ကြသည်။

ကြားဖြတ်ရွေးကောက်ပွဲကျင်းပရေး

ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်က လွှတ်တော်အသီးသီးတွင် လွှတ်တော်ကိုယ်စားလှယ်လစ်လပ်နေသော မဲဆန္ဒနယ်များအတွက် ကြားဖြတ်ရွေးကောက်ပွဲများကို ၂၀၂၇ ခုနှစ် ဧပြီလ ၄ ရက် (တနင်္ဂနွေနေ့) တွင် ကျင်းပမည်ဖြစ်ကြောင်း ကြေညာချက်အမှတ် (၆၈/၂၀၂၆) ဖြင့် နိုဝင်ဘာ ၅ ရက်တွင် ထုတ်ပြန်ကြေညာခဲ့သည်။

ပို့ဆောင်ရေး

အိုမန်နိုင်ငံ မတ်စကတ်မြို့ရှိ မြို့ပြလေကြောင်းအာဏာပိုင်ရုံးချုပ်၌ မြန်မာနိုင်ငံနှင့် အိုမန်နိုင်ငံတို့အကြား လေကြောင်းပို့ဆောင်ရေး သဘောတူစာချုပ် လက်မှတ်ရေးထိုးခဲ့ကြောင်း နိုဝင်ဘာ ၆ ရက်တွင် သတင်းဖော်ပြခဲ့သည်။ အဆိုပါ သဘောတူစာချုပ်အရ နှစ်နိုင်ငံ သတ်မှတ်ထားသော လေကြောင်းလိုင်းများ ပျံသန်းပြေးဆွဲနိုင်မည်ဖြစ်ရာ ကုန်သွယ်ရေး၊ ခရီးသွားလုပ်ငန်းနှင့် ရင်းနှီးမြှုပ်နှံမှုပူးပေါင်းဆောင်ရွက်မှုများကို အထောက်အကူပြုနိုင်မည်ဖြစ်သည်။

ငြိမ်းချမ်းရေး

ဒုတိယဗိုလ်ချုပ်ကြီးရာပြည့် ဦးဆောင်သော ငြိမ်းချမ်းရေး ကိုယ်စားလှယ်အဖွဲ့သည် ငြိမ်းချမ်းရေးတွေ့ဆုံဆွေးနွေးရန် နိုဝင်ဘာ ၁ ရက်က ရှမ်းပြည်နယ် မိုင်းလားမြို့သို့ သွားရောက်ခဲ့ပြီး အမျိုးသား ဒီမိုကရက်တစ် မဟာမိတ်အဖွဲ့ (NDAA) ဥက္ကဋ္ဌ ဦးထိန်လင်းနှင့် တာဝန်ရှိသူများက ကြိုဆိုခဲ့ကြသည်။

ကျန်းမာရေး

ရန်ကုန်ပြည်သူ့ဆေးရုံကြီး သွေးရောဂါအထူးကုဌာန၊ ခြင်ဆီအစားထိုးဌာနသို့ ၂၀၂၆ ခုနှစ် စက်တင်ဘာလအတွင်း ဆေးရုံတက်ရောက်ခဲ့သည့် ခြင်ဆီကင်ဆာလူနာ ငါးဦးအား ခြင်ဆီအစားထိုးကုသပေးခဲ့ရာ အောင်မြင်စွာကုသနိုင်ခဲ့ပြီး လူနာများ ကျန်းမာရေး ကောင်းမွန်လာသဖြင့် အောက်တိုဘာ ၂၆ ရက်တွင် ဆေးရုံမှဆင်းခွင့် ရရှိခဲ့ကြောင်း နိုဝင်ဘာ ၃ ရက်တွင် သတင်းထုတ်ပြန်ခဲ့သည်။

စိုက်ပျိုးရေး

ရှမ်းပြည်နယ်အတွင်း ၂၀၂၆-၂၀၂၇ ဘဏ္ဍာနှစ်တွင် မိုးစပါးဧက ၁၂သိန်း ၄ သောင်းကျော် စိုက်ပျိုးနိုင်ခဲ့ပြီး ဧက ၃ သိန်း ၇ သောင်းကျော် ရိတ်သိမ်းပြီးစီးခဲ့ကြောင်း၊ ညောင်ရွှေမြို့နယ် တိလောကျေးရွာ၌ နိုဝင်ဘာ ၅ ရက် နံနက်ပိုင်းတွင် ကျင်းပသည့် မိုးစပါး စံကွက်ရိတ်သိမ်းပွဲတွင် ပြည်နယ်ဝန်ကြီးချုပ် ဦးစိုင်းထိန်စိုးက ပြောကြားခဲ့သည်။

အွန်လိုင်းလိမ်လည်မှုတိုက်ဖျက်ရေး

ရှမ်းပြည်နယ် (အရှေ့ပိုင်း) တာချီလိတ်မြို့ ဆန်ဆိုင်း (က) ရဝ်ကွက် ရှိ ယုဝရတ်ဟိုတယ်တွင် အွန်လိုင်းလိမ်လည်လောင်းကစားမှုပြုလုပ်နေသည့် ထိုင်းနိုင်ငံသား အမျိုးသား ၄၂ ဦးနှင့် အမျိုးသမီး ၄၁ ဦး (စုစုပေါင်း ၈၃ ဦး)တို့ကို ၎င်းတို့အသုံးပြုသည့် Laptop အလုံး ၄၀၊ ဖုန်း ၇၅ လုံးတို့နှင့်အတူ အောက်တိုဘာ ၃၁ ရက်တွင် ဖမ်းဆီးရမိခဲ့သည်။

ဓာတ်အားပျောက်ဆုံးမှု လျော့ချရေး

သပၺံနားကျွန်းမြို့နယ်တွင် လစဉ် ဓာတ်အားပျောက်ဆုံးမှု ၁၅ ရာခိုင်နှုန်းကျော်ရှိနေပြီး စက်တင်ဘာလအတွင်း ယူနစ် ၄ ဒသမ ၂ သန်း ပျောက်ဆုံးခဲ့သဖြင့် ဓာတ်အားလေလွင့်ပျောက်ဆုံးမှုလျော့ချရေးနှင့် မိတာဖတ်ချက် မှန်ကန်မှုရှိ/မရှိတို့ကို နိုဝင်ဘာ ၃ ရက်တွင် တာဝန်ရှိသူများက ကွင်းဆင်းကြပ်မတ်စစ်ဆေးခဲ့သည်။

ရိုးရာပွဲစျေးကျင်းပ

မြန်မာ့ယဉ်ကျေးမှုအမွေအနှစ်များ ထိန်းသိမ်းစောင့်ရှောက်ရေး အဖွဲ့က ကြီးမှူးရှု ရန်ကုန်မြို့ မရမ်းကုန်းမြို့နယ် Inya Lake Hotel ဝင်းအတွင်း မြန်မာ့ရိုးရာပွဲစျေး (ဆိုင်ခန်းပေါင်း ၁၅၅ ခန်း) ကို နိုဝင်ဘာ ၆ ရက်မှ ၈ ရက်အထိ စည်ကားသိုက်မြိုက်စွာ ကျင်းပခဲ့သည်။

အခွန်ကင်းလွတ်ခွင့်ကာလ တိုးမြှင့်

ကမ္ဘာ့စက်သုံးဆီစျေးနှုန်း မြင့်တက်နေချိန်တွင် စက်သုံးဆီအသုံးပြုမောင်းနှင်ရသော မော်တော်ယာဉ်များဖြင့် သယ်ယူပို့ဆောင်နေသည့် အခြေခံစားသောက်ကုန်နှင့် ကုန်စည်စျေးနှုန်းများကို ထိန်းညှိပေးနိုင်ရန် အတွက် ဒီဇယ်ဆီတင်သွင်းမှုအပေါ် ကောက်ခံသော အကောက်ခွန်၊ အထူးကုန်စည်ခွန်၊ ကုန်သွယ်လုပ်ငန်းခွန်နှင့် ကြိုတင်ဝင်ငွေခွန် (နှစ်ရာခိုင်နှုန်း)တို့ကို ၁-၁၀-၂၀၂၆ ရက်နေ့မှ ၃၀-၁၁-၂၀၂၆ ရက်နေ့ အထိ အခွန်ကင်းလွတ်ခွင့်ကာလ ထပ်မံတိုးမြှင့်ပေးခဲ့ကြောင်း နိုဝင်ဘာ ၄ ရက်တွင် ထုတ်ပြန်ကြေညာခဲ့သည်။ အလားတူ သဘာဝဓာတ်ငွေ့ရည်နှင့် ဓာတ်မြေဩဇာတင်သွင်းမှုတို့အပေါ်လည်း အခွန်ကင်းလွတ်ခွင့် ကာလ ထပ်မံတိုးမြှင့်ပေးခဲ့သည်။

အသိပေးကြေညာခြင်း

ခရီးသွားပြည်သူများ ဘေးအန္တရာယ်ကင်းရှင်းရေးအတွက် ၁၅ နှစ်ပြည့်ပြီးသည့် သက်တမ်းလွန် CNG ဆလင်ဒါအိုးများကို ၂၀၂၆ ခုနှစ် နိုဝင်ဘာ ၁၅ ရက်မတိုင်မီ အိုးအသစ်လဲလှယ်တပ်ဆင်၍ မော်တော်ယာဉ်သုံး သဘာဝဓာတ်ငွေ့ဌာနတွင် စစ်ဆေးမှုမခံယူပါက CNG သဘာဝဓာတ်ငွေ့ဝယ်ယူခွင့် ပိတ်သိမ်းသွားမည်ဖြစ်ကြောင်း နိုဝင်ဘာ ၂ ရက်တွင် အသိပေးကြေညာခဲ့သည်။

သတင်းထုတ်ပြန်ခြင်း

၂၀၂၆ ခုနှစ် အောက်တိုဘာ ၂၉ ရက်တွင် ၁၂ ဒသမ ၇ မမ စက်သေနတ်ဖြင့် ပစ်ခတ်မှုကြောင့် ထိုင်းပြည်သူတစ်ဦး ထိခိုက်ဒဏ်ရာ ရရှိခဲ့သည့်ဖြစ်စဉ်နှင့်ပတ်သက်၍ နှစ်နိုင်ငံခချစ်ကြည်ရေးပျက်ပြားစေရန် KNU/KNLA နှင့် PDF အမည်ခံများက ရည်ရွယ်ချက်ရှိရှိ ပစ်ခတ်ခဲ့ခြင်းဖြစ်ပြီး မြန်မာ့တပ်မတော်တွင် အဆိုပါလက်နက်အသုံးပြုမှုမရှိကြောင်း နိုဝင်ဘာ ၃ ရက်ခွဲဖြင့် သတင်းထုတ်ပြန်ခဲ့သည်။

တရားခံလွှဲပြောင်းပေးအပ်

မန္တလေးတိုင်းဒေသကြီး သာစည်မြို့နယ် ကျွဲတပ်ဆုံရွာအနီးတွင် မူးယစ်ဆေးဝါးပြစ်မှုကျူးလွန်ပြီး ထိုင်းနိုင်ငံသို့ ထွက်ပြေးတိမ်းရှောင်နေသည့် တရားခံပြေး (အောင်ဇော်မင်းခန့်)ကို ထိုင်းနိုင်ငံ မူးယစ်ဆေးဝါးထိန်းချုပ်ရေးအဖွဲ့က ဗန်ကောက်မြို့ သုဝဏ္ဏဘူမိအပြည်ပြည်ဆိုင်ရာလေဆိပ်၌ မြန်မာနိုင်ငံရဲတပ်ဖွဲ့ထံသို့ နိုဝင်ဘာ ၄ ရက်တွင် ပြန်လည်လွှဲပြောင်းပေးအပ်ခဲ့သည်။

အကြမ်းဖက်တိုက်ခိုက်မှု

အကြိမ်ကြိမ် ဖောက်ခွဲဖျက်ဆီးခံခဲ့ရသည့် ၂၃၀ ကေဗွီ တောင်ငူ-သာယာကုန်း ဓာတ်အားလိုင်းတာဝါတိုင်များကို လျှပ်စစ်နှင့် စွမ်းအင်ဝန်ကြီးဌာနက ပြန်လည်ပြုပြင်နေစဉ် နိုဝင်ဘာ ၁ ရက် နံနက် ၁၀ နာရီ ၅၈ မိနစ်ခန့်တွင် FPV Drone များဖြင့် တိုက်ခိုက်ခံခဲ့ရသဖြင့် Wheel Loader အပါအဝင် စက်ကိရိယာနှင့် ယာဉ်ယန္တရားများ ပျက်စီးခဲ့ရသည်။ ယင်းသို့ တိုက်ခိုက်ခံရသော်လည်း အဆိုပါဓာတ်အားလိုင်း ပြုပြင်ပြီးစီးပါက မဂ္ဂါဝပ် ၂၀၀ ခန့် ပိုမိုပို့လွှတ်နိုင်မည်ဖြစ်သဖြင့် အခက်အခဲ အမျိုးမျိုးကြားမှ ဆက်လက်ကြိုးစား ပြုပြင်သွားမည်ဖြစ်ကြောင်း နိုဝင်ဘာ ၁ ရက်တွင် သတင်းဖော်ပြခဲ့သည်။

မှုခင်း

ရန်ကုန်တိုင်းဒေသကြီး လမ်းမတော်မြို့နယ် အမှတ် (၁၁) ရပ်ကွက်တွင် နိုဝင်ဘာ ၂ ရက်က အမျိုးသားတစ်ဦးအား ဓားဖြင့်ထိုး၍သတ်ဖြတ်ကာ လုယက်မှုကျူးလွန်ခဲ့သည့် တရားခံ အမျိုးသား သုံးဦးကို သက်သေခံပစ္စည်းများဖြစ်သည့် ဘဏ်စာအုပ်၊ လက်ကိုင်ဖုန်းတို့နှင့်အတူ နိုဝင်ဘာလ ၅ ရက်နှင့် ၆ ရက်တို့တွင် ဖမ်းဆီးရမိခဲ့သည်။

အင်္ဂပူမြို့နယ်၌ အမြင့်တင်ရေစင်တည်ဆောက်

အင်္ဂပူ နိုဝင်ဘာ ၉

သမဝါယမနှင့် ကျေးလက်ဖွံ့ဖြိုးရေးဝန်ကြီးဌာန အင်္ဂပူမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ ရေလဲအောက်စုကျေးရွာတွင် အယ်လ်နီညိုရာသီဥတုကြောင့် ရေရှားပါးပြတ်လပ်မှု မဖြစ်ပေါ်စေရေး အတွက် အမြင့်တင်ရေစင် (ရေစက်ရုံတွဲလျက်) တည်ဆောက်ခြင်းလုပ်ငန်းကို ဆောင်ရွက်ခဲ့သည်။

အဆိုပါလုပ်ငန်း ဆောင်ရွက်နေမှုကို မြို့နယ်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာနမှုးက ကြည့်ရှုစစ်ဆေးကာ ပြည်သူများအား အမြင့်တင်ရေစင်တည်ဆောက်ပေးရခြင်း ရည်ရွယ်ချက်များ၊ ရေကိုအကျိုးရှိစွာ အသုံးပြုရေးနှင့် အယ်လ်နီညိုရာသီဥတုကြောင့် ရေရှားပါးပြတ်လပ်မှု အတွက် အသိပေးနှိုးဆော်ချက်များကို ရှင်းလင်းပြောကြားသည်။



အဆိုပါလုပ်ငန်းကို ၂၀၂၆ - ၂၀၂၇ခုနှစ် ငွေလုံးငွေရင်း(မူလ) ရန်ပုံငွေကျပ် ၃၁ ဒသမ ၈၈ သန်း ဖြင့် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာနက တည်ဆောက်ပေးခဲ့ကြောင်း သိရသည်။ **မန်းကျော်(ပြန်/ဆက်)**

ကန်ကြီးထောင့်မြို့နယ်၌ စက်သုံးဆီအရောင်းဆိုင်များ ကွင်းဆင်းစစ်ဆေး

ကန်ကြီးထောင့် နိုဝင်ဘာ ၉

ဧရာဝတီ တိုင်းဒေသကြီး ကန်ကြီးထောင့်မြို့နယ် အတွင်း အယ်လ်နီညိုရာသီဥတု ဖြစ်စဉ်ကြောင့် အပူချိန်မြင့်မားလျက်ရှိရာ မီးလောင်မှုနှင့် မီးလန့်မှုများမဖြစ်ပေါ်စေရေးအတွက် ယမန်နေ့နံနက် ပိုင်းတွင် တာဝန်ရှိသူများက စက်သုံးဆီ အရောင်းဆိုင်များသို့ သွားရောက်၍ မီးဘေးလုံခြုံရေး ကွင်းဆင်းစစ်ဆေးသည်။

ထိုသို့ စစ်ဆေးဆောင်ရွက်ရာတွင် ပုသိမ်ခရိုင် မီးသတ်ဦးစီးမှူး ဦးဆောင်၍ မြို့နယ်မီးသတ်ဦးစီးမှူးနှင့် သန္ဓေမီးသတ်တပ်ဖွဲ့ဝင်များက ကန်ကြီးထောင့်မြို့နယ်အတွင်းရှိစက်သုံးဆီအရောင်းဆိုင်များသို့ သွားရောက်ကာ မီးဘေးလုံခြုံရေး စည်းကမ်းချက်များနှင့် အညီ ဆောင်ရွက်ထားမှု ရှိ/မရှိ၊ မီးသတ်ဆေးဘူးများ အလွယ်တကူ အသင့်အသုံးပြုနိုင်ရေး ဆောင်ရွက်ထားမှု ရှိ/မရှိနှင့် မီးသတ်ရေလှောင်ကန်များ တွင် ရေဖြည့်တင်းထားမှု အခြေအနေများကို စစ်ဆေးခဲ့ကြသည်။



ထို့ပြင် မီးလောင်မှုဖြစ်ပွားပါက ချက်ခြင်းတုံ့ပြန် မီးငြိမ်းသတ်နိုင်ရေးအတွက် အပေါ့စားမီးသတ်စက်ဖြင့် Foam အမြှုပ်ဆေးရည် လက်တွေ့အသုံးပြု မီးငြိမ်းသတ်နည်းများကို ဆိုင်ဝန်ထမ်းများနှင့် အတူ လက်တွေ့စစ်သပ်ဆောင်ရွက်ခဲ့ကြကြောင်း သိရသည်။

ကျော်ဇင်စိုး(ပြန်/ဆက်)

❑ MFFမှ

SGF Youth အသင်းက မာရိန်းအသင်းကို လေးဂိုး-တစ်ဂိုး၊ Pacific Sun Far အသင်းက ရွှေပြည်သာယာနိုက်တက်အသင်းကို ငါးဂိုး-လေးဂိုး၊ FFU မင်းမဟော်အသင်းက TKA Star အသင်းကို လေးဂိုး-နှစ်ဂိုးဖြင့် အနိုင်ရရှိသည်။

ပွဲစဉ် ၁၈ အပြီးတွင် SGF Youth အသင်းက ၄၇ မှတ်၊ Victoria အသင်းက ၄၄ မှတ်၊ FFU မင်းမဟော်အသင်းနှင့် Pacific Sun Far အသင်းက ၃၅ မှတ်၊ Mahar Burma အသင်းက ၃၄ မှတ်၊ United City အသင်းက ၂၈ မှတ်၊ Avengers Junior အသင်းက ၂၇ မှတ်၊ Jullniss အသင်းက ၂၄ မှတ်၊ TKA Star အသင်းက ၁၉ မှတ်၊ ဘူမိပို့အသင်းက ၁၀ မှတ်၊ မာရိန်း အသင်းက ငါးမှတ်၊ ရွှေပြည်သာယာနိုက်တက် အသင်းက လေးမှတ်ရရှိထားသည်။

သတင်း - ရှိုင်းထက်ဇော်၊ ဓာတ်ပုံ - MFF

နိုင်ငံတော်တည်ငြိမ်ရေးနှင့် နယ်မြေအေးချမ်းသာယာရေးအတွက် စစ်ဆင်ရေးတာဝန်များကို ရဲဝံစွန့်စားစွာ ထမ်းဆောင်ခဲ့သည့် ရှေ့တန်းပြန် နိုင်ငံ့သားကောင်းတပ်မတော်သားများအား ဂုဏ်ပြုကြိုဆိုပွဲကျင်းပ



နေပြည်တော် နိုဝင်ဘာ ၈

နိုင်ငံတော် တည်ငြိမ်ရေးနှင့် နယ်မြေ အေးချမ်းသာယာရေး အတွက် နယ်မြေလုံခြုံရေးတာဝန်များကို သက်စွန့်ကြိုးပမ်း ထမ်းဆောင်ခဲ့သည့် ရှေ့တန်းပြန် နိုင်ငံ့သားကောင်း တပ်မတော်သားများအား ဂုဏ်ပြုကြိုဆိုခြင်း အခမ်းအနားကို ယနေ့နံနက်ပိုင်းတွင် နေပြည်တော်ကောင်စီ နယ်မြေ ဧရိယာသီရိမြို့နယ်ရှိ နယ်မြေခံတပ်ရင်းခြံ ပြုလုပ်ရာ နေပြည်တော်တိုင်း စစ်ဌာနချုပ် တိုင်းမှူး ဗိုလ်မှူးချုပ် ကျော်စိုးလင်းနှင့် တာဝန်ရှိသူများ၊ အရာရှိ၊ စစ်သည်၊ မိသားစုဝင်များ၊ ဌာနဆိုင်ရာတာဝန်ရှိသူများ၊ ကျောင်းသား ကျောင်းသူများနှင့် ဒေသခံ ပြည်သူများ တက်ရောက်ကြသည်။

ဂုဏ်ပြုကြိုဆို

တိုင်းဒေသကြီးနှင့် ပြည်နယ် အသီးသီးရှိ တိုင်းရင်းသားပြည်သူများ စိတ်အေးချမ်းသာစွာ နေထိုင်လုပ်ကိုင် စားသောက်နိုင်ရေး၊ အသက်အိုးအိမ် စည်းစိမ်ဥစ္စာ လုံခြုံမှုရှိစေရေး၊ နယ်မြေအေးချမ်း သာယာရေးတို့အတွက် အမျိုးဘာသာ သာသနာကို ကာကွယ်စောင့်ရှောက်လိုသည့် စိတ်ဓာတ်များဖြင့် ရှေ့တန်းစစ်မျက်နှာများတွင် စစ်ဆင်ရေးတာဝန်များကို ရဲဝံစွန့်စားစွာ ထမ်းဆောင်ခဲ့သော ရှေ့တန်းပြန် တပ်မတော်သားများအား တိုင်းမှူးနှင့် တက်ရောက်လာကြသူများက အောင်သပြေခက်ကမ်းရှိလည်းကောင်း၊ အိုးစည်ဒိုးပတ် အတီး၊ အမှုတ်၊ အက၊ အခုန်များဖြင့် လည်းကောင်း ဝမ်းမြောက်စွာ သောင်းသောင်းဖြဖြ ဂုဏ်ပြုကြိုဆိုကြသည်။ ယင်းနောက် တိုင်းမှူးက အောင်ပွဲရှေ့တန်းပြန် တပ်မတော်သားများအား ဂုဏ်ပြုအမှာစကား ပြောကြားပြီး ဂုဏ်ပြုချီးမြှင့်ငွေများ ပေးအပ်ခဲ့ကြောင်း သိရသည်။

သတင်းစဉ်

နိုင်ငံတော်တည်ငြိမ်ရေးနှင့် နယ်မြေအေးချမ်းသာယာရေးအတွက် စစ်ဆင်ရေးတာဝန်များကို စွမ်းစွမ်းတမံ ထမ်းဆောင်ခဲ့သည့် ရှေ့တန်းပြန် နိုင်ငံ့သားကောင်းတပ်မတော်သားများအား ဂုဏ်ပြုကြိုဆို



နေပြည်တော် နိုဝင်ဘာ ၈

နိုင်ငံတော် တည်ငြိမ်ရေးနှင့် နယ်မြေ အေးချမ်းသာယာရေး အတွက် နယ်မြေလုံခြုံရေး တာဝန်များကို ထမ်းဆောင်၍ ပြန်လည် ရောက်ရှိလာသော ရှေ့တန်းပြန် နိုင်ငံ့သားကောင်း တပ်မတော်သားများအား ဂုဏ်ပြုကြိုဆိုခြင်း အခမ်းအနားကို ယနေ့နံနက်ပိုင်းတွင် ပဲခူးတိုင်းဒေသကြီး သဲကုန်းမြို့နယ် အင်းမမြို့ရှိ နယ်မြေခံတပ်ရင်း၌ ပြုလုပ်ရာ တောင်ပိုင်းတိုင်းစစ်ဌာနချုပ်မှ တာဝန်ရှိသူများ၊ အရာရှိ၊ စစ်သည်၊ မိသားစုဝင်များ၊ ဌာနဆိုင်ရာတာဝန်ရှိသူများ၊ မြန်မာနိုင်ငံရဲတပ်ဖွဲ့ဝင်များ၊ မြန်မာနိုင်ငံ စစ်မှုထမ်းဟောင်းအဖွဲ့ဝင်များ၊ လူမှုရေးအသင်းအဖွဲ့များ၊ ကျောင်းသား ကျောင်းသူများနှင့် ဒေသခံပြည်သူများ တက်ရောက်ကြသည်။

တိုင်းဒေသကြီးနှင့် ပြည်နယ် အသီးသီးရှိ တိုင်းရင်းသားပြည်သူများ စိတ်အေးချမ်းသာစွာ နေထိုင်လုပ်ကိုင် စားသောက်နိုင်ရေးနှင့် အသက်အိုးအိမ် စည်းစိမ်ဥစ္စာ လုံခြုံမှုရှိစေရေး၊ နယ်မြေအေးချမ်း သာယာရေးအတွက် ရှေ့တန်း စစ်မျက်နှာများတွင် စစ်ဆင်ရေး တာဝန်များကို နေ့မအား၊ ညမနား စွမ်းစွမ်းတမံ တာဝန်ထမ်းဆောင်ခဲ့သော ရှေ့တန်းပြန် တပ်မတော်သားများအား တက်ရောက်လာကြသူများက အောင်သပြေခက်ကမ်း၌လည်းကောင်း၊ တိုင်းရင်းသားရိုးရာ အတီး၊ အမှုတ်၊ အက၊ အခုန်များဖြင့် လည်းကောင်း သောင်းသောင်းဖြဖြ ဂုဏ်ပြုကြိုဆိုကြသည်။ ယင်းနောက် တိုင်းစစ်ဌာနချုပ်မှ တာဝန်ရှိသူ တစ်ဦးက အောင်ပွဲရရှေ့တန်းပြန် တပ်မတော်သားများအား ဂုဏ်ပြုအမှာစကားပြောကြားပြီး ဂုဏ်ပြုချီးမြှင့်ငွေများ ပေးအပ်ခဲ့ကြောင်း သိရသည်။

သတင်းစဉ်

ကျုံပျော်မြို့၌ ပြည်သူများထံသို့ စားအုန်းဆီရောင်းချမှု စနစ်တကျရှိရေး ကွင်းဆင်းစစ်ဆေး



ကျုံပျော် နိုဝင်ဘာ ၈

ဧရာဝတီတိုင်းဒေသကြီး ကျုံပျော်မြို့နယ်၌ ပြည်သူများထံသို့ စားအုန်းဆီရောင်းချပေးနေမှု စနစ်တကျရှိစေရေး တာဝန်ရှိသူများက ကွင်းဆင်းစစ်ဆေးခြင်းကို ယနေ့နံနက်ပိုင်းက ဆောင်ရွက်သည်။

ထိုသို့စစ်ဆေးရာတွင် ကျုံပျော်ခရိုင် စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေး ကော်မတီဥက္ကဋ္ဌ ဦးစောထွန်းဝင်းနှင့်တာဝန်ရှိသူများက အောင်ဆန်းရပ်ကွက် အိမ်ထောင်စုများသို့ စားအုန်းဆီထုတ်ယူခွင့်စာအုပ်ဖြင့် ရောင်းချပေးနေမှု၊ ထိန်ငူကြီးနှင့် လှည်းဆိပ်ကျေးရွာအုပ်စုတို့မှ လက်လီကိုယ်စားလှယ်များထံ စားအုန်းဆီရောင်းချပေးနေမှုနှင့် ရပ်ကွက်များအတွင်းရှိ မုန့်လုပ်ငန်းငယ်များသို့ လုပ်ငန်းသုံးဆီထုတ်ပေးနေမှုအခြေအနေတို့ကို ကွင်းဆင်းစစ်ဆေးခဲ့ကြောင်း သိရသည်။ မြို့နယ်(ပြန်/ဆက်)

နတ်မောက်မြို့နယ်၌ ကျောင်းသား ကျောင်းသူများအား နိုင်ငံသားစိစစ်ရေးကတ်နှင့် UID ကတ်ထုတ်ပေး

နတ်မောက် နိုဝင်ဘာ ၈

မကွေးတိုင်းဒေသကြီး နတ်မောက်မြို့နယ် ထနောင်းကုန်းကျေးရွာ အခြေခံပညာအထက်တန်းကျောင်း(ခွဲ)ရှိ ကျောင်းသား ကျောင်းသူများအား နိုင်ငံသားအခွင့်အရေးနှင့် သက်သေခံအထောက်အထားများ ရရှိစေရန်အတွက် နိုင်ငံသားစိစစ်ရေးကတ်နှင့် UID ကတ်ထုတ်ပေးခြင်းကို ယမန်နေ့နံနက် ၁၀ နာရီက လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန နတ်မောက်မြို့နယ် ဦးစီးမှူးရုံး၌ ဆောင်ရွက်ပေးခဲ့သည်။

ထိုသို့ဆောင်ရွက်ပေးရာတွင် လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန နတ်မောက်မြို့နယ်ရုံး ဦးစီးအရာရှိ ဦးညီညီလွင်က ကြီးကြပ်ဆောင်ရွက်ပြီး ရုံးဝန်ထမ်းများက ကျောင်းသား ကျောင်းသူများအား နိုင်ငံသားကတ်ထုတ်ပေးရေးလုပ်ငန်းစဉ်အဆင့်ဆင့်နှင့် နိုင်ငံသားစိစစ်ရေးကတ်ရှိပြီးသူများအား e-ID စနစ်ဖြင့် UID ကောက်ယူခြင်းကို နေချင်းပြီးဆောင်ရွက်ခဲ့ရာ အထက(ခွဲ)ထနောင်းကုန်းကျောင်းရှိ အသက်(၁၀)နှစ်ပြည့်ပြီး နိုင်ငံသားစိစစ်ရေးကတ် မရှိသေးသည့် ကျောင်းသား ကျောင်းသူ စုစုပေါင်း ၇၃ ဦးတို့အား နိုင်ငံသားစိစစ်ရေးကတ်နှင့် UID ကတ်များ ဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။

လှဝင်း(နတ်မောက်)



မင်းလှမြို့နယ်၌ ရေစုဆောင်းခြင်းနှင့် ရေဖြန့်ဝေရေးလုပ်ငန်းများ ကြိုတင်ပြင်ဆင် ဆောင်ရွက်နေမှု ကွင်းဆင်းစစ်ဆေး

မင်းလှ နိုဝင်ဘာ ၈

မကွေးတိုင်းဒေသကြီး မင်းလှမြို့နယ် စည်ပင်သာယာရေးအဖွဲ့က အယ်လ်နီညိုဖြစ်စဉ်ကြောင့် ရပ်ကွက်နေပြည်သူများ သောက်သုံးရေ ပြတ်လပ်မှု မဖြစ်ပေါ်စေရေးအတွက် နိုဝင်ဘာ ၆ ရက်က ရေဖြန့်ဝေရေးလုပ်ငန်းများ ကြိုတင်ပြင်ဆင်ထားရှိမှုနှင့် ရေစုဆောင်းခြင်းလုပ်ငန်းများ ကွင်းဆင်းစစ်ဆေးသည်။

ထိုသို့ဆောင်ရွက်ရာတွင် မင်းလှမြို့နယ် စည်ပင်သာယာရေးအဖွဲ့အစည်းအရာရှိ လက်ထောက်ညွှန်ကြားရေးမှူး ဦးဉာဏ်ဦးဦးဆောင်၍ လက်ထောက်အင်ဂျင်နီယာ ဦးညီညီထွန်းနှင့် ဝန်ထမ်းများအဖွဲ့က အယ်လ်နီညိုကြောင့် ရေအရင်းအမြစ်များကျဆင်းခြင်းတို့ ဖြစ်ပေါ်လာနိုင်သည့်အတွက် မြို့ပေါ်ရပ်ကွက်နေပြည်သူများအား သောက်သုံးရေပြတ်လပ်မှု မဖြစ်ပေါ်စေရန် မြစ်ရေကျချိန်တွင် မြို့ရေပေးဝေရေးလုပ်ငန်းရှိ ပွန်တွန်းများတွင် ထပ်မံလိုအပ်မည့် ရေတင်ပိုက်လိုင်းများနှင့် မီးလိုင်းများ အသင့်အနေအထားအသုံးပြုနိုင်ရေး၊ အရေးပေါ် ရေစုကန်များနှင့် အများသုံးကန်များတွင် ရေအပြည့်ရှိနေစေရေး၊ ရေဖြန့်ဝေပေးနေသော ရေပိုက်လိုင်းများ သတ်မှတ်ချိန်အတိုင်း ကန့်သတ်ချက်ဖြင့် စနစ်တကျသောက်သုံးရေဖြန့်ဝေပေးနိုင်ရေးအတွက် ကြိုတင်ပြင်ဆင်ဆောင်ရွက်ထားရှိမှုများကို ကွင်းဆင်းစစ်ဆေးခဲ့ကြောင်း သိရသည်။

ရဲဝင်းနိုင်(ညောင်ဦး)



ဘင်္ဂလားဒေ့ရှ်နိုင်ငံရှိ မူလတန်းကျောင်းသား ၂၆ သန်း၏ ပညာရေးအရည်အသွေးမြှင့်တင်ရန် ကမ္ဘာ့ဘဏ်က ဒေါ်လာ သန်း ၃၀၀ ထောက်ပံ့မည်



ဒါကာ နိုဝင်ဘာ ၉

ဘင်္ဂလားဒေ့ရှ်နိုင်ငံရှိ မူကြို့အဆင့်မှ ငါးတန်းအထိ ပညာသင်ကြားနေသည့် ကလေးငယ် ၂၆ သန်း၏ သင်ယူမှုရလဒ်များ ပိုမိုကောင်းမွန်လာစေရန် ကမ္ဘာ့ဘဏ်အုပ်စု၏ အမှုဆောင်ဒါရိုက်တာ ဘုတ်အဖွဲ့က အမေရိကန်ဒေါ်လာ သန်း ၃၀၀ ထောက်ပံ့ရန် အတည်ပြုခဲ့ကြောင်း သိရသည်။

အရည်အသွေးမြင့် မူလတန်းပညာရေးသည် ကမ္ဘာ့အဆင့်မီ ယှဉ်ပြိုင်နိုင်စွမ်းရှိစေရေးအတွက် အခြေခံအုတ်မြစ်များအနက် တစ်ခုဖြစ်ကြောင်း ဘင်္ဂလားဒေ့ရှ်နှင့် ဘူတန်နိုင်ငံဆိုင်ရာ ကမ္ဘာ့ဘဏ် ဌာနခွဲ ဒါရိုက်တာ ဂျင်းပီစီဂိက ပြောကြားခဲ့သည်။

အဆိုပါအစီအစဉ်မှတစ်ဆင့် ကျောင်းသားများ အနေဖြင့် ၎င်းတို့၏ အတန်းအဆင့်နှင့် ကိုက်ညီသည့် စာဖတ်ခြင်း၊ စာရေးခြင်းနှင့် သခ်ၤာဘာသာရပ်ဆိုင်ရာ အခြေခံကျွမ်းကျင်မှုများ ရရှိလာစေရန် ဆောင်ရွက်ပေးမည်ဖြစ်ကြောင်း ကမ္ဘာ့ဘဏ်၏ ထုတ်ပြန်ချက်တွင် ဖော်ပြထားသည်။

ထို့ပြင် အခြေခံစာတတ်မြောက်မှုနှုန်း ကိန်းဂဏန်းတွက်ချက်မှုဆိုင်ရာ သင်ကြားရေးအစီအစဉ်များကို အကောင်အထည်ဖော်သွားမည်ဖြစ်ပြီး သင်ထောက်ကူပစ္စည်းများ၊ စနစ်တကျရေးဆွဲထားသည့် သင်ခန်းစာအစီအစဉ်များနှင့် ဆရာဆရာမများအတွက် လေ့ကျင့်သင်ကြားမှုများလည်း ပါဝင်မည်ဖြစ်သည်။

အဆိုပါအစီအစဉ်ကြောင့် အစိုးရမူလတန်းကျောင်းများတွင် အလုပ်အကိုင်အခွင့်အလမ်း ၈၄၃၀၀၀ ထပ်မံဖန်တီးပေးနိုင်မည့်အပြင် လစာပိုမိုကောင်းမွန်သည့် အလုပ်အကိုင်များလည်း ရရှိလာမည်ဖြစ်ကြောင်း သိရသည်။ **ဆင်ဟွာ**

ဗီယက်နမ်နှင့် ဂျပန်နိုင်ငံတို့အကြား တစ်ပိုင်းလျှပ်ကူးပစ္စည်းနှင့် AI နည်းပညာကဏ္ဍများတွင် ရင်းနှီးမြှုပ်နှံမှုနှင့် ပူးပေါင်းဆောင်ရွက်မှုတိုးမြှင့်ရန် မျှော်လင့်

ဟနွိုင်း နိုဝင်ဘာ ၉

တစ်ပိုင်းလျှပ်ကူးပစ္စည်းနှင့် ဉာဏ်ရည်တုနည်းပညာ(AI) အပါအဝင် ခေတ်မီနည်းပညာကဏ္ဍများတွင် ဂျပန်နိုင်ငံ၏ ရင်းနှီးမြှုပ်နှံမှုနှင့် ပူးပေါင်းဆောင်ရွက်မှုများ ပိုမိုတိုးမြှင့်လာရန် မျှော်လင့်ကြောင်း ဗီယက်နမ်သမ္မတ တိုလမ်က ပြောကြားခဲ့သည်။

ဗီယက်နမ်သမ္မတ တိုလမ်က ဂျပန်နိုင်ငံသို့ လေးရက်ကြာသွားရောက်မည့် ခရီးစဉ်မတိုင်မီ ဗီယက်နမ်နိုင်ငံ ဟနွိုင်းမြို့တွင် အင်ဒိုအိတ်ချ်ကေ သတင်းဌာနနှင့် တွေ့ဆုံမေးမြန်းရာ၌ အထက်ပါအတိုင်း ပြောကြားခဲ့ခြင်းဖြစ်သည်။

ခရီးစဉ်အတွင်း ၎င်းသည် ဂျပန်ဧကရာဇ် နာရူဟီတိုနှင့် ဧကရီမာဆာကို တို့နှင့် တွေ့ဆုံမည်အပြင် ဝန်ကြီးချုပ် တာကာချိ ဆာနေးနှင့်လည်း ထိပ်သီးဆွေးနွေးပွဲ ပြုလုပ်သွားမည်ဖြစ်သည်။

ယခုခရီးစဉ်သည် နှစ်နိုင်ငံဆက်ဆံရေးကို ပိုမိုခိုင်မာအားကောင်းစေပြီး နှစ်နိုင်ငံပြည်သူများအတွက် အကျိုးကျေးဇူးများစွာ ရရှိစေမည်ဟု ယုံကြည်ကြောင်း သမ္မတ တိုလမ်က ပြောကြားခဲ့သည်။

နှစ်နိုင်ငံအကြား စီးပွားရေးဆက်ဆံမှုများ တိုးတက်လာခြင်းကိုလည်း ကြိုဆိုခဲ့ပြီး ယခုနှစ် နှစ်နိုင်ငံကုန်သွယ်မှုပမာဏသည် ပြီးခဲ့သည့်လအထိ အမေရိကန်ဒေါ်လာ ဘီလီယံ ၅၀ နီးပါး ရှိခဲ့ကြောင်းကိုလည်း ထပ်လောင်းပြောကြားခဲ့သည်။

ထို့ပြင် ဗီယက်နမ်နိုင်ငံအနေဖြင့် တစ်ပိုင်းလျှပ်ကူးပစ္စည်း၊ ဉာဏ်ရည်တုနည်းပညာနှင့် သန့်ရှင်းသောစွမ်းအင်ကဲ့သို့အဆင့်မြင့်နည်းပညာကဏ္ဍများတွင် လူ့စွမ်းအားအရင်းအမြစ်များ ဖွံ့ဖြိုးတိုးတက်စေရန်နှင့် နည်းပညာစွမ်းရည်မြှင့်တင်ရန် လိုအပ်နေသဖြင့် ဂျပန်စီးပွားရေးလုပ်ငန်းများအနေဖြင့် ရင်းနှီးမြှုပ်နှံမှုနှင့် ပူးပေါင်းဆောင်ရွက်မှုများ တိုးချဲ့လုပ်ဆောင်ရန် မျှော်လင့်ကြောင်း ၎င်းက ပြောကြားခဲ့သည်။

အရှေ့အလယ်ပိုင်းဒေသနှင့် အခြားဒေသများတွင် နိုင်ငံတကာအခြေအနေများ မတည်ငြိမ်မှု ပိုမိုမြင့်တက်လာခြင်းနှင့်ပတ်သက်၍လည်း ကမ္ဘာ့အခြေအနေများ မရေရာမှုကင်းစင်သွားသည်အထိ စောင့်ဆိုင်းနေပါက ဗီယက်နမ်နိုင်ငံအနေဖြင့် တိုးတက်မှုရရှိနိုင်မည်မဟုတ်ကြောင်း ၎င်းက ပြောကြားခဲ့သည်။

ထို့ကြောင့် ဗီယက်နမ်နိုင်ငံသည် ရှေ့ဆက်တိုးတက်နိုင်ရေး အတွက် ကြိုးပမ်းဆောင်ရွက်သွားမည်ဖြစ်ကြောင်း သမ္မတတိုလမ်က အလေးပေးပြောကြားခဲ့သည်။ **အင်နိုအိတ်ချ်ကေ**

စပိန်၌ လူသားနှင့် ဒီဂျစ်တယ်နည်းပညာပေါင်းစပ်၍ ရောဂါကုသရေး ဆောင်ရွက်

ဘာစီလိုနာ နိုဝင်ဘာ ၉

စပိန်နိုင်ငံ ဘာစီလိုနာမြို့ရှိ ဆေးရုံတစ်ရုံတွင် လူသားနှင့် ဒီဂျစ်တယ်နည်းပညာပေါင်းစပ်၍ ရောဂါဖြစ်ပွားမှုအခြေအနေ အကဲဖြတ်လေ့လာခြင်းနှင့် ကုထုံးများသတ်မှတ်ခြင်းတို့ကို နည်းပညာလုပ်ငန်းများနှင့် ပူးပေါင်းဆောင်ရွက်မည်ဖြစ်ကြောင်း အဆိုပါဆေးရုံ၏ ထုတ်ပြန်ချက်အရ သိရသည်။

ပညာရှင်များအနေဖြင့် ကွန်ပျူတာအသုံးပြု၍ လူသားများ၏ ခန္ဓာကိုယ်အစိတ်အပိုင်းပုံတူများနှင့် တစ်ဦးချင်းစီအလိုက် ရောဂါဖြစ်ပွားမှုအခြေအနေများကို လေ့လာသုံးသပ်မည်ဖြစ်ကြောင်း ဗောဒီဟီဗရွန်ဆေးရုံ ဓာတ်မှန်ဌာနမှ ညွှန်ကြားရေးမှူး ဒေါက်တာ မန်နယ်အက်ကိုဗာက ပြောကြားသည်။

ဝေဒနာရှင်တစ်ဦးချင်းစီအတွက် မည်သည့်ကုထုံးသည် အကောင်းဆုံးဖြစ်ကြောင်းနှင့် အဆိုပါကုထုံးဖြင့်ကုသမှုကြောင့် ဝေဒနာရှင်များ၏ ရောဂါပျောက်ကင်းမှုအခြေအနေ မည်သို့ရှိသည်ကို လေ့လာဆန်းစစ်မည်ဖြစ်ကြောင်း ၎င်းက ပြောကြားသည်။ ဒီဂျစ်တယ်နည်းပညာဖြင့် ဖန်တီးထားသည့် ခန္ဓာကိုယ်အစိတ်အပိုင်းများနှင့် ဇီဝဖြစ်စဉ်များကို ဝေဒနာရှင်တစ်ဦးချင်းစီမှ ရရှိသည့် ဆေးပညာဆိုင်ရာရုပ်ပုံများ၊ ဆေးဝါးကုသရေးဆိုင်ရာ အချက်အလက်များနှင့် မျိုးဗီဇဆိုင်ရာ အချက်အလက်များကို အခြေခံ၍ ဖန်တီးထားခြင်းဖြစ်ကြောင်း သိရသည်။ **ဆင်ဟွာ**

အမေရိကန်နှင့် အီရန်နိုင်ငံတို့အကြား ပဋိပက္ခအဆုံးသတ်ရေး ဆွေးနွေးမှုများ ဆက်လက်လုပ်ဆောင်နေဟု ကာတာ ပြောကြား

ဒိုဟာ နိုဝင်ဘာ ၉

အမေရိကန်နှင့် အီရန်နိုင်ငံတို့အကြား ပဋိပက္ခအဆုံးသတ်ရေး ကြားဝင်စေ့စပ်ပေးနေသည့် ကာတာနိုင်ငံက နှစ်နိုင်ငံအကြား ဆွေးနွေးမှုများ ဆက်လက်လုပ်ဆောင်နေကြောင်း ယနေ့ ပြောကြားခဲ့သည်။

အမေရိကန်သမ္မတ ဒေါ်နယ်ထရမ့်က အီရန်နိုင်ငံအပေါ် ထပ်မံတိုက်ခိုက်မှုများ ပြုလုပ်သင့်၊ မပြုလုပ်သင့်ကို မကြာမီ ဆုံးဖြတ်သွားမည်ဖြစ်ကြောင်း နိုဝင်ဘာ ၇ ရက်က ပြောကြားခဲ့ပြီးနောက် ကာတာနိုင်ငံက အထက်ပါအတိုင်း ထုတ်ပြန်ခဲ့ခြင်းဖြစ်သည်။

ကာတာနိုင်ငံ၏ ထုတ်ပြန်ချက်တွင် ကြားဝင်စေ့စပ်သူများသည် သဘောတူညီချက်တစ်ရပ် ရရှိရေးအတွက် နှစ်ဖက်စလုံးနှင့် နီးကပ်စွာ ဆက်သွယ်ညှိနှိုင်းလျက်ရှိကြောင်း ဖော်ပြထားသည်။

အမေရိကန်သတင်းဝက်ဘ်ဆိုက် Axios ၏ ဖော်ပြချက်အရ ကြားဝင်စေ့စပ်သူများသည် နှစ်ဖက်အကြား အပြန်အလှန်ယုံကြည်မှုတည်ဆောက်နိုင်ရန် နှစ်ရက်တာအတွင်း အဆင့်လိုက်ဆောင်ရွက်မည့် အစီအစဉ်များနှင့်ပတ်သက်၍ ဝါရှင်တန်နှင့် တီဟီရန်တို့ကို ဆက်လက်ညှိနှိုင်းပေးလျက်ရှိသည်။

အဆိုပြုထားသည့် အစီအစဉ်များတွင် အမေရိကန်က အီရန်နိုင်ငံအပေါ် ချမှတ်ထားသည့် ရေတပ်ပိတ်ဆို့မှုကို ရုပ်သိမ်းပေးခြင်းနှင့် အီရန်၏ ရန်ပုံငွေအချို့ကို ပြန်လည်အသုံးပြုခွင့်ပေးခြင်းတို့ပါဝင်ပြီး အပြန်အလှန်အားဖြင့် အီရန်က နိုင်ငံတကာအဏုမြူဓာတ်အင်အားဂျင်စီ (IAEA) မှ စစ်ဆေးရေးမှူးများကို နိုင်ငံအတွင်း ဝင်ရောက်စစ်ဆေးခွင့်ပြုရန် အဆိုပြုထားကြောင်း သိရသည်။

ထို့ပြင် ကာတာ တာဝန်ရှိသူတစ်ဦးက ဒေသတွင်းတင်းမာမှုများ လျော့ချခြင်းရေး နည်းလမ်းများနှင့်ပတ်သက်၍ အမေရိကန်သမ္မတ ဒေါ်နယ်ထရမ့်နှင့် တယ်လီဖုန်းဖြင့် ဆွေးနွေးခဲ့ကြောင်း သိရသည်။

တစ်ချိန်တည်းတွင် အီရန်နိုင်ငံခြားရေးဝန်ကြီးအဘတစ် အာရာဂ်ချီက ပြီးခဲ့သည့် ၄၈ နာရီအတွင်း နိုင်ငံ ၁၂ နိုင်ငံမှ ၎င်း၏ မိတ်ဖက်နိုင်ငံခြားရေးဝန်ကြီးများနှင့် ဆွေးနွေးခဲ့ကြောင်း ပြောကြားခဲ့သည်။ ယင်းနိုင်ငံများတွင် ကာတာနှင့် အခြားကြားဝင်စေ့စပ်ပေးနေသည့် ပါကစ္စတန်နိုင်ငံတို့လည်း ပါဝင်သည်။

အဆိုပါဆွေးနွေးမှုများအတွင်း အမေရိကန်နှင့် အစ္စရေးတို့၏ စစ်ရေးဆောင်ရွက်မှုများအပေါ် အီရန်နိုင်ငံ၏ ရပ်တည်ချက်ကို ရှင်းလင်းပြောကြားခဲ့ကြောင်း သိရသည်။ **အင်နိုအိတ်ချ်ကေ**

ဆီနီဂေါနိုင်ငံ ကမ်းလွန်တွင် ရွှေပြောင်းဝင်ရောက်လာသူများ လိုက်ပါလာသည့် လှေတစ်စင်းနစ်မြုပ်၊ ၂၁ ဦး သေဆုံး

ဆီနီဂေါ နိုဝင်ဘာ ၉

ဆီနီဂေါနိုင်ငံ အနောက်မြောက်ပိုင်း ကီဘီမာကမ်းလွန်တွင် တရားမဝင် ရွှေပြောင်းဝင်ရောက်သူများ လိုက်ပါလာသည့် စက်လှေတစ်စင်း နစ်မြုပ်ခဲ့ရာ ယမန်နေ့ ညနေပိုင်းအထိ ၂၁ ဦး သေဆုံးပြီး တစ်ဦးကို ကယ်ဆယ်နိုင်ခဲ့ကြောင်း ပြည်ထဲရေးနှင့် ပြည်သူလုံခြုံရေး ဝန်ကြီးဌာနက ပြောကြားခဲ့သည်။

ဖြစ်စဉ်နှင့် ပတ်သက်၍ သက်ဆိုင်ရာအာဏာပိုင်များက ရှာဖွေကယ်ဆယ်ရေးလုပ်ငန်းများ ဆက်လက်ဆောင်ရွက်ရန်၊ အသက်ရှင်ကျန်ရစ်နိုင်သူများကို ကူညီရန်နှင့် ထိခိုက်ခံစားရသည့် မိသားစုများအား ထောက်ပံ့ကူညီရန် လုပ်ဆောင်လျက်ရှိသည်။



အဆိုပါ ဖြစ်ရပ်အတွက် ဝမ်းနည်းကြောင်း ဝန်ကြီးဌာနက သေဆုံးသူများ၏ မိသားစုဝင်များထံ သဝဏ်လွှာပေးပို့ခဲ့သည်။

သန္ဓိဋ္ဌာန်ချထား

ထို့ပြင် ရွှေပြောင်းဝင်ရောက်သူများကို တရားမဝင် ပို့ဆောင်ပေးသည့် ကွန်ရက်များကို တိုက်ဖျက်သွားရန် အစိုးရက သန္ဓိဋ္ဌာန်ချထားပြီး အိမ်နီးချင်းနိုင်ငံများနှင့် ပူးပေါင်းဆောင်ရွက်မှုကို ပိုမိုအားကောင်းစေမည် ဖြစ်ကြောင်း ပြောကြားခဲ့သည်။

တရားမဝင်ရွှေပြောင်းသွားလာမှု၏ အန္တရာယ်များကို သတိပြုကြရန်လည်း တိုက်တွန်းခဲ့ပြီး လူငယ်များ လူမှုအသိုက်အဝန်းအတွင်း ပိုမိုပါဝင်လာနိုင်ရေး ဆောင်ရွက် သွားမည်ဟု ထပ်လောင်းအတည်ပြုခဲ့သည်။ **ဆင်ဟွာ**

မျိုးဆက်ကွာခြားမှုနှင့် အပြန်အလှန်နားလည်မှု

သိန်းထွန်း (IR)

လူကြီးနဲ့ လူငယ်အကြား မျိုးဆက်ကွာခြားမှုဆိုတာ ဒီနေ့ခေတ်မှ စတင်ပေါ်ပေါက်လာတဲ့ လူမှုရေးဖြစ်စဉ်တစ်ခုမဟုတ်ပါဘူး။ ခေတ်အဆက်ဆက်မှာ ဖြစ်ပေါ်ခဲ့တဲ့ဖြစ်စဉ်တစ်ခုပါ။ ကျွန်တော်တို့ငယ်စဉ်ကလည်း လူကြီးတွေနဲ့အမြင်မတူတာ၊ သဘောထားမတိုက်ဆိုင်တာ၊ အတွေးအခေါ်မတူတာ၊ လုပ်ကိုင်ပုံနဲ့ နေထိုင်မှုပုံစံမတူတာတွေ ကြုံတွေ့ခဲ့ကူးပါတယ်။

အဲဒီအချိန်တုန်းက လူကြီးတွေရဲ့ အတွေးအခေါ်နဲ့ အပြုအမူတွေကို နားမလည်ခဲ့ကြသလို အခု ကျွန်တော်တို့ အသက်အရွယ်ရလာတဲ့အခါမှာလည်း ကျွန်တော်တို့နဲ့ ယနေ့လူငယ်တွေကြား အတွေးအခေါ်၊ အမြင်နဲ့ လုပ်ကိုင်ပုံတွေ ကွာခြားနေတာကို ပြန်ပြီးကြုံတွေ့လာရပါတယ်။ ဒီလိုမျိုးဆက်ကွာခြားမှုတွေဟာ မိသားစုအတွင်းမှာသာမက လုပ်ငန်းခွင်နဲ့ လူမှုအသိုင်းအဝိုင်းအတွင်းမှာလည်း တွေ့မြင်နိုင်ပါတယ်။

မျိုးဆက်တစ်ခုနဲ့တစ်ခုအကြား အတွေးအခေါ်နဲ့ အတွေ့အကြုံ ကွာခြားမှုတွေရှိနေခြင်းဟာ သဘာဝကျတဲ့ လူမှုရေးဖြစ်စဉ်တစ်ခုဖြစ်ပေမယ့် အဲဒီကွာခြားမှုတွေကို ဘယ်လိုနားလည်လက်ခံကြမလဲ၊ ဘယ်လိုအပြန်အလှန် လေးစားဆက်ဆံကြမလဲဆိုတာကတော့ မိသားစုတစ်ခုရဲ့သာယာမှု၊ လုပ်ငန်းခွင်တစ်ခုရဲ့ အောင်မြင်မှုနဲ့ လူ့အဖွဲ့အစည်းတစ်ခုအတွင်း မျိုးဆက်သစ်တွေ ပြုစုပျိုးထောင်ရေးအတွက် အရေးကြီးတဲ့အချက်တစ်ခုဖြစ်ပါတယ်။

တစ်ခါတစ်ရံမှာ မျိုးဆက်ကွာခြားမှုလို့ပြောရင် အသက်အရွယ်ကွာခြားမှုတစ်ခုသာလို့ပဲ ထင်တတ်ကြပါတယ်။ လူတစ်ဦးရဲ့ အသက်အရွယ်ကိုသာကြည့်ပြီး သူ့ရဲ့အတွေးအခေါ်နဲ့ ဘဝအတွေ့အကြုံကို အကဲဖြတ်လို့မရနိုင်ပါဘူး။ သူဖြတ်သန်းခဲ့ရတဲ့ ခေတ်ကာလ၊ လူမှုရေးနဲ့ စီးပွားရေးအခြေအနေတွေကိုပါ ထည့်သွင်းစဉ်းစားဖို့ လိုအပ်ပါတယ်။ မျိုးဆက်အလိုက် ဖြတ်သန်းခဲ့ရတဲ့ လူမှုစီးပွားရေးအခြေအနေ၊ ပညာရေး၊ နည်းပညာ၊ သမိုင်းဖြစ်စဉ်နဲ့ လူတစ်ဦးချင်းစီရဲ့ ဘဝအတွေ့အကြုံတွေက မျိုးဆက်ကွာခြားမှုအပေါ် သက်ရောက်မှုရှိပါတယ်။ အဲဒီလိုသက်ရောက်မှုတွေကြောင့် မျိုးဆက်တွေရဲ့အတွေးအခေါ်၊ ယုံကြည်ချက်၊ တန်ဖိုးထားမှု၊ အကျင့်စရိုက်၊ ရှုမြင်တဲ့ပုံစံတွေ ကွဲပြားတတ်ကြပါတယ်။

ဒါကြောင့်မို့ မတူညီတဲ့ခေတ်ကာလမှာ ကြီးပြင်းခဲ့ရတဲ့သူတွေဟာ အကြောင်းအရာတစ်ခုတည်းကိုတောင် မတူညီတဲ့ရှုထောင့်ကနေ မြင်နိုင်ကြပါတယ်။ ဒီကနေ့လူငယ်တွေဟာ အီလက်ထရောနစ်ခေတ်မှာ ကြီးပြင်းခဲ့ကြရလို့ သူတို့ရဲ့အတွေ့အကြုံ၊ အယူအဆတွေဟာ ကျွန်တော်တို့ဖြတ်သန်းကြီးပြင်းခဲ့တဲ့ ခေတ်အခြေအနေ၊ အတွေ့အကြုံနဲ့ နှိုင်းယှဉ်ရင် အများကြီးကွာခြားသွားတာကို တွေ့ရပါတယ်။ ဒီကွာခြားချက်ဟာ ဖြစ်တတ်တဲ့လူမှုဖြစ်စဉ်ဆိုပေမယ့် ဒီဖြစ်စဉ်အပေါ် ဘယ်လိုနားလည်လက်ခံပြီး ဘယ်လိုကိုင်တွယ်ဖြေရှင်းမလဲဆိုတာက ပိုပြီးအရေးပါတယ်။

သာမန်အားဖြင့် မျိုးဆက်ကွာခြားမှုဆိုတာကို လူအများသိရှိနားလည်ထားကြပေမယ့် နေ့စဉ် လူမှုဆက်ဆံရေးနဲ့ လုပ်ငန်းခွင်တွေမှာတော့ အဲဒီကွာခြားမှုတွေကို ထည့်သွင်းစဉ်းစားဖို့ မေ့လျော့နေတတ်ကြပါတယ်။ ဥပမာအားဖြင့် မိသားစုအတွင်းမှာ မိဘက သားသမီးကိုဆုံးမရင် သူဖြတ်သန်းခဲ့ရတဲ့ အတွေ့အကြုံတွေနဲ့ပဲ နှိုင်းယှဉ်ပြောဆိုတတ်ကြပြီး သားသမီးတွေရဲ့ ခေတ်ကာလအခြေအနေကို ထည့်မစဉ်းစားပေးတာမျိုး၊ လုပ်ငန်းခွင်ထဲမှာဆိုရင်လည်း လူကြီးတွေက “ငါတို့တုန်းကတော့ ဒီလိုလုပ်ခဲ့တာ၊ ဒီလိုကြိုးစားခဲ့တာ၊ ဒီလို အောင်မြင်ခဲ့တာ”ဆိုတဲ့စကားမျိုး ပြောတတ်ကြပါတယ်။ ဒီလို ပြောဆိုမှုဟာ လူငယ်တွေအတွက် တန်ဖိုးရှိတဲ့သင်ခန်းစာဖြစ်နိုင်သလို တစ်ဖက်မှာလည်း လူငယ်တွေရဲ့ လက်ရှိအခြေအနေကို နားလည်မပေးတာ ဒါမှမဟုတ် ကိုယ့်ရဲ့အရင်က အောင်မြင်ခဲ့တာကို ဂုဏ်ယူဝင့်ကြွားလိုပြီး ကိုယ်လုပ်ခဲ့တဲ့အတိုင်း လူငယ်တွေကို လိုက်လုပ်စေလိုတဲ့သဘောတွေ ပါဝင်နိုင်ပါတယ်။

ဒီလိုပြုမူပြောဆိုမှုအပေါ် လူငယ်တွေကရော ဘယ်လိုနားလည်မလဲ၊ ဘယ်လိုလက်ခံမလဲဆိုတဲ့အချက်က မျိုးဆက်ကွာခြားမှုကို ပုံဖော်ပေးတတ်ကြပါတယ်။ မျိုးဆက်ဟောင်းတွေက အတွေ့အကြုံရစေချင်လို့ မျှဝေပေးတာဆိုရင် အကျိုးဖြစ်စေနိုင်ပေမယ့် မျိုးဆက်ဟောင်းတွေက ကိုယ့်ရဲ့အတွေ့အကြုံကို စံနှုန်းတစ်ခုလို လူငယ်တွေအပေါ် သတ်မှတ်နေတာဆိုရင် မျိုးဆက်တွေအကြား အပြုသဘောမဖြစ်စေနိုင်ပါဘူး။

လူငယ်တွေဘက်ကကြည့်ပြန်ရင် မျိုးဆက်ဟောင်းတွေဆီက အဲဒီလိုစကားတွေကြားရတဲ့အခါ လက်ခံနိုင်တဲ့သူရှိသလို လက်မခံနိုင်လို့ စိတ်မသက်မသာဖြစ်တာ၊ ပြန်တုံ့ပြန်တာတွေလည်း ရှိတတ်ကြပါတယ်။ မိသားစုအတွင်းမှာဆိုရင် “အဖေကလည်းဗျာ အဲဒါက အဖေတို့ခေတ်က ကျွန်တော်တို့ခေတ်မှာ အဲဒီလိုလုပ်လို့မရဘူး”ဆိုတာမျိုး ပြောတာကြားဖူးကြမှာပါ။ မျိုးဆက်ဟောင်းတွေက လူငယ်တွေရဲ့လက်ရှိအခြေအနေကို နားလည်မပေးဘဲ အတိတ်နဲ့နှိုင်းယှဉ်အကဲဖြတ်နေတယ်၊ သူတို့အတွေ့အကြုံတွေကို စံထားစဉ်းစားနေတယ်၊ မျိုးဆက်သစ်တွေအပေါ် ယုံကြည်မှုမပေးနိုင်ဘူး စတဲ့အတွေးတွေ ခံစားရနိုင်ပါတယ်။

ဒါမှမဟုတ် အပြုသဘောနဲ့နားလည်ပြီး သူတို့က အတွေ့အကြုံတွေ မျှဝေပေးတာပါလား၊ စေတနာနဲ့ အကြံပေးတာပါလားဆိုတာမျိုး စဉ်းစားပေးတာမျိုးလည်း ရှိနိုင်ပါတယ်။ ဒီလိုမဟုတ်ဘဲ မျိုးဆက်ဟောင်းက “ငါ့ဟာမှ ငါ့ဟာ”ဆိုပြီး ငါတကောကောမယ်၊ မျိုးဆက်သစ်ကလည်း “ငါတို့အပေါ် နားလည်မပေးနိုင်ဘူး၊ ငါတို့ကို မယုံကြည်ကြဘူး၊ အသိအမှတ်မပြုဘူး”လို့ ယူဆမယ်ဆိုရင် သဟဇာတဖြစ်တဲ့ မိသားစု၊ လူမှုအသိုက်အဝန်း၊ လုပ်ငန်းခွင်ဆက်ဆံရေးတွေရဖို့ခက်ခဲသလို မျိုးဆက်သစ်ပြုစုပျိုးထောင်ရေးနဲ့ မျိုးဆက်အလိုက် လက်ဆင့်ကမ်းရေးမှာ အခက်အခဲရှိနိုင်ပါတယ်။

ခေတ်ကွာခြားမှု

ကျွန်တော်တို့ဝန်းကျင်မှာ ကြားရတတ်တဲ့ “ငါတို့တုန်းကနဲ့ မင်းတို့ခေတ်”ဆိုတဲ့စကားဟာ မကြာခဏကြားရလေ့ရှိတဲ့ စကားတစ်ခွန်းပါ။ “ငါတို့တုန်းက”ဆိုတာနဲ့ “မင်းတို့ခေတ်”ဆိုတဲ့ မတူညီတဲ့ အခြေအနေကို နားလည်မပေးဘဲ အတိတ်နဲ့နှိုင်းယှဉ်အကဲဖြတ်နေတယ်၊ သူတို့အတွေ့အကြုံတွေကို စံထားစဉ်းစားနေတယ်၊ မျိုးဆက်သစ်တွေအပေါ် ယုံကြည်မှုမပေးနိုင်ဘူး စတဲ့အတွေးတွေ ခံစားရနိုင်ပါတယ်။

အထူးသဖြင့် မျိုးဆက်ဟောင်းတွေဟာ မျိုးဆက်သစ်တွေကို “ငါတို့တုန်းက”ဆိုတဲ့စကားတွေနဲ့ ကိုယ်ဖြတ်သန်းခဲ့ရတဲ့အတိုင်း မျိုးဆက်သစ်တွေကို ပုံစံသွင်းဖို့ထက် ကိုယ့်ခေတ်နဲ့သူ့ခေတ် မတူညီနိုင်တာကို ထည့်စဉ်းစားပေးကြရမှာပါ။ ဖြတ်သန်းခဲ့ရတဲ့ ခေတ်မတူကြတဲ့အတွက် ရင်ဆိုင်ခဲ့ကြရတဲ့ လူမှုစီးပွားရေး၊ နောက်ခံအခြေအနေတွေလည်း ကွဲပြားနိုင်ပြီး မျိုးဆက်တစ်ခုချင်းစီရဲ့ အတွေးအခေါ်နဲ့ တန်ဖိုးတွေလည်း တစ်ထပ်တည်းကျ တူညီဖို့ခက်ခဲပါတယ်။

အနီးစပ်ဆုံး ဥပမာအနေနဲ့ကြည့်ရင် အခုအချိန် အသက် ၆၀ ဝန်းကျင်မျိုးဆက်တွေဟာ နည်းပညာခေတ်မှာ မွေးဖွားကြီးပြင်းလာသူတွေမဟုတ်ပါဘူး။ ဒါပေမဲ့ ယနေ့လူငယ်အများစုကတော့ ဒီဂျစ်တယ်နည်းပညာတွေ အလျင်အမြန် ဖွံ့ဖြိုးပြောင်းလဲနေတဲ့ ခေတ်ကာလမှာ ကြီးပြင်းလာကြသူတွေဖြစ်ကြပါတယ်။ သူတို့ခေတ်မှာ ယခင်နဲ့မတူညီတဲ့ ပညာရေးအခွင့်အလမ်းကွာခြားမှု၊ အလုပ်အကိုင်အခွင့်အလမ်းအခြေအနေ၊ နေထိုင်ရန်းကန်ရတဲ့အခြေအနေ၊ နည်းပညာကြောင့် သတင်းအချက်အလက်ရရှိနိုင်မှုနဲ့ ဆက်သွယ်ရေး ပုံစံပြောင်းလဲလာတာ၊ လူငယ်တွေရဲ့ဘဝရည်မှန်းချက်နဲ့ အောင်မြင်မှုအပေါ် ခံယူချက်ပြောင်းလဲနေတာတွေဟာ ခေတ်လူငယ်တွေအတွက် ယခင်ခေတ်နဲ့ မတူညီတဲ့အခွင့်အလမ်းနဲ့ စိန်ခေါ်မှုတွေဖြစ်ကြပါတယ်။

ဒါကို မျိုးဆက်ဟောင်းတွေအနေနဲ့ အသိအမှတ်ပြုနားလည်ပေးကြရမှာပါ။ ဒီလို ပြောင်းလဲနေတဲ့အခြေအနေတွေကို ထည့်သွင်းစဉ်းစားမပေးဘဲ ကိုယ်ဖြတ်သန်းခဲ့ရတဲ့အတိုင်း အထိုင်ချ စဉ်းစားတာဟာ အပြုသဘောဖြစ်ဖို့မလွယ်ပါဘူး။ အဲဒါအစား ကိုယ့်အတွေ့အကြုံနဲ့ သူတို့ပစ္စက္ခအခြေအနေကို ကိုက်ညီစွာ အသုံးချနိုင်အောင် မျှဝေပေးခြင်း လက်တွဲပေးမှသာ မျိုးဆက်နှစ်ခုအကြား အပြန်အလှန်နားလည်မှုနဲ့ သဟဇာတဖြစ်နိုင်မှာပါ။

ဒါဟာ မျိုးဆက်ဟောင်းတွေရဲ့ အယူအဆ၊ အတွေ့အကြုံ၊ အမြင်တွေနဲ့ မျိုးဆက်သစ်တို့ရဲ့ ခေတ်ကာလအခြေအနေကို ပေါင်းစပ်အသုံးချနိုင်ဖို့ဖြစ်ပါတယ်။ ပစ်ပယ်ရမယ်၊ လက်ခံရမယ်ဆိုတဲ့သဘောထက် မှန်တာတွေကို ဆက်ပြီးအတုယူ၊ မှားတာတွေကို သင်ခန်းစာယူပြောင်းလဲ၊ ခေတ်နဲ့ညီအောင် ပူးပေါင်းလုပ်ဆောင်ခြင်းကသာ တိုးတက်မှုရရှိနိုင်ပါတယ်။ အချို့သောအရာတွေက တစ်ခေတ်တစ်ခါက မှန်ကောင်းမှန်နိုင်ပေမယ့် ဒီနေ့ခေတ်မှာ အံမဝင်တာတွေရှိနိုင်ပါတယ်။ ဒီလိုအံမဝင်ခြင်းဟာ ပစ်ပယ်ခြင်း၊ ငြင်းပယ်ခြင်းမဟုတ်ပါဘူး။ အခြေအနေကွာခြားမှုကြောင့် ဖြစ်လာတဲ့အံမဝင်မှုကို အပြန်အလှန်နားလည်ပေးနိုင်ဖို့လိုပါတယ်။

မျိုးဆက်နှစ်ခုအကြား နားလည်မှုတည်ဆောက်

လူကြီးနဲ့ လူငယ်အကြား ဖြစ်တတ်တဲ့သဘောကို ရေးထားတဲ့ ဟာသတစ်ခု ဖတ်ဖူးကြမှာပါ။ လူကြီးတစ်ယောက်က လူငယ်တွေကို ဆူပူနေတော့ လူငယ်တွေက “အဖိုးကြီး အတော်ဆူနေတယ်၊ လက်ဖက်ခြောက် ခပ်ထားလိုက်ကွာ”လို့ ပြောပါတယ်။ ဒါကို ဟာသအမြင်နဲ့ကြည့်ရင် ရယ်စရာပါ၊ မျိုးဆက်ကွာခြားမှုအမြင်နဲ့ကြည့်ရင် ဆင်ခြင်စရာပါ။ လူကြီးတွေကလည်း လူငယ်တွေကို “ခေတ်လူငယ်များ ပြောရဆိုရ အတော်ခက်သကိုး”လို့ ပြောကြတာကို ကြားဖူးကြမှာပါ။ ဒါလည်း အမှန်ပါပဲ။ ပုံမှန်လိုဖြစ်နေတဲ့ လူမှုရေးဖြစ်စဉ်တွေမို့လို့ ဒီလို

“မျိုးဆက်နှစ်ခုဟာ အစွန်းနှစ်ဖက်ရပ်တည်နေဖို့ထက် မျိုးဆက်ကွာခြားတာကို အပြန်အလှန် နားလည်လက်ခံကြမယ်ဆိုရင် ပိုမိုကောင်းမွန်တဲ့ လူ့အဖွဲ့အစည်းတည်ဆောက်နိုင်မှာပါ။ အကောင်းဆုံးလူကြီးဆိုတာ “ငါတို့တုန်းက ဒီလိုလုပ်ခဲ့တယ်၊ မင်းတို့လည်း ဒီလိုလုပ်ရမယ်”လို့ ပြောတဲ့သူမဟုတ်ပါဘူး။ “ငါတို့တုန်းက ဒီလိုလုပ်ခဲ့တယ်။ မင်းတို့ခေတ်မှာ ဘယ်လိုလုပ်ရင် ပိုကောင်းမလဲ”လို့ အတူတကွ စဉ်းစားပေးနိုင်သူဖြစ်ပါတယ်။ အကောင်းဆုံးလူငယ်ဆိုတာကလည်း လူကြီးတွေရဲ့အတွေ့အကြုံကို အကုန်လက်ခံသူမဟုတ်သလို အကုန်ပယ်ချသူလည်းမဟုတ်ပါဘူး။ အသုံးဝင်တဲ့သင်ခန်းစာတွေကိုရယူပြီး မိမိတို့ခေတ်ရဲ့အခြေအနေနဲ့ ကိုက်ညီအောင် အသုံးချနိုင်သူဖြစ်ပါတယ်”

အခြေအနေနှစ်ခုဟာ ချိန်ထိုးနှိုင်းယှဉ်လို့ရနိုင်ပဲ့မလား စဉ်းစားစရာပါ။ အချိန်ကာလ၊ အခြေအနေ၊ အသက်အရွယ်၊ ဖြတ်သန်းခဲ့ရတဲ့ အတွေ့အကြုံ၊ အတွေးအခေါ်၊ စိတ်သဘောထား၊ ရည်မှန်းချက်နဲ့ ခံယူချက်ဆိုတာတွေ များစွာကွာခြားနိုင်တာကို သတိပြုကြရမှာပါ။ အဲဒီလို မတူညီနိုင်တာတွေကို ထည့်သွင်းမစဉ်းစားဘူးဆိုတာ မျိုးဆက်ဟောင်းနဲ့ မျိုးဆက်သစ်အကြား အပြန်အလှန်နားလည်မှုရှိဖို့ ခက်ခဲပါတယ်။

အထူးသဖြင့် မျိုးဆက်ဟောင်းတွေဟာ မျိုးဆက်သစ်တွေကို “ငါတို့တုန်းက”ဆိုတဲ့စကားတွေနဲ့ ကိုယ်ဖြတ်သန်းခဲ့ရတဲ့အတိုင်း မျိုးဆက်သစ်တွေကို ပုံစံသွင်းဖို့ထက် ကိုယ့်ခေတ်နဲ့သူ့ခေတ် မတူညီနိုင်တာကို ထည့်စဉ်းစားပေးကြရမှာပါ။ ဖြတ်သန်းခဲ့ရတဲ့ ခေတ်မတူကြတဲ့အတွက် ရင်ဆိုင်ခဲ့ကြရတဲ့ လူမှုစီးပွားရေး၊ နောက်ခံအခြေအနေတွေလည်း ကွဲပြားနိုင်ပြီး မျိုးဆက်တစ်ခုချင်းစီရဲ့ အတွေးအခေါ်နဲ့ တန်ဖိုးတွေလည်း တစ်ထပ်တည်းကျ တူညီဖို့ခက်ခဲပါတယ်။

အဲဒီလိုမျိုးဆက်ကွာခြားမှုကို လျော့ချပေးနိုင်တာက မျိုးဆက်တွေအကြား အပြန်အလှန်နားလည်မှုနဲ့ ပူးပေါင်းလုပ်ဆောင်နိုင်မှုပဲ ဖြစ်ပါတယ်။ လူကြီးတွေနဲ့ လူငယ်တွေကြား နားလည်မှုရှိလာဖို့ အရေးကြီးဆုံးအချက်က အတိတ်ကအတွေ့အကြုံနဲ့ လက်ရှိအခြေအနေတို့ကို အပြန်အလှန် လေးစားအသိအမှတ်ပြုကြဖို့ပဲဖြစ်ပါတယ်။ လူကြီးတွေအနေနဲ့ ကိုယ့်ရဲ့အတွေ့အကြုံကိုမျှဝေတဲ့အခါ လူငယ်တွေရဲ့ အခြေအနေကို နားထောင်ပေးဖို့လိုပါတယ်။ “ငါတို့တုန်းက ဒီနည်းလမ်းနဲ့ အဆင်ပြေခဲ့တယ်။ မင်းတို့ခေတ်မှာ မင်းတို့ ဘယ်လို အခက်အခဲတွေကြုံနေရသလဲ”လို့ မေးမြန်းခြင်းဟာ မျိုးဆက်နှစ်ခုကြား ပူးပေါင်းလုပ်ဆောင်မှုကို ပိုပြီးကောင်းမွန်စေနိုင်ပါတယ်။ လူငယ်တွေအနေနဲ့လည်း လူကြီးတွေရဲ့ အတွေ့အကြုံကို ချက်ချင်းပယ်ချမယ့် အစား အသုံးဝင်တဲ့သင်ခန်းစာတွေကို ရှာဖွေသင့်ပါတယ်။

တစ်ဖက်မှာလည်း လူကြီးတွေရဲ့အတွေ့အကြုံကို လေးစားခြင်းဟာ သူတို့ပြောသမျှကို မေးခွန်းမထုတ်ဘဲ လက်ခံရမယ်လို့ မဆိုလိုပါဘူး။ လူငယ်တွေဟာ မိမိတို့ရဲ့အခြေအနေ၊ ရည်မှန်းချက်နဲ့ အကြောင်းပြချက်တွေကို ရှင်းပြခွင့်ရှိပါတယ်။ အရေးကြီးတာက အမြင်မတူညီမှုကို အပြန်အလှန် အပြစ်တင်မယ့်အစား အတူတကွ စဉ်းစားနိုင်ဖို့ဖြစ်ပါတယ်။ အတွေ့အကြုံဟာ အနာဂတ်အတွက် လမ်းညွှန်ချက်တစ်ခုဖြစ်နိုင်ပေမယ့် အဲဒီအတိတ်အတိုင်း အနာဂတ်ကို တည်ဆောက်ရမယ်လို့မဆိုနိုင်ပါဘူး။ အတိတ်က သင်ခန်းစာတွေကို လက်ရှိအခြေအနေနဲ့ကိုက်ညီအောင် ပြန်လည်အသုံးချနိုင်ခြင်းဟာ ပိုမိုအကျိုးရှိတဲ့နည်းလမ်းဖြစ်ပါတယ်။

တစ်ခါတစ်ရံမှာ မျိုးဆက်ဟောင်းတွေဟာ အတိတ်ကိုတန်ဖိုးထားပြီး သင်ခန်းစာမျှဝေလိုတဲ့စိတ်နဲ့ ပြောတာဖြစ်နိုင်သလို တချို့အခြေအနေတွေမှာ ခေတ်ကွာခြားနေတာကို လုံးစေ့ပတ်စေ့မစဉ်းစားဘဲ မိမိအမြင်နဲ့ အခြားသူတွေအပေါ် တစ်ဖက်သတ်အဝဲဖြတ်တာလည်း ဖြစ်နိုင်ပါတယ်။ ဒါကတော့ တစ်ဦးချင်းစီရဲ့ ရည်ရွယ်ချက်၊ အပြုအမူနဲ့ ပိုသက်ဆိုင်ပါလိမ့်မယ်။ တစ်ခုရှိတာက မျိုးဆက်ဟောင်းတိုင်းက လေ့နံ့ဝေးထစ် “ငါတို့တုန်းက”ဆိုတဲ့စကားနဲ့ တရားသေအတင်းအကျပ်မလုပ်သလို မျိုးဆက်သစ်တွေကလည်း မျိုးဆက်ဟောင်းတွေရဲ့ အတွေ့အကြုံအားလုံးကို ပစ်ပယ်သူတွေမဟုတ်ကြပါဘူး။

စာမျက်နှာ ၁၅ သို့ ☆

ရွှေကုက္ကိုလ်နယ်မြေ ဒုတိယပိုင်းအတွင်းရှိ အွန်လိုင်းလောင်းကစားမှုကျူးလွန်ရာတွင် အသုံးပြုသည့် တရားမဝင် အဆောက်အအုံများအား စနစ်တကျဆက်လက်ဖြိုချဖျက်ဆီးမှု





ရွှေကုက္ကိုလ်နယ်မြေ ဒုတိယပိုင်းအတွင်းရှိ အွန်လိုင်းလိမ်လည်မှုနှင့် လောင်းကစားမှုများကျူးလွန်ရာတွင် အသုံးပြုခဲ့သည့် အဆောက်အအုံ ၁၀ လုံး ဖြိုချဖျက်ဆီးပြီးစီး၊ ကျန်အဆောက်အအုံများအား စနစ်တကျဖြိုချဖျက်ဆီးခြင်းများ ဆက်လက်ဆောင်ရွက်

နေပြည်တော် နိုဝင်ဘာ ၈

မြန်မာနိုင်ငံတော်အစိုးရအနေဖြင့် အွန်လိုင်းလိမ်လည်မှုများနှင့် အွန်လိုင်းလောင်းကစားမှုများအများဆုံးအခြေချလုပ်ကိုင်ခဲ့သည့် ရွှေကုက္ကိုလ်နယ်မြေအတွင်းရှိ အဆောက်အအုံများ၌ အွန်လိုင်းလိမ်လည်လောင်းကစားမှုများ ထပ်မံလုပ်ကိုင်နိုင်ခြင်းမရှိစေရန် အဆိုပါအဆောက်အအုံများအား အပြီးတိုင်ဖြိုချဖျက်ဆီးခြင်းများကို ပူးပေါင်းအဖွဲ့များဖြင့် စနစ်တကျ ဆောင်ရွက်လျက်ရှိရာ ယနေ့အထိ ရွှေကုက္ကိုလ်နယ်မြေ ဒုတိယပိုင်းအတွင်းရှိ တရားမဝင်အဆောက်အအုံ ၁၀ လုံးကို စနစ်တကျ ဖြိုချဖျက်ဆီးခဲ့ပြီးဖြစ်ကြောင်း သိရသည်။

ရွှေကုက္ကိုလ်နယ်မြေ ဒုတိယပိုင်းအတွင်း၌ ယာဉ်ယန္တရားများဖြင့် ဖြိုချဖျက်ဆီးလျက်ရှိသည့် တရားမဝင် ခြောက်ထပ်အဆောက်အအုံ တစ်လုံးမှာ ယနေ့တွင် ၁၀၀ ရာခိုင်နှုန်း ဖြိုချပြီးစီးခဲ့သည့်အတွက် ယနေ့အထိတရားမဝင် အဆောက်အအုံ ၁၀ လုံး ဖြိုချဖျက်ဆီးပြီးဖြစ်ကြောင်းနှင့် ထပ်မံ၍ ငါးထပ်အဆောက်အအုံ တစ်လုံးအား ယာဉ်ယန္တရားများဖြင့် ဖြိုချဖျက်ဆီးမှုမှာလည်း ယနေ့အထိ ၄၅ ရာခိုင်နှုန်း ပြီးစီးပြီဖြစ်ကြောင်း သိရသည်။

ရွှေကုက္ကိုလ်နယ်မြေ ဒုတိယပိုင်းအတွင်း၌ အွန်လိုင်းလိမ်လည် လောင်းကစားလုပ်ငန်းများ ကျူးလွန်ရာတွင်အသုံးပြုခဲ့သည့် ဖြိုချဖျက်ဆီးရန် ကျန်အဆောက်အအုံ ၆၃ လုံးအား ယာဉ်ယန္တရားများဖြင့် ဖြိုချဖျက်ဆီးမည့်အဆောက်အအုံ၊ ဖောက်ခွဲ၍ဖြိုချဖျက်ဆီးမည့် အဆောက်အအုံနှင့် လူနေအိမ်များနှင့်မလွတ်ကင်း၍ လူအင်အားအသုံးပြုကာ တစ်လွှာချင်း ဖြိုချဖျက်ဆီးမည့် အဆောက်အအုံဟူ၍ အမျိုးအစားအလိုက် ခွဲခြားသတ်မှတ်ပြီး စနစ်တကျ ဆက်လက်ဖြိုချဖျက်ဆီးလျက်ရှိရာ ဖောက်ခွဲ၍ ဖြိုချမည့် အဆောက်အအုံလေးလုံးနှင့် ယာဉ်ယန္တရားများဖြင့် ဖြိုချဖျက်ဆီးမည့်အဆောက်အအုံ ခြောက်လုံး စုစုပေါင်းအဆောက်အအုံ ၁၀ လုံး တို့ကို စနစ်တကျ ဖြိုချဖျက်ဆီးခဲ့ပြီး ဖြစ်ပြီး ကျန်ရှိသည့် တရားမဝင်အဆောက်အအုံ ၅၃ လုံးကိုလည်း စနစ်တကျ ဆက်လက်ဖြိုချဖျက်ဆီးသွားမည်ဖြစ်ကြောင်း သိရသည်။

နိုင်ငံတော်အစိုးရအနေဖြင့် အွန်လိုင်းလိမ်လည်လောင်းကစားမှုကျူးလွန်ခြင်းများကို မြန်မာနိုင်ငံအတွင်း လုံးဝအခြေမပြုနိုင်ရေးအတွက် အမျိုးသားရေးတာဝန်တစ်ရပ်အဖြစ်ခံယူကာ ပြည်တွင်းအင်အားစုများအပြင် အိမ်နီးချင်းနိုင်ငံအစိုးရများနှင့်လည်း ပေါင်းစပ်ညှိနှိုင်း၍ ဆက်လက်ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

သတင်းစဉ်

ဝါးခယ်မမြို့နယ်၌ ရေအရင်းအမြစ်များ လည်ပတ်သုံးစွဲမှုအခြေအနေ ကွင်းဆင်းစစ်ဆေး

ဝါးခယ်မ နိုဝင်ဘာ ၈

ဧရာဝတီ တိုင်းဒေသကြီး ဝါးခယ်မမြို့နယ် ခန်းချောင်းကျေးရွာတွင် အယ်လ်နီညိုရာသီဥတုဖြစ်စဉ်ကြောင့် ဖြစ်ပေါ်လာနိုင်သည့် အပူချိန်မြင့်မားမှုနှင့် မိုးရွာသွန်းမှု လျော့နည်းခြင်းတို့အတွက် ဒေသခံပြည်သူများသောက်သုံးရေပြေတ်လပ်မှု မရှိစေရေး ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက ဆောင်ရွက်ထားရှိသည့် ရေအရင်းအမြစ်များ၏ လက်ရှိ လည်ပတ်အသုံးပြုနေမှုအခြေအနေများကို ကြည့်ရှုစစ်ဆေးပြီး အယ်လ်နီညိုရာသီဥတုဖြစ်စဉ်အတွင်း ဒေသခံ



ဌာနက ဆောင်ရွက်ထားရှိသည့် သောက်သုံးရေ ရရှိရေးလုပ်ငန်းများနှင့် ရေအရင်းအမြစ်များ၏ လည်ပတ်အသုံးပြုနေမှု အခြေအနေ၊ ရေဖြန့်ဝေပေးနိုင်မှု အခြေအနေများကို ကြည့်ရှုစစ်ဆေးပြီး အယ်လ်နီညိုရာသီဥတုဖြစ်စဉ်အတွင်း ပြည်သူများ သန့်ရှင်းသော သောက်သုံးရေ လုံလောက်စွာရရှိရေးနှင့် ရေပြေတ်လပ်မှုမဖြစ်ပေါ်စေရေးတို့အတွက် လိုအပ်သည့် ကြိုတင်ပြင်ဆင် ဆောင်ရွက်မှုများကို စစ်ဆေးခဲ့ကြောင်း သိရသည်။

ဝါးခယ်မ (ကျေး/လက်)

ပြည်မြို့၌ ပြည်ခရိုင်ဥပဒေရုံးမှ လုပ်ငန်းညှိနှိုင်းတွေ့ဆုံပွဲ ကျင်းပ

ပြည် နိုဝင်ဘာ ၈

ပဲခူးတိုင်းဒေသကြီး ပြည်ခရိုင်ဥပဒေရုံး၏လုပ်ငန်းညှိနှိုင်းတွေ့ဆုံပွဲ အခမ်းအနားကို ယနေ့နံနက် ပိုင်းက ပြည်မြို့ စိုက်ပျိုးရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန အစည်းအဝေးခန်းမ၌ ကျင်းပသည်။

ဦးစွာ ပဲခူးတိုင်းဒေသကြီး ဥပဒေချုပ်သည် ပြည်ခရိုင်ဥပဒအရာရှိနှင့် ခရိုင်အတွင်းရှိ ဥပဒေအရာရှိများအားတွေ့ဆုံ၍ ဥပဒေရေးရာဝန်ကြီးဌာန၏ မဟာဗျူဟာစီမံချက်နှင့်အညီ ဥပဒေအသိပညာပြန့်ပွားရေးလုပ်ငန်းများကို အလေးထားဆောင်ရွက်ကြရန်၊ တရားစွဲနှင့် အမှုလိုက်လုပ်ငန်းများ ဆောင်ရွက်ရာတွင် အဂတိကင်းရှင်းစွာဖြင့် ဥပဒေ၊ နည်းဥပဒေ၊ အမိန့်၊ ညွှန်ကြားချက်များနှင့် အညီ



လိုက်ပါဆောင်ရွက်ရန် လမ်းညွှန်မှာကြားသည်။

ထို့နောက် ခရိုင်ဥပဒေအရာရှိ ဦးဝင်းမင်းက ဒေသတွင်း တရားဥပဒေစိုးမိုးရေး၊ တရားမနှင့် ပြစ်မှုဆိုင်ရာ ဥပဒေရေးရာ အကြံဉာဏ်ပေးခြင်းလုပ်ငန်းများ ပိုမိုမြှင့်မားဆန်သွက်လက်စေရေးဌာနအချင်းချင်း ပူးပေါင်းဆောင်ရွက်မှု မြှင့်တင်ရေးနှင့် ဥပဒေလုပ်ထုံးလုပ်နည်းများနှင့်အညီ အမှုအခင်းများ စိစစ်ဆောင်ရွက်ရေး ကိစ္စရပ်များကို အသေးစိတ်ပြန်လည်ရှင်းလင်းဆွေးနွေး တင်ပြခဲ့ကြောင်း သိရသည်။

ဝတ္ထာထွန်း (ပြန်/ဆက်)

☆ စာမျက်နှာ ၁၄ မှ

မျိုးဆက်နှစ်ခုဟာ အစွန်းနှစ်ဖက်ရပ်တည်နေဖို့ထက် မျိုးဆက်ကွာခြားတာကို အပြန်အလှန် နားလည်လက်ခံကြမယ်ဆိုရင် ပိုမိုကောင်းမွန်တဲ့ လူ့အဖွဲ့အစည်းတည်ဆောက်နိုင်မှာပါ။ အကောင်းဆုံးလူကြီးဆိုတာ "ငါတို့တုန်းက ဒီလိုလုပ်ခဲ့တယ်၊ မင်းတို့လည်း ဒီလိုလုပ်ရမယ်"လို့ ပြောတဲ့သူမဟုတ်ပါဘူး။ "ငါတို့တုန်းက ဒီလိုလုပ်ခဲ့တယ်။ မင်းတို့ခေတ်မှာ ဘယ်လိုလုပ်ရင် ပိုကောင်းမလဲ"လို့ အတူတကွစဉ်းစားပေးနိုင်သူဖြစ်ပါတယ်။ အကောင်းဆုံးလူငယ်ဆိုတာကလည်း လူကြီးတွေရဲ့အတွေ့အကြုံကို အကုန်လက်ခံသူမဟုတ်သလို အကုန်ပယ်ချသူလည်းမဟုတ်ပါဘူး။ အသုံးဝင်တဲ့သင်ခန်းစာတွေကို ရယူပြီး မိမိတို့ခေတ်ရဲ့အခြေအနေနဲ့ ကိုက်ညီအောင် အသုံးချနိုင်သူဖြစ်ပါတယ်။

အတိတ်၊ ပစ္စုပ္ပန်မှ အနာဂတ်သို့

မျိုးဆက်ဟောင်းဆိုတာ တစ်ချိန်မှာ မျိုးဆက်သစ်တွေအတွက် နေရာဖယ်ပေးကြရမှာဖြစ်သလို မျိုးဆက်သစ်တွေဆိုတာကလည်း တစ်ချိန်မှာ မျိုးဆက်ဟောင်းတွေဖြစ်သွားကြမှာပါ။ ဒီလိုမျိုးဆက်ကွာခြားမှုကို ပြဿနာတစ်ခုအဖြစ်မမှုမြင်ဘဲ အပြောင်းအလဲနဲ့ တိုးတက်မှုအတွက် အခွင့်အလမ်းတစ်ခုအဖြစ် အသုံးချကြရမှာပါ။ အဲဒါနဲ့တစ်ချိန်တည်းမှာ နောက်ထပ်နောက်ထပ်မျိုးဆက်သစ်တွေဆိုတာရှိလာကြဦးမှာပါ။ ဒါဟာ လူ့အဖွဲ့အစည်းတစ်ခုရဲ့ မျိုးဆက်အလိုက် လက်ဆင့်ကမ်းရတဲ့ လူမှုရေးဖြစ်စဉ်တွေပဲဖြစ်ပါတယ်။ လုပ်ငန်းခွင်တွေမှာလည်း မျိုးဆက်ဟောင်းတွေရဲ့အတွေ့အကြုံနဲ့ မျိုးဆက်သစ်တွေရဲ့ အတွေးအခေါ်သစ်၊ နည်းပညာကျွမ်းကျင်မှုတွေဟာ တစ်ခုနဲ့တစ်ခု ဆန့်ကျင်ဘက်ဖြစ်နေဖို့ထက် မျိုးဆက်ကွာခြားတာကို အပြန်အလှန်အသိအမှတ်ပြုပြီး ပေါင်းစပ်အသုံးချနိုင်မယ်ဆိုရင် လုပ်ငန်းခွင်တိုးတက်မှုကို အထောက်အကူပြုနိုင်ပါတယ်။

ဒီဖြစ်စဉ်ကိုကြည့်ရင် မျိုးဆက်ဟောင်းနဲ့ မျိုးဆက်သစ်အကြားမှာ ဘယ်ခေတ်က ပိုကောင်းတယ်၊ ပိုမှန်တယ်ဆိုတဲ့ ပြိုင်ဆိုင်မှု၊ အမှား/အမှန် ခွဲခြားမှု၊ တရားသေဆုပ်ကိုင်မှု၊ ပစ်ပယ်မှုဆိုတာတွေထက် မျိုးဆက်အဆင့်ဆင့် ကောင်းမွေလက်ဆင့်ကမ်းပေးနိုင်မှု၊ မြေတောင်မြှောက်မြှင့်တင်ပေးနိုင်မှုနဲ့ ပူးပေါင်းဆောင်ရွက်နိုင်မှုတွေကသာ ပိုမိုကောင်းမွန်တဲ့အနာဂတ်ကို ဖြစ်စေပါလိမ့်မယ်။ တိုးတက်တဲ့ လူ့အဖွဲ့အစည်းတွေဟာ မျိုးဆက်ကွာခြားမှုကို အခွင့်အလမ်းတစ်ခုအဖြစ်အသုံးချပြီး ကောင်းမွန်တဲ့အမွေတွေကို မျိုးဆက်အလိုက် လက်ဆင့်ကမ်းပေးနိုင်ကြပါတယ်။

မျိုးဆက်ဟောင်းတွေက အမွေကောင်းတွေ လက်ဆင့်ကမ်းပေးသလို အဲဒီအမွေကောင်းတွေကို မျိုးဆက်သစ်တွေက ပြောင်းလဲနေတဲ့ ခေတ်နဲ့အညီ တိုးတက်အောင် လုပ်ဆောင်နိုင်ကြပါတယ်။ ဒါဟာ လူ့အဖွဲ့အစည်းတစ်ခုအတွင်းမှာရှိတဲ့ မျိုးဆက်တိုင်းရဲ့တာဝန်လို့ဆိုရင် မမှားပါဘူး။ လေ့ကားထစ်များလို မျိုးဆက်အလိုက် တစ်ထစ်ချင်း တက်သွားမယ်ဆိုရင် အဲဒီလူ့အဖွဲ့အစည်းဟာ ရေရှည်ဖွံ့ဖြိုးတိုးတက်နေမှာဖြစ်ပါတယ်။ ။

ကြေးမုံ

နေပြည်တော် မော်တော်ယာဉ်လုပ်ငန်းပေါင်းစုံ ထိန်းသိမ်းရေးကော်မတီ(အဝေးပြေး) ကော်မတီသစ် ရွေးချယ်တင်မြှောက်ပွဲကျင်းပ



နေပြည်တော် နိုဝင်ဘာ ၈

ပြည်ထောင်စု နယ်မြေ နေပြည်တော် မော်တော်ယာဉ် လုပ်ငန်းပေါင်းစုံ ထိန်းသိမ်းရေး ကော်မတီ(အဝေးပြေး)ကော်မတီ သစ် ရွေးချယ်တင်မြှောက်ပွဲ အခမ်းအနားကို ယမန်နေ့နံနက် ပိုင်းက ပျဉ်းမနားမြို့ ဘောဂသိရိ ကားကြီးကွင်း နေပြည်တော် မော်တော်ယာဉ်လုပ်ငန်းပေါင်းစုံ ထိန်းသိမ်းရေး ကော်မတီ (အဝေးပြေး)ခန်းမရုံး၌ ကျင်းပ ရာ နေပြည်တော်ကောင်စီဝင် နေပြည်တော် ကုန်းလမ်းသယ်ယူ ပို့ဆောင်ရေး လုပ်ငန်းများ ကြီးကြပ်ကွပ်ကဲရေးအဖွဲ့ ဥက္ကဋ္ဌ ဦးခင်မောင်လတ်၊ ကော်မတီသစ် ရွေးချယ်ပွဲကြီးကြပ်ရေးကော်မရှင် ဥက္ကဋ္ဌ နေပြည်တော်ကောင်စီ ညွှန်ကြားရေးမှူး ဦးတေဇာအောင်၊ ဌာနဆိုင်ရာ တာဝန်ရှိသူများနှင့် ယာဉ်အသင်းများမှ တာဝန်ရှိသူ များ တက်ရောက်ကြသည်။

ဦးစွာ နေပြည်တော်ကောင်စီဝင်က နေပြည်တော်ကောင်စီအနေဖြင့် ရွေးချယ်ပွဲကြီးကြပ်ရေး ကော်မရှင်အဖွဲ့ကို နေပြည်တော်ကောင်စီ (ညွှန်ကြားရေးမှူး)၊ ဦးစီးမှူး(ပို့စီ)၊ ဦးစီးမှူး (ကည့်ရှု)၊ယာဉ်လိုင်းကိုယ်စားလှယ် တစ်ဦး၊ မထသ အရာရှိတစ်ဦး တို့ဖြင့် ဖွဲ့စည်းတာဝန်ပေးအပ် ခဲ့ပြီး နေပြည်တော်ကောင်စီက အတည်ပြုပေးထားသည့် ရွေးချယ်ပွဲ လုပ်ငန်းစီမံချက်နှင့် လုပ်ငန်းဇယားပါ နေ့ရက်များ အတိုင်း ရွေးချယ်ပွဲလုပ်ငန်းစဉ်များ ဆောင်ရွက်ခဲ့ကြောင်း ပြောကြား သည်။

ရှင်းလင်းပြောကြား

ဆက်လက်၍ ကော်မတီသစ် ရွေးချယ်ပွဲကြီးကြပ်ရေးကော်မရှင် ဥက္ကဋ္ဌ နေပြည်တော်ကောင်စီ ညွှန်ကြားရေးမှူး ဦးတေဇာအောင် က ဆန္ဒမဲပေးခြင်းဆိုင်ရာ စည်းမျဉ်း စည်းကမ်းများကို ရှင်းလင်းပြောကြားသည်။

ယင်းနောက် ယာဉ်လိုင်း အသီးသီးမှ တာဝန်ရှိသူများက ဆန္ဒမဲပေးခဲ့ကြပြီး ကော်မတီ ဖွဲ့စည်းပုံအရ ရွေးချယ်ခံရသော ဥက္ကဋ္ဌ၊ အတွင်းရေးမှူးနှင့် အဖွဲ့ဝင် အမည်စာရင်းကို ကြေညာခဲ့ ကြောင်း သိရသည်။

ဟိန်းခန့်ဇော်(ပြန်/ဆက်)

မင်းကင်းမြို့နယ် အဲ့စရာကျေးရွာ၌ ရွာတွင်းလမ်းကွန်ကရစ်ခင်းခြင်းလုပ်ငန်း ကွင်းဆင်းစစ်ဆေး

မင်းကင်း နိုဝင်ဘာ ၈

သမဝါယမနှင့် ကျေးလက်ဖွံ့ဖြိုးရေးဝန်ကြီးဌာန စစ်ကိုင်း တိုင်းဒေသကြီး မင်းကင်းမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာနက ၂၀၂၆–၂၀၂၇ ဘဏ္ဍာနှစ် တိုင်းဒေသကြီးခွင့်ပြုရန်ပုံငွေဖြင့် ဆောင်ရွက်သည့် အဲ့စရာကျေးရွာ၌ ရွာတွင်းလမ်းကွန်ကရစ်ခင်းခြင်း လုပ်ငန်းဆောင်ရွက်နေမှုကို မြို့နယ်စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေး ကော်မတီ ခေတ္တဥက္ကဋ္ဌ ရဲမှူးထွန်းဇော်၊ မြို့နယ်ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးဇော်လွင်နှင့် တာဝန်ရှိသူများက ယမန်နေ့တွင် ကွင်းဆင်းစစ်ဆေးသည်။

အဆိုပါ အရှည်ပေ ၂၅၀၀၊ အကျယ် ၁၂ ပေ၊ ဒု ခြောက်လက်မ ကွန်ကရစ်ခင်းခြင်းလုပ်ငန်းကို တိုင်းဒေသကြီး ခွင့်ပြုရန်ပုံငွေကျပ် ၂၄၆ ဒသမ ၁၀ သန်းဖြင့် ရွေးပြည်သာအောင်ကုမ္ပဏီက တာဝန်ယူဆောင်ရွက် လျက်ရှိရာ ယခုအခါ ၂၅ ရာခိုင်နှုန်းခန့်ဆောင်ရွက်ပြီးစီးဖြိုဖြစ်သည်။ လုပ်ငန်းအားလုံးဆောင်ရွက်ပြီးစီးပါက အဲ့စရာကျေးရွာရှိ အိမ်ထောင်စု ၁၁၅ စုအတွက် ရာသီမရွေးသွားလာရေးလွယ်ကူမည်ဖြစ်ကြောင်း သိရ သည်။

ဖြိုးကျော်(ပုံတောင်မြေ)



ပေါင်းတည်၌ မြို့နယ်စီမံခန့်ခွဲရေးနှင့်အုပ်ချုပ်ရေး ကော်မတီနှင့် ဒေသခံတောင်သူများ တွေ့ဆုံဆွေးနွေး

ပေါင်းတည် နိုဝင်ဘာ ၈

ပဲခူးတိုင်းဒေသကြီး ပေါင်းတည်မြို့နယ် အထွေထွေအုပ်ချုပ်ရေး ဦးစီးဌာနခန်းမ၌ ယနေ့နံနက်ပိုင်းက မြို့နယ်စီမံခန့်ခွဲရေးနှင့် အုပ်ချုပ် ရေးကော်မတီနှင့် ဒေသခံတောင်သူများ တွေ့ဆုံညှိနှိုင်းဆွေးနွေးပွဲ ပြုလုပ်သည်။

ဦးစွာ မြို့နယ်စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီဥက္ကဋ္ဌ မြို့နယ်အုပ်ချုပ်ရေးမှူး ဦးရဲရင့်လှိုင်က အမှာစကားပြောကြားသည်။

ဆက်လက်၍မြန်မာ့လယ်ယာဖွံ့ဖြိုးရေးဘဏ်မြို့နယ်မန်နေဂျာနှင့် မြေစာရင်းဦးစီးဌာန မြို့နယ်ဦးစီးမှူးတို့က ပုံစံ(၇)ဆိုင်ရာများ၊ စိုက်ပျိုးရေးဦးစီးဌာန မြို့နယ်ဦးစီးမှူးက သီးနှံစိုက်နည်းစနစ် အလိုက် စိုက်ပျိုးနည်းပညာများ၊ အယ်လ်နီညိုရာသီစိုက်ပျိုးမှုပုံစံများ၊ ဆည်ခြောင်းနှင့်ရေအသုံးချမှုစီမံခန့်ခွဲရေးဦးစီးဌာန မြို့နယ်ဦးစီးမှူးက စိုက်ပျိုးရေ ပေးဝေရေးကိစ္စရပ်များ၊ မွေးမြူရေးနှင့်ကုသရေးဦးစီးဌာန မြို့နယ်ဦးစီးမှူးက မွေးမြူရေးကိစ္စရပ်များကို ရှင်းလင်းဆွေးနွေးကြ ပြီးနောက် တောင်သူများ၏တင်ပြချက်များကို မြို့နယ်အုပ်ချုပ်ရေးမှူး နှင့် တာဝန်ရှိသူများက ပေါင်းစပ်ညှိနှိုင်းပေးခဲ့ကြကြောင်း သိရသည်။

မြို့နယ်(ပြန်/ဆက်)



ညာခံကျေးရွာ၌ ကွန်ကရစ်ဘီးလမ်းခင်းခြင်းလုပ်ငန်း ရာနှုန်းပြည့် ဆောင်ရွက်ပြီးစီး



အင်္ဂပူ နိုဝင်ဘာ ၈

သမဝါယမနှင့် ကျေးလက်ဖွံ့ဖြိုးရေးဝန်ကြီးဌာန အင်္ဂပူမြို့နယ် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက အင်္ဂပူမြို့နယ် ညာခံကျေးရွာတွင် ကျေးရွာဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းစီမံကိန်းဖြင့် ကျေးရွာတွင်းလမ်း ကွန်ကရစ်ဘီးလမ်းခင်းခြင်းလုပ်ငန်းကို ဩဂုတ် ၁၉ ရက်တွင် စတင်ဆောင်ရွက်ခဲ့ရာ အောက်တိုဘာ ၅ ရက်တွင် ရာနှုန်းပြည့်ပြီးစီးပြီဖြစ်သည်။

အဆိုပါလမ်းခင်းခြင်းလုပ်ငန်းကို ၂၀၂၆–၂၀၂၇ ခုနှစ် နိုင်ငံတော် ထောက်ပံ့ရန်ပုံငွေကျပ် ၁၅ သန်းနှင့် ပြည်သူထည့်ဝင်ငွေကျပ် သုံးသန်း ဖြင့် ကျေးရွာတွင်း ကွန်ကရစ်ဘီးလမ်းခင်းခြင်း လမ်းနှစ်ဖက် အရှည်ပေ ၄၅၀၊ အကျယ် နှစ်ပေ ခြောက်လက်မ၊ ဒု ခြောက်လက်မကို ဆောင်ရွက် ပြီးစီးခဲ့ကြောင်း သိရသည်။

မန်းကျော်(ပြန်/ဆက်)

ရန်ကုန်မြို့နှင့် မန္တလေးမြို့အတွက် ရည်ညွှန်းလက်ကားဈေးနှုန်းများနှင့် ပြည်ထောင်စုနယ်မြေ နေပြည်တော်၊ တိုင်းဒေသကြီး/ပြည်နယ် မြို့တော်များအတွက် ရည်ညွှန်းလက်လီဈေးနှုန်းများ

၉-၁၁-၂၀၂၆

ကျပ်/လီတာ

Fuel (၀၁လီဈေးနှုန်း)	ရန်ကုန်	မန္တလေး	နေပြည်တော်	ပဲခူး	မကွေး	ထားဝယ်	စဉ့်ကူ	ပုသိမ်	မြန်ကြီးနား	စစ်ကိုင်	ဘားအံ	မော်လမြိုင်	တာချိုလိ	တောင်ကြီး	လျှိုင်ကော်	ဟားခါး
92 Ron	၄၅၃၀	၄၆၈၅	၄၆၃၅	၄၅၆၅	၄၆၈၅	၄၇၀၀	၄၇၃၅	၄၆၃၅	၄၉၈၀	၅၀၁၀	၄၆၃၅	၄၇၉၀	၄၇၂၅	၄၆၈၅	၄၆၃၅	၄၉၂၅
95 Ron	၄၅၅၀	၄၇၀၅	၄၆၆၀	၄၅၆၅	၄၇၀၀	၄၇၂၅	၄၇၆၀	၄၆၆၀	၅၀၀၅	၅၀၃၀	၄၆၆၀	၄၈၀၅	၄၇၅၀	၄၇၀၅	၄၇၀၅	၄၉၄၅
HSD (500 ppm)	၄၅၅၅	၄၇၀၅	၄၆၆၅	၄၅၇၀	၄၇၀၀	၄၇၂၀	၄၇၅၅	၄၆၆၀	-	၅၀၂၀	၄၆၆၅	၄၇၉၅	၄၇၄၀	၄၇၀၅	၄၇၀၅	၄၉၄၅
HSD (50 ppm)	၄၅၅၀	၄၇၀၅	၄၆၆၀	၄၅၇၀	၄၇၀၀	၄၇၂၀	၄၇၅၅	၄၆၆၀	၄၉၄၅	၅၀၀၀	၄၆၆၀	၄၇၉၀	၄၇၄၀	၄၇၀၅	၄၇၀၅	၄၉၄၅
HSD (10 ppm)	၄၅၅၀	၄၇၀၅	၄၆၆၀	၄၅၇၀	၄၇၀၀	၄၇၂၀	၄၇၅၅	၄၆၆၀	၄၉၄၅	၅၀၀၀	၄၆၆၀	၄၇၉၀	၄၇၄၀	၄၇၀၅	၄၇၀၅	၄၉၄၅

ကျပ်/လီတာ

Fuel (၀၁ကားဈေးနှုန်း)	ရန်ကုန်	မန္တလေး
92 Ron	၄၄၀၄	၄၄၂၄
95 Ron	၄၄၂၇	၄၄၄၀
HSD (500 ppm)	၄၃၄၆	၄၄၆၂
HSD (50 ppm)	၄၂၆၅	၄၃၀၀
HSD (10 ppm)	၄၂၆၅	၄၃၀၀

မှတ်ချက်။ (၁) MOPS ဈေးနှုန်းပေါ်တွင် အခြေခံတွက်ချက်ထားခြင်းဖြစ်ပါသည်။

(၂) သုံးစွဲသူမိတ်ဖြည်သူများအနေဖြင့် စက်သုံးဆီများ၀ယ်ယူသုံးစွဲရာတွင် ကျေးနှပ်မှမရှိပါက ကော်မတီ၏ အောက်ဖော်ပြပါဖုန်းနံပါတ်များသို့ လုံခြုံစိတ်ချစွာဖြင့် သတင်းပေး တိုင်ကြားနိုင်ပါကြောင်း အသိပေးအပ်ပါသည်-

၀၆၇- ၄၁၁၃၇၃၊ ၀၉-၂၅၄၆၂၅၄၇၇

၀၆၇- ၄၁၁၂၈၂၊ ၀၉-၆၈၀၅၅၉၉၈၈

စက်သုံးဆီတင်သွင်းသိုလှောင်ဖြန့်ဖြူးခြင်းလုပ်ငန်းကြီးကြပ်ရေးကော်မတီ

နိုင်ငံ့စီးပွားရေး၏ အဓိကမောင်းနှင်အားဖြစ်သည့် MSME များ အရှိန်အဟုန်ဖြင့်ဆောင်ရွက်

ကိုဘုန်း

မြန်မာနိုင်ငံ၏ စီးပွားရေးအခင်းအကျင်းတွင် အသေးစား၊ အငယ်စား၊ နှင့် အလတ်စား စီးပွားရေးလုပ်ငန်း (MSME)များသည် အဓိကကျသော အခန်းကဏ္ဍမှ ပါဝင်လျက်ရှိသည်။ တရားဝင်မှတ်ပုံတင်ထားသည့် MSME ပေါင်း ၄၀၀၀၀ ကျော်ရှိပြီး မှတ်ပုံမတင်ရသေးသည့် အသေးစားနှင့် အိမ်တွင်းစီးပွားရေးလုပ်ငန်းများကိုပါ ထည့်သွင်းစဉ်းစားမည်ဆိုပါက နိုင်ငံ့စီးပွားရေးလုပ်ငန်း စုစုပေါင်း၏ ၉၄ ရာခိုင်နှုန်းမှ ၉၉ ရာခိုင်နှုန်းအထိ MSME လုပ်ငန်းများဖြစ်နေသည်။ ဤအချက်သည် MSME များကို နိုင်ငံစီးပွားရေး၏ အဓိကမောင်းနှင်အားအဖြစ် သတ်မှတ်နိုင်စေသည်။

MSME လုပ်ငန်းများ၏ လက်ရှိအခြေအနေ

မြန်မာ့ MSME လုပ်ငန်း ၄၀၀၀၀ ကျော်အနက် ထက်ဝက်ကျော်မှာ အစားအသောက်နှင့် လူသုံးကုန်ထုတ်လုပ်သည့် လုပ်ငန်းများဖြစ်ကြသည်။ ဤလုပ်ငန်းများသည် နိုင်ငံ့လုပ်သားထုအတွက် အလုပ်အကိုင်အခွင့်အလမ်း ၇၀ ရာခိုင်နှုန်းကျော်ကို ဖန်တီးပေးထားသည်။ ဆိုလိုသည်မှာ မြန်မာနိုင်ငံ၏ အလုပ်လက်မဲ့ပြဿနာကိုဖြေရှင်းရာတွင် MSME ကဏ္ဍသည် အဓိကအခန်းကဏ္ဍမှ ပါဝင်နေခြင်းဖြစ်သည်။ အထူးသဖြင့် ကျေးလက်ဒေသများနှင့် မြို့ငယ်များတွင် MSME လုပ်ငန်းများသည် ဒေသခံပြည်သူများ၏ အသက်မွေးဝမ်းကျောင်းမှုအတွက် အဓိကဗဟိုရာဖြစ်နေသည်။

သို့သော် ဤလုပ်ငန်းအများစုသည် အသေးစားအဆင့်တွင်သာရှိနေပြီး တရားဝင်မှတ်ပုံတင်မှုမရှိခြင်းကြောင့် အစိုးရနှင့် အဖွဲ့အစည်းများ၏အထောက်အပံ့များ၊ ချေးငွေများနှင့် သင်တန်းများရယူရန် အခွင့်အလမ်းများ ဆုံးရှုံးနေရသည်။ ဤအခြေအနေသည် MSME များ၏တိုးတက်မှုကို အဟန့်အတားဖြစ်စေသည့် အဓိကအကြောင်းရင်းတစ်ခုဖြစ်နေသည်။

ရင်ဆိုင်နေရသောစိန်ခေါ်မှုများ

မြန်မာ MSME များ၏ အားနည်းချက်များနှင့် ၎င်းတို့ရင်ဆိုင်ကြရသည့် အခက်အခဲများကိုလေ့လာကြည့်လျှင် အောက်ပါအချက်များကို တွေ့ရသည်။

ငွေကြေးဆိုင်ရာ အခက်အခဲများ- လုပ်ငန်းတိုးချဲ့ရန် ငွေကြေးမလုံလောက်ခြင်းသည် အဓိကပြဿနာဖြစ်သည်။ ဘဏ်များက ချေးငွေထုတ်ချေးရာတွင် မြေနှင့် အဆောက်အအုံ အာမခံပစ္စည်း တောင်းခံလေ့ရှိသောကြောင့် အသေးစားလုပ်ငန်းရှင် အများစုမှာ ချေးငွေရယူနိုင်ခြင်းမရှိကြပေ။

နည်းပညာနှင့် စက်ပစ္စည်းဆိုင်ရာ အားနည်းချက်များ- နည်းပညာနှင့် စက်ပစ္စည်းများ ခေတ်နောက်ကျခြင်းကြောင့် ထုတ်လုပ်မှုအပိုင်းတွင် အရည်အသွေးမမှန်ခြင်းနှင့် ကုန်ကျစရိတ်ပိုမိုမြင့်မားခြင်းတို့ကို ကြုံတွေ့နေရသည်။ ခေတ်မီစက်ပစ္စည်းများ တပ်ဆင်နိုင်ခြင်းမရှိသောကြောင့် ထုတ်ကုန်အရည်အသွေးသည် ပြည်ပထုတ်ကုန်များနှင့် ယှဉ်ပြိုင်နိုင်စွမ်းမရှိဖြစ်နေသည်။

ဈေးကွက်ရှာဖွေရေးနှင့် ထုပ်ပိုးမှုဆိုင်ရာ အားနည်းချက်များ- မိမိတို့ထုတ်ကုန်အတွက် ဈေးကွက်ရှာဖွေရေးကို စနစ်တကျမလုပ်နိုင်ခြင်း၊ ထုပ်ပိုးမှုစနစ် ညံ့ဖျင်းခြင်းနှင့် အမှတ်တံဆိပ်မြှင့်တင်နိုင်စွမ်း အားနည်းခြင်းတို့ကြောင့် ပြည်ပသွင်းကုန်များနှင့် ယှဉ်ပြိုင်ရန်ခက်ခဲနေသည်။ ထုပ်ပိုးမှုသည် ထုတ်ကုန်တစ်ခု၏ ပထမဆုံးသော ဈေးကွက်ရှာဖွေရေးလုပ်ဆောင်ချက်ဖြစ်သောကြောင့် ဤအချက်သည် အလွန်အရေးကြီးသည်။

စီမံခန့်ခွဲမှုနှင့် ဘဏ္ဍာရေးဆိုင်ရာ အားနည်းချက်များ- လုပ်ငန်းရှင်အများစုသည် ခေတ်မီစီမံခန့်ခွဲမှုနှင့် ဘဏ္ဍာရေးစာရင်းအင်းကိုင်တွယ်မှု အားနည်းခြင်းသည် လုပ်ငန်း၏ရေရှည်တည်တံ့မှုကို ထိခိုက်စေသည်။ စနစ်တကျ စာရင်းအင်းမထားရှိခြင်းကြောင့် ချေးငွေရယူရာတွင်လည်း အခက်အခဲဖြစ်စေသည်။

အခြေခံအဆောက်အအုံဆိုင်ရာ ပြဿနာများ- ကျွမ်းကျင်လုပ်သားရှားပါးခြင်း၊ လျှပ်စစ်ဓာတ်အား ပုံမှန်မရရှိခြင်း၊ သယ်ယူပို့ဆောင်ရေးစရိတ်မြင့်မားခြင်းတို့သည် ထုတ်လုပ်မှုကုန်ကျစရိတ်ကို မြင့်တက်စေပြီး ယှဉ်ပြိုင်နိုင်စွမ်းကို ထိခိုက်စေသည်။

အစိုးရ၏ပံ့ပိုးကူညီမှု အစီအစဉ်များ

မြန်မာ့ MSME လုပ်ငန်းများ၏ ဘဏ္ဍာရေးအားနည်းချက်ကိုဖြေရှင်းနိုင်ရန် အစိုးရက မတည်ထုတ်ချေးငွေသော ရန်ပုံငွေများဖြင့် အစိုးရနှင့် ပြည်တွင်း ပုဂ္ဂလိကဘဏ်များမှတစ်ဆင့် သက်သာသောအတိုးနှုန်းများဖြင့် ထုတ်ချေးငွေသည့် အစီအစဉ်များရှိနေသည်။ MSME အများစုတွင် ဘဏ်ကတောင်းသော မြေနှင့် အဆောက်အအုံ အာမခံမပေးနိုင်သည့် ပြဿနာကိုဖြေရှင်းရန် အာမခံလုပ်ငန်းနှင့်ချိတ်ဆက်ပြီး အာမခံပစ္စည်းမဲ့ ချေးငွေအစီအစဉ်များ ထားရှိပေးထားသည်။ ထို့အပြင် စိုက်ပျိုးရေးနှင့် မွေးမြူရေးကိုအခြေခံသည့် MSME များအတွက် သီးသန့်အတိုးနှုန်းသက်သာသော ရေရှည်/ ရေတို ချေးငွေအစီအစဉ်များလည်းရှိသည်။

တစ်ဖက်တွင်လည်း MSME များ၏ လုပ်ငန်းစွမ်းဆောင်ရည်မြှင့်တင်ရန်အတွက် အစိုးရဌာနများနှင့် ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံ ကုန်သည်များနှင့် စက်မှုလက်မှုလုပ်ငန်းရှင်များအသင်းချုပ်တို့က သင်တန်းများ ဖွင့်လှစ်ပေးနေသည်ကို တွေ့ရသည်။ ဤသင်တန်းများသည် လုပ်ငန်းရှင်များအတွက် စီမံခန့်ခွဲမှု၊ ဘဏ္ဍာရေးစာရင်းအင်း၊ ဈေးကွက်ရှာဖွေရေးနှင့် နည်းပညာဆိုင်ရာ ဗဟုသုတများရရှိစေရန် ရည်ရွယ်ထားသည်။

ထို့အပြင် MSME ပြဿနာများနှင့် ဈေးရောင်းပွဲတော်များကို နိုင်ငံတော်အဆင့်၊ တိုင်းဒေသကြီးနှင့် ပြည်နယ်အဆင့်တို့တွင် ကျင်းပပေးလျက်ရှိရာ အရောင်းပြခန်းများ ဖွင့်လှစ်နိုင်ခြင်းအားဖြင့် ပြည်တွင်း ပြည်ပမှအဝယ်တော် (Buyers) များနှင့် တိုက်ရိုက်ချိတ်ဆက်ခွင့်ရရှိစေသည်။ ဤကဲ့သို့သောပြပွဲများသည် ထုတ်ကုန်များကို ဈေးကွက်နှင့် မိတ်ဆက်ပေးရာတွင် အလွန်ထိရောက်သော နည်းလမ်းတစ်ခုဖြစ်သည်။

ပြည်ပဈေးကွက်တွင် ယှဉ်ပြိုင်နိုင်စွမ်းရှိလာစေရန် ဆောင်ရွက်ရမည့်အချက်များ

မြန်မာ MSME လုပ်ငန်းများ ပြည်ပဈေးကွက်တွင် ဝင်ရောက်ယှဉ်ပြိုင်နိုင်စွမ်းရှိစေရန်အတွက် ပြုပြင်မြှင့်တင်းလဲမြှင့်တင်ရန် လိုအပ်သည်။ အောက်ပါအချက်များသည် အဓိကကျသောလမ်းစဉ်များဖြစ်သည်။

နိုင်ငံတကာစံချိန်စံညွှန်းများရယူခြင်း - အထူးသဖြင့် နိုင်ငံတကာစံချိန်စံညွှန်းနှင့် အရည်အသွေး အသိအမှတ်ပြုလက်မှတ်များ ရယူထားကြရမည် ဖြစ်သည်။ အစားအသောက်နှင့် ဆေးဝါးလုပ်ငန်းများသည် HACCP, ISO, GMP နှင့် Halal လက်မှတ်များ၊ စိုက်ပျိုးရေးထွက်ကုန်များအတွက် GAP (Good Agricultural Practices) လက်မှတ်များ လိုအပ်သည်။ ဤလက်မှတ်များသည် ပြည်ပဈေးကွက်သို့ ဝင်ရောက်ရာတွင် မဖြစ်မနေ လိုအပ်သောအရည်အချင်းသတ်မှတ်ချက်များဖြစ်သည်။

ခေတ်မီထုပ်ပိုးမှုစနစ်အသုံးပြုခြင်း - မိမိတို့ထုတ်ကုန်ပစ္စည်း၏ ပြင်ပအသွင်အပြင် ဆွဲဆောင်မှုရှိစေရေးအတွက် ခေတ်မီထုပ်ပိုးမှုသည် မဖြစ်မနေ ဆောင်ရွက်ရမည့်အချက်ဖြစ်သည်။ ထုပ်ပိုးမှုကောင်းမွန်ခြင်းသည် ထုတ်ကုန်၏တန်ဖိုးကိုမြှင့်တင်ပေးပြီး ပြည်ပအဝယ်များ၏ ယုံကြည်မှုကိုရရှိစေသည်။

ဒီဂျစ်တယ်စီးပွားရေးနှင့် ချိတ်ဆက်ခြင်း- နိုင်ငံတကာတွင် ဒီဂျစ်တယ်စီးပွားရေးသည် အလျင်အမြန် တိုးတက်နေသည့်အလျောက် အွန်လိုင်းဈေးကွက်များနှင့်ချိတ်ဆက်ခြင်း၊ ဒီဂျစ်တယ်ငွေပေးချေမှုစနစ်များကို နားလည်အသုံးပြုခြင်းတို့သည် လည်း ခေတ်နှင့်အညီ ဆောင်ရွက်ရန်လိုအပ်သည်။ အွန်လိုင်းဈေးကွက်များသည် ပထဝီအနေအထား ဆိုင်ရာကန့်သတ်ချက်များကို ကျော်လွှားနိုင်ပြီး ပြည်ပအဝယ်တော်များနှင့် တိုက်ရိုက်ချိတ်ဆက်နိုင်စေသည်။

ကုန်ထုတ်လုပ်မှုစရိတ်လျော့ချခြင်း- ပြည်ပဈေးကွက်တွင် ဈေးနှုန်းအရပြိုင်ဆိုင်နိုင်စွမ်းရှိစေရေး အတွက်လည်း ကုန်ထုတ်လုပ်မှုစရိတ်ကို အတတ်နိုင်ဆုံးလျော့ချရမည်ဖြစ်ရာ နည်းပညာနှင့် စက်မှုပိုင်းဆိုင်ရာ အဆင့်မြှင့်တင်ခြင်း၊ ကုန်ကြမ်းရရှိမှုမှသည် ကုန်ချောသယ်ယူပို့ဆောင်ရေးအထိ ကုန်ကျစရိတ် သက်သာစေရန် စီမံခန့်ခွဲခြင်းတို့ကို ဆောင်ရွက်ကြရမည်ဖြစ်သည်။

စိုက်ပျိုးရေးအခြေခံထုတ်ကုန်များ၏ အလားအလာ

မိမိတို့နိုင်ငံသည် စိုက်ပျိုးရေးအခြေခံ အစားအသောက်ထုတ်ကုန်များ (Agri-based Food Products)ကို တန်ဖိုးမြှင့်ထုတ်ကုန်များအဖြစ် ထုတ်လုပ်ပြီး ပြည်ပဈေးကွက်သို့ ထိုးဖောက်တင်ပို့နိုင်သည့်အရင်းအမြစ်များနှင့် ပြည့်စုံသည်။ ပြည်တွင်းမှ သစ်သီးဝလံ၊ ပဲမျိုးစုံနှင့် ဆီထွက်သီးနှံများ၊ လက်ဖက်ကော်ဖီ စသည်တို့ကိုအခြေခံ၍ စားသောက်ကုန်အမျိုးမျိုးတို့ကို အမှတ်တံဆိပ်အမျိုးမျိုးဖြင့် ထုတ်လုပ်တင်ပို့နိုင်သည်။

ဤအလားအလာကို အရှိန်အဟုန်ဖြင့် အသုံးချနိုင်ရန် တိုင်းဒေသကြီးများနှင့် ပြည်နယ်များအလိုက် စိုက်ပျိုးမွေးမြူရေးကဏ္ဍများ ဖွံ့ဖြိုးတိုးတက်ရေးနှင့် MSME လုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေးတို့ကို အားပေးဆောင်ရွက်ကာ ထွက်ရှိလာသည့် တန်ဖိုးမြှင့်ကုန်ချောများကို ပြည်တွင်း၊ ပြည်ပဈေးကွက်များသို့ တင်ပို့ခြင်းဖြင့် ဒေသအသီးသီး၌ စီးပွားဖွံ့ဖြိုးတိုးတက်လာပြီး ဒေသနေပြည်သူများ၏ လူမှုစီးပွားဘဝ မြင့်မားလာမည်ဖြစ်သည်။

မြန်မာ့ MSME လုပ်ငန်းများသည် နိုင်ငံ့စီးပွားရေး၏ကျောရိုးဖြစ်ပြီး အလုပ်အကိုင်အခွင့်အလမ်းများ ဖန်တီးပေးရာတွင် အဓိကအခန်းကဏ္ဍမှပါဝင်နေသည်။ သို့သော်ငွေကြေးဆိုင်ရာအခက်အခဲများ၊ နည်းပညာဆိုင်ရာ အားနည်းချက်များ၊ ဈေးကွက်ရှာဖွေရေးနှင့် ထုပ်ပိုးမှုဆိုင်ရာပြဿနာများကို ရင်ဆိုင်နေရသည်။ အစိုးရ၏ ပံ့ပိုးကူညီမှုအစီအစဉ်များနှင့် နိုင်ငံတကာစံချိန်စံညွှန်းများရယူခြင်း၊ ခေတ်မီထုပ်ပိုးမှုအသုံးပြုခြင်း၊ ဒီဂျစ်တယ်စီးပွားရေးနှင့် ချိတ်ဆက်ခြင်း၊ ကုန်ထုတ်လုပ်မှုစရိတ် လျော့ချခြင်းတို့ဖြင့် ပြည်ပဈေးကွက်တွင် ယှဉ်ပြိုင်နိုင်စွမ်းရှိလာစေရန် ဆောင်ရွက်နိုင်ပါက မြန်မာ့ MSME လုပ်ငန်းများသည် နိုင်ငံ့စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုကို ပိုမိုရှိ အရှိန်အဟုန်ဖြင့် မောင်းနှင်ပေးနိုင်မည်ဖြစ်ပါသည်။ စိုက်ပျိုးရေးအခြေခံထုတ်ကုန်များကို တန်ဖိုးမြှင့်ထုတ်ကုန်များအဖြစ် ထုတ်လုပ်တင်ပို့နိုင်ခြင်းဖြင့် ဒေသအသီးသီး၏ စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုနှင့် ပြည်သူများ၏ လူမှုစီးပွားဘဝမြင့်မားလာမှုကို အထောက်အကူပြုနိုင်မည်ဖြစ်ပါကြောင်း ရေးသားတင်ပြအပ်ပါသည်။ ။

> **MSME လုပ်ငန်းများသည် နိုင်ငံ့စီးပွားရေး၏ကျောရိုးဖြစ်ပြီး အလုပ်အကိုင်အခွင့်အလမ်းများ ဖန်တီးပေးရာတွင် အဓိကအခန်းကဏ္ဍမှ ပါဝင်နေသည်။ သို့သော် ငွေကြေးဆိုင်ရာအခက်အခဲများ၊ နည်းပညာဆိုင်ရာ အားနည်းချက်များ၊ ဈေးကွက်ရှာဖွေရေးနှင့် ထုပ်ပိုးမှုဆိုင်ရာပြဿနာများကို ရင်ဆိုင်နေရသည်။ အစိုးရ၏ ပံ့ပိုးကူညီမှုအစီအစဉ်များနှင့် နိုင်ငံတကာစံချိန်စံညွှန်းများရယူခြင်း၊ ခေတ်မီထုပ်ပိုးမှုအသုံးပြုခြင်း၊ ဒီဂျစ်တယ်စီးပွားရေးနှင့် ချိတ်ဆက်ခြင်း၊ ကုန်ထုတ်လုပ်မှုစရိတ် လျော့ချခြင်းတို့ဖြင့် ပြည်ပဈေးကွက်တွင် ယှဉ်ပြိုင်နိုင်စွမ်းရှိလာစေရန်ဆောင်ရွက်**

အမုန်းစကားကို ဆန့်ကျင်ကြ၊ တားဆီးကြရမည်

လူမျိုး၊ ကိုးကွယ်ရာဘာသာ၊ ကျား/မ(သို့မဟုတ်) မည်သူမည်ဝါ ဖြစ်သည်ဆိုသည့်အကြောင်းအရာတို့အပေါ်အခြေပြု၍ လူပုဂ္ဂိုလ်တစ်ဦး(သို့မဟုတ်) လူအုပ်စုတစ်စုကို မျှတမှုမရှိစွာ ဝေဖန်သည့် (သို့မဟုတ်) မလိုမုန်းထားမှုကို ဖော်ပြသည့် ဆက်ဆံမှုတစ်မျိုးမျိုးကို ရည်ညွှန်းပြီး အကြမ်းဖက်ရန် လှုံ့ဆော်ခြင်းသည် အမုန်းစကားပင်ဖြစ်သည်။

အမုန်းစကားပြန့်ပွားခြင်းသည် လူ့အဖွဲ့အစည်းအတွင်း ခွဲခြားဆက်ဆံမှုနှင့် အကြမ်းဖက်မှုကို ဖြစ်ပေါ်စေပြီး ဂုဏ်သိက္ခာရှိစွာနေထိုင်ရန်နှင့် ငြိမ်းချမ်းပြီး ညီညွတ်သည့် လူ့အဖွဲ့အစည်းတည်ဆောက်ရန် မျှော်မှန်းချက်တို့ကို ထိခိုက်စေသည့်အပြင် အကျင့်စာရိတ္တကိုလည်း ထိပါးစေသည်။

သို့ဖြစ်၍ ပြည်သူများအနေဖြင့် အမုန်းစကားများကို ရှုတ်ချရန်နှင့် တားဆီးရန် စီမံဆောင်ရွက်ရမည်။ အမုန်းစကားဆန့်ကျင်သည့်လှုပ်ရှားမှုများတွင် အားလုံးပါဝင်ရန်နှင့် ပံ့ပိုးအားပေးရမည်။

လူငယ်နှင့် ရုပ်ရှင်အနုပညာ

မောင်မောင်မြင့်သိန်း(စက်မှုတက္ကသိုလ်)

ရုပ်ရှင်အနုပညာနှင့် လူငယ်သည် အလွန်နီးကပ်စွာဆက်စပ်နေသည်။ ၁၉၅၀ ပြည့်နှစ်နှောင်းပိုင်းမှ ၁၉၆၀ ပြည့်နှစ်အစောပိုင်းအထိ ရုပ်ရှင်လောကတွင် မျိုးဆက်သစ်များစွာ မွေးဖွားလာခဲ့သည်။

ပထမကမ္ဘာစစ်နှင့် ဒုတိယကမ္ဘာစစ်တို့၏ မနှစ်မြို့ဖွယ်အတွေ့အကြုံများက လူငယ်များ၏ နိုင်ငံရေးနှင့် လူမှုရေးပတ်ဝန်းကျင်တွင် နေထိုင်ခဲ့ရသောဘဝများကို ပိုမိုမီးမောင်းထိုးပြခဲ့သည်။ ဂျာမန် Expressionism ရုပ်ရှင်၊ အီတလီ New Realism ရုပ်ရှင်၊ ပြင်သစ် Renaissance ရုပ်ရှင်တို့သည် မျိုးဆက်များအတွက် ကောင်းမွန်သောဥပမာများဖြစ်သည်။

၁၉၇၀ နှင့် ၁၉၈၀ ပြည့်နှစ်များ၏ ရုပ်ရှင်လုပ်ငန်းတိုးတက်လာမှုနှင့်အတူ ရုပ်ရှင်က လူငယ်များကို ပြန်လည်ဆွဲဆောင်နိုင်ခဲ့သည်။ ထိုအချိန်က ဖန်တီးသူများက ရုပ်ရှင်နှင့် လူငယ်များကို ပေါင်းစပ်နိုင်ခဲ့သည်။

ရုပ်ရှင်ကို ကြည့်ရှုခံစားသော လူငယ်များအနေဖြင့် စိတ်ကူးယဉ်ကမ္ဘာတွင် လမ်းလျှောက်ခြင်း၌ နှစ်သက်ကြသည်။ ရုပ်ရှင်ရုံသည် ပရိသတ်ကို စိတ်ကူးယဉ်ကမ္ဘာသို့ အလွယ်တကူ ပို့ဆောင်ပေးနိုင်သော မီဒီယာတစ်ခုဖြစ်သည်။ တစ်ခါတစ်ရံတွင် ရုပ်ရှင်အနုပညာသည် အမှန်တရားနှင့် အမှားအကြားစူးစမ်းလေ့လာမှုတစ်ခုသာဖြစ်သည်။ လွတ်လပ်သော ကောင်းကင်ယံတွင် သီခြားကမ္ဘာတစ်ခု တည်ဆောက်နိုင်သည်။ သူတို့တည်ဆောက်ထားသော စိတ်ကူးယဉ်ကမ္ဘာသည် ၎င်းတို့ကိုယ်ပိုင်ဘဝ၏ အစိတ်အပိုင်းတစ်ခု သို့မဟုတ် ရောနှောနေသော ကမ္ဘာများနှင့် ဆင်တူသည်ဟု မှတ်ယူနေကြသည်။ ရုပ်ရှင်မှ တစ်ဆင့် လူငယ်များကို လက်တွေ့လောကဖြစ်ရပ် အသစ်များဆီသို့ ခေါ်ဆောင်လာရန်လိုသည်။

ရုပ်ရှင်သည် လူငယ်များအား အမျိုးသားယဉ်ကျေးမှုကို သိနားလည်ရေး တွန်းအားပေးနိုင်သော မီဒီယာတစ်ခုပင်ဖြစ်သည်။ လူငယ်များအတွက် ကိုယ်ပိုင်လက္ခဏာ စူးစမ်းလေ့လာခြင်း၊ လူမှုရေးဆိုင်ရာ မှတ်ချက်ပေးခြင်းနှင့် စိတ်ခံစားမှုဖွံ့ဖြိုးတိုးတက်မှုအတွက် အစွမ်းထက်သောမီဒီယာတစ်ခုအဖြစ် ဆောင်ရွက်ပေးသည်။ ရုပ်ရှင်ရုံ သို့မဟုတ် ရုပ်ရှင်လုပ်ငန်းက လူငယ်များအပေါ် သိသာထင်ရှားသော သက်ရောက်မှုရှိသည်။ ရုပ်ရှင်သည် လူကြိုက်များသော ဖျော်ဖြေရေးပုံစံတစ်ခုဖြစ်ပြီး လူငယ်များအတွက် သတင်းအချက်အလက်နှင့် ယဉ်ကျေးမှုဆိုင်ရာ လွှမ်းမိုးမှု၏ အဓိကရင်းမြစ်တစ်ခုလည်းဖြစ်သည်။

အပြုသဘောဆောင်သောဘက်မှကြည့်လျှင် ရုပ်ရှင်သည် လူငယ်များအတွက် ပညာရေးနှင့် ယဉ်ကျေးမှုဆိုင်ရာ အကျိုးကျေးဇူးများကို ပေးစွမ်းနိုင်သည်။ ရုပ်ရှင်များသည် လူငယ်များအား အတွေးအခေါ်သစ်များနှင့် ရှုထောင့်အသစ်များကို ဖော်ထုတ်ပေးနိုင်သည်။ မတူညီသော ယဉ်ကျေးမှုများနှင့် ဘဝနေထိုင်မှုပုံစံများကို နားလည်သဘောပေါက်စေရန် ကူညီပေးသည်။ ရုပ်ရှင်များသည် လူငယ်များအား သီခြားဘာသာရပ်တစ်ခုအကြောင်း ပိုမိုလေ့လာရန် လှုံ့ဆော်ပေးနိုင်သည်။

အနုတ်လက္ခဏာဆောင်သောဘက်မှကြည့်လျှင်လည်း ရုပ်ရှင်သည်လူငယ်များအပေါ် အပျက်သဘောဆောင်သော သက်ရောက်မှုများရှိနိုင်သည်။ ရုပ်ရှင်နှင့် ရုပ်မြင်သံကြားအစီအစဉ်အချို့တွင် အကြမ်းဖက်မှု၊ လိင်ပိုင်းဆိုင်ရာအကြောင်းအရာ သို့မဟုတ် မူးယစ်ဆေးဝါးသုံးစွဲမှုကဲ့သို့သော လူငယ်များအတွက် မသင့်လျော်သော သို့မဟုတ် အန္တရာယ်ရှိသော အကြောင်းအရာများ ပါဝင်တတ်သည်။ ထို့အပြင် ရုပ်ရှင် သို့မဟုတ် ရုပ်မြင်သံကြားကြည့်ရှုရာတွင် အချိန်များစွာကုန်ဆုံးလေ့ရှိရာ လူငယ်များမှနည်းပါးပြီး ထိုင်နေလေ့ရှိသောကြောင့် အဝလွန်ခြင်းကဲ့သို့သော ကျန်းမာရေးပြဿနာများကို ဖြစ်စေနိုင်သည်။

လူငယ်များအပေါ် အပြုသဘောဆောင်သော သက်ရောက်မှုများ

လှုံ့ဆော်မှုနှင့် စံပြပုဂ္ဂိုလ်များ

ရုပ်ရှင်များတွင် လူငယ်များအား စာနာမှုနှင့် ခံနိုင်ရည်ရှိမှု တည်ဆောက်ရန် လှုံ့ဆော်ပေးသည့် အခက်အခဲ၊ သတ္တိ သို့မဟုတ် တိုးတက်မှုကိုရင်ဆိုင်ရသည့် ဇာတ်ကောင်များပါဝင်သည်။ ရုပ်ရှင်များသည် လူငယ်များအား စံပြပုဂ္ဂိုလ်တို့၏ ကောင်းမွန်သော အပြုအမူများဖြင့် လှုံ့ဆော်ပေးနိုင်သည်။

ယဉ်ကျေးမှုနှင့် သမိုင်းဝင်ပညာရေး

မှတ်တမ်းရုပ်ရှင်များနှင့် သမိုင်းဝင် ဒရမ်မာ ဇာတ်လမ်းများသည် မတူညီသောလူ့အဖွဲ့အစည်းများ၊ ခေတ်များနှင့် လူမှုရေးပြဿနာများအပေါ် ရှုထောင့်များကို လေ့လာသုံးသပ်ပေးသည်။ လူငယ်များအား အသိပညာ ဗဟုသုတရရှိစေသည်။

ဖန်တီးမှုဆိုင်ရာ ဖော်ပြချက်

လူငယ်များ ရုပ်ရှင်အနုပညာဖန်တီးခြင်းကဲ့သို့သော အစီအစဉ်များသည် ဇာတ်ညွှန်းရေးသားခြင်းမှ ထုတ်လုပ်မှုပြီးဆုံးသည်အထိ ရုပ်ရှင်ရိုက်ကူးမှုလုပ်ငန်းစဉ် အပြည့်အစုံကို သင်ကြားပေးခြင်းဖြင့် လူငယ် ရုပ်ရှင်ဖန်တီးသူများကို ဖော်ဆောင်ပေးသည်။

စင်စစ် ရုပ်ရှင်ရုံသည် လူသားတို့၏ဘဝတွင် လွန်စွာအရေးပါသည်။ ရုပ်ရှင်ရုံက လူသားတို့၏ ယဉ်ကျေးမှုကို ပုံဖော်ပေးခြင်း၊ စာနာနားလည်မှုကို တည်ဆောက်ပေးခြင်းနှင့် လူသားများ မျှဝေခွိတ်ဆက်မှုအတွက် နေရာတစ်ခုပုံပိုးပေးသောကြောင့် အရေးကြီးပါသည်။ ယဉ်ကျေးမှုလွှမ်းမိုးမှုနှင့် ခေတ်ရေစီးကြောင်းများကို လေ့လာကြည့်လျှင် ရုပ်ရှင်များက နေ့စဉ်ဘဝတွင် ဝေါဟာရအသစ်များ၊ စကားလုံးအသစ်များနှင့် ဖက်ရှင်ခေတ်ရေစီးကြောင်းများကို မိတ်ဆက်ပေးသည်။

လူငယ်များအနေဖြင့် ရုပ်ရှင်ကြည့်ရှုင်း လူ့အဖွဲ့အစည်းကို ဆင်ခြင်သုံးသပ်နိုင်သည်။ ရုပ်ရှင်များက မတူညီသောအချိန်ကာလများ၏တန်ဖိုးများ၊ သမိုင်းကြောင်းများနှင့် ရုန်းကန်မှုများကို ဖမ်းယူသည့် ယဉ်ကျေးမှုဆိုင်ရာပစ္စည်းများအဖြစ် ဆောင်ရွက်ပေးသည်။

ထို့ပြင် ရုပ်ရှင်ဇာတ်လမ်းများက ကမ္ဘာလုံးဆိုင်ရာ ဇာတ်လမ်းများကို ပြောပြနေသည်။ ဥပမာ– The Magic of Cinema တွင် ဖော်ပြထားသည့်အတိုင်း ရုပ်ရှင်သည် ကြည့်ရှုသူများအား ကျယ်ပြန့်သော ယဉ်ကျေးမှုနှင့် ဘာသာစကားဆိုင်ရာ ကွာဟချက်များကို သိရှိစေသည်။

တစ်ဖန်လူငယ်များသည် ရုပ်ရှင်ဇာတ်ကားများ ကြည့်ရှုခံစားခြင်းဖြင့် စာနာနားလည်မှုနှင့် ကိုယ်ရည်ကိုယ်သွေးတိုးတက်မှု ရရှိလာမည်ဖြစ်သည်။ ယင်းသည်အခြားဘဝများသို့ ခြေလှမ်းလှမ်းခြင်းသဘောဖြစ်သည်။ မတူညီသောနောက်ခံများမှ ဇာတ်ကောင်များကို ကြည့်ရှုခြင်းသည် လူငယ်များအား စာနာမှု၊ သည်းခံမှုနှင့် ပိုမိုကျယ်ပြန့်သောကမ္ဘာအမြင်ကိုတည်ဆောက်ရန်ကူညီပေးသည်။

မြန်မာနိုင်ငံ၏ ပထမဆုံးရုပ်ရှင်မှာ ၁၉၁၀ ပြည့်နှစ်များက လန်ဒန်တွင် မြန်မာ့လွတ်လပ်ရေးအတွက် လှုပ်ရှားခဲ့သော ထိပ်တန်းနိုင်ငံရေးသမားတစ်ဦးဖြစ်သူ ဦးထွန်းရှိန်၏ စာပေနအခမဲ့အနားကို ရိုက်ကူးထားခြင်းဖြစ်သည်။ ဦးအုန်းမောင်သည် စာပေနကို လက်စွဲကင်မရာဖြင့် ရိုက်ကူးခဲ့သည်။ ထို့ရုပ်ရှင်ကို ဦးအုန်းမောင်၏ သူငယ်ချင်းဖြစ်သူ မစ္စတာ အာချာ ပိုင်ဆိုင်သည့် Royal Cinema (Scott Market အနီး၊ ယခု ဗိုလ်ချုပ်ဈေး)တွင် ပြသခဲ့သည်။ "ရုပ်ရှင်၏ အရည်အသွေးညံ့ဖျင်းမှုအတွက် တောင်းပန်ပါ၏"ဟူသောသတိပေးချက်ဖြင့် စတင်ခဲ့ပြီး မှတ်တမ်းရုပ်ရှင်ဆန်သော်လည်း မြန်မာလူထုသည် ရုပ်ရှင်ကို အလွန်ဂုဏ်ယူခဲ့ကြသည်။

ထို့နောက် ဦးအုန်းမောင်သည် ရုပ်ရှင်များ ပိုမိုထုတ်လုပ်ရန်နှင့် ဒါရိုက်တာလုပ်ရန် The Burma Film Company ကို တည်ထောင်ခဲ့သည်။ သူသည် ပထမဆုံး မြန်မာရုပ်ရှင် အသံတိတ်ရုပ်ရှင် Myitta Ne Thuya (မေတ္တာနှင့် သူရာ) ကို ရိုက်ကူးရန် ဦးညီပု (မြန်မာ့ပထမဆုံး သရုပ်ဆောင်)ကို ငှားရမ်းခဲ့ပြီး ကင်ရာအနေအထားပုံသေနှင့် ရုပ်ရှင်ဆက်စပ်ပစ္စည်းများဖလှယ်လောက်မှုကြောင့် အရည်အသွေးညံ့ဖျင်းသော်လည်း အောင်မြင်မှုရရှိခဲ့သည်။ ရုပ်ရှင်ကို "Burma Film Presents: မေတ္တာနှင့် သူရာ" ခေါင်းစဉ်ဖြင့် စတင်ခဲ့သော်လည်း သရုပ်ဆောင်များ၏ ဂုဏ်ပြုချက် သို့မဟုတ် ဖော်ပြချက်မရှိပါ။ လောင်းကစားနှင့် အရက်သည် လူတစ်ယောက်၏ ဘဝကို မည်သို့ဖျက်ဆီးခဲ့သည်ကို ဆရာကြီး ပီမိုးနင်း ရေးသားသောဇာတ်လမ်းကို အခြေခံထားသည်။ ရုပ်ရှင်ပြသသည့်နေ့ဖြစ်သော ၁၉၂၀ ပြည့်နှစ် အောက်တိုဘာလ ၁၃ ရက်နေ့ကို နှစ်စဉ် မြန်မာ့ရုပ်ရှင်နေ့အဖြစ် သတ်မှတ်ခဲ့သည်။

လူသိများသော ထိပ်တန်းမြန်မာရုပ်ရှင်များတွင် သင်္ကြန်မိုး (၁၉၈၅) (ဒါရိုက်တာ– မောင်တင်ဦး)က မြန်မာ့ရုပ်ရှင်တွင် ဂန္ဓဝင်မှတ်တိုင်တစ်ခုအဖြစ် ကျယ်ကျယ်ပြန့်ပြန့် သတ်မှတ်ခံထားရသော ဒရမ်မာဇာတ်လမ်းဖြစ်သည်။ ယင်းဇာတ်လမ်းသည် ၁၉၅၉ ခုနှစ်မှ ၁၉၈၂ ခုနှစ်အထိ ဂီတပညာရှင် တစ်ဦး၏ဘဝကို ပုံဖော်ထားသည်။ မန္တလေးမြို့၏ သင်္ကြန်ရေကစားပွဲတော် သက်ဝင်လှုပ်ရှားမှုကို ယဉ်ကျေးမှုနောက်ခံဖြင့် ပုံဖော်ထားသည်။

လူငယ်များအနေဖြင့် မြန်မာရုပ်ရှင်ဇာတ်ကားများအပြင် နိုင်ငံတကာရုပ်ရှင်ဇာတ်ကားများကိုလည်း ကြည့်ရှုခံစားသင့်သည်။ ကြည့်ရှုရန် အကောင်းဆုံး သမိုင်းဝင်ရုပ်ရှင်ကားများကို ဝေမှာရေးဆရာများက ချီးကျူးဂုဏ်ပြုခံရသည့် "သမိုင်းဝင် ဒရမ်မာများ သို့မဟုတ် ရုပ်ရှင်ရုံ၏ အကောင်းဆုံး ရုပ်ရှင်များ (History Hit Top Historical Films)။ ဘုံသဘောတူညီချက်စာရင်းများနှင့် အများပြည်သူ အဆင့်သတ်မှတ်ချက်များတွင် Schindler's List (1993)၊ Gladiator (2000) နှင့် Lawrence of Arabia (1962) ကဲ့သို့သော အခြေခံသမိုင်းဝင်ဇာတ်ကားများကို ထိပ်ဆုံးတွင် ဖော်ပြထားသည်။

ကျောင်းသားလူငယ်များအတွက် ရုပ်ရှင်ကြည့်ခြင်း၏ အကျိုးကျေးဇူးများ

ရုပ်ရှင်ကြည့်ခြင်းသည် ကျောင်းသားလူငယ်များအား အဓိကပညာရေး၊ သိမြင်မှုဆိုင်ရာနှင့် စိတ်ပိုင်းဆိုင်ရာကျန်းမာရေး အားသာချက်များကို ပေးစွမ်းသည်။ ထို့ပြင် ပညာရေးနှင့် သိမြင်မှုဆိုင်ရာ အကျိုးကျေးဇူးများရရှိစေသည်။ ရုပ်ရှင်များသည် စာအုပ်များတွင်တွေ့ရှိရသော ဗဟုသုတ၊ သမိုင်းဝင်ဖြစ်ရပ်များကို အမြင်အာရုံနှင့် ဆက်စပ်သော အသက်ဝင်မှုကို ပေးစွမ်းသည်။

လူငယ်များသည် ရုပ်ရှင်ကြည့်ခြင်းဖြင့် ဝေနဂ်ပိုင်းခြား တွေးခေါ်မှုစွမ်းရည်ရရှိလာမည်ဖြစ်သည်။ ဇာတ်လမ်းများ၊ ဇာတ်ကောင်ပုံစံများ၊ အကြောင်းအရာများနှင့် ရုပ်ရှင်ရိုက်ကူးမှုများကို ခွဲခြမ်းစိတ်ဖြာခြင်းသည် ကျောင်းသားလူငယ်များအား အမြင်အာရုံတွင်ထင်ဟပ်သော ဇာတ်လမ်းပြောပြခြင်းကို အကဲဖြတ်နိုင်သည်။


စင်စစ် ရုပ်ရှင်များသည် အမြင်အာရုံနှင့် အကြားအာရုံသင်ယူသုနှစ်ဦးစလုံးကို ဆွဲဆောင်ပြီး ဘာသာစကားဖွံ့ဖြိုးတိုးတက်မှု ရရှိလာနိုင်သည်။ စာတန်းထိုးများနှင့် စကားပြောဆို့မှုများသည် ကျောင်းသားများအား ဝေါဟာရအသစ်များ၊ သဒ္ဒါဖွဲ့စည်းပုံများနှင့် အသံထွက်များကို ဖော်ထုတ်ပေးသည်။

ရုပ်ရှင်ကြည့်ခြင်းဖြင့် ပညာသင်ရာတွင် ပင်ပန်းနွမ်းနယ်မှုကို လျော့ချရုန်၊ စိတ်ဖိစီးမှုဟော်မုန်းများကို လျော့ချရုန်နှင့် အင်ဒိုဖင်များကိုထုတ်လွှတ်ရန် ကူညီပေးသည်။ ထို့ပြင် စိတ်ခံစားမှုဆိုင်ရာ ဉာဏ်ရည်နှင့် စာနာမှုကိုလည်းရရှိစေသည်။ ရှုပ်ထွေးသောဇာတ်ကောင်စရိုက်များကိုကြည့်ခြင်းသည် ကျောင်းသားများအား ကွဲပြားသောလူထောင့်များ၊ ခံစားချက်များနှင့် ကိုယ်ကျင့်တရားဆိုင်ရာ သင်ခန်းစာများကိုမှတ်မိရန် ကူညီပေးသည်။ လူငယ်များအနေဖြင့်မတူညီသောဒေသများမှ ရုပ်ရှင်များသည် ကမ္ဘာလုံးဆိုင်ရာ အသိပညာ၊ အခြားရှိုးရာဓလေ့များသိရှိစေသည်။ လူမှုဆက်ဆံရေးအပိုင်းမှ လေ့လာကြည့်လျှင် လူငယ်ကျောင်းသားများအုပ်စုလိုက် ရုပ်ရှင်ထွက်ကြည့်ခြင်း သို့မဟုတ် ရုပ်ရှင်အပြီး အတန်းတွင်းငြင်းခုံမှုများနှင့် ဆွေးနွေးမှုများသည် အဖွဲ့လိုက်လုပ်ဆောင်မှု၊ ဆက်သွယ်ရေးနှင့် ရွယ်တူချင်းဆက်ဆံရေးကို အားပေးသည်။

သို့ဖြစ်ရာ လူငယ်များအနေဖြင့် ရုပ်ရှင်အနုပညာ၏ သဘောသဘာဝကို သိရှိနားလည်ပြီး အားလပ်ချိန်များတွင် စိတ်အပန်းဖြေရင်း မိမိတို့ဘဝအတွက် အကျိုးရှိမည့် မြန်မာဇာတ်ကားများသာမက နိုင်ငံတကာရုပ်ရှင်များလည်း ကြည့်ရှုခံစားသင့်ပါသည်။ မိမိတို့၏ အသိဉာဏ်၊ အတွေးအခေါ်၊ ဆင်ခြင်တုံတရား၊ စာနာနားလည်မှု၊ လူသဘောမနောများကို ရုပ်ရှင်ကြည့်ခြင်းဖြင့် ရရှိနိုင်ရန် တင်ပြလိုက်ပါသည်။ ။

ရယ်စရာ ပြုံးစရာ နိုင်ငံတကာဟာသများ


မာတင်ဖဲ





ကြေးမုံစာအုပ်စင် စာအုပ်အမြင်

ကြေးမုံစာအုပ်စင် စာအုပ်အမြင်ကဏ္ဍတွင် စာအုပ်ထုတ်ဝေသူများ၊ စာအုပ်ဖြန့်ချိသူများ၊ စာရေးဆရာများ၏ ထုတ်ဝေသောစာအုပ်များကို စာဖတ်ပရိသတ်များ ကျယ်ကျယ်ပြန့်ပြန့် သိရှိလေ့လာဖတ်ရှုနိုင်ရန်အတွက် စုစည်းဖော်ပြပေးလိုက်ပါသည်။ (စာတည်း)



ကမ္ဘာ့အကြီးဆုံး ဗုဒ္ဓဘာသာအဆောက်အအုံ ဗောရောဗုဒေါ

ဒေါက်တာတင်ထွန်းဦး ရေးသားသည့် ကမ္ဘာ့အကြီးဆုံး ဗုဒ္ဓဘာသာအဆောက်အအုံ ဗောရောဗုဒေါအုပ် ထွက်ရှိလာသည်။

သမိုင်းကြောင်းအရ အလွန်စိတ်ဝင်စားစရာကောင်းပြီး အင်ဒိုနီးရှားနိုင်ငံတွင်တည်ရှိသည့် ကမ္ဘာ့အကြီးဆုံး ဗုဒ္ဓဘာသာအဆောက်အအုံကြီး၏ အံ့သြဖွယ်ရာဖွဲ့စည်းတည်ဆောက်ထားပုံနှင့် ထူးထူးခြားခြား အနုပညာလက်ရာမြောက်လှသော ကျောက်ဆစ်ရုပ်လုံးရုပ်ကြွများကို စာရေးသူကိုယ်တိုင် နှစ်ကြိမ်တိုင်တိုင် သွားရောက်လေ့လာ ရေးသားပြုစုထားသည့် စာအုပ်ဖြစ်သည်။

ဤစာအုပ်တွင် ဗောရောဗုဒေါ၏ဖြစ်ပေါ်လာပုံ၊ တည်ဆောက်ခဲ့သည့်ခေတ်၊ မင်းဆက်များ၊ ဖွဲ့စည်းတည်ဆောက်ထားပုံအဆင့်ဆင့်၊ ဗိသုကာလက်ရာများ၊ စေတီတော်များ၊ ဗုဒ္ဓရုပ်ပွားတော်များ၊ ကျောက်ဆစ်ရုပ်ကြွများနှင့် ၎င်းတို့၏အဓိပ္ပာယ်များ၊ စေတီတော်ကြီးကပေးသည့် ဘဝသင်ခန်းစာစသည်တို့ကိုဖော်ပြထားသည်။ထို့အပြင်ဗောရောဗုဒေါပျောက်ကွယ်ခဲ့ရသည့်ကာလ၊ပြန်လည် တွေ့ရှိခဲ့ပုံ၊ ထိန်းသိမ်းပြုပြင်ခဲ့ပုံနှင့် ကမ္ဘာလှည့်ခရီးသွားများ အထူးစိတ်ဝင်စားစရာနေရာတစ်ခုအဖြစ် ရပ်တည်နေသည့်အခြေအနေများကိုလည်း ဖော်ပြထားသည်။ ထို့မျှသာမက ပြည့်ပြည့်စုံစုံ ဆက်စပ်လေ့လာနိုင်ရန် ကမ္ဘာအနှံ့ရှိ ကမ္ဘာ့အံ့ဖွယ်ဗုဒ္ဓရုပ်ပွားတော်များနှင့် စေတီတော်များအကြောင်းကိုလည်း ထည့်သွင်းဖော်ညွှန်းထားသည်။

စာအုပ်ကို ပြည်လုံးကျွတ်ဖြန့်ချိရေး ဖုန်း ၀၁၃၈၅၂၉၃၊ ၀၁၈၃၉၂၇၃၉၊ ဖွယ်စုံမီဒီယာဂရုပ်(၀)၊ ပထမထပ်၊ Central Tower၊ အနော်ရထာလမ်း (၃၉ လမ်းထောင့်)၊ ရန်ကုန်မြို့မှ တန်ဖိုး ငွေကျပ် ၁၅၀၀၀ ဖြစ်ရှိသည်။



သိလိုရာမေး စတော့ရှယ်ယာအရေး

ဆရာသက်ထွန်းဦး၏ သိလိုရာမေး စတော့ရှယ်ယာအရေးစာအုပ် အောက်တိုဘာလက ပထမအကြိမ် ထွက်ရှိလာသည်။

စာအုပ်တွင် စတော့စျေးကွက်သမိုင်းအကျဉ်း၊ အများပြည်သူသို့ ထုတ်ဝေရောင်းချခြင်း၏ အကျိုးကျေးဇူးများ၊ စတော့စျေးနှုန်းများ သတ်မှတ်ခြင်း၊ ငွေချေးသက်သေခံလက်မှတ်ကုမ္ပဏီများအကြောင်း၊ စတော့အိတ်ချိန်းတွင် စာရင်းဝင်ခြင်းနှင့် စာရင်းဝင်အကြိုစျေးကွက် အကြောင်းတို့အပါအဝင် ဆောင်းပါးပုဒ်ရေ ၁၂ ပုဒ်ဖြင့် စုစည်းရေးသား ထားသည်။ စတော့စျေးကွက်ကို စတင်လေ့လာလိုသူများအတွက် သာမက မိမိ၏ရင်းနှီးမြှုပ်နှံမှုအသိပညာကို ပိုမိုတိုးတက်လိုသူများ အတွက်ပါ အထောက်ကူပြုစေရန် ရေးသားပြုစုထားသည်။

စာအုပ်ကို Wisdom House စာအုပ်တိုက် အဝေရာလမ်း၊ မေတ္တာညွှန့်ရပ်ကွက်၊ တာမွေမြို့နယ်၊ ရန်ကုန်မြို့မှ နှစ်(၂၀)ပြည့် အမှတ်တရအဖြစ် ထုတ်ဝေထားခြင်းဖြစ်ပြီး တန်ဖိုးငွေကျပ် ၁၈၀၀၀ ဖြင့် ဖြန့်ချိသည်။




လူသိရှင်ကြား တောလားများ

သန်းလင်း (ရွှေချောင်း- ပခုက္ကူ) ရေးသားထားသည့် လူသိရှင်ကြား တောလားများစာအုပ် ထွက်ရှိလာသည်။

စာအုပ်တွင် ရှာမှရှားတဲ့ အလောင်းတော်ကသယပသွားတောလား၊ အင်းဝမြို့ဟောင်းသွားတောလား၊ ရှင်မတောင်သွား တောလား၊ ရှေးမြို့ဟောင်းလောင်းရှည်သွား တောလား၊ ဇီးအိုအင်ကြင်းတောသွား တောလား၊ ဓောင်ချမ်းပင်ရာပုံတော်၊ ဦးခိုက်ပူဇော် ရွှေမုဋ္ဌောဓတုစေတီတော်၊ ဗောဓိအာဂမနဇာတ်ဝင်ခန်း နံရံဆေးရေးပန်းချီများ၊ ဓယ်မင်းလှသို့ လွမ်းခြင်း၊ တဝဂူပဟဋ္ဌိကိုအဖြေညှိခြင်း၊ တုရင်တောင်၏ လွမ်းဖွယ်ပုံရိပ်များ၊ ရွှေအိမ်စည်မင်းသမီးသို့လွမ်းခြင်း၊ ပုဂံမြို့ဟောင်းရှိ အင်္ဂလိပ်နာမည်နှင့် ဘုရားတစ်ဆူ၊ စီပီသနပ်ခါး၊ ရာဇဝင်ထဲက ပြည်တော်သာ၊ မေတ္တာရန်၊ မပြယ်သေးသည့် မေတ္တာနယ်မြေ၊ ပခုက္ကူမြို့ယမ်က မေတ္တာနယ်မြေ၊ မြစေတီကျောက်စာထဲက ရွာသုံးရွာကို ရှာဖွေခြင်း၊ ရာဘဲရွာမှ သမိုင်းသက်သေ၊ ပခုက္ကူမြို့ရှိ မင်္ဂလာဓမ္မသာရ ရုပ်စုံကျောင်းတော်မဟာ၊ ပျောက်ကွယ်တော့မည့် ထန်းတက်ပညာ၊ သူ့သား၊ မင်းရဲကျော်စွာ စသည့်ဆောင်းပါး ၂၃ ပုဒ် ပါဝင်သည်။

စာရေးသူသည် ခရီးသွားရင်း ရောက်ရှိရာဒေသ၏ လူမှုရေး၊ စီးပွားရေး၊ ယဉ်ကျေးမှု၊ ဓလေ့ထုံးတမ်း၊ သဘာဝအလှအပ၊ သမိုင်းရာဇဝင်တို့ကို အများသူငါ သိစေလိုသောစေတနာဖြင့် ရေးသားထားသည်။

စာအုပ်ကို ရှင်မတောင်စာပေ၊ ဖုန်း ၀၉၇၃၈၁၃၄၈၊ ၀၉၇၆၆၀၄၆၈၃၉ (Viber)၊ အမှတ် ၂၁၉၊ လမ်း ၄၀ (လယ်)၊ ကျောက်တံတားမြို့နယ်၊ ရန်ကုန်မြို့မှ တန်ဖိုးငွေကျပ် ၁၀၀၀၀ ဖြင့် ဖြန့်ချိသည်။



ကမ္ဘာ့ကျောက်မျက် A to Z

ကမ္ဘာပေါ်ရှိ ကျောက်မျက်တန်းဝင်
ကျောက်အမျိုးအစားအားလုံးကို တစုတစည်းတည်းတင်ပြခြင်း

ဆရာကျောက်ရိုင်း(ဘူမိ)၏ ကမ္ဘာ့ကျောက်မျက် A to Z စာအုပ်မှာ အောက်တိုဘာလက ဒုတိယအကြိမ် ထွက်ရှိလာသည်။

စာအုပ်တွင် ကမ္ဘာ့ကျောက်မျက် A to Z နှင့်ပတ်သက်ပြီး ကမ္ဘာ့ကျောက်မျက်များ အက္ခရာစဉ်အညွှန်း A အက္ခရာမှ အချုရိုက်(Achrite)၊ အက်ခရိုအိုက်(Achroite)၊ အက်တီနိုလိုက်(Actinolite)၊ အဂိတ်(Agate)၊ ပယင်း(Amber)နှင့် B အက္ခရာမှ ဘာဟိန်းအမ်မသစ်(Bahaim Amethyst)၊ ဘာလက်ရူဘီ(Balas Ruby)၊ ဘာရိုက်(Barite) စသည့် ကျောက်များအပါအဝင် အက္ခရာစဉ်အလိုက် ကျောက်အမျိုးအစားများကို သိရှိလေ့လာ မှတ်သားနိုင်စေရန် ရေးသားပြုစုထားသည်။

စာအုပ်ကို Wisdom House စာအုပ်တိုက် အဝေရာလမ်း၊ မေတ္တာညွှန့်ရပ်ကွက်၊ တာမွေမြို့နယ်၊ ရန်ကုန်မြို့မှ ထုတ်ဝေထားခြင်းဖြစ်ပြီး တန်ဖိုးငွေကျပ် ၃၀၀၀၀ ဖြင့် ဖြန့်ချိသည်။









မြန်မာနိုင်ငံတစ်ဝန်းရှိ ကျောင်းသား ကျောင်းသူများ အင်္ဂလိပ်စာအရည်အသွေး တိုးတက်ကောင်းမွန်စေရန်ရည်ရွယ်ပြီး အင်္ဂလိပ်စကားပြောပုံစံများကို လေ့လာနိုင်ရန်အတွက် အပတ်စဉ် ကြေးမုံစာတည်းအဖွဲ့ ဖော်ပြပေးလျက်ရှိပါသည်။

A Basic Spoken English Course

ယခင်တစ်ပတ်က Lesson 11: Describing places (နေရာများကိုဖော်ပြခြင်း) အကြောင်းကို ဖော်ပြခဲ့ပါတယ်။ ဒီတစ်ပတ်မှာလည်း Lesson 11: Describing places (နေရာများကိုဖော်ပြခြင်း) အကြောင်းကို ဆက်လက် ဖော်ပြသွားမှာဖြစ်ပါတယ်။

(ယခင်အပတ်မှအဆက်)

3. Size (အရွယ်အစား)

1. ကျွန်တော်တို့မြို့က အတော်လေးကြီးပါတယ်။
(quite – အတော်လေး၊ large – ကြီးမားသော)
2. ကျွန်မတို့ရွာက သေးငယ်ပေမဲ့ လှပပါတယ်။
(small – သေးငယ်သော၊ but – သို့သော်၊ beautiful – လှပသော)
3. ကျွန်တော်တို့ကျောင်းက ကျယ်ဝန်းပါတယ်။
(spacious – ကျယ်ဝန်းသော၊ school – ကျောင်း)
4. အဲဒီပန်းခြံက အလွန်ကျယ်ပါတယ်။
(park – ပန်းခြံ၊ very large – အလွန်ကျယ်သော)
5. ကျွန်တော်တို့မြို့မှာ လမ်းမကြီးတွေနဲ့ လမ်းငယ်တွေအများကြီး ရှိပါတယ်။
(main roads – လမ်းမကြီးများ၊ small streets – လမ်းငယ်များ၊ many – အများကြီး)

4. Appearance (အသွင်အပြင်)

1. ကျွန်တော်တို့မြို့က သန့်ရှင်းပြီး လှပပါတယ်။
(clean – သန့်ရှင်းသော၊ beautiful – လှပသော)
2. ကျွန်မတို့ကျောင်းက ခေတ်မီပြီး ဆွဲဆောင်မှုရှိပါတယ်။
(modern – ခေတ်မီသော၊ attractive – ဆွဲဆောင်မှုရှိသော)
3. ကျွန်တော်တို့ရွာက စိမ်းလန်းစိုပြည်ပါတယ်။
(green – စိမ်းလန်းသော၊ lush – စိမ်းစိုထူထပ်သော)
4. အဲဒီပန်းခြံက ပန်းရောင်စုံတွေနဲ့ အလွန်လှပပါတယ်။
(colourful flowers – ပန်းရောင်စုံများ၊ lovely – ချစ်စရာကောင်းသော)
5. အဲဒီအဆောက်အအုံက ရှေးဟောင်းပြီး စိတ်ဝင်စားဖွယ်ကောင်းပါတယ်။
(ancient – ရှေးဟောင်းသော၊ building – အဆောက်အအုံ၊ interesting – စိတ်ဝင်စားဖွယ်ကောင်းသော)

5. Surroundings (ပတ်ဝန်းကျင်)

1. ကျွန်တော်တို့ရွာကို စိမ်းလန်းတဲ့တောင်တန်းတွေက ဝန်းရံထားပါတယ်။
be surrounded by – ဖြင့်ဝန်းရံထားသည်၊ green mountains – စိမ်းလန်းသောတောင်တန်းများ
2. ကျွန်မတို့ကျောင်းအနီးမှာ ဈေးတစ်ခုရှိပါတယ်။
near – အနီး၊ market – ဈေး
3. ကျွန်တော်တို့အိမ်ပတ်ဝန်းကျင်မှာ သစ်ပင်တွေအများကြီးရှိပါတယ်။
around – ပတ်ဝန်းကျင်၊ trees – သစ်ပင်များ
4. အဲဒီပန်းခြံအနီးမှာ ရေကန်တစ်ကန်ရှိပါတယ်။
pond – ရေကန်၊ nearby – အနီးအနား
5. ကျွန်တော်တို့မြို့မှာ မြစ်တွေ၊ ချောင်းတွေနဲ့ လယ်ကွင်းတွေ အများကြီးရှိပါတယ်။
rivers – မြစ်များ၊ streams – ချောင်းများ၊ paddy fields – လယ်ကွင်းများ

6. Facilities (အဆောက်အအုံနှင့် အထောက်အကူပြုပစ္စည်းများ)

1. ကျွန်တော်တို့မြို့မှာ ဆေးရုံ၊ ကျောင်းနဲ့ ဈေးတွေ အများကြီးရှိပါတယ်။
hospital – ဆေးရုံ၊ school – ကျောင်း၊ market – ဈေး
2. ကျွန်မတို့ကျောင်းမှာ စာသင်ခန်းများစွာရှိပါတယ်။
classroom – စာသင်ခန်း၊ several – အများအပြား
3. ကျွန်တော်တို့ကျောင်းမှာ စာကြည့်တိုက်တစ်ခုနဲ့ ကစားကွင်းတစ်ခုရှိပါတယ်။
library – စာကြည့်တိုက်၊ playground – ကစားကွင်း
4. အဲဒီပန်းခြံမှာ ထိုင်ခုံတွေနဲ့ ကလေးကစားကွင်းတွေရှိပါတယ်။
benches – ထိုင်ခုံများ၊ children's playground – ကလေးကစားကွင်း
5. ကျွန်တော်တို့မြို့မှာ ခေတ်မီအဆောက်အအုံတွေနဲ့ ဟိုတယ်တွေ ရှိပါတယ်။
modern buildings – ခေတ်မီအဆောက်အအုံများ၊ hotels – ဟိုတယ်များ

7. People and Lifestyle (လူများနှင့် နေထိုင်မှုပုံစံ)

1. ကျွန်တော်တို့မြို့က လူတွေဟာ ဖော်ရွေပြီး ကူညီတတ်ကြပါတယ်။
friendly – ဖော်ရွေသော၊ helpful – ကူညီတတ်သော
2. ကျွန်တော်တို့ရွာက လူအများစုဟာ လယ်သမားတွေဖြစ်ကြပါတယ်။
most people – လူအများစု၊ farmers – လယ်သမားများ
3. ကျွန်တော်တို့မြို့က လူတွေဟာ မနက်စောစော အလုပ်သွားကြပါတယ်။
early in the morning – မနက်စောစော၊ go to work – အလုပ်သွားသည်
4. ကျွန်မတို့ကျောင်းက ကျောင်းသားတွေဟာ စည်းကမ်းရှိပြီး ကြိုးစားကြပါတယ်။
disciplined – စည်းကမ်းရှိသော၊ hardworking – ကြိုးစားသော
5. အဲဒီဒေသက လူတွေဟာ ရိုးရာယဉ်ကျေးမှုကို ထိန်းသိမ်းကြပါတယ်။
local people – ဒေသခံများ၊ traditional culture – ရိုးရာယဉ်ကျေးမှု၊ preserve – ထိန်းသိမ်းသည်

8. Activities (လုပ်ဆောင်နိုင်သောအရာများ)

1. ကျွန်တော်တို့မြို့မှာ ဈေးဝယ်နိုင်ပါတယ်။
go shopping – ဈေးဝယ်သည်
2. ကျွန်မတို့ကျောင်းမှာ အားကစားလုပ်နိုင်ပါတယ်။
play sports – အားကစားလုပ်သည်
3. အဲဒီပန်းခြံမှာ လမ်းလျှောက်ပြီး အနားယူနိုင်ပါတယ်။
take a walk – လမ်းလျှောက်သည်၊ relax – အနားယူသည်
4. အင်းလေးကန်မှာ လှေစီးပြီး သဘာဝအလှအပတွေကို ခံစားနိုင်ပါတယ်။
go boating – လှေစီးသည်၊ natural beauty – သဘာဝအလှအပ
5. အဲဒီနေရာမှာ ဓာတ်ပုံရိုက်ပြီး အမှတ်တရတွေ ဖန်တီးနိုင်ပါတယ်။
take photographs – ဓာတ်ပုံရိုက်သည်၊ memories – အမှတ်တရများ

9. Weather and Atmosphere (ရာသီဥတုနှင့် ပတ်ဝန်းကျင်အခြေအနေ)

1. ကျွန်တော်တို့မြို့မှာ နွေရာသီဆိုရင် ပူပါတယ်။
summer – နွေရာသီ၊ hot – ပူသော
2. ကျွန်တော်တို့ရွာမှာ ဆောင်းရာသီဆိုရင် အေးမြပါတယ်။
winter – ဆောင်းရာသီ၊ cool – အေးမြသော
3. အဲဒီဒေသမှာ ရာသီဥတုက သာယာပါတယ်။
weather – ရာသီဥတု၊ pleasant – သာယာသော
4. ကျွန်တော်တို့ကျောင်းရဲ့ပတ်ဝန်းကျင်က တိတ်ဆိတ်အေးချမ်းပါတယ်။
surroundings – ပတ်ဝန်းကျင်၊ quiet – တိတ်ဆိတ်သော၊ peaceful – အေးချမ်းသော
5. အဲဒီပန်းခြံမှာ လေကောင်းလေသန့်ရပြီး စိတ်အေးချမ်းစေပါတယ်။
fresh air – လေကောင်းလေသန့်၊ feel relaxed – စိတ်အေးချမ်းသည်

10.Personal Experience and Feelings (ကိုယ်ပိုင်ခံစားချက်)

1. ကျွန်တော်တို့မြို့ကို ချစ်ပါတယ်၊ ဘာကြောင့်လဲဆိုတော့ အဲဒီမြို့က လှပလို့ပါ။
love – ချစ်သည်၊ because – အကြောင်းမှာ
2. ကျွန်မတို့ကျောင်းကို သွားရတာ ပျော်ပါတယ်။
feel happy – ပျော်ရွှင်သည်၊ go to school – ကျောင်းသွားသည်
3. အဲဒီပန်းခြံကို သွားတဲ့အခါ ကျွန်တော် စိတ်အေးချမ်းမှုကို ခံစားရပါတယ်။
when – သောအခါ၊ feel relaxed – စိတ်အေးချမ်းမှုခံစားရသည်
4. ကျွန်မအကြိုက်ဆုံးအရာက အဲဒီနေရာရဲ့ သဘာဝအလှအပဖြစ်ပါတယ်။
favourite thing – အကြိုက်ဆုံးအရာ၊ natural beauty – သဘာဝအလှအပ
5. အဲဒီနေရာမှာ မိသားစုနဲ့ အချိန်ကုန်ဆုံးရတာကို ကျွန်တော်နှစ်သက်ပါတယ်။
spend time – အချိန်ကုန်ဆုံးသည်၊ family – မိသားစု၊ enjoy – နှစ်သက်သည်

11. Conclusion (နိဂုံးချုပ်)

1. အားလုံးခြုံငုံကြည့်မယ်ဆိုရင် ကျွန်တော်တို့မြို့ဟာ အလွန်လှပတဲ့ မြို့တစ်မြို့ဖြစ်ပါတယ်။
all in all – အားလုံးခြုံငုံကြည့်လျှင်၊ wonderful – အံ့သြဖွယ်ကောင်းသော
2. နိဂုံးချုပ်ရမယ်ဆိုရင် ကျွန်မတို့ကျောင်းဟာ အလွန်ကောင်းမွန်တဲ့ ကျောင်းတစ်ကျောင်းဖြစ်ပါတယ်။
in conclusion – နိဂုံးချုပ်ရလျှင်၊ excellent – အလွန်ကောင်းမွန်သော
3. အဲဒီနေရာကို လူတိုင်းကို သွားရောက်လည်ပတ်ဖို့ အကြံပြုချင်ပါတယ်။
recommend – အကြံပြုသည်၊ visit – သွားရောက်လည်ပတ်သည်
4. အဲဒီနေရာကို တစ်ခါထပ်သွားလည်ဖို့ မျှော်လင့်ပါတယ်။
hope – မျှော်လင့်သည်၊ visit again – ထပ်မံလည်ပတ်သည်
5. အဲဒီနေရာဟာ ကျွန်တော့်အတွက် အမြဲတမ်း အမှတ်တရဖြစ်နေမှာပါ။
memorable – အမှတ်တရဖြစ်သော၊ always – အမြဲတမ်း

****

အောက်ပါတို့ကို အင်္ဂလိပ်ဘာသာဖြင့် ပြန်လည်ရေးသားပါ။

1. City (မြို့ကြီး)

1. ကျွန်ုပ်သည် မြို့ကြီးတစ်မြို့တွင် နေထိုင်သည်။
(live in a big city)
2. ကျွန်ုပ်၏မြို့သည် အလွန်စည်ကားသည်။
(my city, very busy, crowded)
3. ဤမြို့တွင် လူဦးရေများစွာ နေထိုင်ကြသည်။
(a large population, live)
4. မြို့တွင် အဆောက်အအုံကြီးများစွာ ရှိသည်။
(many tall buildings)
5. ဤမြို့တွင် ကားများနှင့် ဆိုင်ကယ်များ အမြဲသွားလာနေကြသည်။
(cars and motorbikes, move around)
6. မြို့တွင် ဈေးဆိုင်များနှင့် စားသောက်ဆိုင်များစွာ ရှိသည်။
(shops, restaurants, many)
7. ဤမြို့တွင် ကျောင်းကောင်းများနှင့် ဆေးရုံများစွာ ရှိသည်။
(good schools, hospitals)
8. လူများသည် အလုပ်အကိုင်အခွင့်အလမ်းများစွာ ရရှိနိုင်ကြသည်။
(job opportunities, get, many)
9. မြို့တွင် ဘတ်စ်ကားများဖြင့် သွားလာနိုင်သည်။
(travel by bus)
10. ညဘက်တွင် လမ်းမီးများ ထိန်လင်းနေသည်။
(at night, streetlights, shine brightly)
11. မြို့တွင် ပန်းခြံများနှင့် အပန်းဖြေနေရာများလည်း ရှိသည်။
(parks, recreational places, also)
12. လူအများသည် ဈေးဝယ်ရန်နှင့် အပန်းဖြေရန် မြို့ထဲသို့ လာရောက်ကြသည်။
(go shopping, relax, visit the city)
13. မြို့ပြလူနေမှုဘဝသည် အဆင်ပြေသော်လည်း လူနေထူထပ်သည်။
(city life, convenient, busy)
14. ယာဉ်ကြောပိတ်ဆို့မှုသည် မြို့ကြီးများတွင် အဖြစ်များသော ပြဿနာတစ်ခုဖြစ်သည်။
(traffic congestion, common problem)
15. လေထုညစ်ညမ်းမှုနှင့် ဆူညံသံများသည် မြို့ပြလူနေမှုဘဝကို ထိခိုက်စေနိုင်သည်။
(air pollution, noise, affect, city life)
16. ကျွန်ုပ်၏မြို့သည် ဖွံ့ဖြိုးတိုးတက်နေပြီး နေထိုင်ရန် စိတ်ဝင်စားဖွယ်ကောင်းသော နေရာတစ်ခုဖြစ်သည်။
(developing, interesting place, live)

(ဆက်လက်ဖော်ပြပါမည်------)

အင်္ဂလိပ်ဘာသာရပ်ဆိုင်ရာ ရှင်းလင်းချက်များနှင့် လေ့ကျင့်ခန်းများအပေါ် နားလည်မှုတစ်စုံတစ်ရာမရှိပါက သို့မဟုတ် ယခုထက်ပိုမိုကောင်းမွန်စေရန် အကြံပြုလိုပါက ဆရာဦးအောင်ကျော်ကျော် (The Perfect English Supplement Editorial Group) ၀၉-၄၃၁၅၇၀၇၁ ထံ ဆက်သွယ်မေးမြန်းအကြံပြုနိုင်ပါသည်။

နိဒါန်း

အမေရိကန် ရွှေကောက်ပွဲနှင့် အေအိုင် ရှယ်ယာဈေးကွက် အလှုပ်အခတ်



ယခုတစ်ပတ်တွင်တော့ လတ်တလော ဖြစ်ပွားခဲ့သည့် အမေရိကန်လွတ်တော် ကြားဖြတ် ရွှေကောက်ပွဲရလဒ်နှင့် အေအိုင်စတော့ရှယ်ယာဈေးကွက်အလှုပ်အခတ်အကြောင်းကို ဆွေးနွေးလိုပါသည်။ နည်းပညာဆောင်းပါး မဟုတ်သည့်တိုင် ယနေ့ခေတ်၏ ထိပ်ဆုံးနည်းပညာနှင့် ပတ်သက်နေပြီး ကြုံတောင့်ကြုံခဲကိစ္စတစ်ခုဖြစ်၍ မှတ်တမ်းတင်လိုသည့်သဘောလည်း ပါပါသည်။

နိုဝင်ဘာ ၄ ရက် အမေရိကန်လွတ်တော် ကြားဖြတ် ရွှေကောက်ပွဲတွင် ဒီမိုကရက်တစ်ပါတီက လွတ်တော်နှစ်ရပ်လုံး အသာစီးရသွားပြီဖြစ်ကြောင်း သေချာသွားသည့်နောက် အေအိုင်နည်းပညာကုမ္ပဏီများ၏ ရှယ်ယာများ စတင်လှုပ်ခတ်ခဲ့သည်။ စတော့ရှယ်ယာ ဈေးကွက်ဆိုသည်က သိထားပြီးကြသည့်အတိုင်း ရင်းနှီးမြှုပ်နှံသူတို့၏ မျှော်မှန်းချက်ကလည်း ဈေးကွက်အတက်အကျအပေါ် အခရာကျသည့် သက်ရောက်မှုတစ်ခုဖြစ်သည်။ ရွှေကောက်ပွဲရလဒ် ထွက်လာပြီး အေအိုင်ရှယ်ယာဈေးကွက် ရုတ်တရက် ကျဆင်းသွားခြင်းမှာ ရင်းနှီးမြှုပ်နှံသူများက အေအိုင်ကုမ္ပဏီများ၏ ရှယ်ယာများကို ထုတ်ရောင်းပြီး အခြားတစ်ခုခု (စီးပွားရေးသတင်းများတွင်တော့ အစိုးရငွေတိုက်စာချုပ်များဟုဆိုသည်)ကို ပြောင်းပြီး ရင်းနှီးမြှုပ်နှံလိုက်ကြခြင်းကြောင့် ဖြစ်သည်မှာ သေချာသည်။

နိုဝင်ဘာ ၅ ရက်တွင် အေအိုင်ကုမ္ပဏီအများဆုံး ပါဝင်သည့် နက်စ်ဒက် ၁၀၀ ညွှန်းကိန်းက ၆ ဒသမ ၄ ရာခိုင်နှုန်း၊ အက်စ်အင်ဒ်ပီ ၅၀၀ ညွှန်းကိန်းက ၄ ဒသမ ၄ ရာခိုင်နှုန်း၊ ဒေါင်းဂျုန်းစ် ညွှန်းကိန်းက ၃ ဒသမ ၄ ရာခိုင်နှုန်း အသီးသီး ကျဆင်းသွားခဲ့သည်။ ကမ္ဘာ့ထိပ်တန်း ဂရပ်ဖစ်ကတ် လုပ်ငန်းကြီးလည်း ဖြစ်၊ အေအိုင်ချစ်ပ်ထုတ်လုပ်သည့် လုပ်ငန်းကြီးလည်းဖြစ်သည့် အင်ဗီဒီးယား၏ ရှယ်ယာတန်ဖိုး ၉ ရာခိုင်နှုန်း၁၆နာရီကျင် ကျဆင်းခဲ့ပြီး အေအိုင် ပရိဆက်ဆာများ ထုတ်လုပ်သည့် အေအမ်ဒီကုမ္ပဏီ ဆိုလျှင် ရှယ်ယာတန်ဖိုး ၁၇ ရာခိုင်နှုန်း၁၆နာရီကျင် ကျဆင်းသွားသည်။ ဘလွန်းဘတ်၏ အချက်အလက်များအရ နက်စ်ဒက် ၁၀၀ ထဲမှ ကုမ္ပဏီများ၏ဈေးကွက်တန်ဖိုး ၂ ဒသမ ၅ ထရီလီယံလောက် အဆွေပြန်သွားခဲ့သည်။

"ဒီမိုကရက်တစ် လွတ်တော်ဖြစ်တာနဲ့ ရင်းနှီးမြှုပ်နှံသူတွေက ဘာကိုစိုးရိမ်သွားတာလဲ" ဟု မေးလျှင်တော့ စိုးရိမ်မှုမှာ အေအိုင်နည်းပညာ အနာဂတ်မျှော်မှန်းချက်များကြောင့်မဟုတ်ဘဲ အချက်အလက်ဘဏ်ဟုဆိုနိုင်သည့် ဒေတာစင်တာများ တည်ဆောက်ရေးကို စိုးရိမ်သွားကြခြင်းဖြစ်သည်ဟု ဆိုရမည်။ အေအိုင်ဝိုဒယ်တစ်ခုကို လေ့ကျင့်ပေးရန် အဓိကကျသော အခြေခံအဆောက်အအုံများထဲတွင် ဒေတာစင်တာများ ပါဝင်သည်။ ပြဿနာမှာ ဒေတာစင်တာတစ်ခု တည်ဆောက်ခြင်းမှ ရလာသည့် ဘေးထွက်ဆိုးကျိုးများပင်။ အဓိကအားဖြင့် စွမ်းအင်လိုအပ်ချက်၊ ရေသုံးစွဲမှု၊ အပူစွန့်ထုတ်မှုတို့ဖြစ်သည်။ အခြား သဘာဝပတ်ဝန်းကျင်သက်ရောက်မှုများလည်း ရှိသည်။

ထို့ကြောင့် အမေရိကန်ပြည်သူများအကြား ဒေတာစင်တာများ တည်ဆောက်မှုအပေါ် ဆန့်ကျင်မှုများရှိလာပြီး ဒီမိုကရက်တစ် အမတ်များကလည်း ဒေတာစင်တာများကို ထိန်းချုပ်ကန့်သတ်ရန် ဆန္ဒရှိလာကြသည်။ သမ္မတထရမ့်ဖ် သက်တမ်းတစ်လျှောက် ရီပတ်ဘလီကန်တို့ လွတ်တော်ကို စိုးမိုးထားချိန်တွင် ဒေတာစင်တာ တည်ဆောက်မှုများမှာ ဘာပြဿနာမျှမရှိခဲ့။ ယခုဒီမိုကရက်တစ် လွတ်တော်နှစ်ရပ်အောက်တွင် ထို့မျှလွတ်လပ်တော့မည်မဟုတ်ဟု ရင်းနှီးမြှုပ်နှံသူများက စိုးရိမ်ကြခြင်းဖြစ်သည်။ အထူးသဖြင့် ရီပတ်ဘလီကန်ကြီးစိုးသည့် ပြည်နယ်များတွင် ဒီမိုကရက်တစ်များအနိုင်ရသွားခြင်းက စိုးရိမ်မှုပိုများစေသည်။

ထိုသို့သော စိုးရိမ်မှုများကြောင့် အေအိုင်ကုမ္ပဏီ ရှယ်ယာများ ရုတ်တရက် ကျဆင်းသွားခြင်းသည် အေအိုင်နည်းပညာအနာဂတ်ကို ထိခိုက်သွားစေလားဆိုလျှင်တော့ မဟုတ်ပါ။ လုံးလုံးမထိခိုက်ဘူးလားဆိုလျှင်လည်း မဟုတ်ပါ။ ရှယ်ယာဈေးများ ကျဆင်းသွားခြင်းသည် လက်ရှိလည်ပတ်နေသည့် အေအိုင်အခြေခံအဆောက်အအုံများနှင့် စီမံကိန်းများကို သက်ရောက်မှု ကြီးကြီးမားမားမရှိပါ။ သို့သော် အနာဂတ်ရင်းနှီးမြှုပ်နှံမှု မျှော်မှန်းချက်အချို့ကိုတော့ ထိခိုက်သွားစေနိုင်သည်။

ဆိုလိုသည်မှာ အေအိုင်ချစ်ပ်များ ထုတ်လုပ်နေသည့် ကုမ္ပဏီများသည် လုပ်ငန်းအောင်မြင်ပြီး ဝင်ငွေလည်း ကောင်းနေသည်။ ထို့ကြောင့် ရင်းနှီးမြှုပ်နှံသူတို့၏ မျှော်မှန်းချက် (speculation)မြင့်မားပြီး လက်ရှိရှယ်ယာဈေးနှုန်းများသည် အမှန်တကယ်ရှိနေသည့် တန်ဖိုးများထက် များစွာမြင့်မားနေတတ်သည်။ ထိုမျှော်မှန်းချက်များ လျော့ကျသွားသောအခါရှယ်ယာတန်ဖိုးများ ကျသွားသည်။ သို့သော် ဝင်ငွေနှင့်လုပ်ငန်းလည်ပတ်မှုတို့ ထိခိုက်ခြင်းမရှိ။ သို့သော် ရှယ်ယာထဝ်ဝ်ရောင်းချခြင်းဖြင့် ရင်းနှီးမြှုပ်နှံမှုအသစ်များ ဖန်တီးဖို့ စီမံထားသည်ဆိုလျှင်တော့ ထိုစီမံကိန်းကို ထိခိုက်စေနိုင်သည်။ ကုမ္ပဏီ၏ ချေးငွေရယူနိုင်စွမ်းကိုလည်း ထိခိုက်စေနိုင်သည်။ ဥပမာပြောရလျှင် အီလွန်မက်စ် တွစ်တာကို ဝယ်စဉ်က တက်စလာရှယ်ယာကို အပေါင်ထားပြီး ဘဏ်ချေးငွေရယူကာ ဝယ်ယူရန် စီစဉ်ခဲ့သော်လည်း တက်စလာရှယ်ယာများ ကျဆင်းခြင်းကြောင့် ထိုအစီအစဉ်ကို ပယ်ဖျက်ပြီး အခြားနည်းဖြင့် ဝယ်ယူခဲ့သလိုမျိုးဖြစ်သည်။

သို့သော် ယခု အေအိုင် ရှယ်ယာများ ကျဆင်းမှုသည် လွတ်တော်ရွေးကောက်ပွဲ ရလဒ်တစ်ခုတည်းကြောင့် မဟုတ်ဘဲ အခြားသက်ရောက်မှုများ ပါဝင်နေလျှင်မူ တစ်မျိုးဖြစ်နိုင်သည်။ ဥပမာ အေအိုင် ရှယ်ယာများသည် ရှိသင့်သည့် တန်ဖိုးထက် အဆမတန်မြင့်မားနေသည်ဟု ရင်းနှီးမြှုပ်နှံသူများက ယူဆသွားခြင်းမျိုးဖြစ်သည်။ အမေရိကန် အေအိုင် ရှယ်ယာဈေးကွက် လှုပ်ခတ်မှုမဖြစ်မီ တစ်ပတ် ကျော်ကျော်လောက်က တရုတ်အေအိုင်ပူဖောင်း ပေါက်ခြင်းသည် ထိုပုံစံမျိုးဖြစ်သည်။ ပိုမိုရှင်းလင်းသည့် မြင်ကွင်းကို နှိုင်းယှဉ်လိုလျှင် ၁၉၉၀ ပြည့်လွန်နှစ်များအတွင်း ဒေါ့ကွန်းပူဖောင်းပေါက်မှုနှင့် ယှဉ်ကြည့်နိုင်သည်။

ထိုစဉ်ကလည်း အင်တာနက်နည်းပညာအပေါ် မျှော်မှန်းချက်များ အလွန်မြင့်မားပြီး ဒေါ့ကွန်းလုပ်ငန်းများ၏ရှယ်ယာများမှာ အဆမတန်မြင့်တက်ခဲ့သည်။ ၂၀၀၀ ပြည့်နှစ်ဝန်းကျင် ဒေါ့ကွန်းပူဖောင်းပေါက်သွားချိန်တွင်မူ ရှယ်ယာတန်ဖိုးများ ရုတ်တရက် ကျဆင်းသွားခဲ့သည်။ သို့သော် ထိုဖြစ်ရပ်က အင်တာနက်နည်းပညာ ဖွံ့ဖြိုးတိုးတက်မှုအပေါ် သက်ရောက်မှုမရှိခဲ့ကြောင်း အားလုံးမြင်တွေ့ခဲ့ရပြီးသားပင်။ မခိုင်မာသော အင်တာနက်လုပ်ငန်းတော်တော်များများ ပြိုလဲခဲ့ရသည့် ဖြစ်စဉ်အချို့သာ ရှိခဲ့သည်။

ယခု အမေရိကန် အေအိုင်ရှယ်ယာ လှုပ်ခတ်မှုသည် အေအိုင်နည်းပညာနှင့် ပတ်သက်နေသော အခြားနိုင်ငံများသို့လည်း ကူးစက်ခဲ့သည်။ မင်ဗိုရီ ထုတ်လုပ်မှု ထိပ်တန်းနိုင်ငံတစ်နိုင်ငံဖြစ်သော တောင်ကိုရီးယား၏ ကော့စပီညွှန်းကိန်းသည် နိုဝင်ဘာ ၆ ရက် မနက် ဈေးကွက်ဖွင့်ကာစတွင် ၈ ရာခိုင်နှုန်းအထိ ကျဆင်းသွားသဖြင့် ဈေးကွက်ကို မိနစ် ၂၀ လောက် ပိတ်ထားလိုက်ရသည်အထိ ဖြစ်ခဲ့သည်။ ဂျပန်နစ်ခေး အညွှန်းကိန်းသည်လည်း ၆ ရာခိုင်နှုန်း နီးပါးကျဆင်းခဲ့သည်။ ထိုင်ဝမ် တိုက်ယက်စ် အညွှန်းကိန်းသည်လည်း ၈ ရာခိုင်နှုန်းလောက်အထိ ကျဆင်းသွားပြီး ဈေးကွက်ပိတ်ချိန်တွင် ၄ ဒသမ ၅ ရာခိုင်နှုန်းလောက်ပဲဖြစ်အောင် ပြန်ဆယ်နိုင်ခဲ့သည်။


ဆိုလိုသည်မှာ အမေရိကန်လွတ်တော် ရွေးကောက်ပွဲရလဒ်ကြောင့် ဖြစ်သွားသည့် အေအိုင် ရှယ်ယာဈေးကွက် ကမောက်ကမဖြစ်မှုသည် အရှိန်အဟုန်ကြီးမားခဲ့သည်က သေချာသည်။ သို့သော် အေအိုင်နည်းပညာဖွံ့ဖြိုးတိုးတက်မှုကို သက်ရောက်မှုရှိလောက်အောင်တော့ မဟုတ်သေး။ အကယ်၍ ဒေတာစင်တာ တည်ဆောက်မှုများ အမှန်တကယ် ဆိုင်းငံ့ရပ်တန့်သွားမည်ဆိုလျှင်တော့ တစ်မျိုးတစ်ဖုံ ဖြစ်လာနိုင်ပါသည်။

ကျူဘစ်ကို မပျက်စီးစေဘဲ ကွမ်တမ်အချက်အလက်များ တိုက်ရိုက်ဖတ်ရှုနိုင်သည့် နည်းလမ်းတစ်ရပ်တွေ့ရှိ

ကွမ်တမ်ကွန်ပျူတာ ဆိုသည်နှင့် သာမန်ကွန်ပျူတာများထက် အဆပေါင်းများစွာ မြန်မြန်ဆန်ဆန် တွက်ချက်နိုင်ပြီး ကျူဘစ်ကို အခြေခံတည်ဆောက်ထားကြောင်း အရိပ်အမြွက် သိကြပါလိမ့်မည်။ သို့သော် ကျူဘစ်များသည် ကွမ်တမ်တိုင်းတာမှုလုပ်လျှင်တိုက်ရိုက်တိုင်းတာပါကအခြေအနေ ပျက်စီးသွားတတ်သည်။ ထို့ကြောင့် မိုက်ခရို လိုင်းလို၊ အလင်းလို တစ်ဆင့်ခံများသုံးပြီး တိုင်းတာရသည်။

ယခုအချိန်တွင်မူ ဘရာဇီးနိုင်ငံ ဆာပေါလို တက္ကသိုလ် ရူပဗေဒပါမောက္ခ ဟိုဆေးကားလို့ အီဂူးစ်နှင့် တရုတ်နိုင်ငံ ပေကျင်းနည်းပညာတက္ကသိုလ် ရူပဗေဒကျောင်းမှ ယုက္ကေ့ယောင်တို့ ဦးဆောင်သော သုတေသနတစ်ခုက ကျူဘစ်များကို တိုက်ရိုက်တိုင်းတာနိုင်သည့် နည်းလမ်းကို တွေ့ရှိခဲ့ပြီဖြစ်သည်။

သူတို့အဖွဲ့က အန်းဒရိစ် ကျူဘစ်ဟု ခေါ်သော ကျူဘစ်အမျိုးအစားတစ်ခုကို သုံးပြီး စူပါလျှပ်ကူးနှန်းကြိုးဖြင့် ချိတ်ဆက်ကာ ကျူဘစ်ကို တိုင်းတာခြင်းဖြစ်သည်။ ပါမောက္ခ အီဂူးစ်က "သာမန်တိုက်ရိုက် တိုင်းတဲ့ နည်းနဲ့ဆိုရင် ကျူဘစ်ထဲက သူညနဲ့ တစ်ရဲ့ စူပါပိုစစ်ရှင်းကို ပျက်စီးစေပြီးတော့ အချက်အလက်ကိုပါ ပျက်စီးစေပါတယ်။ ကျွန်တော်တို့ လေ့လာခဲ့တဲ့ စနစ်မှာတော့ ကျူဘစ် ရှိတဲ့နေရာကို အင်ဒီယံ အာဆင်နိုက် နာနိုနှန်းကြိုးမျှင်နဲ့ ချိတ်ပြီး တစ်ဖက်မှာ စူပါလျှပ်ကူးပစ္စည်းကို



ထားထားတာပါ။ အဲဒီလို ပတ်ဝန်းကျင်မျိုးမှာ အင်ဒရိစ် ကျူဘစ်ရဲ့ လက္ခဏာဆောင်တဲ့ အခြေအနေကို ဖမ်းယူနိုင်ပါတယ်"ဟု ရှင်းပြသည်။

ကျူဘစ်နှင့် ချိတ်ဆက်ထားသော နာနိုနှန်းကြိုးမှတစ်ဆင့် ကျူဘစ်၏ စူပါပိုစစ်ရှင် အနေအထားကို စူပါလျှပ်စီးကြောင်းတစ်ခုအဖြစ် ဖမ်းယူပြီး လျှပ်စီး၏ ပမာဏက စူပါပိုစစ်ရှင်အနေအထားကို တိုက်ရိုက်ဖော်ပြခြင်းဖြစ်သည်။ ထိုနည်းလမ်းမှာ ကျူဘစ်တို့ကို တိုက်ရိုက်တိုင်းတာလျှင် သတင်းအချက်အလက် ပျက်စီးတတ်သည့် သဘောကို လုံးလုံးကျော်လွှားနိုင်ခြင်းမဟုတ်ဘဲ အကန့်အသတ်တစ်ခုအထိ ချဲ့ကားပဲနိုင်ခြင်း ဖြစ်ပြီး အားသာချက်မှာ တစ်ဆင့်ခံ တိုင်းတာစရာမလိုခြင်းသာရှိသည်ဟု စာတမ်းထဲတွင် ရေးသားထားသည်။

ယခုတွေ့ရှိမှုမှာ ကျူဘစ်များကို တိုက်ရိုက်တိုင်းတာရန် လမ်းကြောင်းတစ်ခုပွင့်သွားစေပြီး နောက်ပိုင်း ဆက်လက်အောင်မြင်ပါက ကွမ်တမ်ကွန်ပျူတာများ၏ အမှားတွက်ချက်ပြင်ဆင်မှုကို ပိုမိုကောင်းမွန်လာစေနိုင်သည်။

Ref: scitechdaily

လူငယ်နှင့် ဘဝအောင်မြင်ရေး

သောကကင်းဝေးနည်း

လူ့စိတ်သည် လူကို ဆွဲဆောင်တတ်၏။
မင်္ဂလာစိတ်သည် မင်္ဂလာတို့ကို ဆွဲဆောင်၏။
အမင်္ဂလာစိတ်သည် အမင်္ဂလာအပေါင်းတို့ကို ဆွဲဆောင်လေသည်။

ပီမိုးနင်း

အမေရိကန် ပရော်ဖက်ဆာဆရာကြီး တစ်ယောက်သည် အလွဲလိုက်စားလမ်းမှားသော စွဲမြဲခြင်းနှင့် ဝိရိယကို လက်ရုံးပြုကာ လောကၖဿ စိတ်ညစ်ညူးစေတတ်သော အကြောင်းများကို ရှာဖွေစုဖော်ရာ စိတ်ညစ်စရာပေါင်း ၂၁၀၀၀ ရရှိသည်ဟု ပြ၏။ နှစ်သိန်းမက ဆယ်သန်းတိုင်တိုင် ရှာလျှင် ရပေလိမ့်မည်။ ၎င်းစိတ်ညစ်စရာ စာရင်းၖဿ စားရှုမြိန်ခိုက်မှာ ပန်းကန်ထဲၖဿ ယင်သေကိုတွေ့ရခြင်း၊ ဓာတ်ရုံၖဿ အသံကျယ်စွာ စကားပြောခြင်း။ လက်မှတ်ခံရာၖဿ အတိုးခံရခြင်း။ လူကြီးကို မရိုသေသော လူငယ်တစ်ယောက်ကို မြင်ရခြင်း စသည်များ ပါရှိလေသည်။

လောကၖဿ စိတ်ညစ်စရာအကြောင်းကိစ္စ အမျိုးမျိုးတို့မှာ လူမှန်သမျှ မလွတ်ကင်းပေ။ မိမိစိတ်ကို ကျောက်ဆောင်လိုထားနိုင်မှ မင်္ဂလာမရှိသော အနိဋ္ဌာရုံတို့ကို ခုခံနိုင်လေသည်။ သို့မဟုတ် ချောက အရေးမကြီးသော အကြောင်းကိစ္စများ နှင့်ပတ်သက်၍ အဖြေမှောင်ကျလျက်နေတတ်လေသည်။

အချို့သောလူများမှာ လူအများတို့ တွေးမြဖြစ်သော သောကအပူလေးများ ခက်ခဲကျပ်တည်းခြင်းလေးများနှင့် တွေ့ကြုံသည်ကို အကြီးအကျယ် မှတ်ထင်ကာ ဒုက္ခဖြစ်ရလေသည်။ ၎င်းတို့တွေ့ကြုံရသောဒုက္ခများမှာ စင်စစ်ဒုက္ခမဟုတ်ပါ။ အခက်အခဲလေးမျှသာဖြစ်ကြ၏။ ဤကဲ့သို့ဖြစ်ရခြင်းမှာ မကောင်းသောအာရုံတို့ကို လက်ခံအားကြီးခြင်းကြောင့်ပင် ဖြစ်လေသည်။

အခြားသူများ၏ ကဲ့ရဲ့သ‌ြ‌ဏ်‌ပြုခြင်း၊ ပြောင်လှောင်ခြင်းများကို မခံနိုင်သော စိတ်သည်လည်း ဤနည်းအတိုင်း အာရုံခံစားခြင်းကြောင့် ဖြစ်ရာ မခံချင်ဖွယ်ရာပြောလိုက်သောစကားကို ကြားရခြင်း၊ မခံချင်ဖွယ်ရာအမှုတစ်ခုကို ပြုရခြင်းများသည် မကောင်းသောအာရုံများပင် ဖြစ်လေသည်။

သို့ဖြစ်လေရာ ၎င်းအာရုံတွေပေါ်တိုင်း ဖျောက်၍ပစ်တတ်မှသာ စိတ်တည်ဟူသော ကျောက်ဆောင်မှာ တန်ခိုး ပိုမို၍ကြီးနိုင်လေသည်။

စိတ်၏တန်ခိုးသတ္တိသည် လောကကြီးပွားရေး၌လည်းကောင်း၊ လောကုတ္တရာအတွက်လည်းကောင်း လွန်စွာအရေးကြီးလေရာ ထိုသတ္တိမရှိသူတို့မှာ အများအားဖြင့် ကြီးပွားအောင်မြင်ခြင်း၏ အောင်ပန်းကို ဆွတ်ဖို့ရန် ခက်လေ၏။

အချို့လူများမှာ မိမိတို့ကိုယ်ကို အလွန်နုနယ်သိမ်မွေ့သည်၊ အခြားလူများက ကြမ်းကြုတ်ရိုင်းစိုင်းကြသည်။ မိမိတို့မှာ ထိုလူများနှင့် နေ၍မဖြစ်၊ ကြာလျှင် ဒုက္ခဖြစ်လိမ့်မည်ဟု မှတ်ထင်ကြ၏။ မှတ်ထင်သည့်အတိုင်းလည်း ဖြစ်နိုင်လေသည်။

အချို့လူများသည်ကား ခေတ်ဆိုး၊ ခေတ်ယုတ်၊ ခေတ်ရှုပ်၊ ခေတ်ကျပ်၊ ဆုတ်ကပ် စသည်ဖြင့် ခေတ်ကို အပြစ်တင်ဆိုလျက် ပြုံငြင်၍နေကြ၏။ ၎င်းတို့၏ စိတ်မှာကြည်လင်လိုလျှင် ဖြစ်နိုင်ပါလျက် တမင်သက်သက် မိုးအုံ့လျက်မှိုင်းနေသည်ကို ခံ၍နေကြရ၏။ ကမ္ဘာလောကကြီးသည် မိမိသွားရိုးလမ်းစဉ်အတိုင်းသွား၍နေ၏။ ကမ္ဘာလောကကြီးသည် လူတို့၏အလိုကို မလိုက်၊ လူသာလျှင် လောကကြီး၏ သဘောအလိုကို လိုက်ကာနေတတ်သလို၊ ချမ်းသာသလို ကြုံ၍နေလေ၏။ လောကဓာတ်ကြီးနှင့် ခိုက်ရန်ဖြစ်ကာ ပြုံငြင်လျက် မရွှင်မလန်း၊ မသာမယာဖြစ်၍ မနေအပ်ပေ။ မရွှင်လန်းခြင်းသည် အနိဋ္ဌာရုံတွေကိုထင်မြင်၍ အနိဋ္ဌာရုံအမင်္ဂလာလှိုင်းတွေထကာ ပြုံငြင်ပူပင်ခြင်း၏ အမင်္ဂလာအမှတ်ကိုရလေသည်။

လူ့စိတ်သည် လူကို ဆွဲဆောင်တတ်၏။ မင်္ဂလာစိတ်သည် မင်္ဂလာအပေါင်းတို့ကို ဆွဲဆောင်၏။ အမင်္ဂလာစိတ်သည် အမင်္ဂလာအပေါင်းတို့ကို ဆွဲဆောင်လေသတည်း။

သွေးသောက်မဂ္ဂဇင်း၊ အမှတ် ၅၂၊ မေလ၊ ၁၉၅၀။



ကျေးလက်လမ်းလုပ်ငန်းဆောင်ရွက်နေမှု စစ်ဆေး

လှည်းကူး နိုဝင်ဘာ ၈

လှည်းကူးမြို့နယ်အတွင်း ကျေးရွာနေပြည်သူများ အဆင်ပြေချောမွေ့စွာသွားလာနိုင်စေရေးအတွက် ကျေးလက်လမ်းဖွံ့ဖြိုးရေးဦးစီးဌာနက ကျေးရွာချင်းဆက်လမ်း ဆောင်ရွက်နေမှုများကို ယမန်နေ့နံနက် ပိုင်းတွင် တာဝန်ရှိသူများက ကွင်းဆင်းစစ်ဆေးသည်။

ထိုသို့ကွင်းဆင်းစစ်ဆေးရာတွင် သမဝါယမနှင့် ကျေးလက်ဖွံ့ဖြိုးရေးဝန်ကြီးဌာန ကျေးလက်လမ်းဖွံ့ဖြိုးရေးဦးစီးဌာနမှ ဒုတိယညွှန်ကြားရေးမှူးချုပ်၊ ရန်ကုန်တိုင်းဒေသကြီး ညွှန်ကြားရေးမှူး(မြို့ပြ)နှင့် တာဝန်ရှိသူများသည် ၂၀၂၆-၂၀၂၇ ဘဏ္ဍာနှစ် တိုင်းဒေသကြီးငွေလုံးငွေရင်းရန်ပုံငွေဖြင့် ဆောင်ရွက်သည့် ဇရပ်ကွင်း-အုတ်ရေတွင်း ကျေးရွာချင်းဆက်လမ်းနှင့် စာဘူးတောင်းကျေးရွာ ကြီးလေးကြီးလမ်းမှ နိဖထောကျေးရွာသို့ ဆက်သွယ်သည့်လမ်းတို့ကို မြေသားတာပေါင်ချဲ့ခြင်းနှင့် ကွန်ကရစ်ခင်းခြင်းလုပ်ငန်းများ ဆောင်ရွက်နေမှုများကို ကြည့်ရှုစစ်ဆေးခဲ့ကြောင်း သိရသည်။

အိန္ဒြေစိလတ်



အမျိုးသမီးကိုယ်ကာယလေ့ကျင့်ခန်း(အေရိုးဗစ်)ပြိုင်ပွဲ ဒုတိယဆုရ ကျိုင်းတုံခရိုင်အသင်းအား ဂုဏ်ပြုကြိုဆို

ကျိုင်းတုံ နိုဝင်ဘာ ၈

၂၀၂၆ ခုနှစ် ရှမ်းပြည်နယ် အမျိုးသမီးအားကစားအဖွဲ့ ဆပ်ကော်မတီနာယကဖလား၊ ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသနှင့် ခရိုင်များအလိုက် အမျိုးသမီးကိုယ်ကာယလေ့ကျင့်ခန်း(အေရိုးဗစ်)ပြိုင်ပွဲများကို နိုဝင်ဘာ ၃ ရက်မှ ၄ ရက်အထိ တောင်ကြီးမြို့၌ ကျင်းပခဲ့ရာ (အေရိုးဗစ်) ပြိုင်ပွဲများအနက် သုံးဦးတွဲပြိုင်ပွဲတွင် ဒုတိယဆုရရှိသည့် ကျိုင်းတုံခရိုင် အသင်းအား နိုဝင်ဘာ ၇ ရက်တွင် ဌာနဆိုင်ရာများ၊ ဒေသခံပြည်သူများနှင့် ကျောင်းသား ကျောင်းသူများက ဂုဏ်ပြုပန်းကုံးများ၊ ငွေပန်းစည်းများဖြင့် ကျိုင်းတုံလေဆိပ်၌ သောင်းသောင်းဖြဖြ ကြိုဆိုခဲ့ကြကြောင်း သိရသည်။

အောင်ဇင်မြင့်(ပြန်/ဆက်)



ကျန်းမာရေးဝန်ကြီးဌာန
ပြည်သူ့ကျန်းမာရေးဦးစီးဌာန

အယ်လ်နီညို (El Niño) ရာသီဥတုဖြစ်စဉ် ကာလဝယ် ကျန်းမာအောင်နေကြမယ်

ကမ္ဘာ့နိုင်ငံများနည်းတူ မြန်မာနိုင်ငံသည်လည်း အယ်လ်နီညို၏ သက်ရောက်မှုများကြောင့်-

- အပူဒဏ်လွန်ကဲခြင်း၊
- မိုးခေါင်ရေရှားခြင်း၊
- တောမီးလောင်ခြင်း၊
- ရေကြီးရေလျှံခြင်း နှင့်
- ဖျက်အားပြင်းမုန်တိုင်းဖြစ်ပေါ်ခြင်း စသည့်

ပြည်သူ့ကျန်းမာရေးကို ထိခိုက်စေသည့် အစွန်းရောက် မိုးလေဝသ အခြေအနေများကို ဖြစ်ပေါ်စေနိုင်ပါသည်။

ပြည်သူ့ကျန်းမာရေးဦးစီးဌာန၊ ကျန်းမာရေးအသိပညာမြှင့်တင်ရေးဌာနခွဲမှ ဖြန့်ထုတ်ဝေသည်။ (အောက်တိုဘာလ၊ ၂၀၂၆ ခုနှစ်)

အပူဒဏ်လွန်ကဲခြင်း

အပူဒဏ်လွန်ကဲခြင်းကြောင့်-

- ရေဓာတ်ခန်းခြောက်ခြင်း၊
- ပင်ပန်းနွမ်းနယ်ခြင်း (Heat Exhaustion)၊
- သတိလစ်ခြင်း (Heat Stroke) တို့ဖြစ်ပွားနိုင်ပါသည်။




အပူဒဏ်မှကာကွယ်ရန် -

⇒ ရေများများသောက်ပါ။
⇒ နေလယ်နေခင်းအချိန်များ၌ အရိပ်ရ၍ အေးမြသော နေရာများတွင်နားနေပါ။
⇒ နေပူထဲသို့သွားလျှင် ထီး၊ ဦးထုပ်စသည့် အကာအကွယ်များ ယူဆောင်ပါ။



၂

မိုးခေါင်ရေရှားခြင်း

မိုးခေါင်ရေရှားမှုကြောင့်-

- ဝမ်းပျက်ဝမ်းလျှောရောဂါ၊ ဝမ်းကိုက်ရောဂါ စသည့် ဝမ်းနှင့်ပတ်သက်သည့်ရောဂါများဖြစ်ခြင်း၊
- အစာအဆိပ်သင့်ခြင်း၊
- မျက်စိနှင့် အရေပြား/ ရောဂါများ ဖြစ်ခြင်း၊
- အာဟာရချို့တဲ့ခြင်းတို့ ဖြစ်နိုင်ပါသည်။



ကူးစက်ရောဂါများမှ ကာကွယ်ရန်-

⇒ အိမ်သာတက်ပြီးတိုင်း၊
⇒ အစားအစာ မပြင်ဆင်မီ၊
⇒ အစာ မစားမီနှင့် အစာ စားပြီးတိုင်း၊
⇒ အညစ်အကြေးများ ကိုင်တွယ်ပြီးချိန်တိုင်းတွင် ဆပ်ပြာနှင့်ရေကိုသုံး၍လက်ကိုစနစ်တကျ ဆေးကြောပါ။



၃

တောမီးလောင်ခြင်း

ပူပြင်းခြောက်သွေ့ခြင်းနှင့် တောမီးလောင်ခြင်းကြောင့်-

- ဖုန်မှုန့်များနှင့် မီးခိုးငွေ့များပြားလာ၍ ပန်းနာရင်ကြပ်ခြင်း၊ ဓာတ်မတည့်ခြင်းနှင့်
- အသက်ရှူလမ်းကြောင်း ပိုးဝင်ခြင်းတို့ ဖြစ်နိုင်ပါသည်။



ဖုန်မှုန့်နှင့် မီးခိုးငွေ့များမှ ကာကွယ်ရန်-

⇒ နှာခေါင်းစည်း တပ်ဆင်ခြင်း၊
⇒ အိမ်တွင်းလေထုသန့်ရှင်းစေရန်ထိန်းသိမ်းခြင်း နှင့်
⇒ ရေများများသောက်ခြင်းဖြင့်

အသက်ရှူလမ်းကြောင်း ထိခိုက်မှုကို ထိရောက်စွာ ကာကွယ်နိုင်ပါသည်။



၄

ရေကြီးရေလျှံခြင်း

ရေကြီးရေလျှံမှုကြောင့် ကူးစက်တတ်သောရောဂါများ-

- ဝမ်းပျက်ဝမ်းလျှောရောဂါ၊ ဝမ်းကိုက်ရောဂါ
- အစာအဆိပ်သင့်ခြင်း၊ တိုက်ဖွိုက်ရောဂါ၊
- အသည်းရောင်အသားဝါရောဂါ အေနှင့်အီးရောဂါများ ၊
- လက်ပတိုစပိုင်ရိုးစစ် အသည်းရောင်အသားဝါရောဂါ စသည်တို့ ဖြစ်ပွားနိုင်ပါသည်။




ရေကြီးရေလျှံဖြစ်ချိန်နှင့် ရေရှားပါးချိန်တွင်-

⇒ သောက်သုံးရေကို ဆူပွက်သည်အထိ ကျိုချက်ပြီးမှ သောက်ပါ သို့မဟုတ် ကလိုရင်းဆေးခတ်ပါ သို့မဟုတ် ရေသန့်စင် ဆေးပြား အသုံးပြုပါ။
⇒ သောက်သုံးရေပြတ်လပ်မှုမရှိစေရန်ရေကိုစနစ်တကျ သိုလှောင်သိမ်းဆည်းထားပါ။
⇒ အစားအစာများကို ယင်မနားစေရန် ဖုံးအုပ်ထားပါ။
⇒ အစားအစာများကို ပူပူနွေးနွေး စားသုံးပါ။

၅

ခြင်မှတစ်ဆင့် ကူးစက်တတ်သောရောဂါများ

သွေးလွန်တုပ်ကွေးရောဂါနှင့် ငှက်ဖျားရောဂါနှင့် ခြင်မှတစ်ဆင့် ကူးစက်တတ်သောရောဂါများ ပိုမိုဖြစ်ပွားနိုင်ပါသည်။



⇒ ခြင်ပေါက်ဖွားနိုင်သော ရေဝပ်နိုင်သည့်နေရာများကို ဖယ်ရှားပါ။
⇒ ရေစည်၊ ရေအိုးများကို အဖုံးလုံအောင်ဖုံးထားပါ။
⇒ ခြင်ကိုက်မခံရစေရန် ဆေးစိမ်ခြင်ထောင် သို့မဟုတ် ခြင်ထောင်ဖြင့် အိပ်ပါ။



၆

ကျောက်မဲမြို့၌ ကျောင်းသား ကျောင်းသူများအား နိုင်ငံသားစိစစ်ရေးကတ်နှင့် UID ကတ်များ ဆောင်ရွက်ပေး

ကျောက်မဲ နိုဝင်ဘာ ၈

ရှမ်းပြည်နယ် ကျောက်မဲမြို့နယ် လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန မြို့နယ်ဦးစီးမှူးရုံးခွဲ ကျောင်းသား ကျောင်းသူများအား ၁၀ နှစ်ပြည့် နိုင်ငံသားစိစစ်ရေးကတ်နှင့် UID ကတ်များ နေ့ချင်းပြီးထုတ်ပေးခြင်းကို ယမန်နေ့က ဆောင်ရွက်ပေးသည်။

ထိုသို့ ဆောင်ရွက်ပေးရာတွင် နမ့်ဟူးတောင်းကျေးရွာအုပ်စု နမ့်ဟူးတောင်း မူလတန်းကျောင်းမှ ကျောင်းသား ကိုးဦးနှင့် ကျောင်းသူ ၂၄ ဦး စုစုပေါင်း ကျောင်းသား ကျောင်းသူ ၃၃ ဦးတို့အတွက် ၁၀ နှစ်ပြည့် နိုင်ငံသားစိစစ်ရေးကတ်များနှင့် UID ကတ်များကို စာရင်းသွင်း ရိုက်ကူးပြုလုပ်ပေးပြီး မြို့နယ်ဦးစီးမှူး ဦးမင်းသူက ကတ်များကို



လက်ဝယ်အရောက် နေ့ချင်းပြီး ပေးအပ်ခဲ့ကြောင်း သိရသည်။

ခရိုင်(ပြန်/ဆက်)

အောင်လံမြို့နယ်၌ အယ်လ်နီညိုဖြစ်စဉ် ကြိုတင်ကာကွယ်ရေးနှင့် မီးဘေးလုံခြုံရေး အသိပညာပေးလုပ်ငန်းများ ဆောင်ရွက်

အောင်လံ နိုဝင်ဘာ ၈

အယ်လ်နီညို ရာသီဥတုဖြစ်စဉ်များနှင့်ပတ်သက်၍ ကြိုတင်ကာကွယ်ရေးနှင့် တုံ့ပြန်ဆောင်ရွက်နိုင်ရေး လုပ်ငန်းများကို သက်ဆိုင်ရာဌာနဆိုင်ရာများက အရှိန်အဟုန်မြှင့်ဆောင်ရွက်လျက်ရှိရာ နိုဝင်ဘာ ၇ ရက် နံနက်ပိုင်းက အောင်လံမြို့နယ် မီးသတ်ဦးစီးဌာနမှ တပ်ဖွဲ့ဝင်များသည် မြို့နယ်အတွင်းရှိ ထိပ်တန်းစက်သုံးဆီအရောင်းဆိုင်တွင် မီးဘေးလုံခြုံရေးစစ်ဆေးခြင်း၊ အသိပညာ



ပေးခြင်းနှင့် လက်တွေ့သရုပ်ပြ မီးငြိမ်းသတ်ခြင်းများကို ဆောင်ရွက်သည်။

ထိုသို့ ဆောင်ရွက်ရာတွင် မြို့နယ် မီးသတ်ဦးစီးဌာနမှ တပ်ဖွဲ့ဝင်များက စက်သုံးဆီအရောင်းဆိုင်အတွင်း မီးဘေးအန္တရာယ် ကင်းရှင်းစေရေး အတွက် မီးငြိမ်းသတ်ရေးပစ္စည်းများ အဆင်သင့်ရှိစေရေး၊ လျှပ်စစ်ဝိုင်ယာကြိုးများ စနစ်တကျ တပ်ဆင်ထားရှိမှု အခြေအနေများနှင့် မီးလောင်လွယ်သော ပစ္စည်းများ ထားရှိမှုအခြေအနေများကို စစ်ဆေးကြပ်မတ်ခဲ့ကြသည်။

ယင်နောက် မီးငြိမ်းသတ်ခြင်း လုပ်ငန်းများကို လက်တွေ့စမ်းသပ်သရုပ်ပြသခဲ့ရာ ဆိုင်ဝန်ထမ်းများက တက်ကြွစွာပါဝင် ဆောင်ရွက်ခဲ့ကြကြောင်း သိရသည်။

ကိုခန့်



ကျုံပျော်မြို့နယ်၌ ကွန်ကရစ်ဘီးလမ်းခင်းခြင်းလုပ်ငန်း ဆောင်ရွက်ပြီးစီးမှုစစ်ဆေး

ကျုံပျော် နိုဝင်ဘာ ၈

သမဝါယမနှင့်ကျေးလက်ဖွံ့ဖြိုးရေးဝန်ကြီးဌာန ကျုံပျော်မြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက ကျေးရွာဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းစီမံကိန်း (VDP)ဖြင့် ကျီးအိုင်ကျေးရွာအုပ်စု ရွာသစ်ကျေးရွာ၌ ကျေးရွာတွင်းလမ်း ကွန်ကရစ်ဘီးလမ်းခင်းခြင်း လုပ်ငန်းကို အောက်တိုဘာ ၂၁ ရက်တွင် လုပ်ငန်းဆောင်ရွက်ပြီးစီးခဲ့သည်။

အဆိုပါလုပ်ငန်းကို ၂၀၂၆-၂၀၂၇ ဘဏ္ဍာနှစ် နိုင်ငံတော် ထောက်ပံ့ငွေကျပ်သိန်း ၁၅၀၊ ပြည်သူထည့်ဝင်ငွေကျပ်သိန်း ၃၀ စုစုပေါင်း ငွေကျပ်သိန်း ၁၈၀ ဖြင့် လမ်းအရှည် ၄၁၄ ပေ၊ အကျယ် ၂ ပေ ၆ လက်မ၊ ၃ ခြောက်လက်မကို ဆောင်ရွက်ပြီးစီးခဲ့သည်။

အဆိုပါစီမံကိန်းလုပ်ငန်း ဆောင်ရွက်ပြီးစီးမှုကို မြို့နယ်ဦးစီးမှူးနှင့် တာဝန်ခံဝန်ထမ်းများက ယမန်နေ့တွင် ကွင်းဆင်းစစ်ဆေးခဲ့ကြောင်း သိရသည်။

နေဝင်းမြင့်(ပြန်/ဆက်)

ပခုက္ကူမြို့နယ်၌ မီးဘေးလုံခြုံရေး ကွင်းဆင်းစစ်ဆေး

ပခုက္ကူ နိုဝင်ဘာ ၈

မကွေးတိုင်းဒေသကြီး ပခုက္ကူမြို့နယ်အတွင်းရှိ KTV လုပ်ငန်းများ စူပါအယ်လ်နီညိုရာသီဥတုဖြစ်စဉ်ကာလအတွင်း မီးလန့်မှု၊ မီးလောင်မှု မဖြစ်ပွားစေရေး ယမန်နေ့နံနက်ပိုင်းက ခရိုင်မီးသတ်ဦးစီးမှူး ဦးသိန်းဇော်ဝင်း ဦးဆောင်မှုဖြင့် မြို့နယ်မီးသတ်ဦးစီးမှူး ဦးဇော်ဖြိုးအောင်နှင့် မီးသတ်တပ်ဖွဲ့ဝင်များက အရေးပေါ်မီးငြိမ်းသတ်ပစ္စည်းများ ကောင်းမွန်မှုရှိ/မရှိ၊ Fire Alarm System ကောင်းမွန်မှု ရှိ/မရှိ အခြေအနေများကို ကြည့်ရှုစစ်ဆေးခြင်း၊ မီးငြိမ်းသတ်ရေးပစ္စည်းများကိုင်တွယ်အသုံးပြုနည်းကို လက်တွေ့သရုပ်ပြခြင်းများ ကွင်းဆင်း ဆောင်ရွက်ခဲ့ကြကြောင်း သိရသည်။

ဘာမီသာ(ပခုက္ကူ)



မိမိပိုင် နိုင်ငံသားစိစစ်ရေးကတ်၊ Mobile SIM Card၊ Mobile Payment Account၊ Bank Account များအား မသက်ဆိုင်သူထံသို့ အခကြေးငွေဖြင့် ရောင်းချခြင်း၊ ငှားရမ်းအသုံးပြုစေခြင်းများဆောင်ရွက်ပါက တည်ဆဲဥပဒေများနှင့်အညီ အရေးယူခံရနိုင်ပါသည်။



ဤ "ဗုဒ္ဓအကြောင်း သိကောင်းစရာမှတ်တမ်း" စာအုပ်သည် ဗုဒ္ဓဘာသာဝင်တိုင်း သိသင့်သိထိုက်သော ဗုဒ္ဓအကြောင်း မှတ်တမ်းတင်ခြင်းကို ရေးသားထားခြင်း ဖြစ်ပါသည်။ အစမှအဆုံးအထိ ဖတ်ကြည့်သောအခါ ဗုဒ္ဓဝင် ဖြစ်ပါသည်။ ဤစာအုပ်သည် မြတ်ဗုဒ္ဓ၏ သန္ဓေယူသည်မှ ပရိနိဗ္ဗာန်စံသည်(တေဇောဓာတ်လောင်ကျွမ်းခြင်း) အထိ စုဆောင်းဖော်ပြရေးသားထားပါသည်။ မကျဉ်းမကျယ်သော ဗုဒ္ဓအကြောင်း ဖြစ်ပါသည်။ စာရေးသူက တိုတိုနှင့်လိုရင်းသို့ရောက်အောင် ရေးပြထားပါသည်။ (စာတည်း)

ဗုဒ္ဓအကြောင်း သိကောင်းစရာမှတ်တမ်း

ဆရာကြည်

(၂၆-၁၀-၂၀၂၆ ရက်နေ့မှအဆက်)

ဥပသကာငါးဦး တရားနာကြပုံအကြောင်း

အခါတစ်ပါး၌ သာဝတ္ထိပြည်၌နေကြသော ဥပသကာငါးဦးသည် ဘုရားကျောင်းတော်သို့ တရားနာရန်သွားကြလေသည်။ ဘုရားရှင်ထံ၌ တရားနာကြသော ပုဂ္ဂိုလ်ငါးဦးသည် သူတို့၏ အတိတ်ဘဝကံပုံစံများလုပ်၍ တရားနာကြလေသည်။

တစ်ဦးက ထိုင်လျက်အိပ်နေ၏။ တစ်ဦးက မြေ၌လက်ချောင်းတို့ဖြင့် ရေးခြစ်၍နေ၏။ တစ်ဦးက သစ်ပင်တစ်ပင်ကို ကိုင်လှုပ်လျက်နေ၏။ ကျန်တစ်ဦးက ကောင်းကင်သို့ မော်ကြည့်၍နေ၏။ နောက်ဆုံး ကျန်သောတစ်ဦးမှာ တရားတော်ကို ရိုသေစွာနာနေလေသည်။

ဘုရားရှင်၏ အနာနှာန်၌ရှိပြီး ယပ်ခတ်ပေးနေသော အရှင်အာနန္ဒာသည် ဥပသကာငါးဦး၏ တရားနာပုံကိုကြည့်၍ မြတ်စွာဘုရားဟောကြားသည့် မိုးသည်းထန်စွာရွာသကဲ့သို့ တရားတော်ကို ဤဥပသကာငါးဦးတို့သည် သူတို့ထင်ရာအသီးသီး ဤသို့ ပြုမူလုပ်ဆောင်နေကြပါသည်ဘုရားဟု လျှောက်ထားလေသည်။

ထိုအခါ ဘုရားရှင်က အရှင်အာနန္ဒာအား ဤသို့မိန့်ကြားလေသည်။

(၁) အိပ်ပျော်နေသူကား ရှေးဘဝငါးရာတို့တွင် မြွေမျိုးဖြစ်၍ အခွေပေါ်တွင် ခေါင်းချအိပ်ကာ နေခဲ့ဖူးသည်။

(၂) မြေ၌ လက်ချောင်းဖြင့် ရေးခြစ်သူကား ရှေးဘဝ ငါးရာက တိမျိုး၌ ဖြစ်ခဲ့ဖူးသူဖြစ်၍ မြေကို တူးဆွကာနေခြင်းဖြစ်သည်။

(၃) သစ်ပင်ကိုကိုင်လှုပ်သူကား ရှေးဘဝငါးရာက မျောက်မျိုး၌ ဖြစ်ခဲ့ဖူးသည်။

(၄) ကောင်းကင်သို့မော်ကြည့်နေသူကား ရှေးဘဝငါးရာက နက္ခတ်ပညာရှင်ဖြစ်ခဲ့ဖူးသည်။

(၅) ရိသေစွာတရားနာသူကား ရှေးဘဝငါးရာက ဗေဒင် (၃) ပုံ လေ့လာဆည်းပူးခဲ့သည်။

နောက်တစ်ဖန် ဘုရားရှင်အား အာနန္ဒာက "မြတ်စွာဘုရား၊ အရှင်ဘုရား၏တရားတော်သည် နာချင်စဖွယ် တရားတော်မဟုတ်ပါလော" ဟု လျှောက်ထားလေသည်။ ဘုရားရှင်က "အာနန္ဒာ တရားတော်ဟူသည် ကြားနာချင်စရာကောင်းသည် မဟုတ်ပါ။ ဆင်းရဲပင်ပန်းစွာနာရသော တရားသာဖြစ်သည်။ ဘုရား၊ တရား၊ သံဃာဟူသော ရတနာသုံးပါးသည် သတ္တဝါတို့ ကမ္ဘာကုဋ္ဌေသိန်းပေါင်းများစွာမှာ မကြားခဲ့ဖူး၊ ကြားဖူးလေ့လည်းမရှိ။ ထို့ကြောင့် ဤတရားတော်ကိုနာကြားရန် မတတ်နိုင်ကြကုန်။ အစမထင်သည့် သံသရာ၌ ဤသတ္တဝါတို့သည် မင်္ဂလိပ္ပမှ ဆန့်ကျင်ဖီလာဖြစ်သော စကားများကိုသာ ကြားနာလာခဲ့ကြရကုန်သည်။ ထို့ကြောင့် သေသောက်ရာ၊ ပျော်ရွှင်ရာ၊ ကစားရာ စသည်တို့သို့ သီဆိုကခုန်ကာ လှည့်လည်ကြကုန်သည်။ တရား နာရာ၌ နာကြားရန်ကား မတတ်နိုင်ကုန်"ဟူ၍ မိန့်တော်မူသည်။ ထို့နောက် အရှင်အာနန္ဒာက ဘုရားရှင်အား "မြတ်စွာဘုရား ဘယ်တရားကိုမှီ၍ ထိုသူတို့သည် တရားကို နာကြားရန် မတတ်နိုင်ကြပါသနည်း" ဟု ဆက်၍ လျှောက်ထားလေသည်။

ဘုရားရှင်က **"အာနန္ဒာ၊ ရာဂကိုမှီ၍၊ ဒေါသကိုမှီ၍၊ တဏှာကိုမှီ၍ (တရားကို နာကြားရန်) မတတ်နိုင်ကြကုန်။ သတ္တဝါတို့ကို ပြာမကျန် လောင်စေတတ်သဖြင့် ရာဂမီးနှင့်တူသည့် မီးသည်မရှိ။ နေခုနစ်စင်းပေါ်ထွက်၍ ဤကမ္ဘာလောကကို မည်သို့မျှမကျန်အောင် လောင်စေသော်လည်း ရဲခါသာလောင်၏။ ရာဂမီးသည်ကား အခါခပ်သိမ်း လောင်၍ မလောင်သည့်ကာလမရှိချေ။ ထို့ကြောင့် ရာဂနှင့်တူသောမီး၊ ဒေါသနှင့်တူသည့် ဖမ်းစားတတ်သူ၊ မောဟနှင့်တူသည့်ပိုက်ကွန်၊ တဏှာနှင့်တူသည့်မြစ်မရှိပေ"** ဟု စကားပြေဂါထာ နှစ်ပျိုးစလုံးဖြင့် ဟောကြားတော်မူသည်။

ဤသို့သော တရားများကို ကြားနာရသော ဥပသကာတို့သည် သောတာပန်များဖြစ်သွားကြလေသည်။

နွားသတ်သမား၏သားကို ဘုရားရှင်ကယ်မခြင်း

သာဝတ္ထိပြည်၌ နွားများကိုသတ်၍ ရောင်းချပြီး အသက်မွေးသည့် သားသတ်သမားတစ်ဦးရှိသည်။ ၎င်းသည် နွားများကို ၁၅ နှစ်တိုင်တိုင် နေ့စဉ်သတ်၍ ရောင်းသည်။ ၎င်း၏ သားမယားနှင့်အတူ ထမင်းစားသည့်အခါတိုင်း စားသောက်လေ့ရှိသည်။ ရဟန်းသံဃာတို့ကို အနည်းငယ်မျှ လှူဒါန်းခြင်းမရှိချေ။

၎င်းသည် တစ်နေ့သောအခါ၌ အိမ်တွင် သူ့နီးမယားအား ချက်ရန်အမဲသားကို ပေးထားသည်။ ၎င်းရေချိုးသွားနေခိုက် ၎င်း၏မိတ်ဆွေတစ်ဦးက ဧည့်သည်အတွက်ဆိုပြီး အတင်းဝယ်သွားသည်။ ၎င်းသည် ထမင်းစားသည့်အခါတိုင်း အမဲသားဖြင့် စားလေ့ရှိသောကြောင့် အမဲသားမပါဘဲ စားလေ့မရှိ အကျင့်ပါနေသည်။ ယခုမူ ၎င်းမိတ်ဆွေဝယ်သွားသောကြောင့် အမဲသားမရှိဖြစ်လေသည်။

၎င်းသည် ထမင်းစားသောအခါ အမဲသားမပါသောကြောင့် ၎င်းတို့အိမ်နောက်ဖေးခြံရပ်နေသော နွား၏လျှာကိုဖြတ်၍ ချက်စားလေသည်။ ထိုသို့ဖြင့် နွားလျှာဖြင့် သူထမင်းစားနေစဉ် ကံတူအကျိုးပေးဖြစ်၍ သူထမင်းတစ်လုတ်စားသည်နှင့်တစ်ပြိုင်နက် ၎င်း၏လျှာလည်းပြတ်၍ ထမင်းခွက်ထဲသို့ ကျလေသည်။ ၎င်းသည် နွားကဲ့သို့ ပါးစပ်မှ သွေးများကျကာ အိမ်ထဲ၌ လှည့်ပတ်နေ၍ အော်ဟစ်မြည်တမ်းနေလေသည်။

ထိုအခါ၌ ၎င်း၏ဇနီးကအနီး၌ရပ်ကြည့်နေသော သားအား ဤဆိုးကျိုးသည် သင့်အပေါ်သို့ ကျရောက်လာလိမ့်မည်။ အဝေးသို့ထွက်ပြေးရန် ပြောလေသည်။ ထိုသို့ဖြင့် နွားသတ်သမားလည်း နာကျင်စွာ အော်ဟစ်မြည်တမ်းလျက် နောက်ဆုံးကွယ်လွန်သွားပြီး အဝီစိငရဲသို့ လားလေသည်။

နွားသတ်သမား၏သားသည် တက္ကသိုလ်ပြည်သို့ ထွက်ပြေးလေသည်။ ၎င်းသည် ရွှေပန်းထိမ်အတတ်ကို သင်ယူရာ ယင်းအတတ်တွင် ထူးချွန်စွာ တတ်မြောက်လေသည်။ ဤသို့ ထူးချွန်စွာ တတ်မြောက်သောကြောင့် ၎င်း၏ဆရာ့သမီးနှင့် အိမ်ထောင်ကျ၍ သားသမီးများထွန်းကားလေသည်။ ၎င်း၏သားများသည် အရွယ်ရောက်သော် ဖခင်နှင့်အတူ သာဝတ္ထိပြည်၌ အိမ်ထောင်ပြုကာနေကြလေသည်။ ၎င်းတို့သည် သဒ္ဓါတရားနှင့် ပြည့်စုံကြသည်။ ဖခင်ဖြစ်သူသည် တက္ကသိုလ်ပြည်၌ အသက်သာကြီး၍ အိုလာသည်။ ကုသိုလ်ကောင်းမှုတို့ကို မပြုပေ။

ဖခင်အိုကြီး၏သားတို့သည် ဘုရားအမှူးရှိသော ရဟန်းတို့အား အိမ်သို့ဆွမ်းဖိတ်၍ ဖခင်တို့အတွက်ရည်စူးကာ အလှူလုပ်ကြပါသည်။ မြတ်စွာဘုရားထံသို့ ၎င်းတို့သည် ဤဓိဝတာတ် (အသက်ရှည်သောသူအတွက် ရည်စူးပြီးလှူသော အလှူ) ကို အသက်ရှင်လျက်ရှိသော ဖခင်အတွက် ရည်စူးလှူဒါန်းပါ၏ဟုဆိုပြီး လှူဒါန်းသည်။ သို့အတွက် အနုမောဒနာတရားကို ဟောကြားပေးရန် ဘုရားရှင်အား လျှောက်ထားလေသည်။ ဘုရားရှင်ကလည်း ထိုဖခင်အိုကြီးအား "ဒါယကာ သင်ကား အသက်ကြီးရင့်လေပြီ။ တမလွန်ဘဝသို့ ကူးပြောင်းဖို့အချိန်နီးနေသောကြောင့် သင့်၌ နောင်တမလွန်အတွက် ရိက္ခာထုပ်မရှိသေး။ မိမိအတွက် တည်ဆောက်ရာ ရအောင်ပြုလော့။ ပညာရှိဖြစ်လော့။ မိုက်မဲတွေဝေမှုဖြင့်နေသူ မဖြစ်သင့်"ဟု မိန့်တော်မူလေသည်။

ဘုရားရှင်က ဆက်လက်၍ မိန့်တော်မူပြန်သည်။ "ဒါယကာ သင်သည် ယခုအခါ၌ အိုမင်းရင့်ရော်ပျော့ဖတ်သကဲ့သို့ ဖြစ်နေပြီ။ သင်၏အနီးသို့ သေမင်းကပ်လျက် တည်နေကုန်သည်။ သင်၏ဘဝသည် နောက်ဆုံးဘဝရောက်၍ ဆုတ်ယုတ်ပျက်စီးခြင်း အစရှိနေလေပြီ။ သင့်မှာ နောင်တမလွန်ဘဝအတွက် ရိက္ခာမရှိသေးပေ။ သင်၏ နောင်ဘဝအတွက် မှီရာအတွက် ကောင်းမှုများကို ပြုလော့။ လျင်စွာအားထုတ်လော့။ ပညာရှိဖြစ်လော့။ ကိလေသာ အညစ်အကြေးများ ထုတ်ပယ်စွန့်ပစ်မှသာလျှင် "သုဒ္ဓါဝါသ" ဘုံဟူသော အရိယာတို့၏ နေရာဖြဟ္မဘုံသို့ရောက်ပေမည်" ဟူ၍ နှစ်ဂါထာဖြင့် ဟောကြားတော်မူလေသည်။

ဤသို့ ဘုရားရှင်၏တရားကို နာကြားရသော နွားသတ်သမား၏သား (ဖခင်အို)သည် သောတာပန်ဖြစ်သွားလေသည်။ နောက်တစ်နေ့၌ ၎င်း၏သားများက ဘုရားရှင်အမှူးဖြစ်သော ရဟန်းသံဃာတို့အား ဖခင်အတွက် ဆွမ်းကပ်လှူဒါန်းပေးလေသည်။ ဘုရားရှင်လည်း ဆွမ်းဘုဉ်းပေးပြီးသော် ယခင်နည်းတူ အနုမောဒနာတရားတို့ကို ဟောပြန်လေသည်။ ၎င်းတို့၏ဖခင်သည် ထိုတရားတော်ကို နာကြားပြီးသောအခါ အနာဂါမ်ဖြစ်သွားသည်။

မာနကြီးသော "ပေါ်ဠိလ" မထေရ်ကို ဆုံးမခြင်း

သာဝတ္ထိပြည် ဧဇောဝန်ကျောင်းတော်၌ "ပေါ်ဠိလ"မည်သော မထေရ်တစ်ပါးရှိသည်။ ထိုမထေရ်သည် ရှေးအတိတ် ဘုရားရှင် ခုနစ်ဆူ၌လည်း သာသနာတော်တွင် ပိဋကသုံးပုံဆောင်ရဟန်းဖြစ်ခဲ့ဖူးသည်။ ယခုဘုရားရှင်လက်ထက်၌လည်း ပိဋကသုံးပုံတတ်မြောက်သူဖြစ်၍ စာပေပို့ချသင်ကြားပေးလျက်ရှိသည်။

၎င်းမထေရ်သည် ဤသို့တတ်မြောက်ထားသောကြောင့် ပညာမာနထောင်လွှားလျက်ရှိသည်။ ထိုသို့ထောင်လွှားသောမာနကို ဘုရားရှင်က ချိုးနှိမ်ရန် ပြုလျက်ရှိသည်။ ၎င်းသည် ဘုရားထံသို့ လာရောက်ဖူးမြော်ကန်တော့သည်။ လာသည့်အခါတိုင်း၌ ဘုရားရှင်က "အချည်းနှီး အသုံးမကျသော ပေါ်ဠိလလာလေ့"ဟုလည်းကောင်း၊ ပြန်သွားသော အခါ၌လည်း ဘုရားရှင်က "အချည်းနှီးအသုံးမကျသော ပေါ်ဠိလပြန်လေ့"ဟု လည်းကောင်း မိန့်တော်မူသည်။

ပေါ်ဠိလမထေရ်သည် ဘုရားရှင်၏ ဤသို့မိန့်ဆိုခြင်းမှာ သူ၌ ဈာန်မဂ်ဖိုလ်တို့ မရှိခြင်းကြောင့် ဘုရားရှင်က ဤသို့ပြောဆိုမိန့်ကြားခြင်းဖြစ်သည်ကိုဖြင်ပြီး ကြောက်လန့်လေသည်။ ဤသို့ဖြင့် ၎င်းသည် သံဝေဂရ၍ မည်သူမျှအသိမပေးဘဲ တစ်ပါးတည်း ယူဇနာ ၁၂၀ ဝေးသော ရဟန္တာ ၃၀ သီတင်းသုံးနေသည့် တောကျောင်းတစ်ကျောင်းသို့ သွားလေသည်။

၎င်းသည် ကျောင်းသို့ ရောက်သောအခါ မထေရ်ကြီးတို့ထံတွင် ၎င်းအား မိမိခိုအားထားရာဖြစ်တော်မူရန် လျှောက်ထားသည်။ ၎င်းကျိုးနွံစွာ လျှောက်ထားသော်လည်း မထေရ်ကြီးများက ၎င်းအား လွှတ်လိုက်လေသည်။ ဒုတိယမထေရ်ထံသို့ ၎င်းအား လွှတ်လိုက်လေသည်။ ဒုတိယမထေရ်ကလည်း ၎င်းအားလက်မခံဘဲ တတိယမထေရ်ထံသို့ လွှတ်လိုက် လေသည်။ ဤသို့ဖြင့် အဆင့်ဆင့်လွှတ်လိုက်ရာ ၎င်းသည် ခုနစ်နှစ်သား ရဟန္တာသာမဏေထံသို့ ရောက်သွားလေသည်။

(ဆက်လက်ဖော်ပြပါမည်)

ဘုရားရှင်က "အာနန္ဒာ၊ ရာဂကိုမှီ၍၊ ဒေါသကိုမှီ၍၊ တဏှာကိုမှီ၍ (တရားကို နာကြားရန်) မတတ်နိုင်ကြကုန်။ သတ္တဝါတို့ကို ပြာမကျန် လောင်စေတတ်သဖြင့် ရာဂမီးနှင့်တူသည့်မီးသည်မရှိ။ နေခုနစ်စင်းပေါ်ထွက်၍ ဤကမ္ဘာလောကကို မည်သို့မျှမကျန်အောင် လောင်စေသော်လည်း ရဲခါသာလောင်၏။ ရာဂမီးသည်ကား အခါခပ်သိမ်းလောင်၍ မလောင်သည့်ကာလမရှိချေ။ ထို့ကြောင့် ရာဂနှင့်တူသောမီး၊ ဒေါသနှင့်တူသည့် ဖမ်းစားတတ်သူ၊ မောဟနှင့်တူသည့် ပိုက်ကွန်၊ တဏှာနှင့်တူသည့်မြစ်မရှိပေ" ဟု စကားပြေဂါထာ နှစ်ပျိုးစလုံးဖြင့် ဟောကြား

M-League ယူ-၂၀ လူငယ်လိင်္ဂတွင် ချန်ပီယံဆုအတွက် အပြိုင်ဖြစ်နေသည့် ရန်ကုန်ယူနိုက်တက်နှင့် အား/ကာသိပ္ပံအသင်း နိုင်ပွဲကိုယ်စီရရှိ

ရန်ကုန် နိုဝင်ဘာ ၈

မြန်မာနိုင်ငံဘောလုံးအဖွဲ့ချုပ်နှင့် မြန်မာလိင်္ဂတို့ကကြီးမှူးဖြစ်သော Grand Royal၊ AYA Bank နှင့် AYA Pay တို့၏ အဓိကပံ့ပိုးကူညီမှုဖြင့် ကျင်းပသည့် ၂၀၂၆ M-League ယူ-၂၀ လူငယ်လိင်္ဂပြိုင်ပွဲ ပွဲစဉ်(၂၃) ဒုတိယနေ့ကို နိုဝင်ဘာ ၈ ရက်က ဆက်လက်ကျင်းပရာ ချန်ပီယံဆုအတွက် အပြိုင်ဖြစ်နေသည့် ရန်ကုန်ယူနိုက်တက်အသင်းနှင့် အား/ကာသိပ္ပံအသင်း နိုင်ပွဲကိုယ်စီရရှိခဲ့သည်။

YUSC ကွင်း၌ ကျင်းပသည့်ပွဲတွင် ရန်ကုန်ယူနိုက်တက်အသင်းက စစ်ကိုင်းယူနိုက်တက်အသင်းကို ငါးဂိုး - ဂိုးမရှိဖြင့် အနိုင်ရရှိခဲ့သည်။ ဇယားထိပ်ဆုံးရောက်လာပြီးနောက် ရန်ကုန်ယူနိုက်တက်အသင်းအများစုသည် လက်ကျန်ပွဲများကို အာရုံစိုက်ပြီး အမှတ်ပြည့်ရယူလျက်ရှိသည်။ ယခုပွဲတွင်လည်း ရန်ကုန်ယူနိုက်တက်အသင်း ခြေစွမ်းပြပြီး ဂိုးပြတ်ရလဒ်နှင့်အတူ အနိုင်သုံးမှတ်ရယူခဲ့သည်။ ရန်ကုန်ယူနိုက်တက်အသင်းသည် ပထမပိုင်းပြီးခါနီးမှ အဖွင့်ဂိုးရသော်လည်း ဂိုးပြတ်နိုင်ပွဲ ဖန်တီးနိုင်ခဲ့ပြီး ၄၅+၄ မိနစ်တွင် ဇွဲနိုင်ဝင်း၊ ၅၇ မိနစ်တွင် ဇေထက်အောင်၊ မိနစ် ၆၀ တွင် အောင်မျိုးမင်း၊ ၆၇၊ ၈၄ မိနစ်တွင် ခွန်းချိထူးတို့က သွင်းယူခဲ့သည်။ ယခုပွဲအတွက် AYA Pay Player of the Match ဆုကို ရန်ကုန်ယူနိုက်တက်အသင်းမှ ဇေထက်အောင်ကရရှိပြီး အမှတ်တရဆုနှင့် ဆုကြေးငွေကျပ် နှစ်သိန်းရရှိသည်။

သန်လျင်သိဟဒိယကွင်း၌ကျင်းပသည့်ပွဲတွင် အား/ကာသိပ္ပံအသင်းက သစ္စာအားမာန်အသင်းကို သုံးဂိုး - ဂိုးမရှိဖြင့် အနိုင်ရရှိသည်။ ပထမအကျေးဇူးငွင် ဂိုးမရှိသရေကျခဲ့သော်လည်း အား/ကာသိပ္ပံအသင်းသည် ဂိုးပြတ်နိုင်ပွဲရယူပြီး ရန်ကုန်ယူနိုက်တက်အသင်းကို ဖိအားပေးလျက်ရှိသည်။ အား/ကာသိပ္ပံအသင်းအတွက် အနိုင်ဂိုးများကို မိနစ် ၂၀ တွင် ကောင်းခန့်ကျော်၊ ၃၄၊ ၆၄ မိနစ်တွင် စစ်ဗြိမ်းချမ်းဦးတို့က သွင်းယူသည်။ ယခုပွဲအတွက် AYA Pay Player of the Match ဆုကို အား/ကာသိပ္ပံအသင်းမှ ကောင်းခန့်ကျော်ကရရှိပြီး အမှတ်တရဆုနှင့် ဆုကြေးငွေကျပ် နှစ်သိန်းရရှိသည်။



ရန်ကုန်ယူနိုက်တက်အသင်းနှင့် စစ်ကိုင်းယူနိုက်တက်အသင်းတို့ ယှဉ်ပြိုင်စဉ်။

ပွဲစဉ်(၂၃) တတိယနေ့ကို နိုဝင်ဘာ ၉ ရက်တွင် ဆက်လက်ကျင်းပမည်ဖြစ်ပြီး သိဟဒိယကွင်း၌ ဟံသာဝတီယူနိုက်တက်အသင်းနှင့် ရန်ကုန်စီးတီးအသင်း၊ ဗဟန်းကွင်း၌ Falcon အသင်းနှင့် Chinland အသင်းတို့ ယှဉ်ပြိုင်ကစားမည်ဖြစ်သည်။ **သတင်း-ကိုညီလေး၊ ဓာတ်ပုံ-YUFC**

အာရှအမျိုးသမီး ချန်ပီယံလိင်္ဂပြိုင်ပွဲတွင် ဇော၀တီအသင်း အုပ်စုအဆင့်ဖြင့်ကျေနပ်ခဲ့ရ

၂၀၂၆ - ၂၀၂၇ ရာသီ အာရှအမျိုးသမီး ချန်ပီယံလိင်္ဂပြိုင်ပွဲ အုပ်စုပွဲများကို နိုဝင်ဘာ ၇ ရက်ကပြီးဆုံးသွားပြီး မြန်မာကလပ် ဇော၀တီအသင်းသည် အုပ်စုအဆင့်ဖြင့် ကျေနပ်ခဲ့ရသည်။

နောက်ဆုံးအဆင့် အုပ်စုပွဲများကို လေးသင်းသုံးအုပ်စုခွဲ ကျင်းပခဲ့ပြီး အုပ်စုတစ်ခုစီမှ အမှတ်အများဆုံး ထိပ်ဆုံးနှစ်သင်းစီနှင့် တတိယနေရာရသုံးသင်းအနက် အကောင်းဆုံးနှစ်သင်း စုစုပေါင်း ရှစ်သင်း ကွာတားဖိုင်နယ် တက်ရောက်ခဲ့သည်။ ဇော၀တီအသင်းသည် တတိယနေရာ ရခဲ့သော်လည်း အကောင်းဆုံးအုပ်စု တတိယနေရာ ရ ထိပ်ဆုံးနှစ်သင်းစာရင်းမဝင်ဘဲ အဆင့် ၃ သာရခဲ့သဖြင့် ကွာတားဖိုင်နယ်တက်ခွင့် ဆုံးရှုံးခဲ့ခြင်းဖြစ်သည်။



အုပ်စုပွဲအားလုံးအပြီး အုပ်စု(A) တွင် မြောက်ကိုရီးယားကလပ် နာဂိုရန်းအသင်းက ကိုးမှတ်ဖြင့် အုပ်စုပထမ၊ ဂျပန်ကလပ် ကိုဘေးအသင်းက ခြောက်မှတ်ဖြင့် အုပ်စုဒုတိယ၊ မြန်မာကလပ် ဇော၀တီအသင်းက သုံးမှတ်၊ ဧရိယက်နမ်ကလပ် ဟိုချီမင်းစီးတီးအသင်းက အမှတ်မရ၊ အုပ်စု(C)တွင် တရုတ်ကလပ် ဘေဂျင်းကျန်တန်အသင်း၊ ဥဇဘက်ကစ္စတန်ကလပ် နာဆာဖိအသင်း၊ ဩစတြေးလျကလပ် မဲလ်ဘုန်းစီးတီးအသင်းတို့က ခြောက်မှတ်စီရခဲ့ပြီး ဖိုင်နယ်ပိုင်ကလပ် ကာယာအသင်း မှာမူ အမှတ်မရခဲ့ပေ။ ခြောက်မှတ်ရထားသည့် သုံးသင်းတွက်ချက်ရာတွင် အုပ်စုအောက်ဆုံးမှ ဖိလစ်ပိုင်ကလပ်နှင့်ပွဲရလဒ်ကို ထည့်မတွက်ဘဲ ရမှတ်တူ သုံးသင်းထိပ်တိုက်တွေ့ဆုံတဲ့ပွဲ ရလဒ်တွေကို တွက်ချက်ရာ ဥဇဘက်ကစ္စတန်ကလပ် နာဆာဖိအသင်းက အုပ်စုပထမ၊ ဩစတြေးလျကလပ် မဲလ်ဘုန်းစီးတီးအသင်းက အုပ်စုဒုတိယ၊ တရုတ်ကလပ် ဘေဂျင်းကျန်တန် အသင်းက အုပ်စုတတိယရရှိခဲ့သည်။

အကောင်းဆုံးအုပ်စု တတိယနေရာအတွက် တွက်ချက်ရာတွင် အုပ်စု(C)မှ တရုတ်ကလပ် ဘေဂျင်းကျန်တန် အသင်းက ခြောက်မှတ်ရထားသဖြင့် အဆင့် ၃ နေရာရခဲ့ပြီး ကျန်တစ်နေရာ အတွက် သုံးမှတ်စီရခဲ့သည့် အုပ်စု(B)က အိန္ဒိယကလပ် အရှေ့ဘင်ဂေါအသင်းနှင့် အုပ်စု(A)က မြန်မာကလပ် ဇော၀တီအသင်းတို့ အပြိုင်ဖြစ်ခဲ့သော်လည်း ဂိုးကွာခြားချက်တွင် အရှေ့ဘင်ဂေါက (-၄)၊ ဇော၀တီအသင်းက (-၆) ဖြစ်ခဲ့သဖြင့် အရှေ့ဘင်ဂေါအသင်း အဆင့် ၂ နေရာရပြီး ကွာတားဖိုင်နယ် တက်ခွင့်ရခဲ့ခြင်းဖြစ်သည်။

ဇော၀တီအသင်းသည် ပထမဆုံး အကြိမ် အာရှအမျိုးသမီး ချန်ပီယံလိင်္ဂပြိုင်ပွဲတွင် နောက်တစ်ဆင့် တက်ခွင့်ရခဲ့ခြင်းဖြစ်ပြီး မျှော်လင့်ချက်ရှိခဲ့ပေမယ့် အုပ်စုအဆင့်ဖြင့် ကျေနပ်ခဲ့ရခြင်းဖြစ်သည်။

အုပ်စုပွဲ အပြီးတွင် မြောက်ကိုရီးယားကလပ် နာဂိုရန်းအသင်းနှင့် April 25 အသင်း၊ ဂျပန်ကလပ် ကိုဘေးအသင်း၊ တောင်ကိုရီးယားကလပ်ဟွာချောင်အသင်း၊ တရုတ်ကလပ် ဘေဂျင်းကျန်တန်အသင်း၊ ဥဇဘက်ကစ္စတန်ကလပ် နာဆာဖိအသင်း၊ ဩစတြေးလျကလပ် မဲလ်ဘုန်းစီးတီးအသင်း၊ အိန္ဒိယကလပ် အရှေ့ဘင်ဂေါအသင်းတို့ ကွာတားဖိုင်နယ် တက်ရောက်ခွင့်ရရှိခဲ့သည်။

ဇော၀တီအသင်းသည် ကွာတားဖိုင်နယ် မတက်ရောက်နိုင်သော်လည်း မှတ်တမ်းကောင်းပိုင်ဆိုင်ခဲ့ပြီး မြန်မာကလပ်များအနက် အာရှအမျိုးသမီး ချန်ပီယံလိင်္ဂပြိုင်ပွဲ နောက်ဆုံးအဆင့်တွင် ပထမဆုံး နိုင်ပွဲရယူနိုင်သည့် ပထမဆုံးအသင်း အဖြစ် မှတ်တမ်းဝင်ခဲ့သည်။

သတင်း - ချစ်ကိုကို

ဓာတ်ပုံ - MWL

၂၀၂၆ ခုနှစ်မှ

ယနေ့ ဝန်ကြီးဌာနပေါင်းစုံ ဘော်လီဘောပြိုင်ပွဲ အမျိုးသား ပထမအဆင့် အုပ်စုပတ်လည်ပွဲစဉ်များအဖြစ် အမျိုးသားစီမံကိန်း၊ ရင်းနှီးမြှုပ်နှံမှုနှင့် နိုင်ငံခြားစီးပွားဆက်သွယ်ရေးဝန်ကြီးဌာနအသင်းနှင့် ပို့ဆောင်ရေးဝန်ကြီးဌာနအသင်းတို့ ယှဉ်ပြိုင်ကစားခဲ့ရာ အမျိုးသားစီမံကိန်း၊ ရင်းနှီးမြှုပ်နှံမှုနှင့် နိုင်ငံခြားစီးပွားဆက်သွယ်ရေးဝန်ကြီးဌာနအသင်းက ပို့ဆောင်ရေးဝန်ကြီးဌာနအသင်းကို သုံးပွဲပြတ်ဖြင့်လည်းကောင်း၊ သိပ္ပံနှင့်နည်းပညာဝန်ကြီးဌာနအသင်းနှင့် ဘဏ္ဍာရေးနှင့် အခွန်ဝန်ကြီးဌာနအသင်းတို့ ယှဉ်ပြိုင်ကစားခဲ့ရာ ဘဏ္ဍာရေးနှင့် အခွန်ဝန်ကြီးဌာနအသင်းက သိပ္ပံနှင့်နည်းပညာဝန်ကြီးဌာနအသင်းကို သုံးပွဲပြတ်ဖြင့်လည်းကောင်း၊ ကာကွယ်ရေးဝန်ကြီးဌာနအသင်းနှင့် နယ်စပ်ရေးရာဝန်ကြီးဌာနအသင်းတို့ ယှဉ်ပြိုင်ကစားခဲ့ရာ ကာကွယ်ရေးဝန်ကြီးဌာနအသင်းက နယ်စပ်ရေးရာဝန်ကြီးဌာနအသင်းကို သုံးပွဲပြတ်ဖြင့်လည်းကောင်း၊ ကျန်းမာရေးဝန်ကြီးဌာနအသင်းနှင့် ဆောက်လုပ်ရေးဝန်ကြီးဌာနအသင်းတို့ ယှဉ်ပြိုင်ကစားခဲ့ရာ ဆောက်လုပ်ရေးဝန်ကြီးဌာနအသင်းက ကျန်းမာရေးဝန်ကြီးဌာနအသင်းကို ၃ ပွဲပြတ်ဖြင့်လည်းကောင်း ယှဉ်ပြိုင်အနိုင်ရရှိခဲ့သည်။

ဆက်လက်၍ အမျိုးသမီး ပထမအဆင့် အုပ်စုပတ်လည်ပြိုင်ပွဲ ပွဲစဉ်များအဖြစ် ကာကွယ်ရေးဝန်ကြီးဌာနအသင်းနှင့် ပို့ဆောင်ရေးဝန်ကြီးဌာနအသင်းတို့ ယှဉ်ပြိုင်ကစားခဲ့ရာ ကာကွယ်ရေးဝန်ကြီးဌာနအသင်းက ပို့ဆောင်ရေးဝန်ကြီးဌာနအသင်းကို သုံးပွဲပြတ်ဖြင့်လည်းကောင်း၊ အားကစားရေးရာ ဝန်ကြီးဌာနအသင်းနှင့် စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာနအသင်းတို့ ယှဉ်ပြိုင်ကစားခဲ့ရာ အားကစားရေးရာဝန်ကြီးဌာနအသင်းက စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာနအသင်းကို သုံးပွဲပြတ်ဖြင့်လည်းကောင်း ယှဉ်ပြိုင်အနိုင်ရရှိခဲ့သည်။

နိုဝင်ဘာ ၉ ရက် နံနက် ၉ နာရီမှစတင်၍ ဝန်ကြီးဌာနပေါင်းစုံ ဘော်လီဘောပြိုင်ပွဲ အမျိုးသား ပထမအဆင့် အုပ်စုပတ်လည်ပြိုင်ပွဲ ပွဲစဉ်များအဖြစ် အားကစားရေးရာဝန်ကြီးဌာနအသင်းနှင့် ပြန်ကြားရေးဝန်ကြီးဌာနအသင်း၊ သာသနာရေးဝန်ကြီးဌာနအသင်းနှင့် သယံဇာတနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာနအသင်း၊ ပြည်ထဲရေးဝန်ကြီးဌာနအသင်းနှင့် လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာနအသင်း၊ လျှပ်စစ်နှင့်စွမ်းအင်ဝန်ကြီးဌာန အသင်းနှင့် မြန်မာနိုင်ငံတော် ဗဟိုဘဏ်အသင်း၊ အမျိုးသားစီမံကိန်း၊ ရင်းနှီးမြှုပ်နှံမှုနှင့် နိုင်ငံခြားစီးပွားဆက်သွယ်ရေးဝန်ကြီးဌာနအသင်းနှင့် ဘဏ္ဍာရေးနှင့် အခွန်ဝန်ကြီးဌာနအသင်း၊ အမျိုးသမီး ပထမအဆင့် အုပ်စုပတ်လည်ပြိုင်ပွဲ ပွဲစဉ်အဖြစ် ပြည်ထဲရေးဝန်ကြီးဌာနအသင်းနှင့် ကျန်းမာရေးဝန်ကြီးဌာနအသင်းတို့ ဆက်လက်ယှဉ်ပြိုင်ကစားသွားမည်ဖြစ်၍ အားကစားဝါသနာရှင် မိဘပြည်သူများအနေဖြင့် မည်သူမဆို "အခမဲ့" လာရောက်ကြည့်ရှုအားပေးနိုင်ကြောင်း သိရသည်။

သတင်းစဉ်



အိမ်တွင်းသုံးရေချွေတာရေး

ပိုက်ယိုစိမ့်မှုများကို စစ်ဆေးပါ၊ ရေပိုက်ခေါင်းများ၊ ရေစည်ပိုင်းများ ကျိုးပျက်ယိုစိမ့်နေခြင်း ရှိ/မရှိ ပုံမှန်စစ်ဆေးပြီး အမြန်ပြုပြင်ပါ။

သုံးရေချွေတာသုံးစွဲရေး နှိုးဆော်ချက်



သစ်ပင်များကို စနစ်တကျစိုက်ပျိုးထိန်းသိမ်းခြင်းဟာ သဘာဝအတိုင်း ရေကိုစုဆောင်းသိုလှောင်ပြီး ချွေတာရာရောက် သည့်အတွက် ရေရှည်တည်တံ့နိုင်စေရေး သစ်ပင်များအား စနစ်တကျ စိုက်ပျိုးထိန်းသိမ်းကြပါရန် နှိုးဆော်အပ်ပါသည်။

သုံးရေချွေတာသုံးစွဲရေး နှိုးဆော်ချက်



ခြောက်သွေ့မှု ဒဏ်ခံနိုင်သောအပင်များကို ရွေးချယ်စိုက်ပျိုးပါ။ မိမိတို့၏ ဥယျာဉ်ခြံတွင် ရေနည်းနည်းဖြင့် ရှင်သန်နိုင်သော အပင်များကို ရွေးချယ်စိုက်ပျိုးပါ။

နော်တင်ဟမ်ဖောရက်စ်ကို ရှုံးနိမ့်ပြီး အာဆင်နယ်နဲ့ ခြောက်မှတ်ကွာသွားပြီဖြစ်တဲ့ မန်စီးတီးအသင်း



မန်စီးတီးအသင်းဟာ နိုဝင်ဘာ ၇ ရက် ညပိုင်းက နော်တင်ဟမ်ဖောရက်စ်အသင်းနဲ့ ယှဉ်ပြိုင်ကစားခဲ့တဲ့ ပရီမီယာလိဂ်ပွဲစဉ်မှာ ရှုံးပွဲကြုံခဲ့တာကြောင့် အမှတ်ပေးဇယား ထိပ်က အာဆင်နယ်အသင်းနဲ့ ရမှတ် ခြောက်မှတ်အထိ ကွာသွားပြီဖြစ်ပါတယ်။

နော်တင်ဟမ်ဖောရက်စ် အသင်းနဲ့ မန်စီးတီးအသင်းတို့ပွဲစဉ်မှာ အိမ်ရှင် နော်တင်ဟမ်ဖောရက်စ်အသင်းက သုံးဂိုး-တစ်ဂိုးဖြင့် အနိုင်ရရှိခဲ့တာ ဖြစ်ပါတယ်။ အခုပွဲစဉ်မှာ အိမ်ရှင်အသင်းအတွက် သွင်းဂိုးတွေကို ကွန်ဟာက တစ်ဂိုး၊ ဒီလက်က နှစ်ဂိုး သွင်းယူပေးခဲ့ကာ မန်စီးတီးအသင်းအတွက် သွင်းဂိုးတစ်ဂိုးကိုတော့ ချာကီက သွင်းယူပေးခဲ့တာ ဖြစ်ပါတယ်။

မန်စီးတီးအသင်းအနေနဲ့ နော်တင်ဟမ်ဖောရက်စ်အသင်းကို ရှုံးနိမ့်ခဲ့ခြင်းဟာ ပရီမီယာလိဂ်ပြိုင်ပွဲမှာ သုံးပွဲဆက် ရှုံးပွဲကြုံတွေ့ခဲ့ရခြင်းလည်း ဖြစ်ပါတယ်။ မန်စီးတီးအသင်းဟာ နော်တင်ဟမ်ဖောရက်စ်အသင်းကို ရှုံးနိမ့်ခဲ့တာကြောင့် ပရီမီယာလိဂ်ပွဲစဉ်(၁၀) ယှဉ်ပြိုင်ကစားပြီးချိန်မှာ ရမှတ် ၂၁ မှတ်သာ စုဆောင်းနိုင်ခဲ့တာဖြစ်ပြီး အမှတ်ပေးဇယားထိပ်က အာဆင်နယ် အသင်းကတော့ ပရီမီယာလိဂ်ပွဲစဉ်(၁၀)မှာ အိမ်ကွင်းအမဲမရိတ်၌ ဟားစ်စီးတီးအသင်း ကို အနိုင်ရရှိကာ ရမှတ် ၂၇ မှတ်အထိစုဆောင်း နိုင်ခဲ့တာ ဖြစ်ပါတယ်။

မန်စီးတီးအသင်းကို အနိုင်ရရှိခဲ့တဲ့ နော်တင်ဟမ်ဖောရက်စ်အသင်းကတော့ ပရီမီယာလိဂ် တန်းဆင်းဇုန်ကနေ လတ်တလော လွတ်မြောက်ခဲ့ပြီ ဖြစ်ပါတယ်။

ငွေကြယ်-ရေးသားသည်

တိုက်စစ်မှူးမက်ဆီ မေဂျာလိဂ်ရွှေဖိနပ်ဆုဆွတ်ခူး



အင်တာမိုင်ယာမီအသင်း တိုက်စစ်မှူး လီယွန်နယ်မက်ဆီဟာ မေဂျာလိဂ်သမိုင်းမှာ ရွှေဖိနပ်ဆုကို နှစ်ကြိမ်ဆက်တိုက် ရယူဆွတ်ခူးနိုင်ခဲ့တဲ့ ပထမဆုံးကစားသမား ဖြစ်လာခဲ့ပါတယ်။

ကမ္ဘာ့အကောင်းဆုံးကစားသမားဆုကို ပေးအပ်ချီးမြှင့်တဲ့ ဘလွန်းဒီအောဆုကို ရစ်ကြိမ်အထိ ဆွတ်ခူးထားတဲ့ တိုက်စစ်မှူးမက်ဆီဟာ လက်ရှိကလပ် အင်တာမိုင်ယာမီအသင်းနဲ့အတူ ပွဲစဉ် စုစုပေါင်း ၃၁ ပွဲ ပါဝင်ကစားပေးထားရာမှာ သွင်းဂိုး ၂၆ ဂိုး အထိ သွင်းယူပေးနိုင်ခဲ့တာ ဖြစ်ပါတယ်။

ဒါပြင် အသက်(၃၉)နှစ်အရွယ်ရှိ တိုက်စစ်မှူး မက်ဆီဟာ အင်တာမိုင်ယာမီအသင်းအတွက် ဂိုးဖန်တီးမှု ၁၇ ကြိမ်လည်း ပြုလုပ်ထားနိုင်ခဲ့တာ ဖြစ်ပါတယ်။ ယခုနှစ်အစောပိုင်းက အာဂျင်တီးနား နိုင်ငံလက်ရွေးစင်ကစားသမားဘဝကနေ အနားယူ ခဲ့တဲ့ တိုက်စစ်မှူးမက်ဆီဟာ ၂၀၂၄ ခုနှစ်အတွက် ပေးအပ်ချီးမြှင့်တဲ့ မေဂျာလိဂ်ရွှေဖိနပ်ဆုကိုလည်း ရရှိထားသူ ဖြစ်ပါတယ်။

ဗလင်စီယာကို အနိုင်ရပြီး ရီးယဲလ်မက်ဒရစ်အသင်း ဇယားထိပ်က ဘာစီလိုနာနဲ့ ရမှတ်တူညီခဲ့



ရီးယဲလ်မက်ဒရစ်အသင်းဟာ စပိန်လာလီဂါပွဲစဉ်(၁၂)အဖြစ် နိုဝင်ဘာ ၇ ရက် ညပိုင်းက ဗလင်စီယာအသင်းနဲ့ ယှဉ်ပြိုင်ကစားခဲ့ရာ အနိုင်ရရှိခဲ့တာကြောင့် အမှတ်ပေးဇယား ထိပ်က ဘာစီလိုနာအသင်းနဲ့ ရမှတ်တူညီခဲ့ပြီ ဖြစ်ပါတယ်။

ဗလင်စီယာအသင်းနဲ့ ရီးယဲလ်မက်ဒရစ် အသင်းတို့ပွဲစဉ်မှာ ရီးယဲလ်မက်ဒရစ်အသင်းက သုံးဂိုး-ဂိုးမရှိဖြင့် အနိုင်ရရှိခဲ့တာဖြစ်ပြီး ဗယ်ဗာဒီ၊ ဂူလာနဲ့ အမ်ဘာတ်ပိတို့က တစ်ဂိုးစီ သွင်းယူပေးခဲ့တာ ဖြစ်ပါတယ်။

အခုပွဲစဉ်မှာ သွင်းဂိုး တစ်ဂိုး သွင်းယူပေး နိုင်ခဲ့တဲ့ တိုက်စစ်မှူး အမ်ဘာတ်ပိတာ ယခု ဘောလုံးရာသီမှာ ရီးယဲလ်မက်ဒရစ်အသင်းနဲ့ အတူ စပိန်လာလီဂါသွင်းဂိုး ၁၃ ဂိုးအထိ ရှိသွား ခဲ့ပြီလည်း ဖြစ်ပါတယ်။

ဗလင်စီယာအသင်းဟာ ချေပဂိုးပြန်လည် ရရှိရေး ကြိုးပမ်းရင်း ဒုတိယပိုင်းပွဲကစားချိန် ၇၉ မိနစ်မှာ အသင်းခေါင်းဆောင် ဂါယာ တိုက်ရိုက်အနီကတ်ပြ ထုတ်ပယ်ခံခဲ့ရလို့ ကစားသမားတစ်ယောက်လျော့နဲ့ ကစားခဲ့ရ တာ ဖြစ်ပါတယ်။ နည်းပြမော်ရင်ဟိုရဲ့ ရီးယဲလ် မက်ဒရစ်အသင်းဟာ ဗလင်စီယာအသင်းကို အနိုင်ရရှိခဲ့တာကြောင့် စပိန်လာလီဂါပွဲစဉ်(၁၂) အပြီးမှာ ရမှတ် ၃၀ စုဆောင်းနိုင်ခဲ့တာ ဖြစ်ပါ တယ်။ ဗလင်စီယာအသင်းကတော့ ရီးယဲလ် မက်ဒရစ်အသင်းကို ရှုံးနိမ့်ခဲ့လို့ စပိန် လာလီဂါအမှတ်ပေးဇယားအဆင့်(၁၉) နေရာ မှာ ရပ်တည်နေတာ ဖြစ်ပါတယ်။

ဘောလုံးလောက သတင်းတိုများ

- လီဗာပူးအသင်းဟာ လက်ရှိဘရာဇီးဂိုးသမား အဲလစ်ဆင် ဘက်ကာရဲ့ အနှဖိုးလ်အနာဂတ်မသေချာမှုကြောင့် ဘရိုက်တန် အသင်းမှ နယ်သာလန်ဂိုးသမား ဗာဘရက်ဂန်အား ခေါ်ယူရန် စီစဉ်လျက်ရှိတယ်လို့ သိရပါတယ်။
- ခရစ္စတယ်ပဲလေ့စ်အသင်း၊ အဲဗာတန်အသင်းနဲ့ လိဒ်ယူနိုက်တက် အသင်းတို့ဟာ စပါးအသင်းမှ အင်္ဂလန်ကွင်းလယ်ကစားသမား ဂယ်လာဂါကို ခေါ်ယူရန် စိတ်ဝင်စားနေပေမယ့် စပါးအသင်း ကတော့ ဂယ်လာဂါကို အသင်းကနေထွက်ခွာခွင့်ပြုမှာ မဟုတ်ဘူးလို့ ဆိုပါတယ်။
- အာဆင်နယ်အသင်း၊ လီဗာပူးအသင်း၊ မန်စီးတီးအသင်းနဲ့ စပါး အသင်းတို့က ခေါ်ယူရန် စောင့်ကြည့်မှုတွေပြုလုပ်လျက်ရှိတဲ့ အက်စ်တွန်ဗီလာအသင်းမှ ဂျပန်ဂိုးသမား ဆူဇူကီးအား ပီအက်စ်ဂျီအသင်းနဲ့ ရီးယဲလ်မက်ဒရစ်အသင်းတို့ကလည်း ခေါ်ယူဖို့ ပစ်မှတ်ထားလျက်ရှိတယ်လို့ သိရပါတယ်။
- အင်တာမီလန်အသင်းဟာ ခရစ္စတယ်ပဲလေ့စ်အသင်းနဲ့အတူ နွေရာသီစျေးကွက်မှာ စာချုပ်သက်တမ်းကုန်ဆုံးမယ့် အမေရိကန်နောက်တန်းကစားသမား ရစ်ချာဒ်အား စာချုပ် ချုပ်ဆိုခေါ်ယူရန် စီစဉ်လျက်ရှိတယ်လို့ သိရပါတယ်။



ဘိုင်ယန်မြူးနစ်အသင်း ဘွန်ဒက်လီဂါအမှတ်ပေးဇယားထိပ်၌ ဆက်လက်ဦးဆောင်

မိန့်ဇ်အသင်းနဲ့ ဘိုင်ယန်မြူးနစ်အသင်းတို့ နိုဝင်ဘာ ၇ ရက်ညပိုင်းက ယှဉ်ပြိုင်ကစားခဲ့တဲ့ ဘွန်ဒက်လီဂါပွဲစဉ်မှာ ဘိုင်ယန်မြူးနစ်အသင်း နိုင်ပွဲရပြီး ဇယားထိပ်၌ ဆက်လက်ဦးဆောင်နိုင်ခဲ့ ပါတယ်။

အဲဒီပွဲစဉ်မှာ ဘိုင်ယန်မြူးနစ်အသင်းက မိန့်ဇ် အသင်းကို နှစ်ဂိုး-တစ်ဂိုးဖြင့် အနိုင်ရရှိခဲ့တာဖြစ်ပြီး ဘိုင်ယန်မြူးနစ်အသင်းအတွက် သွင်းဂိုးတွေကို ကင်မစ်က တစ်ဂိုး၊ လန်နာ့ကားလ်က တစ်ဂိုးသွင်းယူ ပေးခဲ့တာဖြစ်ပါတယ်။ ဘိုင်ယန်မြူးနစ်အသင်း ရရှိခဲ့တဲ့ သွင်းဂိုးနှစ်ဂိုးစလုံးကို တိုက်စစ်မှူးဟယ်ရီကိန်း တစ်ဦးတည်းက ဖန်တီးပေးခဲ့တာဖြစ်ပါတယ်။ မိန့်ဇ် အသင်းအတွက် ချေပဂိုးတစ်ဂိုးကိုတော့ သာမန် ပွဲကစားချိန်အပြီး နာကျင်အချိန်ပို နှစ်မိနစ်မှာ တီယယ်ဇ်က သွင်းယူပေးခဲ့တာဖြစ်ပါတယ်။

ဘိုင်ယန်မြူးနစ်အသင်းဟာ မိန့်ဇ်အသင်းကို အနိုင်ရရှိခဲ့တာကြောင့် ပွဲစဉ်(၉)အပြီးမှာ ရမှတ် ၂၁ မှတ်ရရှိထားကာ အမှတ်ပေးဇယားဒုတိယနေရာက ဒေါ်မွန်အသင်းနဲ့ ရမှတ်တူ ဂိုးကွာခြားချက်ဖြင့် ဇယားထိပ်မှာ ဦးဆောင်နိုင်ခဲ့တာ ဖြစ်ပါတယ်။ မိန့်ဇ်အသင်းကတော့ ဘိုင်ယန်မြူးနစ်အသင်းကို ရှုံးနိမ့်ခဲ့လို့ ဘွန်ဒက်လီဂါအမှတ်ပေးဇယားအဆင့် ၁၁ နေရာမှာ ရပ်တည်နေတာ ဖြစ်ပါတယ်။



အိမ်တွင်းသုံးရေ ချွေတာရေး

အသုံးပြုပြီးသည့် ရေကို ပြန်လည်သုံးစွဲနိုင်ရန် စီစဉ်ပါ။ (ဥပမာ - ဟင်းသီးဟင်းရွက် ဆေးကြောထားသောရေများ၊ ဆန်ဆေးရေများကို အပင်ရေလောင်းရာတွင် ပြန်လည်အသုံးပြုပါ။)

- အင်တာနက်ပေါ်တွင် သတင်းတု၊ သတင်းမှားများ လွှင့်တင်ခြင်း၊ မြန်မာရိုးရာယဉ်ကျေးမှုနှင့် ကိုက်ညီမှုမရှိသည့် မဖွယ်မရာမှတ်တမ်းပုံများ၊ ပီဒီယိုများအား ဖြန့်ဝေခြင်း၊ အခကြေးငွေဖြင့် ရောင်းချခြင်းများသည် တည်ဆဲဥပဒေများအရ အရေးယူခံရနိုင်ပါသည်။
- အွန်လိုင်းလောင်းကစားကြော်ငြာများ လက်ခံကြော်ငြာပေးခြင်းသည် တည်ဆဲဥပဒေများအရ အရေးယူခံရနိုင်ပါသည်။



ဥတ္တရသီရိမြို့နယ်အတွင်း ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများ ကွင်းဆင်းဆောင်ရွက်

နေပြည်တော် နိုဝင်ဘာ ၈

ပြည်ထောင်စုနယ်မြေ နေပြည်တော် ဥတ္တရသီရိမြို့နယ်အတွင်း ဒေသဖွံ့ဖြိုးရေး လုပ်ငန်းများကို ယနေ့နံနက်ပိုင်းတွင် တာဝန်ရှိသူများက ကွင်းဆင်းဆောင်ရွက်သည်။

ထိုသို့ဆောင်ရွက်ရာတွင် သမဝါယမနှင့် ကျေးလက်ဖွံ့ဖြိုးရေးဝန်ကြီးဌာန အဖြစ်မဝန်းအတွင်းဝန် ဦးခန့်ဇော်နှင့် ကျေးလက်လမ်းဖွံ့ဖြိုးရေးဦးစီးဌာန ဒုတိယညွှန်ကြားရေးမှူးချုပ် ဒေါက်တာထွန်းမြင့်အောင်တို့သည် တာဝန်ရှိသူများနှင့်အတူ ဥတ္တရသီရိမြို့နယ် သရက်တောကျေးရွာအုပ်စု ပိုးစာတောကျေးရွာနှင့် သရက်တောကျေးရွာချင်းဆက် လမ်းပေါ်ရှိ ကွန်ကရစ်တံတား ပေ ၈၀ ဆောင်ရွက်နေမှုကို သွားရောက်၍ လုပ်ငန်းများအချိန်မီပြီးစီးအောင် ဆောင်ရွက်ရန်နှင့် ဥတ္တရသီရိမြို့နယ်အတွင်း ကျေးရွာချင်းဆက် လမ်းများ လမ်းပန်းဆက်သွယ်ရေးအဆင်ပြေစေရေး အကောင်အထည်ဖော်ဆောင်ရွက်နိုင်ရေး လိုအပ်သည်များ ညှိနှိုင်းပေါင်းစပ်ဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။

ခရိုင်(ပြန်/ဆက်)

ကန့်ကွက်နိုင်ပါကြောင်း

ရန်ကုန်တိုင်းဒေသကြီး၊ ဒဂုံမြို့သစ်(တောင်ပိုင်း)မြို့နယ်၊ မြေတိုင်းရပ်ကွက် အမှတ်(၇၁)၊ မြေကွက်အမှတ်(၁၇၂၇/ခ)၊ မင်းရဲကျော်စွာ(၃) လမ်း၊ အကျယ်အဝန်း (၂၀ ပေ x ၆၀ ပေ)ရှိ ဦးကံ(ISN-၁၄၉၀၆၀)အမည်ပေါက် ပါမစ်မြေကွက်ထဲမှ တရားဝင်ဝင်ခွဲမစိတ်ရသေးသော အကျယ်အဝန်း (၁၀ ပေ x ၆၀ပေ)ရှိ ခေါင်းရင်းခြမ်း မြေကွက်နှင့် ယင်းမြေကွက်ပေါ်ရှိ အကျိုးခံစားခွင့်အရပ်ရပ်အား ဦးသန်းစိုး [၁/ ရုကန(နိုင်)၀၃၈၃၀၅]မှ ပိုင်ဆိုင်မှုအရွှဲသောရင်းနှီးမြှုပ်နှံမှု ပြန်လည်ပွဲပြောင်း ရောင်းချပိုင်ခွင့်ရှိကြောင်း ဝန်ခံကတိပြုခြင်းကြောင့် ကျွန်ုပ်တို့၏မိတ်ဆွေ ဖြစ်သူ ဦးပြိမ်းခန့်ကို(၁)ဦးသန်းထိုက်(၁၄/ပသန(နိုင်)၂၀၈၆၁၄) မှ အပြီးအပိုင် ဝယ်ယူရန်အတွက် စရန်ငွေအဖြစ် (ရောင်းဖိုးငွေ၏ တစ်စိတ်တစ်စေသော)ကိုပေးချေ ထားပြီးဖြစ်ပါသည်။ ကန့်ကွက်လိုသူများရှိပါက ဥိုင်လုံသောစာချုပ်စာတမ်း မူရင်းအထောက်အထားများဖြင့် ဤကြော်ငြာပါသည့်နေ့မှစ၍ (၁၄)ရက်အတွင်း ကျွန်ုပ်တို့ထံသာရောက် ကန့်ကွက်နိုင်ပါသည်။ ကန့်ကွက်သူမရှိပါက ဤအရောင်း အဝယ်အား ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

ဦးပြိမ်းခန့်ကို(၁)ဦးသန်းထိုက်၏ လွှဲအပ်ညှိနှိုင်းခွင့်ရှိသူ
ဒေါ်စန္ဒာဝင်း (LL.B)
တရားလွှတ်တော်ရှေ့နေ(စဉ်-၁၂၂၆) **အထက်တန်းရှေ့နေ(စဉ်-၂၆၄၀၉)**
အမှတ် (၈၂၈/၁၁) ကျွန်းချွေဖြိုင်လမ်း။ (၁၈/စီ)ရပ်ကွက်၊
ဒဂုံမြို့သစ်(တောင်ပိုင်း)မြို့နယ်၊ ရန်ကုန်မြို့။
ဖုန်း-၀၉-၂၅၀၆၈၅၃၇၊ ၀၉-၇၉၇၆၄၀၆၁၆၊ ၀၉-၃၀၇၉၉၃၇

"ကန့်ကွက်နိုင်ပါကြောင်းအများသိစေရန်ကြေညာခြင်း"

ရန်ကုန်တိုင်းဒေသကြီး၊ မင်္ဂလာဒုံခရိုင်၊ မင်္ဂလာဒုံမြို့နယ်၊ ကြူစမ်းရွာသစ်၊ ပလရအုပ်ငင်၊ ကရုဏာ(၄)လမ်း၊ အမှတ်-၄/၁၄၇ဟု ခေါ်တွင်သော ဧရိယာအကျယ်အဝန်း(အလျား-၅၈ ပေx အနံ-၄၂ ပေ)ရှိ မြေကွက်ကြီး အနက်မှ ယင်းမြေကွက်ကြီးအား ခွဲခြမ်းစိတ်ဖြာပြီးနောက် ဖြစ်ပေါ်လာသည့် မြေကွက်ငယ်(၃)ကွက်တွင် အလယ်ဗဟိုကျသည့် မြေကွက်ဖြစ်သော အရှေ့အရပ်သို့မျက်နှာမူထားသည့် ဧရိယာအကျယ်အဝန်း(အလျား-၁၃ ပေx အနံ-၄၂ပေ)ရှိသည့် မြေကွက်နှင့် ယင်းမြေကွက်အပေါ်တွင် ဆောက်လုပ်ထားသည် (Steel Structure နှင့် အုတ်ညှပ်အမျိုးအစား) (၁)ထပ်လူနေအဆောက်အဦ(၁)လုံးတို့၏ အကျိုးခံစားခွင့်အရပ်ရပ်အား အရပ်ကတိစာချုပ်ဖြင့် ဝယ်ယူ၍ လက်ရှိထားပိုင်ဆိုင်ပြီး ပိုင်ဆိုင်မှုအရွှဲပဲအရောင်းကြေးငွေနှင့် ရောင်းချပိုင်ခွင့်ရှိကြောင်း ဝန်ခံပြောဆိုသူ ဒေါ်ခင်စုလွိင် [၉/ ပမန(နိုင်)၂၃၆၄၅၈] ကိုင်ဆောင်သူထံမှ ကျွန်ုပ်၏မိတ်ဆွေဖြစ်သူက ဝယ်ယူရန်အတွက် ရောင်းဖိုးငွေ၏ တစ်စိတ်တစ်စေသကို စရန်ငွေအဖြစ် ပေးချေထားပြီးဖြစ်ပါ၍ ကန့်ကွက်လိုပါက ပိုင်ရေးဆိုင်ခွင့်ရှိသူ မည်သူမဆို ဤကြော်ငြာပါသည့်နေ့မှစ၍ (၁၄)ရက်အတွင်း အထောက်အထားမူရင်းများနှင့်တကွ ကျွန်ုပ်ထံသို့ လာရောက်ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်အတွင်း ကန့်ကွက်မည့်သူမရှိပါက အရောင်းအဝယ်ကို ဥပဒေနှင့်အညီ ပြီးဆုံးအောင် ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

ဝယ်ယူသူ၏ လွှဲအပ်ညှိနှိုင်းချက်အရ-
ဦးပြည်ဖြိုးဝင်းထွဋ် (LL.B, C.B.L)
အထက်တန်းရှေ့နေ (စဉ်- ၃၅၀၁၇/၂၄-၁၁-၂၀၁၀)
အမှတ်(၁၂)၊ ယုစနလမ်းသွယ်(၂)လမ်း၊ ယုစနလမ်းမကြီး။
အမှုထမ်းရုပ်ကွက်၊ သန်လျက်မြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး။
ဖုန်း-၀၉-၄၂၀၀၃၈၉၂၊ ၀၉-၇၆၂၆၇၃၃၇

ရှောင်ရှန်ဘီ(၁)အေးနန္ဒာလှိုင်
[၁၂/သဃဏ(နိုင်)၂၀၇၀၂၅]နှင့် အများသိစေရန်

ရန်ကုန်တိုင်းဒေသကြီး၊ စမ်းချောင်းမြို့နယ်၊ (မြေကွက်း)တောင်ရပ်ကွက်၊ ဈေးလမ်း၊ အမှတ်(၁၃)နေ့ (၁၁) ဦးစိန်လှဆေ သားဖြစ်သူ M. အန္တဝါရ်(၁) မင်းညီညီသည် ရန်ကုန်တိုင်းဒေသကြီး၊ သဃပ်ကုန်းမြို့နယ်၊ (၈)ရပ်ကွက်၊ (နင်းဆီကုန်း) အင်ကြင်းလမ်း၊ အမှတ်(၄၀) (ဘီ)မြေညီနေ (၁၂)ဦးမြင့်နိုင်ဆိုးသီးဖြစ်သူ ရှောင်ရှန်ဘီ(၁)အေးနန္ဒာလှိုင်တို့သည် (၆-၅-၂၀၂၁)ရက်နေ့တွင် နှစ်ဖက်မိဘများ၏ သဘောတူညီမှုဖြင့် နေကာဟိပ်ဖြူ ထိမ်းမြားခဲ့ပြီး သမီး (၁)ဦးထွန်းကားခဲ့ပါသည်။ ကျွန်ုပ်မိတ်ဆွေ M. အန္တဝါရ် (၁) မင်းညီညီနှင့် ရှောင်ရှန်ဘီ (၁) အေးနန္ဒာလှိုင်တို့သည် အိမ်ထောင်ရေး အဆင်မပြေဖြစ်ခဲ့ပြီး ရှောင်ရှန်ဘီ(၁)အေးနန္ဒာလှိုင်သည် ခင်ပွန်းသည်၏ ခွင့်ပြုချက်မရှိဘဲ ခနဲအိမ်မှဆင်းသွားခဲ့ပြီး ကျွန်ုပ်မိတ်ဆွေ၏ ဂုဏ်သိက္ခာထိခိုက်စေသည့်ကိစ္စရပ်များကို Social Media ပေါ်တွင် မဟုတ်မမှန်သည့် Post များ ရေးတင်ခဲ့ခြင်းများ၊ ခင်ပွန်းဖြစ်သူထံမှ တွဲဘဲငွေးခွင့်တောင်းခြင်းများကို အကြိမ်ကြိမ် ပြုလုပ်ခဲ့သဖြင့် ၎င်းတောင်းဆိုသည့်အတိုင်း ကျွန်ုပ်မိတ်ဆွေက (၃-၁၀-၂၀၂၆)ရက် နေ့တွင် အသိသက်သေများရှေ့၌ ဇနီးသည် ရှောင်ရှန်ဘီ(၁)အေးနန္ဒာလှိုင်အား သွေးသားကံကောအာခ်(၁) ကြွေမ်ပေးချ ကွာရှင်းပြတ်စဲလိုက်ပြီဖြစ်ကြောင်း မြွက်ပာကြေညာခဲ့ပြီး ယင်းကွာရှင်းခြင်းကို မြန်မာမှတ်စလင်သာသနာ ပညာရှင်များ အဖွဲ့ချုပ်ထံ တင်ပြခဲ့ရာ သွေးကံကအထမြောက်ကြောင်း ပြန်ကြားခဲ့ပါသောကြောင့် M. အန္တဝါရ်(၁) မင်းညီညီနှင့် ရှောင်ရှန်ဘီ (၁) အေးနန္ဒာလှိုင်တို့မှာ လင်ခန်းမ၊ မယားခန်းအပြီးအပိုင် ကွာရှင်းပြတ်စဲသွားပြီးဖြစ်၍ ရှောင်ရှန်ဘီ (၁) အေးနန္ဒာလှိုင်မှ ကျွန်ုပ်ဝိမိတ်ဆွေ M. အန္တဝါရ် (၁) မင်းညီညီ၏ ကိုယ်ရေးကိုယ်တာ ကိစ္စရပ်များတွင် ဝင်ရောက်စွက်ဖက်နှောင့်ယှက်ခြင်း၊ မပြုလုပ်ရန်နှင့် Social Media များပေါ်တွင် မဟုတ်မမှန် ဂုဏ်သိက္ခာထိခိုက်စေသော Post များတင်ခြင်း(မပြုလုပ်ရန်) အသိပေးတားမြစ်အပ်ပါသည်။ လိုက်နာခြင်းမရှိပါက တည်ဆဲဥပဒေများနှင့်အညီ အရေးယူဆောင်ရွက်သွားမည်ဖြစ်ကြောင်း သက်ဆိုင်သူများနှင့် အများသိစေရန် ကြေညာအပ်ပါသည်။ **M. အန္တဝါရ် (၁) မင်းညီညီ၏ လွှဲအပ်ညှိနှိုင်းချက်အရ**
ဦးခေါ်မင်းဦး LL.B, WIPO (Switzerland)
တရားလွှတ်တော်ရှေ့နေ (စဉ် - ၁၇၂၄/ ၂၀၂၁)
အမှတ် - ၁၅၃၊ ဆိပ်ကမ်းသာလမ်း။ ကျောက်တံတားမြို့နယ်၊ ရန်ကုန်မြို့။
ဖုန်း - ၀၉- ၇၈၆၆၇၅၆၇

"ကန့်ကွက်နိုင်ပါကြောင်းအများသိစေရန်ကြေညာချက်"

ရန်ကုန်တိုင်းဒေသကြီး၊ သာကေတမြို့နယ်၊ မြေတိုင်းရပ်ကွက် အမှတ်(၂/တောင်)၊ မြေကွက်အမှတ်(၉၂၅/ခ)၊ (အလျား ၂၀'x အနံ၆၀')အကျယ်ရှိ ဦးထင်ကျော်လင်း [၁၃/လရန(နိုင်)၀၁၁၀၁၂]အမည်ပေါက် နှစ်(၆၀)မြေငှား ဂရန်မြေကွက် (အရပ်အခေါ်) ရန်ကုန်တိုင်းဒေသကြီး၊ သာကေတမြို့နယ်၊ (၂/တောင်)ရပ်ကွက်၊ မြင်တောဘုသာလမ်း၊ အမှတ်(၉၂၅/ခ)ဟုခေါ်တွင်သော မြေကွက်၏ အကျိုးခံစားခွင့်အရပ်ရပ်အားလုံးနှင့် ပတ်သက်၍ ရောင်းသူ **ဦးထင်ကျော်လင်း [၁၃/လရန (နိုင်) ၀၀၁၀၀၂]** မှ ရောင်းချခြင်းဖြင့် စီမံခန့်ခွဲခွင့်ရှိကြောင်း ပြောဆိုကာမ်းလှမ်းရာ ကျွန်ုပ်၏မိတ်ဆွေ **ဒေါ်ဆာရီယာသီ [၁၂/မကတ(နိုင်)၀၁၅၃၀၆]**မှ အပြီးအပိုင်ဝယ်ယူရန် ရောင်းဖိုးငွေတစ်စိတ် တစ်စေသကို ပေးချေပြီးဖြစ်ပါသည်။ ဤမြေကွက်အရောင်းအဝယ်အပေါ် ကန့်ကွက်လိုပါက ဤကြေညာချက်ပါရှိသည့်နေ့မစ၍(၁၄)ရက်အတွင်း ပိုင်ဆိုင်မှုစာချုပ်စာတမ်းမူရင်းများနှင့်တကွ ကျွန်ုပ်ထံ ကန့်ကွက်နိုင်ပါကြောင်း ရောက်ရှိလာသည်ဖြစ်ပါသည်။ ကန့်ကွက်သူမရှိပါက ဤအရောင်းအဝယ်ကို ဥပဒေနှင့်အညီ ပြီးဆုံးသည်အထိ ဆက်လက်ဆောင်ရွက်မည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

လွှဲအပ်ညှိနှိုင်းချက်အရ
ဒေါ်စိုးသီတာကျော် LL.B,DIL,DBL,DIPL
တရားလွှတ်တော်ရှေ့နေ(စဉ် - ၁၉၂၅၇၀)
အမှတ် (၂၄၄)၊ (၁၃)လမ်းထိပ်၊ ယခုနာ(၁)ရပ်ကွက်၊ ဒေါပုံမြို့နယ်၊
ရန်ကုန်မြို့။ ဖုန်း - ၀၉-၂၅၃၁၁၀၂၂၉

"ကန့်ကွက်နိုင်ပါကြောင်းအများသိစေရန်ကြေညာချက်"

ရန်ကုန်တိုင်းဒေသကြီး၊ ဒေါပုံမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်(၁၂)၊ ယမုနာ(၁)ရပ်ကွက်၊ ယမုနာ(၁၀)လမ်း၊ အမှတ်(၁၃၁)ရှိ (၂)နှစ်းတွဲ (၅) ထပ်တိုက်၏ **ပထမထပ်(အေ/တိုက်ခန်းရှေ့မျက်နှာမူလျှင်ဘယ်ခြမ်း)**၊ (အလျား ၁၂၅ ပေx အနံ ၅၀ပေ)ခန့်ရှိ တိုက်ခန်း(၁)ခန်းအပါအဝင် ယင်းတိုက်ခန်း၏ အကျိုးခံစားခွင့်အရပ်ရပ်အားလုံးနှင့် ပတ်သက်၍ ရောင်းသူ **ဒေါ်စေခြည်ထွန်း [၁၃/ပသန(နိုင်)၂၂၈၇၄၄]** မှ မိမိမှတရားဝင် ပိုင်ဆိုင်အကျိုးခံစားခွင့်ရရှိထားကြောင်း၊ ရောင်းချခြင်းဖြင့် စီမံခန့်ခွဲခွင့်ရှိကြောင်း ပြောဆို ကမ်းလှမ်းရာ ကျွန်ုပ်၏မိတ်ဆွေဖြစ်သော **ဦးလှကျော် [၉/ နထက(နိုင်)၀၉၃၀၉၄]**မှ အပြီးအပိုင်ဝယ်ယူရန် ရောင်းဖိုးငွေတစ်စိတ် တစ်စေသကို ပေးချေပြီးဖြစ်ပါသည်။ ဤအရောင်းအဝယ်အပေါ် ကန့်ကွက်လိုပါက ဤကြေညာချက်ပါရှိသည့်နေ့မစ၍ (၇)ရက်အတွင်း ပိုင်ဆိုင်မှုစာချုပ်စာတမ်းမူရင်းများနှင့်တကွ ကျွန်ုပ်ထံ ကန့်ကွက်နိုင်ပါကြောင်းနှင့် သတ်မှတ်ကာလအတွင်း ကန့်ကွက်မည့်သူမရှိပါက အရောင်းအဝယ်ကို ဥပဒေနှင့်အညီ ပြီးဆုံးသည်အထိ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

လွှဲအပ်ညှိနှိုင်းချက်အရ
ဒေါ်စိုးသီတာကျော် LL.B, DIL, DBL, DIPL
တရားလွှတ်တော်ရှေ့နေ(စဉ် - ၁၉၂၅၇၀)
အမှတ် (၂၄၄)၊ (၁၃)လမ်းထိပ်၊ ယခုနာ(၁)ရပ်ကွက်၊ ဒေါပုံမြို့နယ်၊
ရန်ကုန်မြို့။ ဖုန်း - ၀၉- ၂၅၃၁၁၀၂၂၉

တိုက်ခန်းလက်ရောက်ရရှိပြီးဖြစ်ကြောင်း အများသိစေရန်ကြေညာခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ သာကေတမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်(၃)၊ လူနေရပ်ကွက်အမှတ်(၃)၊ ရန်မြေ (၁၄)လမ်းအရေ့၊ မြေကွက်အမှတ်(၇၂၁/ခ)၊ နှစ်(၆၀)မြေငှားဂရန်၊ အကျယ်အဝန်း (၂၀'x၆၀)ပေရိုလေး မြေပေါ်တွင် ဆောက်လုပ်ထားသော RC (၁)ခန်းတွဲ (၆)ထပ်တိုက်၏ ပထမထပ်/၁ လွှာ၊ အလျား(၁၈၈၀)x အနံ(၅၄ ပေ)ရှိ တိုက်ခန်း (၁)ခန်းအား ရောင်းသူ ကန်သဇိုက်တာ ဦးမျိုးသက် (၁၁) ဦးသိန်းဇံ [၁၂/သကတ(နိုင်) ၁၄၇၅၆၈] သည် ကျွန်ုပ်မိတ်ဆွေကို အရစ်ကျ စနစ်ဖြင့် ရောင်းချခဲ့ပြီး (၆-၁၁-၂၀၂၆)ရက်နေ့တွင် ဒေါစုစုမွန်က ရောင်းဖိုးငွေ အားလုံးကို ပေးအပ်ခဲ့ပြီးဖြစ်သဖြင့် ယင်းနေ့တွင်ပင် "အပျောက်စနစ်တိုက်ခန်း အရောင်းအဝယ် နှစ်ဦးသဘောတူကတိစာချုပ်"ကို ချုပ်ဆို၍ အဆိုပါတိုက်ခန်း၏ လက်ရှိအနေအထားအတိုင်း ဦးမျိုးသက်မှ လက်ရောက်အပ်နှံခဲ့သဖြင့် ဒေါစုစုမွန်က လက်ရောက်ရရှိပြီးဆိုင်ထားကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

ဒေါစုစုမွန်၏ လွှဲအပ်ညှိနှိုင်းချက်အရ
ဒေါအေးခွန်အောင် (LL.B,LL.M)
တရားလွှတ်တော်ရှေ့နေ(စဉ်-၁၅၃၇၂)
အမှတ်(၁၀/မြေဦး)၊ ပယင်းလမ်း။ ကျိုက္ခဆံရပ်ကွက်၊ ဗဟန်းမြို့နယ်၊
ရန်ကုန်တိုင်းဒေသကြီး။ ဖုန်း-၀၉- ၉၆၄၅၈၆၃၁၀၉၊ ၀၉- ၇၈၉၉၁၁၀၆၃

ငြင်းချက်ထုတ်ရန်ဆင့်စာ
(တရားမကျင့်ထုံးဥပဒေအမိန့် ၅၂ နည်းဥပဒေ ၁ နှင့် ၅)
ကမာရွက်ခရိုင်တရားရုံးတော်
၂၀၂၆ ခုနှစ်၊ တရားမကြီးမှုအမှတ် - ၅၄

ဒေါ်ချိုချိုစိန် နှင့်

၁။ ဦးသိန်းမြင့်
၂။ ဦးကျော်ကျော်လှိုင်
၃။ ဒေါ်ညွှန့်ညွှန့်ရည်
၄။ ဦးစော်ဝင်း

(တရားလို) **(တရားပြိုင်များ)**

ရန်ကုန်တိုင်းဒေသကြီး၊ ကမာရွတ်မြို့နယ်၊ (၄)ရပ်ကွက်၊ ကွမ်းမြို့(၃) လမ်း၊ အမှတ်-၁ နေ့ တရားပြိုင်များဖြစ်ကြသည့် (၂)တရားပြိုင် ဦးကျော်ကျော်လှိုင်(ဘ)ဦးစန်းရီ၊ (၃)တရားပြိုင် ဒေါညွှန့်ညွှန့်ရီ (ဘ)ဦးစံဝ၊ (၄) တရားပြိုင် ဦးစော်ဝင်း(ဘ)ဦးစိန်ဝင်း (ယခုနေရပ်လိပ်စာမသိသူ) တို့ သိစေရမည်။

သင်တို့အပေါ်၌ တရားလို ဒေါ်ချိုချိုစိန်က "မြေကွက်အရောင်းအဝယ်မှတ်ပုံတင်စာချုပ် ချုပ်ဆိုပေးစေလိုမှု" လျှောက်ထားခဲ့ဆဲသည်ဖြစ်၍ သင်တို့ ကိုယ်တိုင်ဖြစ်စေ၊ သို့တည်းမဟုတ် ၎င်းအမှုနှင့် စပ်လျဉ်း၍၄င်း၊ သို့တည်းမဟုတ် ၎င်းအမှုနှင့် စပ်လျဉ်း၍ အရေးကြီးသည့် စကားအရပ်ရပ်တို့ကို ချေပပြောဆိုနိုင်သူ သင်တို့၏ ကိုယ်စားလှယ် နှင့်ပြိုင်စေ၊ ရုံးအခွင့်အမိန့်အရ ရေ့ရေနှင့်ဖြစ်စေ၊ **၂၀၂၆ ခုနှစ်၊ နိုဝင်ဘာလ ၂၅ ရက်နေ့၊ ၁၃ဝ၈ ခုနှစ်၊ တန်ဆောင်မုန်းလဆုတ် ၁ ရက်)နံနက်(၁၀)နာရီ** အချိန်တွင် အထက်အမည်ပါသူ တရားလို၏ စွဲချက်ကိုထုချေ ရှုံးလင်းရန် ရုံးတော်သို့ လာရောက်ရမည်။ ၎င်းပြင် အထက်ပါနေရက်တွင် သင်တို့ မလာရောက်ပျက်ကွက်ခဲ့လျှင် သင့်တို့၏ကျက်လွတ်ခွင့် ငြင်းချက်များကို ထုတ်ပယ်လိမ့်မည်။ ၎င်းပြင် တရားလို က ကြည့်ရှုလိုသည့် စာရွက်စာတမ်းများနှင့် သင်တို့က ထုချေတင်ပြအဖို့ပြုလိုသည့် စာချုပ်စာတမ်းအစရှိသည်တို့ကို သင်တို့နှင့်အတူ ယူဆောင်လာရမည်။ သို့တည်းမဟုတ် သင်တို့၏ ကိုယ်စားလှယ်ရေ့နေလက်တွင် ထည့်အပ်ပို့လိုက်ရမည်။ သင်တို့က ထုချေလွှာတင်သွင်းလိုလျှင် အမှုမဆိုင်ခဲ့ လေးရက်က တင်သွင်းရမည်။

၂၀၂၆ ခုနှစ်၊ နိုဝင်ဘာလ ၆ ရက်နေ့ ဤရုံးတံဆိပ်ရိုက်နှိပ်၍ ကျွန်ုပ် လက်မှတ်ရေးထိုးထုတ်ပေးလိုက်သည်။

(ဖြူးဝင်းလတ်)
တွဲဖက်ခရိုင်တရားသူကြီး(၁)
ကမာရွတ်ခရိုင်တရားရုံး

(၃၀-၁၀-၂၀၂၆) ရက်စွဲပါ ကြေးမုံသတင်းစာ၊ စာ(၂၅) ပါ ဒေါ်တင်တင်ရီ [၁၂/မဂဒ(နိုင်)၀၀၉၀၃၉] ၏ လွှဲအပ်ညှိနှိုင်းချက်အရ ဒေါ်လှသက်ထွေး တရားလွှတ်တော်ရှေ့နေ (စဉ်-၁၁၀၅၀) ၏ အများသိစေရန်
ပြန်လည်ရှင်းလင်းကြေညာချက်အပေါ် ပြန်လည်ရှင်းလင်းကြေညာခြင်း

ရန်ကုန်မြို့၊ မင်္ဂလာဒုံမြို့နယ်၊ ပျဉ်းမပေါ်ရပ်ကွက်၊ ပျဉ်းမပေါ်(၇)လမ်း၊ အမှတ်(၇၃)နေ့ ဦးဟိန်းမင်းသူ [၁၂/ ဥဂန(နိုင်)၂၀၁၄၄၅]၏လွှဲအပ်ညှိနှိုင်းချက်အရ ဒေါမာဂိပါအတိုင်း အများသိစေရန် ကြေညာအပ်ပါသည် -

ရန်ကုန်မြို့၊ မင်္ဂလာဒုံမြို့နယ်၊ ပျဉ်းမပေါ်ရပ်ကွက်၊ ပျဉ်းမပေါ်(၇)လမ်း၊ အမှတ်(၇၃)ဟုခေါ်တွင်သော အကျယ်အဝန်း (၃၀x၃၀) ပေရှိ မြေကွက်နှင့် နေအိမ်သည် ဦးဟိန်းမင်းသူမှ ရှေ့နေရှေ့ရပ်နှင့် စာချုပ်ချုပ်ဆိုပြီး ဥပဒေနှင့်အညီ တရားဝင် ဝယ်ယူပိုင်ဆိုင်ပြီး လက်ရှိထားနေထိုင်လျက်ရှိသော ပစ္စည်းဖြစ်ပါသည်။ ဒေါတင်တင်ရီ အနေဖြင့် ၎င်းနှင့်မည်သို့မျှ ပိုင်ရေးဆိုင်ခွင့်မရှိသော အဆိုပါ မြေကွက်အား ဦးဟိန်းမင်းသူ ဝယ်ယူထားခြင်းမဟုတ်ပါဟု မှက်စိမ့်စိတ်ပြင်းထန်စွာ ဦးဟိန်းမင်းသူ၏ တရားဝင်ပိုင်ရေးဆိုင်ခွင့်အား ဥပဒေဖဲ့ လာရောက်ထိခိုက်နေခြင်းဖြစ်ပါသည်။

ဒေါတင်တင်ရီနှင့် ဒေါသက်သက်ငွေးတို့အကြား ငွေကြေး အရွယ်အရင်းများသည် ၎င်းတို့ နှင့်သာ သက်ဆိုင်ပြီး ဦးဟိန်းမင်းသူ အနေဖြင့် ပါဝင်ပတ်သက်ခဲ့ခြင်းလည်းမရှိသလို သိရှိခြင်းလည်း မရှိပါ။ ဦးဟိန်းမင်းသူအနေဖြင့် ဒေါတင်တင်ရီ ဆိုသူအား ယနေ့တိုင် မြင်ဖော်ဖူး သိရှိဖူးခြင်းပင်မရှိပါ။

အထက်ပါ မြေကွက်၏ပျောက်ဆုံးလျက်ရှိသော စာရွက်စာတမ်းများအား တွေ့ရှိပါက အကြောင်းကြားပေးကြပါရန် (၁၄-၉-၂၀၂၆) ရက်နေ့ထုတ် ကြေးမုံသတင်းစာ စာ(၂၈)တွင် ကြေညာပြီးဖြစ်သော်လည်း ဒေါတင်တင်ရီ အနေဖြင့် ဆက်သွယ်ခြင်း၊ အကြောင်းကြားခြင်း ပြုခဲ့လည်းရှင်းလင်းကြေညာခြင်းတို့ ပြုလုပ်ရန် ပျက်ကွက်ခဲ့ပါသည်။ ဦးဟိန်းမင်းသူမှ (၁၁-၁၀-၂၀၂၆)ရက်စွဲဖြင့် Notice စာပေးပို့တော်းဆိုပြီး ဥပဒေအသိ အရေးယူနိုင်ရန် ပြင်ဆင်နေသည့်အခါမှသာ ယခုကဲ့သို့ အများသူငှာ ထင်ယောင်ထင်မှားဖြစ်စေရန် နှင့်အနောင့်အယှက်ဖြစ်စေရန်အတွက် ပြန်လည်ရှင်းလင်းကြေညာခြင်း၊ ဥပဒေနှင့် ညီညွတ်မှုမရှိသော၊ တာဝန်ယူမှု၊ တာဝန်ခံမှုမရှိသော မိမိဘာသာ ရေးသားလက်မှတ်ထိုးထားသည့် အကြောင်းကြားစာ ပေးပို့ခြင်းတို့ကို ပြုလုပ်နေခြင်းသာဖြစ်ပါသည်။

သို့ဖြစ်ပါ၍ ဒေါတင်တင်ရီ အနေဖြင့် ဥပဒေဖဲ့ ၎င်းလက်ဝယ်တွင်ရှိ အထက်ပါ မြေကွက်၏ စာရွက်စာတမ်းများ ဦးဟိန်းမင်းသူထံ လာရောက်ပေးအပ်ပြီး ၎င်း၏ ပြန်လည်ရှင်းလင်းကြေညာချက်နှင့် အကြောင်းကြားစာများအား ပြန်လည်ရုပ်သိမ်းခြင်းတို့ကို ယနေ့ကြေညာချက်ပါပြီး (၇) ရက်အတွင်း ဆောင်ရွက်ခြင်းမရှိပါက ထပ်မံရှင်းလင်းကြေညာခြင်း အကြောင်းကြားခြင်းတို့ပြု၍လဲတော့မည် မဟုတ်ဘဲ လက်ရှိပြင်ဆင်လျက်ရှိသည့်အတိုင်း ဥပဒေနှင့်အညီ အရေးယူနိုင်ရေးအတွက် ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း ဒေါတင်တင်ရီနှင့် အများသိစေရန် ကြေညာအပ်ပါသည်။

လွှဲအပ်ညှိနှိုင်းချက်အရ -
ဦးစိုးကိုကိုနိုင် LL.B
အထက်တန်းရှေ့နေ (စဉ်-၅၄၈၄၁)
အမှတ်(၉၉/က)၊ ပြည်လမ်း၊ တိလောကရပ်ကွက်၊ မင်္ဂလာဒုံမြို့နယ်၊ ထောက်ကြံခဲ့မြို့။ ဖုန်း - ၀၉-၄၃၁၂၉၆၁၅၅၊ ၀၉-၉၈၀၃၆၆၁၀၈

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ
သယံဇာတနှင့်သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာန
ဘူမိဗေဒလေ့လာရေးနှင့်ဓာတ်သတ္တုရှာဖွေရေးဦးစီးဌာန
ဝန်ထမ်းလျှောက်လွှာခေါ်ယူခြင်း

၁။ သယံဇာတနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာန၊ ဘူမိဗေဒလေ့လာရေးနှင့် ဓာတ်သတ္တုရှာဖွေရေးဦးစီးဌာနတွင် လစ်လပ်လျက်ရှိသော အောက်ဖော်ပြပါ အမှုထမ်းရာထူး (၂)နေရာအတွက် သတ်မှတ်အရည်အချင်းနှင့် ကိုက်ညီသူများ လျှောက်ထားနိုင်ပါသည် -

စဉ်	ရာထူး/လစာနှုန်း	ရာထူးနေရာ	အိမ်ရှိဆုံးပညာအရည်အချင်း
(က)	ကျွမ်းကျင်(၂) (ဓာတ်ခွဲခန်း) ၂၁၆၀၀၀-၂၀၀၀-၂၂၆၀၀၀ (အမျိုးသား)	(၂) နေရာ	သိပ္ပံဘွဲ့ (ဓာတုဗေဒ)
(ခ)	အငယ်တန်းစာရေး ၁၈၀၀၀-၂၀၀၀-၁၉၀၀၀၀ (အမျိုးသား၊ အမျိုးသမီး)	(၂) နေရာ	တက္ကသိုလ်တစ်ခုခုမှ ရရှိသည့်ဘွဲ့
(ဂ)	ယာဉ်မောင်းစက်ပြင်(၄)/ ယာဉ်မောင်း(၄) ၁၈၀၀၀-၂၀၀၀-၁၉၀၀၀၀ (အမျိုးသား)	(၂) နေရာ	အခြေခံပညာ အလယ်တန်းအဆင့်
(ဃ)	စက်မှုကျွမ်းကျင်(၄) (လွန်တူး) ၁၈၀၀၀-၂၀၀၀-၁၉၀၀၀၀ (အမျိုးသား၊ အမျိုးသမီး)	(၆) နေရာ	အခြေခံပညာ အလယ်တန်းအဆင့်
(င)	ကျွမ်းကျင်(၅) (စက်မှု) ၁၆၂၀၀-၂၀၀၀-၁၇၂၀၀၀	(၇) နေရာ	အခြေခံပညာ အလယ်တန်းအဆင့်
(စ)	ရုံးအကူ ၁၄၄၀၀၀-၂၀၀၀-၁၅၄၀၀၀	(၂) နေရာ	အထက်တန်းအဆင့်

၂။ အထက်ဖော်ပြပါ ရာထူးနေရာများအတွက် လျှောက်ထားသူများသည် -

(က) ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံသားဖြစ်ရမည်၊

(ခ) ၂၀၂၆ ခုနှစ်၊ အောက်တိုဘာလ (၃၁)ရက်နေ့တွင် အသက်(၁၈)နှစ်ပြည့်ပြီး အသက် (၃၀)နှစ် မကျော်လွန်သူဖြစ်ရမည်။ ဝန်ထမ်းဖြစ်ပါက အသက် (၃၅)နှစ် မကျော်လွန်သူဖြစ်ပြီး လက်ရှိဌာနအကြီးအမှူး၏ ခွင့်ပြုချက်မူရင်း ပါရှိရမည်။

(ဂ) ပြည်သူ့စစ်မှုထမ်းတာဝန်ကို ကျေပွန်စွာထမ်းဆောင်ခဲ့ပြီး ပုံစံ (၁၂) ရရှိပြီးသူများသည် သတ်မှတ်ချက်များနှင့်ကိုက်ညီပါက ဌာနမှ သတ်မှတ်ထားသည့် အသက်ထက် (၂)နှစ်တိုးမြှင့်၍ လက်ခံပေးမည်ဖြစ်ပါသည်။

(ဃ) ကျန်းမာရေးကောင်းမွန်ပြီး နေရာဒေသမရွေး တာဝန်ထမ်းဆောင်နိုင်သူဖြစ်ရမည်။

(င) ဦးစီးဌာနတွင် တစ်ဆက်တည်း အနည်းဆုံး (၃)နှစ် တာဝန်ထမ်းဆောင်ရန် ဝန်ခံကတိပြု လက်မှတ်ရေးထိုးရမည်။

(စ) အခြားဝန်ထမ်းအဖွဲ့အစည်းများမှ လျှောက်ထားသူများသည် သက်ဆိုင်ရာဝန်ကြီးဌာနနှင့် အဖွဲ့အစည်းအကြီးအမှူး၏ ခွင့်ပြုချက်ဖြင့် လျှောက်ထားရမည်။

(ဆ) အစိုးရဌာနတစ်ခုခု၏ ဝန်ထမ်းအဖြစ်မှထုတ်ပစ်ခြင်း(Dismissal)၊ ရာထူးမှထုတ်ပယ်ခြင်း(Removal) ခံရသူများ၊ ရာထူးခန့်ထားခြင်းမှ အဓိန့်စာ ပယ်ဖျက်ခံရသူများ လျှောက်ထားခွင့်မရှိပါ။

(ဇ) အငယ်တန်းစာရေး ရာထူးအတွက် လျှောက်ထားသူများသည် ကွန်ပျူတာ အခြေခံတတ်ကျွမ်းသူဖြစ်ရမည်။

၃။ လျှောက်လွှာတွင် အောက်ဖော်ပြပါ အချက်များကို ပြည့်စုံစွာဖော်ပြရမည် -

(က) အမည် -

(ခ) နိုင်ငံသားစိစစ်ရေးကတ်အမှတ် -

(ဂ) မွေးသက္ကရာဇ်၊ အသက် -

(ဃ) လူမျိုးနှင့်ကိုးကွယ်သည့်ဘာသာ -

(င) ပညာအရည်အချင်း၊ အောင်မြင်သည့်ခုနှစ်နှင့် အောင်မြင်ခဲ့သည့်ကျောင်း -

(စ) လျှောက်ထားလိုသည့်ရာထူး -

(ဆ) မိဘအမည်နှင့်နိုင်ငံသားစိစစ်ရေးကတ်အမှတ်နှင့်ငှင်းတို့၏ အလုပ်အကိုင် -

(ဇ) ဝန်ထမ်းဖြစ်လျှင် အလုပ်အကိုင်၊ ဌာနနှင့်လုပ်သက် -

(ဈ) ဝန်ထမ်းမဟုတ်လျှင် အလုပ်သမားမှတ်ပုံတင်အမှတ် -

(ည) ဆက်သွယ်ရန် နေရပ်လိပ်စာအပြည့်အစုံ၊ ဖုန်းနံပါတ်နှင့် E-mail-

၄။ လျှောက်လွှာနှင့်အတူ သက်ဆိုင်ရာ ရာထူးအလိုက် လိုအပ်သည့် အောက်ပါစာရွက်စာတမ်းများ ပူးတွဲပါရှိရမည် -

(က) နိုင်ငံသားစိစစ်ရေးကတ်မိတ္တူ၊ အိမ်ထောင်စုလူဦးရေစာရင်းပုံစံ(၆၆/၆)မိတ္တူ

(ခ) ပညာအရည်အချင်းအောင်လက်မှတ်မိတ္တူ၊ အသက်အထောက်အထားအတွက် တက္ကသိုလ်ဝင်တန်းအောင် လက်မှတ်မိတ္တူ၊ (လူတွေ့ဖြေဆိုချိန်တွင် မူရင်းတင်ပြရမည်)

(ဂ) နိုင်ငံဝန်ထမ်းမဟုတ်ပါက သက်တမ်းရှိ အလုပ်သမား မှတ်ပုံတင်ကတ်ပြား မိတ္တူ၊ နိုင်ငံဝန်ထမ်းဖြစ်ပါက သက်ဆိုင်ရာဝန်ကြီးဌာန အဖွဲ့အစည်း၏ ခွင့်ပြုချက်မူရင်း

(ဃ) လျှောက်လွှာပိတ်ရက်မတိုင်မီ (၁)လအတွင်း ရိုက်ကူးထားသော (၁.၅" x ၁.၇၅") နောက်ခံ အပြာရောင် ရောင်စုံလုပ်စ်စောတ်ပုံ (၃)ပုံ (နောက်ကျောတွင် အမည်နှင့် နိုင်ငံသားစိစစ်ရေးကတ်ပြား အမှတ်ရေးသားဖော်ပြရမည်)

(င) လျှောက်လွှာပိတ်ရက်မတိုင်မီ (၁)လအတွင်း ထုတ်ပေးထားသော အကျင့်စာရိတ္တ ကောင်းမွန်ကြောင်း သက်ဆိုင်ရာရုပ်ကွက်/ ကျေးရွာအုပ်ချုပ်ရေးမှူး၏ ထောက်ခံချက်နှင့် ပြစ်မှုကင်းရှင်း ကြောင်း သက်ဆိုင်ရာမြို့နယ် ရဲစခန်း၏ ထောက်ခံချက်မူရင်း။

(စ) နိုင်ငံဝန်ထမ်းမဟုတ်သူများအတွက် (၁)လအတွင်း ပြုလုပ်ထားသော ကျန်းမာရေးကောင်းမွန်ကြောင်း ဆေးထောက်ခံစာမူရင်း။

(ဆ) အခြားကျွမ်းကျင်မှုနှင့် လုပ်ငန်းအတွေ့အကြုံပါက နိုင်လုံသော အထောက်အထား မိတ္တူများ။

(ဇ) စာမေးပွဲဝင်ကြေးငွေကျပ် ၁၀၀၀/-ပေးသွင်းထားသည့် ငွေသွင်းချလစ် မူရင်း။

